
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

## အခန့်မသင့် မုန်တိုင်း

၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မယ်မင်းဘုံ

အခန့်မသင့်မုန်တိုင်း၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၃၂၀-စာ၊ ၅×၇

(၁) အခန့်မသင့်မုန်တိုင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယို)

၂။ ချစ်ရင်...နှစ်မိနှစ်စောင့် (ရွှေစင်ဦးဗီဒီယို)

၃။ ငွေတောင်ပြည်က မြို့သူ (အောင်သီရိဗီဒီယို)

၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိဗီဒီယို)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယို)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယို)

၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗီဒီယို)

၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်၊
(အောင်သီရိဗီဒီယို)

၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗီဒီယို)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယို)

၁၁။ အနန်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယို)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သီရိဗီဒီယို)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယို)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယို)

၁၆။ ဘာညာသာရကာ (အောင်သီရိဗီဒီယို)

၁၇။ ပျားရည်ဆမ်းဗျူဟာ (အောင်သီရိဗီဒီယို)

၁၈။ အနမ်း Equation (အောင်သီရိဗီဒီယို)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယို)

၂၀။ အငြိုးတွန်ယက်နတ်သမီး (အောင်သီရိဗီဒီယို)

၂၁။ ပျိုလေးရည်းစား မြို့ကြီးသား (အောင်သီရိဗီဒီယို)

၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိဗီဒီယို)

၂၃။ နှလုံးသား Hacker (အောင်သီရိဗီဒီယို)

၂၄။ ကွဲ့နိုးဖြစ်သောမျက်ဝန်းလေးဆီ(အောင်သီရိဗီဒီယို)

၂၅။ သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ်(အောင်သီရိဗီဒီယို)

၂၆။ 4 in 1 (အောင်သီရိဗီဒီယို)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗီဒီယို)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည်
(အောင်သီရိဗီဒီယို)

၂၉။ နေမထိအလွမ်း (အောင်သီရိဗီဒီယို)

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (အောင်သီရိဗီဒီယို)

၃၁။ နောက်ကျောကချစ်သူ (ဗီဒီယို)

၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီဗီဒီယို)

၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိဗီဒီယို)

၃၄။ မြားနတ်မောင် ဝှန်းဒိုင်းကြဲနေသည် (အောင်သီရိဗီဒီယို)

၃၅။ ဆေးကျောင်းသားနှင့်အိုကိုကွင်း (အောင်သီရိဗီဒီယို)

ယခုလ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ဗိုမှိဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC



# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ လူတွေမွေးဖွားဖို့ ဖြစ်စဉ်အကြောင်းဆို
အမုန်းဟာ လူတွေသေဆုံးဖို့ ဖြစ်စဉ်အကြောင်းပဲ။

**ခန့်နေသွေး**





သူ့ရဲ့ရင်ခုန်သံတွေအတွက် ဒီကနေ့ကတော့ အကြီးမားဆုံးကို ပံ့ပိုးမှုပေးလေသော နေ့ထူးနေ့မြတ်လေးပဲ ဖြစ်သည်။ ဒီနေ့မှာ သူ အင်မတန်မှကို ချစ်မြတ်နိုးရပါလေသော သူ့ရဲ့ချစ်သူတိုးနဲ့ မင်္ဂလာလက်ထပ်ညှော်ခံပွဲကို ကျင်းပတော့မှာ ဖြစ်သည်။ သူ့အတွက်တော့ အရမ်း အရမ်း ရင်ခုန်မှုတွေ ပေးနေတယ်ဆိုတာက မင်္ဂလာဆောင်ခါနီး တစ်ရက်အလိုမှာ သူ့ကို စိတ်ကောက်သွားလေသော သတို့သမီးလောင်းကို အခုချော့ဖို့အတွက် သူက ဟိုတယ်ကို ကြိုရောက်နှင့်နေတာဖြစ်၏။

ဒီအချိန်ဆို သူ့ရဲ့သတို့သမီးလေးက အလှဆုံးဖြစ်အောင် ပြင်ဆင်နေလောက်ပြီဖြစ်သည်။ တိုးနဲ့သူ တစ်ရက်လုံး ဖုန်းမပြောဘဲ လူကြီးတွေကသာ ဒီနေ့ မင်္ဂလာဆောင်အတွက် ကြားခံ connection လုပ်ပေးနေတာပဲဖြစ်၏။ နေသွေးက သတို့သားအဆောင်အယောင်များဝတ်၍ ပြင်ဆင်ပြီးသွားသောအခါ မှန်ထဲမှာ ပေါ်နေသော မောင့်ကျက်သရေခေါင်းပေါင်းဖြင့် ခန့်ခန့်ညားညား ရှိနေသော သူ့ကိုယ်သူ သဘောကျ ကျေနပ်စွာ ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... နေသွေးတို့ကတော့ မင်္ဂလာခန်းမထဲတောင် မဝင်ရသေးဘဲ၊ မျက်နှာက စွတ်ဖြီးထားတာ။ သတို့သမီးနဲ့ အခါတော်ပေး လျှောက်လမ်းထဲ ဝင်ပြီဆို ဒီကောင့်ပါးစပ် နားရွက်တက်ချိတ်နေမလားတောင် မသိဘူး"

"ဟာ ... မနာလို မရှိနဲ့လေကွာ။ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ။ ဩော် ... ဟော့ကောင် ... ဟော့ကောင် ... ကြည့်စမ်းပါဦးကွ။ ငါ အဆင်ပြေရဲ့လား။ လုံးဝစမတ်ဖြစ်နေမှရမှာနော်။ တိုး ငါ့ကိုမြင်လိုက်တာနဲ့ စိတ်ကောက်တာတွေ ပျောက်သွားအောင်လို့"

နေသွေး အကြိမ်ကြိမ်အခါခါ သူ့ကိုယ်သူ မှန်ထဲ ပြန်ကြည့်ရင်း ချမ်းကိုတို့ကိုပါ လှမ်းမေးရသည်။ သူ့ရဲ့ခပ်ကဲကဲ အိုက်တင်တွေကို သူ့ရဲ့ဘော်ဒါတွေက ကြည့်မရစွာဖြင့် မျက်မှောင် ကြုတ်ကြည့်လိုက်ရင်း ...

"ဟား ... ဟား ...။ ဖိုက်တာကြီးက အခုမှလာ ကိုရီးယား ဆန်ပြနေတယ်။ ဒီအချိန်လောက်ဆို မင်းရဲ့သတို့သမီးက သူ့ကိုယ်သူ လှလှား အဆင်ပြေပါ့မလား တွေးပြီး မင်းနဲ့ စိတ်ကောက်နေတာတောင် မေ့နေလောက်ပြီ"

❖ ❋ ❖





"ဟင့်အင်း ... ဟင့်အင်း၊ လုံးဝမဖြစ်နိုင်ဘူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့လို့ ဒီလိုဆုံးဖြတ်လိုက်ရတာပါ။ သမီးကို ကျေးဇူးပြုပြီး နားလည်ပေးကြပါ"

တိုးက အကြီးအကျယ်ကို အော်ဟစ်ပေါက်ကွဲ၍ ကမူးရှူးထိုး ပြောပစ်ရင်း ဆိုဖာပေါ်မှာ ဝုန်းခနဲ ထိုင်ချပစ်လိုက်သည်။ ဒီအချိန်မှာ တိုး အငွေ့ပျံလို့ရရင် ဒါမှမဟုတ် ကိုယ်ပျောက်နိုင်တဲ့ တန်ခိုးစွမ်းအားမျိုးရှိရင် တိုး ဒီနေရာ ဒီပတ်ဝန်းကျင်က နေ ခဏလေး ပျောက်သွားချင်မိသည်။

"မဖြစ်နိုင်တာတွေကို ငါ့လာမပြောနဲ့ ပွင့်ဝေတိုး၊ ငါတို့ တစ်သက်လုံး မျက်နှာမပြရဲအောင် နင် လုပ်နေတာပဲ။ အဲဒါ နင်ရွေးချယ်ထားတဲ့လမ်းပဲ။ အခုမှ မလျှောက်လို့မရ တော့ဘူး။ နေသွေး ဟိုတယ်ကိုတောင် ရောက်နေပြီ"

"အား ... ဖေဖေရယ်။ တိုးကို ဖိအားတွေ မပေးပါနဲ့။ တိုး သူနဲ့ လက်မထပ်နိုင်ဘူး"

"တော်စမ်း သမီး။ ညည်း အဓိပ္ပာယ်မရှိတာ လျှောက်မ ပြောနဲ့။ အားလုံးဖိတ်ပြီးလို့ နာရီပိုင်းအတွင်း ကျင်းပရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ့်မင်္ဂလာပွဲကို သမီးက သွားကိုသွားရမှာ။ မေမေတို့ မိဘတွေမျက်နှာကို အိုးမဲမသုတ်နဲ့။ နေသွေးနဲ့ စိတ်ကောက်တာ တစ်ခုအတွက်နဲ့ လက်ထပ်ပွဲ မသွားဘူးဆိုရအောင် ဒါ ကလေးကစားနေတာ မဟုတ်ဘူး"

တိုးရဲ့ဖေဖေ၊ မေမေတို့နှင့် တိုးအတွက်ကတော့ ဒီနေ့ဟာ တကယ်ကိုပဲ ပွဲကြီးပွဲကောင်းပဲ ဖြစ်သည်။ တိုးဟာ နာရီတွေ စက္ကန့်တစ်ချက် ရှေ့ကိုတိုးလို့လာတိုင်း ရှူးမတတ်ကြောက်ရွံ့လာတာမို့ ဒီဆုံးဖြတ်ချက်ကို ယတိပြတ် ပြတ်သားစွာ ဆုံးဖြတ်ခဲ့ရတာဖြစ်သည်။ အဲဒီအတွက် မိဘတွေက ဘယ်လိုမှ လက်မခံတော့ဘူး ဆိုတာကြောင့် တိုး တိုက်ပွဲဝင်နေရတာ ဖြစ်သည်။

"မဟုတ်ဘူး။ နေသွေးနဲ့ စိတ်ကောက်လို့ သမီး လက်ထပ်ပွဲကို မသွားတာ မဟုတ်ဘူး။ အချိန်တွေ နီးလာတာနဲ့အမျှ တိုး ကိုယ့်စိတ်ကိုကိုယ် သေချာသိနေလို့ ဆုံးဖြတ်လိုက်တာ"

"တော်စမ်း ... မိတိုး။ ငါ ရိုက်မိတော့မယ်။ နှင့်ပါးစပ်ကို ပိတ်ပြီး အခု ပြင်တော့"

ဟင့်အင်း ... ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တိုး ဒီလက်ထပ်ပွဲကို သွားလို့မဖြစ်ဘူး။ တိုး နေသွေးနဲ့ လုံးဝကိုလက်မထပ်နိုင်ဘူး။

"ဟင့်အင်း။ ဖေဖေ အဲဒီလိုမလုပ်ပါနဲ့။ ဘဝကို ရှေ့ဆက်ရမှာ တိုးပါ။ တိုးဘဝကို တိုး ရွေးချယ်ပါရစေ"





တိုးက ဖေဖေ့ကိုတောင် ဒေါသတကြီးဖြင့် ပြန်အော်တာကြောင့် ဖေဖေက တိုးကို ဒေါသတွေထွက်ကာ ရိုက်တော့မယ့်ဟန်ဖြင့် လက်ရွယ်လိုက်လျှင် တိုးက မျက်စိမှိတ်ခံယူဖို့ အသင့်အနေထားမှာ မေမေက ဖေဖေ့လက်ကို လှမ်းတားလိုက်ရင်း ...

"တိုး ... ညည်း တော်တော့။ မေမေ့စိတ်ကို သိတယ်နော်။ ဆက်မပြောနဲ့တော့။ သတို့သမီးဟာ မင်္ဂလာခန်းမမှာပဲ ရှိရမယ်။ လွင် ... သူ့ကို ပြင်တော့"

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက နာရီတကြည့်ကြည့် ဖင်တကြွကြွဖြင့် မျှော်နေရတာဖြစ်သည်။ အချိန်ဟာ ဒီတစ်ခါကျမှ ကုန်နိုင်ခဲလှပါဘိ။

"နေသွေးရာ ... မင်းကလည်း။ လာမှာပေါ့ကွ။ ပွဲစဖို့အချိန်က နှစ်နာရီကျော်လောက် လိုသေးတဲ့ဟာ။ တိုးတိုးလည်း ပြင်ရဆင်ရဦးမှာပေါ့။ မျှော်နေ အချိန်ပိုကြာတယ်။ Relax ပါကွ"

"အေးပါကွာ။ ဖုန်းဆက်ကြည့်ရင် ကောင်းမယ်နော်"

"သြော် ... မင်းမဲ့ ဒီရောက်မှ ပန်းစည်းပေးပြီး ဆပ်ပရိုက်စ် ဖြစ်အောင် ချော့မယ်ဆို။ ဆက်မနေနဲ့ လာလိမ့်မယ်။ လာစမ်းပါ ဟော့ကောင်ရာ"

နေသွေးက ချမ်းကိုတို့နှင့် ခွာတ်ပုံနှစ်ပုံ သုံးပုံလောက် ရိုက်လိုက်ပြီးချိန်မှာ မေမေက သူတို့အခန်းထဲသို့ ဝင်လာကာ သူ့ကိုကြည့်ရင်း ...

"အမယ် ... သားက Ready တောင် ဖြစ်နေပြီပဲ"

"ဟုတ်တယ် မေရ။ မေမေ ... တိုးတို့ ထွက်လာပြီတဲ့လား"





"ဘယ် ... အခုမှ ပြင်နေဆင်နေတုန်းပဲ ရှိသေးတယ်နေမှာပေါ့။ ဟိုတယ်မှာ ပြင်လိုက်ရင် ပြီးတဲ့ဟာကို သားက အိမ်မှာပြင်ခိုင်းနေတော့ တကွဲစီဖြစ်နေတာပေါ့။ မေမေ ထွက်လာခါနီးက ဖုန်းဆက်ထားတယ်။ တိုးတိုး မိတ်ကပ်ဆရာ ရောက်နေပြီတဲ့။ ခဏနေရင် လာတော့မှာပါ။ သားက ဒီမှာပဲ နေ,နေလိုက်ဦးနော်။ မေမေ အောက်မှာ Sitting Plan တွေ သွားကြည့်လိုက်ဦးမယ်။ တော်ကြာ လွဲနေရင် မကောင်းဘူး။ အဆာပြေ မုန့်စားထားဦးနော်။ သားတို့ရေ ... မင်းသူငယ်ချင်းကို ကျွေးထားလိုက်ပါဦး။ အန်တီ ခန်းမထဲ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

နေသွေးက မေမေ ခေါင်းညိတ်ပြလိုက်လျှင် မေမေက အခန်းထဲက ထွက်သွားလျှင်တော့ သူရိန်က သူ့ပခုံးကို လက်သီးဖြင့် ခပ်ဖွဖွထိုး၍ ...

"ဟား ... သတို့သားဆိုတာ သည်းသည်းလှုပ် ဂရုစိုက်ခံရတယ်ဆိုတာ တယ်မှန်တာပဲ။ ကဲ ... သားလေး ... အခု မင်းကို ငါတို့ မုန့်ကျွေးမယ်။ ညကျရင်တော့ မင်းရဲ့ပလာတာနိုက် အဲ ... အဲ ... ဘချလာနိုက်ကို ငါတို့နဲ့အတူတူ အောင်ပွဲခံရမှာနော်။ အခုတော့ ဟလိုက်ပါဦး ... အွန့်"

သူရိန်က အခြောက်အိုက်တင်ဖြင့် ဟန်ပါပါပြောကာ သူ့ပါးစပ်ထဲသို့ ဆင်းဒဝတ်ချိတစ်ခုကို အတင်းထိုးခွံ့၏။



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက ပလုတ်ပလောင်းဝါးရင်းက ဒီနေ့ညအတွက် ကြို request လုပ်ရသည်။

"ဟော့ကောင်တွေ ... ဟော့ကောင်တွေ။ ဒီညတော့ မမွှေပါနဲ့ကွာ။ တိုးက စိတ်ကောက်ပြေခါစပဲ ရှိသေးတာ။ မင်းတို့ ကိုယ်ချင်းမစာဘူးဆို ဝင့်လည်လိမ့်မယ်နော်။ ဒီညတော့ ငါ့ကို ဗီဇာထုတ်ပေးပါကွာ။ နောက်နေ့ ကြိုက်တဲ့နေရာကိုသွား။ ငါ အားလုံးစပွန်ဆာတယ်"

"အိုက်စ် ... ကျန်း ... သူ အခုကတည်းက မ-ယ-က ဘွဲ့ကို ယူချင်နေပြီ။ ဒါပေမဲ့ နောက်နေ့ တို့တွေကို သူက စပွန်ဆာမယ်ဆိုတာတော့ ကျေနပ်တယ်"

သူရိန်ရဲ့စကားအဆုံးမှာ အားလုံးက သဘောတကျတွေဖြစ်၍ ရယ်မောကြ၏။ နေသွေးက သတို့သားဖီလင်တစ်ခုဖြင့် ချစ်တဲ့သတို့သမီး အလာကို စောင့်နေတာဖြစ်သည်။

❖ ❃ ❖





"မပြင်ဘူး ... ဘာမှလာမပြင်နဲ့။ ဖေဖေ ... မေမေ ... သမီး လုံးဝလက်ထပ်မှာ မဟုတ်ဘူး။ သမီးမလျှောက်ချင်တဲ့ လမ်းတစ်ခုကို ဘာလို့ဖွတ်တွန်းလွှတ်နေကြတာလဲ"

"ဘာ ... မိတိုး"

မေမေက ဒေါသတကြီးဖြင့် တိုးကို ရဲရဲတောက်ရင်ဆိုင်ချိန်မှာ ဒီတစ်ခါတွင်တော့ ဖေဖေက မေမေ့ကို တားမြစ်လိုက်ရင်း တိုးကို အသေအချာ စိုက်ကြည့်ကာ ...

"ဘာကြောင့်လဲ။ နေသွေးနဲ့ ဘာကြောင့် လက်မထပ်ချင်ရတာလဲ။ သမီးရဲ့ ခိုင်ခိုင်လုံလုံ reason တစ်ခုကို ဖေဖေကြားချင်တယ်။ ဘာကြောင့် မယုံနိုင်လောက်အောင် သမီးစိတ်တွေ ပြောင်းစေတဲ့ အကြောင်းက ဘာလဲ။ နေသွေးက သမီးချစ်လို့ ရွေးခဲ့တာကြောင့် ဖေဖေတို့ သဘောတူခဲ့တာနော်"

ဖေဖေရဲ့ပေးတဲ့ အခွင့်အရေးကြောင့် တိုးက ရှင်းပြချင်တဲ့ အကြောင်းအရာတွေကို တိုးက အမြန်ဆုံး ရှင်းပြလိုက်သည်။

www.burmeseclassic.com



"ဟုတ်ပါတယ်။ နေသွေးကို သမီး ချစ်လို့ ရွေးခဲ့တာပါ။ ဒါပေမဲ့ တိုး သူ့ကို လက်မထပ်နိုင်ဘူး။ နာရီပိုင်းအတွင်းမှာ မင်္ဂလာဆောင်ရမယ့် သတို့သမီးဟာ သူချစ်တဲ့သူကို လက်ထပ်ဖို့ စွန့်လွှတ်မယ်ဆိုတဲ့ အကြောင်းရင်းဟာ သိပ်နိုင်လုံပါတယ် ဖေဖေ ...

တိုး သူနဲ့လက်ထပ်ရင် သေချာပေါက် အိမ်ထောင်ကွဲလိမ့်မယ်။ သူနဲ့တိုး လုံးဝအသွင်မတူဘူး။ သူ့ဒေါသကြီးတာကို တိုး ကြောက်တယ်။ သူ သဝန်တိုစိတ်ကြီးနဲ့ လူတကာနဲ့ တိုးကို သမုတ်နေတာကို မုန်းတယ်။ စည်းကမ်းနဲ့ နေတတ်တဲ့ တိုးနဲ့ သူ့လို အပေါင်းအသင်းမက်ပရမ်းပတာနိုင်တဲ့လူမျိုး ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ချစ်သူသက်တမ်းတောက်လျှောက်မှာ ဖြစ်ခဲ့တဲ့ ရန်ပွဲပေါင်းမနည်းဘူး။ သူ စွပ်စွဲနေတာတွေ မဟုတ်ပါဘူး ငြင်းရလို့ ကုန်ခဲ့တဲ့ ဖုန်းဘေလ်ပေါင်း မနည်းဘူး။ တစ်နေ့ကတင် သမီးတို့မင်္ဂလာဆောင်မှာကမ်းဖို့ ကီးချိန်းသွားယူတာ အဲဒီဆိုင်ကလူနဲ့ တိုးကို စွပ်စွဲတယ် ...

ဖေဖေ ... မေမေ ... သမီး တောင်းပန်ပါတယ်။ သမီး အခုချိန်မှာ သူ့ကိုချစ်တာထက် စိတ်ကုန်နေပြီ။ ဒီနေ့ လက်ထပ်ပွဲမှာ သမီးသွားလိုက်ရင် သမီးဘဝကြီးတစ်ခုလုံးကို မျက်ရည်ကျဖို့ ဆုချီးမြှင့်လိုက်သလို ဖြစ်သွားလိမ့်မယ်။ တိုး ... အဲဒီ မင်္ဂလာပွဲကို မသွားပါရစေနဲ့နော် ...





တိုး ... နေသွေးကို စိတ်တကယ်ကုန်သွားလို့ပါ။ တောင်းပန်ပါတယ်။ ဖေဖေနဲ့ မေမေ။ သမီးကို နားလည်ပေးပါ။ သမီး လက်မထပ်ပါရစေနဲ့နော်"

တိုးက မျက်ရည်များကြားမှ ဖေဖေနဲ့ မေမေကို လက်အုပ်ချီမိုး၍ တောင်းပန်လိုက်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ချလွမ်း"

"အာ ... ဘာလဲကွာ။ ဘယ်အချိန် ရှိနေပြီလဲ။ တိုးတိုးက ဘာလို့ မရောက်လာသေးတာလဲ"

အဲဒီအသံနှစ်ခုက တစ်ပြိုင်နက်တည်း စီခနဲထွက်လာတာဖြစ်ကာ ချလွမ်းကတော့ ဖန်ခွက်ကျကွဲသံဖြစ်ပြီး အဲဒီဖန်ခွက်ကွဲအောင် ခွဲပစ်လိုက်သော ဒေါသကကုမ္ဘာရ နေသွေးဆီက အလိုမကျစွာ ထွက်ပေါ်လာသော စကားသံများ ဖြစ်သည်။

"နေသွေးရာ ... မင်းကလည်း စိတ်ကို အေးအေးထားစမ်းပါကွာ။ လာမှာပေါ့။ ဖုန်းဆက်ကြည့်ပါလား"

ချမ်းကို စကားကြောင့် သူက ဖုန်းကိုထုတ်ကာ တိုးရဲ့ဖုန်းနံပါတ်ကို လှမ်းခေါ်လိုက်သည်။

"လူကြီးမင်း ခေါ်ဆိုသောဖုန်းမှာ ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ... ..."

"အား ... ရှစ်ထိ။ ဧရိယာပြင်ပတဲ့ကွာ"

"သားရေ ... သမီးလေးတို့လည်း အခုထိမလာကြသေးပါလား။ ဖုန်းခေါ်နေတာလည်း မကိုင်ဘူး။ မေမေ စိတ်တွေ





တောင် ပူလာပြီ။ ဘာများဖြစ်နေကြပါလိမ့်။ ဒီမှာလည်း ဧည့်သည်တချို့ လာနေကြပြီ"

မေမေက အခန်းတွင်း ဝင်လာကာ လာပြောတာကြောင့် သူ့ရင်ထဲမှာ ဒေါသကော စိုးရိမ်စိတ်ပူမှုကိုကော တစ်ပြိုင်နက် ခံစားရကာ လူက ဟုန်းဟုန်းတောက် ပူလောင်ရတော့သည်။

"မေမေ ... ဖေဖေ ... ကျွန်တော်တို့ လိုက်သွားကြည့်မလား"

"အာ ... ဘယ်ဖြစ်မလဲ။ ပွဲချိန်က သိပ်ကပ်နေပြီပဲဟာ။ အရမ်းကြီးလည်း serious မဖြစ်ပါနဲ့ သားရာ။ အမေကြီးကလည်း သားကို စိတ်ပူအောင် ပြောနေပြန်ပါပြီ။ နေသွေး... သား ခဏတော့ စောင့်ကြည့်ပါဦး။ အဖေ ဖေယျုတို့ကို လွှတ်လိုက်မယ်။ အမေကြီး ... မင်းက သူတို့ဖုန်းတွေ အားလုံးကို မရမချင်းခေါ်"

မေမေက ဖုန်းနံပါတ်တွေကိုနှိပ်ကာ ခေါ်နေသော်လည်း သူကတော့ လိုအပ်တာထက် ပိုကြာနေတာမို့ ဒေါသတွေ အလိမ့်လိမ့် စွတ်ထွက်နေရတော့တာဖြစ်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ သမီး။ သမီးဆုံးဖြတ်ချက်အတိုင်းပဲ ဖေဖေ သဘောတူတယ်"

တော်တော်ကြီးကို ခက်ခက်ခဲခဲကြီး စဉ်းစားပြီးမှ ဖေဖေ ဆုံးဖြတ်လိုက်တယ်မှန်း သိသာလှစွာ ဖေဖေ့ရဲ့စကားသံက ပြတ်သားတည်ကြည်လှလေသည်။ တိုးက အဲဒီစကားအတွက် တကယ်ပဲ ဝမ်းသာလှစွာဖြင့် ခေါင်းညိတ်ပြလိုက်ရင်းက ...

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့ မေမေ"

"မလိုပါဘူး။ လက်ထပ်သင့် လက်မထပ်သင့်ကို စဉ်းစားဆင်ခြင် စိတ်ပိုင်းဖြတ်နိုင်တဲ့သမီး ကိုယ့်ကိုယ်ကိုယ်ပဲ ကျေးဇူးတင်လိုက်ပါ။ သမီး ဆုံးဖြတ်ချက်အတွက် သမီး စိတ်ပိုင်းဖြတ်မှုကို ဖေဖေတို့က လက်သင့်ခံပြီးပြီဆိုတော့ ဟိုဘက်ကို တောင်းပန်ဖို့တော့ လိုလိမ့်မယ်။ အမေကြီး ... ဖုန်းပေးပါ"

ဖေဖေက မေမေ့ဆီက ဖုန်းယူပြီးသွားသောအခါ တိုးရဲ့ဘေးကို ဝင်ထိုင်လိုက်ပြီးမှ နေသွေးဖခင်ဆီ ဖုန်းလှမ်းခေါ်လိုက်လေသည်။ တိုး ကိုယ်တိုင်လည်း စိတ်လှုပ်ရှားကာ ကြောက်ရွံ့



ရင်ခုန်နေပါသည်။ ဒီအချိန်မှာ ဖေဖေပြောမယ့် စကားလုံးတွေဟာ ဟိုတစ်ဖက်အတွက် ကြီးမားတဲ့ရှော့ခ်ဆိုတာ တိုး ကောင်းကောင်း သဘောပေါက်လေ၏။

"ဟယ်လို ... ကိုနေအောင်၊ ကျွန်တော် တိုးတိုးရဲ့အဖေပါ"

"........."

"ဆောရီးပါပဲ ခင်ဗျာ။ ဒီကနေ့ မင်္ဂလာပွဲကို ကျွန်တော်တို့ မိန်းကလေးရှင်ဘက်က မလာနိုင်တော့ဘူးဆိုတဲ့အကြောင်း ကို လှမ်းပြောတာပါ"

"........."

"ဟုတ်ကဲ့။ အကြောင်းကြောင်းကြောင့် မလာဖြစ်တော့ တာပါ။ ကျွန်တော်တို့ဘက်ကပဲ အားနာစွာနဲ့ ဒီမင်္ဂလာပွဲကို ဖျက်သိမ်းကြောင်း အသိပေးပါတယ်။ အဲဒီအတွက်လည်း အများကြီး တောင်းပန်ပါတယ်။ ဒါပါပဲနော်"

ဖေဖေက ဖုန်းချလိုက်၏။ သက်ပြင်းမောတစ်ခုနဲ့အတူ တိုးကိုကြည့်လိုက်ရင်း ...

"ဟိုဘက်က တော်တော်လေး တုန်လှုပ်ကုန်ကြတယ်။ တကယ်ဆို ဒီဆုံးဖြတ်ချက်ဟာ လက်ထပ်ပွဲမတိုင်ခင် တစ်ရက် ကြိုပြောခဲ့မယ် ဆိုရင်တောင် ဒီလောက်ဖြစ်မှာ မဟုတ်ဘူး။ အခုဟာက ဟိုဘက် သတို့သားရှင်ဘက်မှာ တော်တော် ထိခိုက်နစ်နာမှုတွေ ရှိကုန်ပြီပေါ့"

ဖေဖေ့ရဲ့စကားအဆုံးမှာ တိုးက 'ထိခိုက်ကြေကွဲမှု' ဖြစ်နေကာ ဒေါသတွေကြီးနေမည့် နေသွေးကို မျက်လုံးထဲ

www.burmeseclassic.com



ပြေးမြင်လိုက်၏။ ခွင့်လွှတ်ပါ ကိုရေ ... နင့်ကို ချစ်တယ်ဆိုပေမယ့် အချိန်တွေ နီးလာလေလေ နင်နဲ့အတူ မနေချင်တဲ့စိတ်တွေက ပိုကြီးစိုးလာလေလေပဲမို့ ဆုံးဖြတ်လိုက်တာပါ။

လက်ထပ်ခြင်းဆိုတာ နှစ်လိုဖျော်ရွှင်မှုရှိမှ ပြည့်စုံမှာ မဟုတ်လား။

❖ ❋ ❖





"သား ... မင်းစိတ်ကို နိုင်နိုင်ထားပါ။ ပွင့်ဝေတို့ဘက်က ဒီမင်္ဂလာပွဲကို ဖျက်သိမ်းလိုက်တယ်တဲ့။ သူတို့ ဒီကို မလာတော့ဘူး"

"ဗျာ"

"ဘယ်လို"

ဖေဖေ့စကားတွေကြောင့် သူ့မျက်လုံးတွေဟာ ပြူးကျယ်သွား၍ ဘာကြောင့်မှန်းမသိ မျက်ရည်ဥများ လျှံလို့သွားသည်။ ဟင့်အင်း ... မဖြစ်နိုင်ပါဘူး။ တိုးနဲ့သူက နာရီပိုင်းလေး အလိုမှာတင် မင်္ဂလာဆောင်တော့မယ့်ဟာ။

"ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ။ အရှက်တကွဲ အကျိုးနည်းတော့ ဖြစ်ကုန်ကြမှာပဲ။ သေချာလို့လား အဖေကြီးရယ်"

"အသေအချာပဲ။ သူတို့ ဒီကိုမလာနိုင်တော့ဘူး ဆိုတာ ဖုန်းလှမ်းဆက်ပြောတာတဲ့။ သူ့အဖေကိုယ်တိုင် ပြောတာ။ ငါ ဖုန်းပြန်ဆက်တော့ ဖုန်းမကိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး။ ဒုက္ခပါပဲ။ သတို့သမီးမရှိဘဲ မင်္ဂလာပွဲကို ဘယ်လိုကျင်းပမှာလဲ။ ဧည့်သည်တွေလည်း စုံနေပြီပဲမှလား။ ဘယ်လိုလုပ်ကြမလဲ"

သူ့ရဲ့နားထဲမှာ သူ့ဘေးပတ်ဝန်းကျင်က ဆူညံပွက်လောရိုက်နေတဲ့ စကားသံတွေကို ဗလုံးဗထွေးတွေကြားကာ အစုံစုံဟာ တစ်နေရာတည်းမှာပင် စုပြုံနေ၍ ဖေဖေ ပြောလိုက်သော ဒီမင်္ဂလာပွဲကို ဖျက်သိမ်းတယ်ဆိုတဲ့ စကားကပဲ သူ့ရဲ့နားထဲမှာ ပဲ့တင်နှန်းတွေ ထပ်နေသည်။ မဖြစ်ရဘူး။ မဖြစ်နိုင်ဘူး။ ဧည့်ခန်းမထဲမှာလည်း ဖိတ်ထားတဲ့ ဧည့်သည်တွေက အစုံအလင် ရောက်ရှိနေကြပြီ။ ဒီပွဲမှာ သူ့လက်မောင်းကို တွဲခိုချိတ်မယ့် သတို့သမီးက မလာဘူးတဲ့။ အဲဒါ ဘာသဘောလဲ။

နေသွေးက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်းက ဖေဖေ့ကို မေးခွန်းတစ်ခု သေချာအောင် ထပ်မေးရလေသည်။

"အဖေ ... ဒါဆို မင်္ဂလာပွဲက ပျက်သွားပြီလို့ ဆိုလိုချင်တာလား"

သူ့ရဲ့မေးခွန်းအတွက် အဖေက သူ့ပခုံးကို ဆုပ်ကိုင်ကာ ...

"သားရယ် ... အဖေ ဘာပြောရမှန်းတောင် မသိတော့ဘူး"

လုံလောက်ပြီ။ ဒီလောက်ဆို အများကြီးလုံလောက်လို့ရပါပြီ။ နေသွေးက စားပွဲပေါ်က ကားသော့ကို ဆတ်ခနဲဆွဲယူကာ အားလုံးကိုတွန်းဖယ်၍ ဒီဟိုတယ်ထဲကနေ ထွက်လာခဲ့၏။





"သား ... သား ... မင်း ဘယ်သွားမလို့လဲ"

အဖေက သူ့အနောက်ကနေ လိုက်ဆွဲလျှင် နေသွေးက သူ့ခေါင်းက မောင့်ကျက်သရေ ခေါင်းပေါင်းကြီးကိုချွတ်၍ အဖေ့လက်ထဲ ပေးခဲ့လိုက်ကာ ...

"ဘာမှစိတ်မပူပါနဲ့ အဖေ။ ကျွန်တော် ပြန်လာပါ့မယ်။ ဧည့်သည်တွေလည်း မပြန်ခိုင်းပါနဲ့။ ပွဲမပျက်ပါဘူး"

"သား ... မင်း မသွားနဲ့။ ဒီဘက်မှာ ကိစ္စရှင်းပြီးတာနဲ့ အဖေကိုယ်တိုင် အဲဒီကိစ္စကို သွားရှင်းမှာ"

"ရတယ် အဖေ။ ကျွန်တော် ရှင်းမယ်"

နေသွေးက အဖေ့ရဲ့တားမြစ်မှုတွေကို ဂရုမစိုက်တော့ဘဲ ကားဆီသို့ အမြန်ဆုံး ပြေးထွက်လာခဲ့သည်။ ပွင့်ဝေတိုး... နင် ဒါဘာသဘောနဲ့ ငါ့ဘဝကို ဖျက်ဆီးပစ်ရတာလဲ။ ဒီလိုလာမစမ်းနဲ့။ နင့်ကိုယူဖို့ ငါ အခု နင့်ဆီလာနေပြီ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝေတိုး ... ပွင့်ဝေတိုး ... အခုချက်ချင်း ထွက်ခဲ့။ ပွင့်ဝေတိုး ... ပွင့်ဝေတိုး"

ခြံတံခါးကို ဝုန်းခနဲ ဆောင့်ကန်သံတွေ၊ ခြံရှေ့က နေ အော်ကြီးဟစ်ကျယ် ဟစ်ခေါ်သံတို့ကြောင့် တိုးတို့ အရမ်းကို ထိတ်လန့်သွားကာ တိုးကော ဖေဖေ၊ မေမေတို့ပါ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်မိသွားသည်။

"ပွင့်ဝေတိုး ... မင်း ငါနဲ့ လက်ထပ်ရမှာ။ အခုချက်ချင်း မင်း ထွက်ခဲ့။ ပွင့်ဝေတိုး ..."

"ဟား ... ရိုးလှချည်လား။ ဒီကောင် ..."

ဖေဖေက ဒေါသတကြီး ထွက်တော့မှာမို့ တိုးက ဖေဖေ့ကို အသည်းအသန် လှမ်းဆွဲရင်းက တောင်းပန်ရတော့၏။ ဒီကိစ္စထဲကို ဖေဖေတို့ ဝင်ပါလာရင် အခြေအနေတွေ ပိုဆိုးတော့ မယ်ဆိုတာ တိုး သိနေသည်။

"ဖေဖေ ... မေမေ ... သမီး တောင်းပန်ပါတယ်။ ဒီကိစ္စ သမီးစခဲ့လို့ ဖြစ်တာပါ။ သမီးဘာသာ ရှင်းပါ့မယ်။ အခု သူလည်း တစ်ယောက်တည်း လာတာဆိုတော့ သမီးဘာသာ သမီး ဖြေရှင်းနိုင်ပါတယ်"





"အဲဒါဆိုလည်း အိမ်ထဲခေါ်လိုက်။ လမ်းပေါ်မှာ စော်စော် ကားကားနဲ့။ တောက် ... ငါ့သမီးဆုံးဖြတ်ချက် သိပ်မှန်တယ်"

"မေမေ ... ဖေဖေ့ကို ပြောပေးပါဦးနော်။ သမီးသွားတွေ့ လိုက်ဦးမယ်"

တိုးက ခပ်သွက်သွက် အိမ်ပေါ်က ဆင်းလာကာ ခြံထဲအမြန်ဆင်းရသည်။ တိုးတို့ဘေးပတ်ဝန်းကျင်က လူတချို့က လည်း ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြသော အနေအထား မို့ တိုးက ခြံတံခါးဖွင့်ပေးလိုက်ကာ သူ့ကို တည့်တည့်ပဲ ရင်ဆိုင် လိုက်တော့သည်။ နေသွေးက မင်္ဂလာပွဲကနေ ချက်ချင်းလိုက်ချ လာမှန်း သိသာစွာ သတို့သားဝတ်စုံ တိုက်ပုံနှင့် တောင်ရှည်ပုဆိုး ဖြင့် ဖြစ်နေတာကြောင့် တိုးက ဖေဖေမှာလိုက်သလိုပဲ အရင်ဆုံး အိမ်ထဲဝင်ခိုင်းရသည်။

"လာ ... အိမ်ထဲ အရင်ဝင်"

"မဝင်နိုင်ဘူး။ ငါ နင့်ကို လာခေါ်တာ တိုး"

"နင် ... နင့်ကို ပွဲဖျက်တာ တစ်ဆင့်ဖုန်းဆက်ပြီးသွားပြီ လေ။ ငါ တောင်းပန်ပါတယ်"

"ဘာ"

တိုးရဲ့စကားကြောင့် သူက မီးဝင်းဝင်းတောက်နေ သော မျက်လုံးတို့ဖြင့်ကြည့်ကာ ဒေါသတကြီး လေသံဖြင့် ...

"ပွင့်ဝေတိုး ... မင်း ရူးနေပြီလား။ ဒီနေ့က ငါတို့လက် ထပ်မယ့်နေ့လေ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ။ မင်း ... ငါ ... တောက် ... အိုခေ ... အဲဒါတွေ ဂရုမစိုက်နိုင်သေးဘူး။

www.burmeseclassic.com



တိုး … ဒါ ကလေးကစားနေတာ မဟုတ်ဘူး။ ငါ့ဘက်က မင်္ဂလာပွဲကနေ ထွက်လာတာ ပွဲပျက်သွားလို့ မဟုတ်ဘူး နော်။ မင်းနဲ့ လက်ထပ်ဖို့ ငါ လာခေါ်တာ။ သွားမယ်"

သူ့ရဲ့စကားအဆုံးမှာ နေသွေးက တိုးရဲ့လက်ကို မိမိရရ ဖမ်းဆုပ်ကိုင်ကာ ဖွတ်ဆွဲခေါ်တာမို့ တိုးက သူ့ရဲ့လက်တွေထဲကနေ ဆောင့်ရုန်းကန် ထွက်လိုက်ရင်း အပြတ်သားဆုံး စကားကို ပြောပစ်လိုက်တော့သည်။

"တော်ပြီ နေသွေး။ ငါ မလိုက်ဘူး။ ငါ့ဘက်က ဆုံးဖြတ်ချက်ကို လူကြီးတွေကတစ်ဆင့် ပြောပြီးပြီ။ အေး … အခု နင့်ကို ငါ ထပ်ပြောမယ်။ ငါ နင့်ကို လုံးဝလက်မထပ် နိုင်ဘူး။ နင် ပြန်တော့"

"ဘာ … ဘာပြောတယ်။ ပွင့်ဝေတိုး … နင်နဲ့ ငါက ချစ်သူတွေလေ။ လက်ထပ်ဖို့ကိစ္စကို နင်ပဲ ခေါင်းညိတ် လက်ခံလို့ ငါတို့ နှစ်ဦးသဘောတူ လက်ထပ်ပွဲကြီး ကျင်းပတော့မှ နင် ဘာအချိုး ပြောင်းတာလဲ"

"သား …"

တိုးတို့ ကတောက်ကဆ အကြီးအကျယ် ဖြစ်နေချိန်မှာ နောက်ထပ် ကားတစ်စီးက ခြံရှေ့သို့ ကျွိခနဲ ရပ်ကာ နေသွေးရဲ့မိဘတွေက ရောက်လို့လာသည်။ ဝရန်တာကနေ လှမ်းကြည့်နေသော တိုးရဲ့မိဘတွေက နေသွေးမိဘတွေ ရောက်လာတာနှင့် ခြံထဲဆင်းလာကာ တိုးရဲ့ဘေးနားသို့ ရောက်လာတာကြောင့် ပွဲက ပိုလို့ဆူကုန်၏။





"တိုး … နင် လိုက်ခဲ့ဟာ"

"မလိုက်ဘူး။ နင် သွားတော့"

"ကိုထင်ကျော် … ခင်ဗျားတို့သားသမီးချင်း ကိုယ်ချင်းစာသင့်တယ်။ အခု ခင်ဗျားတို့ လုပ်တဲ့ကိစ္စကြောင့် ကျုပ်တို့ဘက်မှာ ဘယ်လောက် အရှက်တကွဲ ဖြစ်ရတယ် မှတ်လဲ"

"ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ် ကိုနေအောင်"

ဖေဖေ့ဘက်က အဆုံးစွန်သော မာနကို ခဝါချထား၍ တောင်းပန်တာကို မြင်ရတော့ တိုး ရင်ထဲမှာ ဆူးနင့်နာကျင်ရလေသည်။ တိုး လုပ်ခဲ့မိလို့ ဖေဖေ မျက်နှာငယ်ရတာ။ တိုးက ရဲရင့်သောစိတ်ဖြင့် ဖေဖေနှင့် မေမေတို့ရှေ့က ဆီးကာရပ်လိုက်ကာ …

"ဖေဖေ … ဒီကိစ္စကို သမီး ရှင်းပါ့မယ်။ ဦးနဲ့ဒေါ်ဒေါ်ပြီးတော့ နေသွေး အားလုံးကို တိုး တောင်းပန်ပါတယ်။ ပွဲချိန်နီးလာလေလေ နေသွေးနဲ့ လက်မထပ်ချင်တဲ့စိတ်က ပိုသေချာလာလေလေပဲ။ လက်ထပ်ပြီးမှ အိမ်ထောင်ကွဲတာထက်စာရင် လက်မထပ်ရသေးခင်မှာ အခုလို ဆုံးဖြတ်လိုက်တာက နှစ်ဖက်မိသားစုအတွက် အဆင်အပြေဆုံးဖြစ်အောင် တိုး ဆုံးဖြတ်လိုက်တာပါ"

"ဘာ … ပွင့်ဝေတိုး။ မင်း ဘာတွေလျှောက်ပြောနေတာလဲ။ မင်းနဲ့ ငါက ချစ်သူတွေလေ။ ငါ တောင်းပန်နေတာပါ တိုး။ ပြန်လိုက်ခဲ့ပါ။ ငါတို့မင်္ဂလာပွဲ အပျက်ခံလို့ မရဘူး။ ငါ့မှာ မင်း ငြင်းရအောင် ဘာအပြစ်ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အပြစ် ... မရှိပါဘူး။ ငါ့စိတ်က လက်မခံတာပါ။ တောင်းပန်ပါတယ် နေသွေး။ လက်ထပ်ပွဲ ဖျက်သွားတာ စိတ်မကောင်းပါဘူး”

တိုးရဲ့စကားအဆုံးမှာ သူဟာ အဆုံးစွန်ဆုံးသော ဒေါသတွေဖြင့် တိုးရဲ့ပခုံးကို ကိုင်လှုပ်ဆောင့်ဆွဲကာ ...

“တိုး ... နင် အဓိပ္ပာယ်မရှိတဲ့စကားနဲ့ ငါ့ကို ဒုက္ခမပေးနဲ့။ နင် ငါနဲ့ လက်ထပ်ရမယ်”

“ဟောကောင် ... မင်း ငါ့သမီးကို လွှတ်စမ်း”

“သား ...”

အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကာ ဆွဲကြလွဲကြဖြစ်နေတဲ့ အခြေအနေမှာ တိုးက သူ့ကို စုံကန်ဆောင့်တွန်းပစ်ရင်း အပြတ်သားဆုံး အော်ပြောပစ်လိုက်တော့သည်။

“လက်မထပ်ဘူး။ နင်နဲ့ ငါ ဘယ်တော့မှ လက်မထပ်ဘူး။ အေး ... ဘာကြောင့် ငါ လက်မထပ်ရတာလဲဆိုတာ ငါ ပြောလိုက်မယ်။ နင့်ရဲ့ဒေါသတွေကို မုန်းလို့။ ငါ့ကို လူတကာနဲ့သမုတ် စွပ်စွဲနေတဲ့စိတ်ကို ခါးသီးလို့။ ငါ့ကိုမယုံကြည်တဲ့သူနဲ့ ငါ ဘယ်လိုရှေ့ခရီးဆက်မလဲ။ အဲဒါကြောင့် လက်ထပ်ပွဲကို ငါ ဖျက်တာ”

“ဖြန်း”

တိုးရဲ့ လက်ညှိုးငေါက်ငေါက်ထိုးကာ ရင်ဖွင့်ပေါက်ကွဲချိန်မှာ တိုးရဲ့ပါးတစ်ဖက်က ပူခနဲဖြစ်ကာ မျက်နှာလည်ထွက်သွား၏။ ကြောက်စရာကောင်းလှစွာသော နေသွေးရဲ့ဒေါသဟာ





တိုးရဲ့ပါးတစ်ဖက်ကို ပူလောင်ပြင်းရှသွားစေကာ နာကျင်မှုကြောင့် မျက်ရည်များဖြင့် ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ဆွံ့အသွားချိန်မှာ ဖေဖေက နေသွေးကို ဒေါသတကြီးဖြင့် ထိုးတော့ကာ အားလုံး ရှုန်းရင်းဆန်ခတ် ဖြစ်ကုန်တာ ဖြစ်၏။

“ခွေးမသား ... မင်းက ငါ့သမီးကို။ မင်းကို ငါသတ်ပစ်မယ်”

အဖေက သမီးစိတ်ဖြင့် နေသွေးကို ဆွဲထိုးလေလျှင် နေသွေးအဖေကလည်း သူ့သားအတွက် မခံနိုင်ကာ ဖေဖေနှင့် လူကြီးချင်း ပြဿနာတွေ ဖြစ်ကုန်ကြကာ အကုန်ဆွဲကြလွဲကြဖြစ်ကုန်ကာ ရပ်ကွက်ထဲက လူကြီးတစ်ချို့ကပါ ဝင်လာ၍ ဆွဲဖျန်ဖြေမှ ပွဲကအနည်းငယ် ငြိမ်သက်လေ၏။

“နေသွေး ... မင်းကို ထောင်ချပစ်မယ်”

“တော်ကြပါတော့။ တိုး တောင်းပန်ပါတယ်”

တိုးက ပတ်ဝန်းကျင်ကလူတွေရဲ့ အကြည့်တွေကြားမှာ ရှက်လွန်းလို့ မျက်ရည်တွေတောင် ကျလာရကာ အဲဒီမျက်ရည်တွေကြားကပဲ တိုးက တိုးရဲ့ပါးတစ်ဖက် နာကျင်စေခဲ့တဲ့ နေသွေးကို ခါးသီးလှစွာကြည့်ရင်း ...

“နင့်ကို ငါ့ဘက်က ဒီနေ့အဖြစ်အပျက်ကို ရှော်ပေးလိုက်တာဟာ ငါ့ဘက်က နင်နဲ့လက်ထပ်ပွဲ ဖျက်လိုက်တဲ့အတွက်ပဲ။ နောက် နင့်မျက်နှာကို လုံးဝမမြင်ချင်ဘူး”

“သား ... လာစမ်း။ ဒီလို လူကြီးလူကောင်းမဆန်တဲ့ မိသားစုနဲ့လည်း မင်းကို တစ်သက်လုံး မပေးစားဘူး”

“ဘာ ... မင်းတို့လို အောက်တန်းစားတွေနဲ့လည်း ...”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ကြပါတော့။ တောင်းပန်ပါတယ်ဗျာ။ ပတ်ဝန်းကျင် ရှိသေးတယ် ဆိုတာလည်း ဂရုစိုက်ကြပါဦး။ ကိုထင်ကျော် ... မြတို့ အိမ်ထဲဝင်ကြပါတော့။ ဒီကလူတွေကလည်း ပြန်ကြပါတော့။ ကျွန်တော်တို့ ကြားထဲကပဲ တောင်းပန်ပါတယ်"

ရပ်ကွက်လူကြီးတွေကပဲ ကြားထဲကဝင်ကာ လူစုခွဲလိုက်၍ ရှဲပေးလိုက်မှ နေသွေးတို့မိသားစုတွေကလည်း ပြန်သွားကြသည်။ ကားပေါ်တက်ခါနီးမှာ နေသွေးက ဖွတ်တားနေသည့် ကြားက တိုးကို ဒေါသတကြီးဖြင့် ပြောနိုင်သွားသေးသည်။

"နင့်ကိုလည်း ငါက တစ်သက်လုံး မကျေဘူး။ ငါ့ကို ဘဝဖျက်ခဲ့တဲ့ မိန်းမကို ငါ တစ်သက်လုံး မှတ်မိနေမယ်"

"ကဲ ... တော်ကြတော့။ သွားကြပါဗျာ"

"ခင်ဗျားနဲ့ ဘာဆိုင်လဲဗျာ။ ဒါ ကျုပ်တို့ကိစ္စ"

"တော်ပါတော့ သားရယ်။ အားလုံးပဲ တောင်းပန်ပါတယ်နော်။ သွားရအောင်ပါ"


သူတို့မိသားစုတွေ ထွက်သွားချိန်မှာတော့ မျက်ရည်များဖြင့် တိုးက တင်းခံနေကာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့သော ရှက်စိတ် နာကျင်ဒေါသများကြောင့် တိုးရဲ့ ဘယ်ဘက်ရင်ညွန့်က စူး၍အောင့်တက်လာကာ ခွေခနဲ လဲကျချိန်မှာ ဖေဖေက တိုးကို ပွေ့လိုက်ကာ ဖေဖေနဲ့ မေမေရဲ့ စိုးရိမ်တကြီး တိုးကို ခေါ်သံကိုသာ နောက်ဆုံး ကြားလိုက်ရတော့သည်။

❖ ❃ ❖





# အချိန်ကာလ အနည်းငယ် ကြာပြီးသည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တဲ့ ကိစ္စတွေကိုလည်း ပြီးခဲ့ပြီလို့ပဲ မေမေတို့သဘော ထားလိုက်ကြရအောင် သား။ မေမေတို့ရဲ့ တစ်ဦးတည်း သောသားဟာ မေမေတို့အတွက်တော့ မျှော်လင့်ချက်ဘဲ။ သားကို မေမေတို့ အများကြီးကို မျှော်လင့်ထားတာ"

မေမေက စကားတွေ ပလ္လင်ခံကာ ပြောနေတာကြောင့် နေသွေးက မေမေ့မျက်နှာကို အကဲခတ်ကြည့်လိုက်ရင်းက မေးခွန်းထုတ်လိုက်သည်။

"မေမေ ဘာကို ပြောချင်တာလဲ"

"အိုခေ ... မေမေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ သားကို မေမေ အိမ်ထောင်ပြုစေချင်တယ်။ အဲဒီအတွက်လည်း မေမေတို့ သဘောကျ လက်ခံနိုင်မယ့် ချွေးမမျိုးကို မေမေ ရှာတွေ့ထားတယ်"

မေမေ့စကားကြောင့် နေသွေးက လေပူတစ်ချက် မှုတ်လိုက်မိသည်။ ပြောရမယ်ဆိုရင်တော့ သူ အဲဒီကိစ္စကို သူ ကြောက်နေမိတာဖြစ်သည်။





"ကျွန်တော် အဲဒီအိမ်ထောင်ရေးကို အယုံအကြည်မရှိတော့ဘူး မေမေ"

"အယုံအကြည် မရှိဘူးဆိုတာ ဘာကိုဆိုလိုတာလဲ သား။ သားကို အဲဒီအဖြစ်အပျက်တွေ မေ့လိုက်ပါလို့ မေမေပြောပြီးသားပဲ"

"ဒါပေမဲ့ လက်ထပ်ပွဲမှာ အရှက်ကွဲခဲ့ရတဲ့သူက ကျွန်တော်ပါ မေမေ။ သတို့သမီးက ကျွန်တော့်ချစ်သူ။ အဲဒါတောင် ပွဲပျက်ခဲ့တာနော်။ ကျွန်တော် အယုံအကြည် မရှိဘူး"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ သားရယ်။ ဖေဖေတို့အတွက် မင်းအတွက် generation ဆိုတာ လိုအပ်တယ်လေ။ နေသွေး ... သားက သိပ်ပြီး brave ဖြစ်တဲ့ လူတစ်ယောက်ပါ။ ဖြစ်ခဲ့တဲ့ကိစ္စဟာ သားအတွက် ဆိုက်ကိုတစ်ခုလိုဖြစ်ပြီး ရှေ့မဆက်ရဲတော့တာမျိုးကိုတော့ ဖေဖေမလိုလားဘူး"

ဖေဖေကပါ ဝင်ပြောတာကြောင့် နေသွေးက အတန်ငယ်တော့ ငြိမ်သက်သွားရလေသည်။ ဆိုက်ကို ...။ ဟင့်အင်း... လက်ထပ်ရမှာကြောက်တဲ့ ဆိုက်ကိုမျိုးတော့ သူ မရှိပါဘူး။ ဒါပေမဲ့ တွေးမိတိုင်းတော့ သူ အသည်းနာရလောက်အောင် ဒေါသထွက်ခဲ့ရတာဖြစ်သည်။

"မဟုတ်ပါဘူး ဖေဖေ။ ကျွန်တော်က ကြောက်တတ်တဲ့ သူမျိုး မဟုတ်ပါဘူး"

"ဒါဆိုရင် ဖေဖေတို့ စီစဉ်တာကို မင်း လက်ခံရမှာပေါ့။ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ကို ဖိအားထပ်ပေးလိုက်တာကြောင့် နေသွေးက စဉ်းစားသွားရသည်။ ဖေဖေတို့ပြောတာတွေ မှန်နေတယ်၊ ဖေဖေတို့ ဖြစ်စေချင်တာတွေ မှန်တယ်ဆိုတာ သူသိသည်။ ဒါပေမဲ့ …။ သူ့ကို မင်္ဂလာပွဲမှာပွဲပျက်ခဲ့တဲ့ အကြောင်းကို တွေးမိတိုင်း သူ ခံစားရသည်။ ဒါပေမဲ့ … အဲဒါကြီးကိုပဲ သူက တနုံ့နုံ့ခံစားပြီး မကျေမနပ် ဖြစ်နေရင်လည်း ဘာမှတော့ ထူးမှာမဟုတ်ချေ။ သူ့ကို မခင်တွယ်ဘဲ ရက်စက်လေသော သူ့ချစ်သူ ပွင့်ဝေတိုးဟာ သူ့ကို အင်မတန်ကို နာကြည်းသွားသလို သူကလည်း အရှမ်းကိုပဲ ခါးသီးရလေသည်။

အဲဒီအတွက် သူကလည်း လက်မထပ်ဘူးဆိုပြီး ကြွေးကြော်ပြနေရင် သူ အရှုံးကြီး ရှုံးရမှာဖြစ်သည်။ နေသွေးက သေသေချာချာ စဉ်းစားပြီးနောက်မှာ ဖေဖေတို့ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်းက …

"ကျွန်တော် ဖေဖေတို့စကားကို လက်ခံပါတယ်။ အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

"ဝမ်းသာပါတယ် သား။ ဒါပေမဲ့ ဖေဖေတို့ စီစဉ်တိုင်း သားဘက်က မျက်စိမှိတ်ပြီး လက်ခံပေးစရာ မလိုပါဘူး။ သားဘက်ကလည်း ကိုယ် လက်ထပ်ယူမယ့် အမျိုးသမီးကို ဘဝတစ်သက်လုံး လက်တွဲနိုင်တယ်လို့ ယုံကြည်မှုရှိမှ လက်သင့်ခံပါ"

"ဟုတ်တယ် … သား။ မေမေတို့က သားကို အိမ်ထောင်ပြုစေချင်တာပါ။ ဒါပေမဲ့ အဲဒီအိမ်ထောင်ရေးဟာ မေမေတို့ စီစဉ်တာထက် သား လက်ခံလို့ စီစဉ်တာမျိုးကိုပဲ





ဖြစ်စေချင်တယ်။ သူလေးက သားအတွက် မေမေတို့ သဘောကျတဲ့ ချွေးမလေးပဲ။ ဓာတ်ပုံကြည့်ကြည့်လိုက်ပါဦး"

မေမေက သူ့ကို ဓာတ်ပုံလှမ်းပေးလျှင် နေသွေးက မေမေပေးတဲ့ ဓာတ်ပုံကို ယူကြည့်လိုက်သည်။ ဟင် … နန္ဒာ။ သူနဲ့ သင့်တော်တယ်ဆိုတာ မိန်းကလေးက နန္ဒာ။ သူ့ဘက်က ဖြူသည် မည်းသည် မတွေ့ရသေးခင်မှာပဲ မေမေ့ဘက်က ဆက်လက်၍ စကားသံ ထွက်လာလေသည်။

"နန္ဒာက မေမေတို့ ဓာင့်ရှောက်ထားပြီး မေမေတို့မျက်စိရှေ့တင်ကြီးလာတဲ့ ကလေးတစ်ယောက်ပါ။ သားနဲ့အသင့်တော်ဆုံး အိမ်ထောင်ဖက်တစ်ယောက် ဖြစ်လာမယ်လို့ မေမေကတော့ ယူဆတယ်"

"မေမေ … ဒါပေမဲ့ နန္ဒာက ကျွန်တော်နဲ့ သူငယ်ချင်းလို ခင်နေတာလေ။ သူ့ဘက်က လက်ခံလို့လား"

"နန္ဒာက သားနဲ့သူငယ်ချင်းတွေ ဆိုပေမယ့် သူက နယ်မှာနေတာလေ။ သားနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံရေးမျိုး သိပ်မရှိပါဘူး။ မေမေတို့ကလည်း နန္ဒာ့ဘက်ကို တီးခေါက်ကြည့်ပြီးမှ ဒီစကား သားကို ပြောတာပါ။ ဘာပဲဖြစ်ဖြစ် သားရယ် ရင်းနှီးမှုရှိထားသူချင်းဆိုတော့ သားတို့ရှေ့ဆက်ဖို့ ပြောတာ ဆိုတာ ရှိန်မနေတော့ဘူးပေါ့"

နေသွေးက နန္ဒာနဲ့ သဘောတူနေတဲ့ မိဘတွေရဲ့ ဆန္ဒကို မငြင်းဆန်ချင်ပေ။ ဒါပေမဲ့ သူ့ဘက်က လက်ခံနိုင်မယ့် သူမျိုးမှ ဒီကိစ္စအထမြောက်မယ်ဆိုတဲ့ အခွင့်အရေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြန်တာကြောင့် သူက ဆုံးဖြတ်ချက်ချလိုက်ကာ ဖေဖေနဲ့ မေမေကို ဖွင့်ပြောလိုက်သည်။

"နန္ဒာနဲ့ ကျွန်တော် တွေ့ပြီး ဆွေးနွေးကြည့်လို့ ရမလား။ ကျွန်တော့် သဘောထားကိုလည်း သူ့ကို ပြောပြချင်သလို သူ့သဘောထားကိုလည်း ကျွန်တော် နားထောင်ကြည့်ချင် သေးတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး လက်ခံမှုရှိ တယ်ဆို မေမေတို့ စိတ်ချမ်းသာရမှာပါ"

သူ့ရဲ့စကားကြောင့် မေမေက ဝမ်းသာပျော်ရွှင်သွား ဟန်ဖြင့် သူ့ကို ခေါင်းညိတ်ပြကာ ...

"ဟုတ်ပြီ သား။ နောက်တစ်ပတ်ထဲမှာ နန္ဒာ ရန်ကုန် လာဖို့ရှိတယ်။ သားတို့နှစ်ယောက် တွေ့ကြည့်လိုက်လေ။ မေမေ စီစဉ်ပေးမယ်"

နေသွေးက ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်သည်။ နန္ဒာဆိုတာက မေမေတို့နဲ့ အရမ်းခင်မင်နေကာ နန္ဒာတို့မိဘတွေ ရဲ့စီးပွားရေးကို မေမေတို့က ထောက်ပံ့ပေးထားတာကြောင့် နန္ဒာ တို့မိသားစုအပေါ်မှာတော့ သူတို့မိသားစုဟာ ဩဇာညောင်းသလို လွှမ်းမိုးမှုလည်း ရှိသည်။ သူ အစိုးရိမ်ဆုံးကလည်း အဲဒါပဲဖြစ် သည်။ မလွန်ဆန်နိုင်လှသော အကြောင်းရင်းခံ ကျေးဇူးတရား တွေကြောင့် ဇာတ်ထုပ်တွေထဲကအတိုင်း သူနဲ့လက်ထပ်လိုက်ရ တယ် ဆိုတာမျိုးကြီးကို မဖြစ်စေချင်ပေ။ အဲဒီအတွက်ကြောင့် မေမေတို့ မျှော်လင့်ချက်လည်း ပြည့်စေနိုင်ဖို့ သူက နန္ဒာနဲ့အသေ အချာ စကားပြောကြည့်ပြီး ဆုံးဖြတ်ချက် ချရမှာဖြစ်သည်။

❖ ❋ ❖



နန္ဒာနှင့်သူ့ရဲ့တွေ့ဆုံမှုဟာ တကယ်ကိုပဲ သမားရိုး ကျ ဆန်ခဲ့ပါသည်။ နန္ဒာတို့မိသားစု တောင်ငူကနေ ရန်ကုန်ကို လာကာ သူတို့အိမ်ကို လာလည်တဲ့အချိန်မှာ မိသားစုနှစ်စု ညနေစာစားသောက်ပြီးအချိန်တွင် သူတို့နှစ်ယောက်က ခြံထဲဆင်း ကာ လွတ်လွတ်လပ်လပ် စကားပြောတာကပဲ ဆွေးနွေးခြင်းဖြစ် သည်။ အရင်ဆုံး သူကပဲ နန္ဒာ့ကို ကြောင်းပေးရတာဖြစ်၏။

"တို့နှစ်ယောက်ကိစ္စကို ဘယ်လိုစီစဉ်ချင်နေကြတယ်ဆို တာ သိပါတယ်နော် ... နန္ဒာ"

"အင်း ... သိပါတယ် ကိုခန့်"

ခန့်နေသွေးဆိုတဲ့ သူ့နာမည်ကို အားလုံးက နေသွေး လို့သာ ခေါ်ကြပေမယ့် နန္ဒာတစ်ယောက်ကတော့ ထူးခြားစွာ စတင်သိကျွမ်းချိန်ကတည်းက ကိုခန့် ဆိုပြီး ခေါ်ခဲ့တာပဲဖြစ်သည်။ အဲဒီလို ထူးနေလို့လည်း သူတို့နှစ်ယောက် ဒီအနေအထားတစ်ခု အထိကို ရောက်လာခဲ့ကြတာ ဖြစ်မည်။ သူ့ဘက်ကတော့ နန္ဒာ ဟာ နဂိုသံယောဇဉ်အခံ ရှိထားပြီးသားမို့ ငြင်းစရာမရှိပေမယ့် လက်ခံဖို့ဆိုတာက နှစ်ဦးစလုံးအတွက် အရေးပါနေတာမို့ သူ့ ဘက်က မေးခွန်းတွေ ဆက်ထုတ်ရသေးတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နန္ဒာ့ဘက်က ဘယ်လိုသဘောရလဲ။ ဟို ... မေးချင်တာက နန္ဒာ့ရဲ့ ကိုယ်ပိုင်စိတ်ကို ပြောတာပါ။ ကိုယ့်အကြောင်းကတော့ နန္ဒာ သိမှာပါ။ ကိုယ့်အတွက် ပြန်မတွေးချင်တဲ့ နာကြည်းချက်တွေ ရှိခဲ့ဖူးတယ်။ အဲဒါအားလုံးကို နန္ဒာ လေးလေးနက်နက် စဉ်းစားပေးစေချင်တယ်"

သူ့ရဲ့စကားကြောင့် နန္ဒာက သူ့ကို တစ်ချက်ကြည့်လိုက်ရင်း ...

"ကိုခန့် အခု ပြောနေတာက နန္ဒာ့ကို လက်ခံစေချင်တာလား။ လက်မခံအောင် ပြောနေတာလား"

"ကိုယ် ဘာကိုမှ ဖိအားမပေးဘူးလေ။ နန္ဒာ့စိတ်ပါပဲ။ နန္ဒာ စဉ်းစားရင် ထည့်စဉ်းစားရမှာတွေကို ပြောပြထားတာ"

"နန္ဒာ မဖြေခင် ကိုခန့် သဘောကို သိချင်တယ်"

နန္ဒာက သူ့ကို မေးခွန်းထုတ်လာတာကြောင့် နေသွေးက ရင်ထဲရှိတဲ့အတိုင်း အမှန်ကန်ဆုံး ဖြေပေးလိုက်သည်။

"ကိုယ့်ဆီမှာ သိပ်ဒေါက်ခဲန်စရာကောင်းတဲ့ အတိတ်ရှိတယ်။ ကိုယ် အဲဒါကြောင့် တတ်နိုင်သမျှကိုယ့်စိတ်ကို ထိန်းတယ်။ အရင်က ဒေါသကြီးတတ်တဲ့ ကိုယ်က ကိုယ့်ကိုယ်ကိုယ်ပြန် installation လုပ်နေတဲ့အချိန်မှာ မေမေတို့က ကိုယ့်ကို အိမ်ထောင်ပြုစေချင်ကြတယ်။ နန္ဒာနဲ့ စီစဉ်ပေးချင်တယ်။ ကိုယ့်အတွက် နန္ဒာက ဟိုးအရင်ကတည်းက





သံယောဇဉ် ရှိထားပြီးသားလေ။ ကိုယ်စိတ်ပူတာက နန္ဒာ၊ စိတ်ထဲကမပါဘဲ အကြောင်းကြောင်းကြောင့် ကိုယ့်ကို လက်ခံလိုက်ရမှာကိုပါ။ ကိုယ့်သဘောဆိုရင်တော့ ကိုယ်လည်း နန္ဒာ့ဆီက ကြားရမယ့်အဖြေကို နားထောင်ပြီးမှ ဆုံးဖြတ်ရမှာပါ"

သူ့စကားအဆုံးမှာ နန္ဒာက သဘောကျကျေနပ်စွာ ပြုံးလိုက်ရင်း ...

"ဘေးလူက ကြားရင်တော့ ကိုခန့်ကို သိပ်ကြောတာပဲလို့ ထင်ကြလိမ့်မယ်။ ဒါပေမဲ့ နန္ဒာက ကိုခန့်ကို စကားနည်းနည်း ပြောချင်တယ် ...

ကိုခန့် ဒေါသသိပ်ကြီးတာ နန္ဒာ သိတယ်။ စိတ်ငြိမ်ဖို့ တရားမှတ်ရမယ်။ ကိုခန့်မှာ နာကျင်စရာ အတိတ်တွေ ရှိတယ်။ မေ့ဖျောက်လို့ မရပေမယ့် မေ့ပျောက်ဖို့ နှစ်သိမ့်ရမယ်။ နန္ဒာဟာ ကိုခန့်အတွက် ပါရမီဖြည့်ဖက်ဆိုတဲ့ စိတ်နဲ့ ခေါင်းညိတ်ခဲ့တာပါ ...

နန္ဒာတို့တည်ဆောက်မယ့် အိမ်ထောင်ရေးဟာ အချစ်ပါချင်မှ ပါလိမ့်မယ်။ ဒါပေမဲ့ သံယောဇဉ်နဲ့ နားလည်မှုအရင်ရမှ ကိုခန့်ကို လက်ထပ်မှာမို့ မပြိုကွဲဘူးဆိုတာတော့ သေချာတယ်"

နန္ဒာ့ရဲ့စကားအဆုံးမှာ သူဟာ နန္ဒာ့ကို တကယ်ကြီးကိုပဲ အထင်ကြီးမိသွားသည်။ သူ့ကိုကြည့်တဲ့ အကြည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နွေးထွေးမှုတွေ ပါနေတာကို သူ ခံစားမိသည်။ ဟုတ်တယ် ... သူလည်း အဲဒီလိုပဲ လက်ခံသည်။ အဲဒီအတွက် နန္ဒာ့ကို အထင်ကြီးစွာ တစ်ချက်ကြည့်ရင်း ကတိပေးလိုက်သည်။

"ကိုယ့်အတွက် နန္ဒာဟာ ပါရမီဖြည့်ဖက်ကောင်းဆိုရင် ကိုယ်က နန္ဒာရဲ့အိမ်ထောင်ဦးစီးကောင်း ဖြစ်ရမယ်"

နန္ဒာက ပြုံးပြသည်။ ငြိမ်းချမ်းလိုက်တာ။ သူ့ကို ပူလောင်မှုတွေ ပေးခဲ့တဲ့ မိန်းမကို သူ ချစ်ခဲ့မိတာ မှားတယ်မှန်း အခုမှ သေချာသိလေသည်။

❖ ❋ ❖





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



"ဥဥရေ ... ဒီမှာ ဘာဝတ်ရမှာလဲ။ လာပါဦး"

အပေါ်ထပ်ကနေ ဟစ်ခေါ်အော်သံက အောက်ထပ်ကို အတိုင်းသား ကြားရလျှင် ဥဥက အပြုံးတစ်ခုနဲ့အတူ microwave ကို timer ပေးခဲ့ကာ ခပ်မြန်မြန်လေး အပေါ်ကို တက်လာခဲ့ရသည်။

"အေး ... လာပြီဟေး။ လာပြီ။ တိုးတိုးသက်သာခေါ်စမ်းပါဟယ်။ ဘာတုံး"

"ဒီမှာ ရေချိုးပြီးပြီဟာ။ ဝတ်ရမယ့် အင်္ကျီလည်း ထုတ်မပေးထားဘူး"

တုတုက မှန်တင်ခုံရှေ့မှာ ခြေချိတ်ထိုင်ကာ မျက်နှာကို fonndation လိမ်းနေရင်း ပြောတာကြောင့် ဥဥက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း အဝတ်ဗီရိုကိုဖွင့်ကာ တုတုအတွက် အဝတ်အစား ထုတ်ပေးကာ ခုတင်ပေါ် တင်ပေးလိုက်ရင်း ...

"ကဲ ... မဖုရားရေ။ ဒီမှာ ထုတ်ပေးပြီးပြီနော်။ အဝတ်အစားလဲပြီးရင် အောက်ဆင်းလာခဲ့။ breakfast စားရအောင်"





"Ok ... ဩော် ... ဥဥ ... နေဦး။ ဒီမှာ ... ဒီမှာ ... Eye liner လေး ဆွဲပေးပါဦး။ ဥဥဆွဲရင် ညီပြီး အရမ်းလှလို့"

"ဟင်း ... နင်ကတော့ ငါ့ကို ညာခိုင်းဖို့ချည်းပဲ။ပေး...ပေး"

ဥဥက ချစ်စနိုးဖြင့် တုတု နဖူးလေးကို တွန်းလိုက်ရင်း Eye-liner ဆွဲတံလေးကိုယူကာ တုတု မျက်ရစ်လေးပေါ်သို့ သေသပ် ညီညာလှပစွာ ဆွဲပေးလိုက်သည်။ ပြီးတော့ လေဖွဖွ မှုတ်ပေးပြီးသွားမှ ...

"ဟဲ့ ... ရပြီနော်။ ငါ ကြက်ကင်လုပ်ထားလို့ မီးဖိုထဲ ခဏသွားရဦးမယ်။ နင် အင်္ကျီအဝတ်အစားလဲထားလိုက်တော့"

"အမ်း ... အမ်း။ အမ် ... ဥဥကော ဘာမှလဲ မလုပ်ရသေးဘူး"

"ငါ ရေချိုးပြီးပါပြီဟယ်။ အင်္ကျီလဲဖို့ပဲ ကျန်တော့တာ။ နင်က မယ်ဖင်လေး။ ငါက မြန်တယ်။ ကိုယ့်ဘာသာ,သာ ပြီးအောင်လုပ် သူများကို စိတ်ပူမနေနဲ့"

ဥဥက ပြောပြီး ခပ်သွက်သွက်လေး အောက်ပြန်ဆင်းလာခဲ့သည်။ microwave ထဲက ကြက်ကင်ကို ထုတ်ပြီးသွားသောအခါ ဥဥက ဒေါ်လေးကစ်လက်ထဲ ထည့်ပေးလိုက်လေသည်။

"ဒေါ်လေးကစ် ... ကြက်ကင်ရပြီနော်။ ထမင်းချိုင့်ထဲ ထည့်ပေးထားပါဦး။ တုတုကို ပေါင်နှစ်ချောင်းလုံး ထည့်ပေးထားနော်။ သူ့ထမင်းချိုင့်မှာ ဟင်းနည်းရင် ဥကို ဖောက်လွှန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါအေ ... ငါကြည့်ထည့်ပေးပါ့မယ်။ ကျောင်းသွား ရမှာ နောက်ကျနေလိမ့်မယ်။ အဝတ်အစား သွားလဲတော့"

"ဟုတ် ... နောက်မကျပါဘူး ဒေါ်လေးကစ်ရဲ့"

ဥဥက ပြောပြီး အပေါ်ပြန်တက်လာရကာ အခန်း ထဲဝင်ကာ ကျောင်းသွားဖို့ အဝတ်လဲရလေသည်။ ဥဥရဲ့မနက် ခင်းကတော့ အဲဒီလိုပဲ တက်သုတ်ရိုက်ရတာဖြစ်၏။ ဒီကြားထဲ မှာ ဖေဖေနဲ့မေမေက ပြန်မရောက်သေးတာကြောင့် အိမ်ကိစ္စလည်း ဥဥ၊ ကျောင်းကိစ္စလည်း ဥဥ စသဖြင့် ဥဥရဲ့အခန်းကဏ္ဍတွေက စုံပလုံစီနေရတာဖြစ်သည်။

❖ ❋ ❖





ကျောင်းဝင်းထဲကို ၂၀၁၅ ထုတ် Mercedes-Benz C class အမည်းရောင်ကားက တောက်ထည် ဝင့်ကြွားစွာဖြင့် ဝင်လာလျှင် အားလုံးက စိတ်ဝင်တစား ကြည့်နေကြတာဖြစ်သည်။ အဲဒီကားပေါ်က ဆင်းလာသူကတော့ ဒီကျောင်းရဲ့ လူစိတ်ဝင်စား မှု အများဆုံးခံရသူ ခေါင်ရဲရန်ပဲ ဖြစ်သည်။

"သူ့ကိုကြည့်လိုက်ရင် အမြဲ အေးဆေးပဲနော်"

တုတုက အဲဒီစကားကြောင့် မျက်မှောင်ကြုတ်လိုက် ရင်း ဘုဆတ်ဆတ် ပြန်ဖြေလိုက်သည်။

"ဘာကြီးမှန်း မသိပါဘူးဟာ။ သူ့ကိုယ်သူ ဘာထင်နေ မှန်း မသိဘူး။ စိတ်ပျက်စရာ"

"ဟား ... ဟား ... ဒါကတော့ နင် သက်သက်မဲ့ အမြင် စောင်းနေတာပါ တုတုရယ်။ သူက ပေါ်ပြူလာပဲဟာ"

"သွားပါ။ စိတ်ဝင်စားစရာ မရှိပါဘူး။ ဥဥနော် ... နင်က သူ့ကို စိတ်ဝင်စားနေတာလား"

"of course ... ငါလည်း ရည်းစားထားသင့်တဲ့အရွယ် ရောက်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... ငါ သွားတော့မယ်"

တုတုက တကယ်စိတ်ဆိုးသွားကာ ထွက်သွားလေလျှင် ဉဉက အနောက်ကနေ ခပ်သွက်သွက် လိုက်လာကာ တုတုလက်ကို လှမ်းဆွဲလိုက်ရင်း ...

"ဟဲ့ ... ဟဲ့ ... အမယ်လေး ... မယ်ဒေါသရယ်။ ဒါလေး နောက်မိတာကိုး။ အဲဒီလိုကြီး ထထွက်သွားစရာလား"

"မသိဘူး။ စိတ်ဆိုးတယ်။ သွား ... နင် ငါနဲ့ စကားလာမပြောနဲ့။ ဖေဖေ ပြန်လာရင် နင် ရည်းစားထားတော့မယ်ဆိုတဲ့ အကြောင်းကို တိုင်ကို တိုင်ပြောပစ်မယ်"

"နင်ကလည်းဟာ။ ငါက နောက်တဲ့ဟာကိုး"

ဉဉ မျက်နှာညိုးသွားတော့လည်း တုတုက စိတ်မကောင်းနိုင်ပေ။ ဖေဖေ့ကို တိုင်မယ်ဆိုတာက ဉဉကို ခံစားသွားရစေတာဖြစ်၏။ တုတုကော ဉဉပါ ဖေဖေ့ဆိုရင် အသေကြောက်ရတာဖြစ်၏။ တုတု ပြောလိုက်တဲ့စကားကြောင့် ဉဉ စိတ်မကောင်းဖြစ်သွားမှန်း သိတာကြောင့် တုတုက ပြန်ချော့ပေးလိုက်ရသည်။

"နင်ကလည်း စိတ်ဆိုးနေတာက ဒီမှာပါနော်။ ဖေဖေနဲ့ တိုင်မယ် ဆိုတာကလည်း အပြစ်လုပ်ထားမှပါ။ ဉဉက အခု အပြစ်မှမလုပ်တဲ့ဟာ။ ကြိုပြောထားတာ"

အဲဒီတော့မှ ဉဉက ပြန်ပြုံးနိုင်ကာ တုတုကို အကဲခတ်သလို ကြည့်လိုက်ရင်း ...

"အဲဒါဆိုရင် နင် စိတ်မဆိုးတော့ဘူးနော် တုတု"





"အင်း ... ဒါပေမဲ့ ကတိတစ်ခုတော့ ပေးရမယ်။ တုတု အမြင်ကတ်တဲ့ အဲဒီကောင်ကို ဉဉ ဘယ်တော့မှ ဘာအကြောင်းနဲ့မှ မပတ်သက်ရဘူး။ အဲဒါ ကတိပေး"

"အမယ်လေး ... ရက်စက်လိုက်တာနော်။ အမ်းပါ ... ငါက နင့်အစ်မ ဖြစ်နေတော့လည်း အလျှော့ပေးရမှာပေါ့။ Promise ... လာ ... ကန်တင်းသွားကြရအောင်"

"အင်း"

တုတုက ကျေနပ်ပျော်ရွှင်စွာဖြင့် ဉဉရဲ့လက်မောင်းကို ချိတ်တွဲခေါ်သွားကာ ကန်တင်းဘက်သို့ သွားတော့သည်။ အဲဒီလိုပဲ တုတုအပေါ်ကို အမြဲအလျှော့ပေး အလိုလိုက်လေတဲ့ မဉဉဟာ တုတုအတွက်တော့ သူငယ်ချင်းလို အစ်မလို အမေလို 3 in 1 ချစ်ရသူ ဖြစ်လေသည်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလေ ... Correction pen လေး ခဏလောက် ငှားပါလားဟင်"

အဲဒီအသံကြောင့် ဥဥက မော့ကြည့်လိုက်လျှင် တကယ်ကိုပဲ အံ့အားသင့်စရာ ခေါင်ရဲရန် ဖြစ်လို့နေလေ၏။ ဥဥဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကာ Correction Pen လာငှားတာကြောင့် ဥဥက အံ့အားသင့်ရလေသည်။

"ဒါလေး ဖျက်ချင်လို့ပါ။ Correction Pen မပါလို့။ ခဏ ငှားပါလို့"

"ဩော် ... အမ်း ... ရော့လေ"

ဥဥရဲ့စားပွဲပေါ်မှာပဲ သူ့ရဲ့ lab စာရွက်ကိုတင်ကာ ဥဥ correction pen ဖြင့် သူမှားနေတဲ့စာကို ဖျက်လေသည်။

"Thank you နော်"

ပြောပြီးတာနှင့် သူက ဥဥရှေ့က ထွက်သွားလေသည်။ ဥဥအတွက်ကတော့ တကယ့် surprise ပဲ ဖြစ်ရလေ၏။ သူအဲဒီလိုကြီး ဥဥဆီ ရောက်လာပြီး correction pen လာငှားလိမ့်မယ်လည်း မထင်မိချေ။ ဥဥက အဲဒီ surprise moment လေးကို ကျေနပ်စွာ ခံစားနေနိုင်ခြင်းက သောနားမှာ တုတုတစ်





ယောက် ရှိမနေလို့ပဲ ဖြစ်၏။ တုတု toilet သွားနေတဲ့ အချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် သူ ရောက်လာတာကတော့ အံ့ဩစရာကြီး ဖြစ်လို့နေတာ ဖြစ်သည်။

"ဥဥရော့ ... lollipop"

တုတုက ရောက်လာတာကြောင့် ဥဥရဲ့အာရုံက ပြောင်းသွားရကာ တုတုဘက်သို့ လှည့်လိုက်ရင်း ...

"ဟဲ့ ... toilet သွားတဲ့သူက ဘယ့်နှယ်က ဘယ်လို lollipop က ရလာရတာလဲ"

"အိုး ... ဘာဖြစ်ရမလဲ။ ဇဝါပေါ့။ ဘယ်ကတည်းက ချောင်းနေမှန်း မသိပါဘူး။ အနောက်ကနေ လိုက်လာပြီး lollipop လိုက်ပေးတာ"

"အမ် ... ဒါဆို toilet ထွက် lollipop ပေါ့နော်။ အမယ်လေး ... စားလို့ကတော့ ကောင်းတော့မှာပဲ"

"အာ ... ဟုတ်ပါဘူး။ ညစ်တီးညစ်ပတ်။ တု toilet က ထွက်လာမှ အနောက်က လိုက်ပေးတား။ ရော့ ... ဥဥပဲ ယူထားလိုက်တော့"

"အေးပါ ... အေးပါ"

ဥဥက ပြီးပြီးရော သဘောဖြင့် lollipop ကို ယူထားလိုက်လေသည်။

"ဟိုလေ ... ဒီမှာ ဘောပင်လေးများ ကျန်ခဲ့လားလို့"

ဘုရား...။ ဥဥတို့ စကားပြောနေတဲ့သောကို ထပ်မံရောက်ရှိလာသူက ခေါင်ရဲရန် ဖြစ်၏။ ဥဥက ဘာမှမပြောရသေးခင်မှာ တုတုက သူ့ကို မှုန်တေတေ မျက်နှာပေးဖြင့်ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဘာကိစ္စလဲ"

"နင့်ကို ပြောတာ မဟုတ်ပါဘူး။ ဥဥကို ပြောတာ။ ခုနက ဘောပင် ဒီမှာများ ကျန်နေခဲ့လားလို့"

"ဘာ ... ဘာပြောတယ်"

တုတုက ဒေါကြီးမောကြီးသံ ဖြစ်လာပြီမို့ ဥဥက ကြားထဲကနေ အသည်းအသန် ဝင်ထိန်းရကာ ...

"မကျန်နဲ့ဘူး ခေါင်ရဲရန်။ ဒီမှာ ဘာမှ မကျန်ခဲ့ပါဘူး"

"ဩော် ... အင်း ... အင်း။ ကျန်များ ကျန်ခဲ့လားလို့။ မကျန်ဘူးဆိုလည်း ပြီးတာပဲ"

သူ ထွက်သွားသော်လည်း မပြီးသေးဘဲ ဆက်ရှင်းရတာကတော့ ဥဥပဲဖြစ်၏။ ဥဥကို သင်္ကာမကင်းသော မျက်လုံးများဖြင့်ကြည့်ကာ ...

"ဥဥ ... နင် ငါမသိတဲ့ ဘာဖယားတွေ ရှုပ်ထားတာလဲ"

"အာ ... မရှုပ်ရပါဘူး တုတုရယ်။ သူ ခုနက ငါ့ဆီက Correction pen လာငှားတာ။ အဲဒါ ဘောလ်ပင်ကျန်နေတယ်ထင်လို့ ပြန်လာမေးတာပါ။ နင်ကလည်း တစ်တန်းတည်းသားချင်းတွေဟာ"

"ဟင်း ... ဥဥနော် ... နင် ကတိပေးထားတာကို မမေ့နဲ့နော်။ အဲဒီကောင်ကလည်း ငါတို့က ကင်းအောင်နေတာကို လာပြီး ပတ်သက်နေရသေးတယ်။ နင့်ကို နောက်တစ်ခါ ပေတံပဲငှားငှား၊ correction pen ပဲငှားငှား၊ ဘာမှမငှားနဲ့ ကြားလား"





"အေးပါဟယ်။ အေးပါဟယ်။ အမယ်လေး ... ငါ့နှယ်နော်။ Correction pen လေး ငှားမိပါတယ်။ အပေါက်ခံလိုက်ရတာ ပြောမနေနဲ့"

"အဲဒါဆို မပတ်သက်နဲ့ပေါ့"

ဥဥက တမင်တကာကြီးကို တုတု တစ်ယောက် ဂျစ်တိုက်နေတယ်မှန်း သိနေတာကြောင့် တုတု ကျေနပ်အောင် ပြောပေးရလေသည်။

"အေးပါ ... နောက်ဆို ခေါင်ရဲရန် ဘာလာငှားငှား ချေနေမယ် ... Ok"

"ကိုယ့်စကားနဲ့ ကိုယ်ပဲနော်။ တစ်ခုခု မသင်္ကာလို့ကတော့ ဖေဖေနဲ့ကို တိုင်ပစ်မှာ"

တုတုက ထစ်ခနဲဆို ဒါနဲ့ပဲ ခြိမ်းခြောက်နေတာကြောင့် ဥဥက ဘာမှပြန် ကွန်ပလိန့် တက်မနေတော့ဘဲ ခေါင်းသာ အသာညိတ်ပြကာ ငြိမ်နေလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ကတော့ ဥဥအတွက် တစ်မျိုးလေးသော ပျော်ရွှင်မှုကို ခံစားရစေပါသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



ခေါင်က အတန်းပြီးပြီမို့ အိမ်ပြန်ရန် ထွက်လာလျှင် ပါကင်မှာ ကားက အဆင်သင့်ရောက်နေပြီ ဖြစ်လေ၏။ ခေါင်က ပျော်ရွှင်စွာ ကျေနပ်စွာဖြင့် ကားထဲဝင်လိုက်လျှင် ဖေဖေ့ရဲ့ ရင်အေးစရာ အပြုံးကို အရင်ဆုံး မြင်ရလေသည်။

"သားလေး … တစ်နေကုန် ကျောင်းမှာ အဆင်ပြေရဲ့လား"

"အာ … အဆင်ပြေတာပေါ့ ဖေရ။ အဖေ့သားပဲဟာ။ ဖေဖေကော အလုပ်တွေ ပြီးရောပြီးရဲ့လား"

"အလုပ်တွေက အရေးမကြီးပါဘူးကွာ။ ငါ့သားကို ကျောင်းကြိုရမယ့်ကိစ္စက အရေးအကြီးဆုံးပဲဟာ။ ကဲ … အိမ်ပဲတန်းပြန်မယ်နော်။ မင်းမေမေက ဖေဖေတို့ ပြန်အလာကို မျှော်နေလောက်ပြီ"

"ဟုတ်ကဲ့ … ဖေဖေ"

သူ့ဘက်က ခေါင်းညိတ်ပြလိုက်တာနှင့် ဖေဖေက ကားစတင် မောင်းထွက်လာလေသည်။ သူနဲ့အဖေရဲ့ဆက်ဆံရေးက တခြားသားအဖတွေလိုမျိုးတော့ မဟုတ်ချေ။ သူ ငယ်ငယ်





အလေးဘဝ ကျောင်းတက်စအရွယ်ကနေ အခု တက္ကသိုလ်ကျောင်းသားဖြစ်ပြီး ကျောင်းတက်နေတဲ့ အချိန်ထိ ဖေဖေကိုယ်တိုင်ကပဲ သူ့ရဲ့ကျောင်းအကြိုအပို့ လုပ်ပေးတာဖြစ်သည်။ သူကလည်း အဲဒီအပေါ်မှာ သဘောကျကျေနပ်ကာ ပျော်ရွှင်မိသည်။

သူတို့မိသားစုက တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ကြီးကြကာ တစ်ယောက်ကို တစ်ယောက်လည်း close ဖြစ်ကြလေသည်။ အထူးသဖြင့် ဖေဖေဟာသူ့အပေါ်ကိုဆို သူငယ်ချင်းတစ်ယောက်လို၊ ဖခင်တစ်ယောက်လို နားလည်မှု အပြည့်ပေးနိုင်သူမို့ သူက အဖေ့ကို အရမ်းချစ်ရတာ ဖြစ်သည်။ သူတို့သားအဖနှစ်ယောက် အိမ်ပြန်ရောက်လျှင် ထုံးစံအတိုင်း မေမေက အိမ်တံခါးဝမှာ အပြုံးဖြင့် အဆင်သင့် စောင့်နေတာဖြစ်၏။

"ဟော … သားလေး ပြန်လာပြီ။ လာ … ဒီသားအဖနှစ်ယောက် ပြန်လာတာနဲ့ အမောပြေသောက်ဖို့ သံပရာရည် ချိုချဉ်လေး ဖျော်ထားတယ် … လာ"

"အား … မေမေပြောတာနဲ့တင် အမောကို ပြေသွားပြီ။ ဖေဖေ … ပေး … ပေး … သားပဲ အိတ်တွေ သယ်လာခဲ့ပါမယ်။ မေမေနဲ့ သံပရာရည်သွားသောက်နှင့်ချည်"

ခေါင်က ကားထဲက ဖေဖေ့ရဲ့အိတ်တွေ အလုပ်ဖိုင်လ်တွေကို သယ်လာကာ ဧည့်ခန်းထဲ ဝင်လာခဲ့သည်။ သူ့အတွက် အဆင်သင့် ဖျော်ထားလေသော သံပုရာရည်ခွက်ကို မေမေက ကမ်းပေးလျှင် သူက သဘောကျကျေနပ်စွာဖြင့် ခွက်ကိုယူကာ အားရပါးရဖြင့် တစ်ကျိုက်တည်း မော့ချပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဖြည်းဖြည်းသောက်ပါ သားရယ်။ သီးသွားပါဦးမယ်။ ဘယ်လိုလဲ ... သောက်လို့ ကောင်းရဲ့လား"

"အာ ... မေးစရာလိုသေးလို့လား ဖေဖေရာ။ မေမေက လက်ဆိပ်ရှိတဲ့သူပဲဟာ။ မေမေ ဘာပဲလုပ်ပေး လုပ်ပေး ဘယ်ရီးဂွတ်ပဲ ... ဟဲ ဟဲ"

သူ့စကားကြောင့် ဖေဖေကော မေမေကပါ သဘောတကျဖြင့် ရယ်မောကြ၏။ ဖေဖေက သူ့ခေါင်းကို ဖွဖွပုတ်ပေးရင်းက ...

"ဟား ဟား ... ငါ့သားကတော့ မအေကို ကပ်ချူပ်နေပြန်ပါပြီ။ ဘာလဲ ... မုန့်ဖိုးပိုရအောင်လို့လား"

"အာ ... ဟုတ်ပါဘူး။ မုန့်ဖိုးလောက်ကတော့ စာမဖွဲ့ပါဘူး။ မေမေ့လက်ရာက တကယ် ကောင်းလို့ပါ"

"အမယ်လေး ... ဟုတ်ပါပြီ သားရယ်။ ကဲ ... ပြောပါဦး။ ဒီနေ့ ကျောင်းမှာ အဆင်ပြေရဲ့လား။ သား အဖေကကော ကျောင်းကြိုတာ အချိန်မှန်ရဲ့လား"

"အကုန်လုံးလည်း အဆင်ပြေတယ်။ ဖေဖေကလည်း right time ပဲ"

ခေါင်က မေမေ့ရဲ့မေးနေကြမေးခွန်းကို ဖြေနေကြအိုက်တင်အတိုင်းပဲ ပြန်ဖြေလိုက်သည်။ အဲဒီလိုဆိုလျှင် ဖေဖေက ...င်ပြောလေ၏။

"သားကို အကြိုအပို့လုပ်တဲ့ကိစ္စက ဘယ်တော့မှ ငါနှောက်မကျပါဘူးကွာ"





"အဲဒါတော့ သိပါတယ်။ ဒါပေမဲ့ သားကဖြင့် ဒီအရွယ်ကြီးတောင် ရောက်နေပြီ။ ရှင် ကိုယ်တိုင်က အကြိုအပို့လုပ်နေတာကြီးကတော့ မကောင်းပါဘူး။ သားလေးလည်း ကားမောင်းတတ်နေပြီပဲ။ ကျောင်းကိုတော့ သူ့ဘာသာသူပဲ သွားပါစေ"

"အာ ... မဖြစ်နိုင်တာ။ သားလေးကို ငယ်ငယ်ကတည်းက ငါပဲ ကျောင်းကြိုပို့လုပ်ပေးနေတာ။ ဖြစ်နိုင်ရင် သားနဲ့အတူတောင် ငါက ကျောင်းတက်ချင်သေးတာ"

"ဟုတ်သားပဲ မေမေရာ။ ဖေဖေ လိုက်ပို့လိုက်ကြိုလုပ်တာ ကောင်းပါတယ်။ သား ကိုယ်တိုင်ကလည်း ဖေဖေ အဲဒီလို လုပ်ပေးတာကို အရမ်းကြိုက်တာ။ သားသူငယ်ချင်းတွေဆို သားကို အရမ်းအားကျကြတာ။ သားတို့အရွယ်တွေက ကိုယ်တိုင်ကားမောင်းပြီး ကျောင်းတက်နိုင်တာက မဆန်းပါဘူး။ အခုလို အဖေက ဂရုတစိုက် ကျောင်းအကြိုအပို့လုပ်ပေးနေတာကိုက သားအတွက် ဂုဏ်ယူစရာကြီးဖြစ်နေတာ။ သားက ဘယ်တော့မှ ကျောင်းကို ကိုယ်တိုင်မသွားဘူး။ ဖေဖေ့ကိုပဲ လိုက်ပို့ပေးစေချင်တာ"

"အမယ်လေး... ရှင်တို့သားအဖနှစ်ယောက်ကိုတော့ မနိုင်ပါဘူးရှင်။ ဖအေကို လိုက်ပို့ခိုင်းတဲ့ကောင်လေး ရည်းစားရမှ အဖေလိုက်မပို့နဲ့တော့ဆိုမှ ကျုပ်ကိုယ်တိုင် တွေ့ပါနဲ့ လိုက်ရိုက်မယ်။ ဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူတို့သားအဖနှစ်ယောက်ကို အမြင်ကတ် သလိုမျိုး မျက်စောင်းထိုးကာ သံပရာရည်ခွက်တွေသိမ်းပြီး အနောက်ထဲ ဝင်သွားလေသည်။ ဖေဖေနှင့်သူက မေမေ့အပြောကို သဘောကျသွားကာ သားအဖနှစ်ယောက် သဘောတကျဖြင့် တဟားဟား ရယ်မောကြရင်း ...

"ဟား ဟား ... စိတ်ကောက်ပြီး ထွက်သွားပြီ။ တို့သားအဖချစ်တာကို မနာလိုဖြစ်သွားတာ"

"ဟား ဟား ... ဟုတ်တယ် ဖေဖေ။ မေမေ့ကို ချော့ဖို့ကတော့ ဖေဖေ့တာဝန်နော်"

"အေးပါကွာ။ ဩော် ... ဒါနဲ့ သား တကယ်ပြောတာနော်"

"ဘာကိုလဲ ဖေရ"

"အဖေ အကြိုအပို့ လုပ်နေတာကိုလေ။ သားလေးက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေပြီဆိုတော့ ကားမောင်းပြီး ကိုယ်တိုင်ကျောင်းမတက်ချင်ဘူးလား"

"အာ ... မတက်ချင်ပါဘူး။ ဖေဖေ လိုက်ပို့ပေးတာကိုပဲ ကြိုက်တာ။ သားအတွက်က အသက်အရွယ် ဘယ်လောက်ပဲ ကြီးသွား ကြီးသွား ဖေဖေ မေမေတို့ရဲ့ ကလေးပဲလေ"

သူ့ရဲ့စကားကြောင့် ဖေဖေက ကျေနပ်ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် သူ့ပခုံးကို အားရပါးရဖက်ကာ ...

"ဒါမှ ငါ့သားကွ။ တကယ်ချစ်ဖို့ကောင်းတယ်"



သူကလည်း ဖေဖေ့ကို ပြန်လည်ဖက်တွယ်ရင်း သူတို့သားအဖနှစ်ယောက်က ရယ်မောမိကြသည်။ သူ့ဘဝမှာ အဖေနဲ့ ဘယ်တုန်းကမှ ကတောက်ကဆရယ်လို့ မရှိခဲ့ဘူးသလို အဖေဟာ သူ့အတွက် ဘာနဲ့မှယှဉ်မရသည့် Hero အဖြစ် စံထားရတာဖြစ်သည်။

❖ ❋ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"

www.burmeseclassic.com

www.burmeseclassic.com



တုတုက ကျောင်းပိတ်ရက် မနက်ခင်းမှာ ရွှေရည်တို့အိမ်က အလှူသွားဖို့ ရှိတာကြောင့် တစ်ကိုယ်တော် ထွက်လာခဲ့တာဖြစ်သည်။ ဥဥကတော့ တုတုရဲ့အချစ်ဆုံးသူငယ်ချင်း ရွှေရည်နဲ့ မတည့်တာကြောင့် ဥဥကို ခေါ်မလာခဲ့တော့ချေ။ အဲဒါကြောင့် တုတုက ဒီနေ့တော့ တစ်ယောက်တည်းဖြစ်၏။

"ဟဲ့ ... တု၊ အေးဆေးနေဦးနော်။ ပြီးမှ နင်နဲ့ငါစကားအေးဆေးပြောမယ်"

တုတုက ရွှေရည့်စကားကို ချက်ချင်းပြန်မဖြေနိုင်သေးဘဲ မုန့်ဟင်းခါးကို အရင်ငုံ့စားရင်းက ခေါင်းညိတ်ပြကာ...

"ရတယ် ... အေးဆေးနေမှာ။ ဒီနေ့ ဥဥလည်း မပါတော့ အေးရာအေးကြောင်းပဲလေ။ မုန့်ဟင်းခါးပါ ပါဆယ်ထည့်သွားမှာ"

"အမယ်လေး ... ကျေနပ်တယ်။ ကျေနပ်တယ်။ ငါ့ချစ်အစ်မကြီး ဥဥအတွက်ပါ ထည့်ပေးလိုက်မယ်။ အခုတော့ ခဏလေး နေဦး။ ငါ ဟိုဘက်ဝိုင်းကို ဟင်းရည်သွားထည့်ပေးလိုက်ဦးမယ်"





တုတုက ခေါင်းတစ်ချက်ညိတ်ပြရင်းက မုန့်ဟင်းခါးဆက်စားနေလိုက်သည်။ စားလို့ပြီးသွားလေလျှင်တော့ တုတုက အခိုပွဲပန်းကန်နား ငုတ်တုတ်ထိုင်ကာ ရွှေရည်မကို စောင့်နေလိုက်သည်။ ရွှေရည်က ခဏအကြာမှာ တုတုအနားကိုရောက်လာရင်း...

"ဆောရီးပဲဟယ်။ ဧည့်သည်တွေ ကျနေတာနဲ့ နင့်ကိုတောင် သေချာဧည့်မခံရဘူး။ အဆင်ပြေရဲ့လား သူငယ်ချင်းရယ်"

"အမယ်လေး ... နင်ကလည်းနော်။ အိုဗာတင်းတွေလာတိုက်နေပြန်ပါပြီ။ နင်နဲ့ ငါက ပြောစရာလား။ ရတယ်... အေးဆေး။ ဒီတစ်ခေါက် နင့်အလှူက လူတော်တော်များများ ဖိတ်ထားတာပဲ"

"အင်း ... ဟုတ်တယ်။ ငါ့အဘွားက ဒီတစ်ခါ အကျဉ်းချုံး မလုပ်ဘူးလေ။ ဧည့်သည်တော်တော်များများ ဖိတ်ထားတော့ ငါ့မှာ ဧည့်ခံရတာ ဖတ်ဖတ်ကိုမောတော့တာပေါ့"

"ငါကော ဘာကူလုပ်ပေးရမလဲ။ လုပ်ပေးမယ်လေ"

"နေပါဟယ်။ ကိုယ့်ဘာသာ အေးဆေးနေ။ ဟဲ့ ... အေးဆေးမှ ပြန်နော်။ ခဏနေရင် ဧည့်သည်တွေ ပါးပါပြီ"

"အင်းပါ ... ရပါတယ်။ ငါလည်း တစ်ယောက်တည်းပျင်းနေပြီ။ ဒီမှာက ဧည့်သည်တွေနဲ့ ရှုပ်နေတာဆိုတော့ ငါခြံထဲ ဆင်းကြည့်လိုက်ဦးမယ်။ ခဏနေမှ အပေါ်ပြန်တက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြီးရော၊ အေးဆေးသွားနေရတယ်"

တုတုက ခေါင်းညိတ်ပြလိုက်ရင်းကမှ ခြံထဲဆင်းလာခဲ့သည်။ ရွှေရည်တို့အိမ်က တုတု အမြဲဝင်ထွက်သွားနေကြမို့ ဘယ်အရာ ဘာမှစိမ်းမနေပါ။ တုတုက တုတုချစ်တဲ့ သစ်ခွခင်းတွေဆီသွားကာ ပန်းတွေကြားမှာဖုန်းတစ်လုံးဖြင့် Selfie ဓာတ်ပုံရိုက်နေတုန်းမှာ ခြံရှေ့က မိုးပျံပူဖောင်းရောင်းတဲ့ဈေးသည် ဖြတ်သွားတာကြောင့် တုတုက ပူဖောင်းဝယ်ဖို့ ခြံပြင်ထွက်ကာ ဈေးသည်ကို လှမ်းခေါ်ရသည်။ ဈေးသည်က မကြားတာကြောင့် တုတုက သူ့အနောက်ကို အပြေးလိုက်ခေါ်ရ၏။

"အမယ်လေး ... ဦးလေးရယ်။ ခေါ်လိုက်ရတာ"

"မကြားလို့ပါ"

"ဘောလုံးက ဘယ်လောက်လဲ"

"ဒီဘက်က အဖြူနှစ်ထပ်က ငါးရာ၊ ရိုးရိုးက သုံးရာ"

"အဖြူနှစ်ထပ် သုံးလုံးပေး"

တုတုက ပိုက်ဆံပေးဖို့ ဘောင်းဘီအိတ်ကပ်ထဲက ပိုက်ဆံထုတ်လိုက်ချိန်မှာ ဘေးမှာခွေးတစ်ကောင် ရှိနေတာကြောင့် လန့်သွားရ၏။ အမယ်လေး။ တုတုက နဂိုတည်းက ခွေးကြောက်တတ်တာကြောင့် အခုလို ကိုယ့်ဘေးနားမှာ အင်းခွေးလို ခွေးအကြီးစားကြီး ရှိနေတာမို့ လန့်ဖျပ်သွားရကာ နောက်ကိုတစ်လှမ်းဆုတ်ရင်း ခွေးကို မောင်းလိုက်ရသည်။

"ဟဲ့ ... ခွေး ... ရှူး ... ရှူး ... သွားစမ်း။ ဘယ်ကခွေးလေခွေးလွင့်တွေလဲ။ ရှူး ... သွားစမ်း ... ရှူး"





"ဟော့ ... မင်း ဘာစကားပြောတာလဲ။ အဲဒါ ငါ့ခွေးကွ"

တုတုက ခွေးကို မောင်းနေချိန်မှာ တုတုရဲ့အနောက်ကနေ အသံတစ်သံ ပေါ်ထွက်လာကာ စကားသံအဆုံးမှာ အဲဒီသူက သူ့ခွေးရဲ့ဘေးဆီသို့ ရောက်လာပြီဖြစ်၏။ တုတုက ခွေးအတွက် လာအဖြစ်သည်းနေသော အဲဒီဘိုးတော်ကို ကြည့်နေတုန်းမှာပဲ တုတုကို ဘလိုင်းလာကက်လေ၏။

"ဒီမှာ ... ဒါ ခွေးလေခွေးလွင့် မဟုတ်ဘူး၊ မင်း စကားပြောတာ ကြည့်ပြောပါ"

တုတုက အဲဒီစကားကြောင့် ဒေါသက ထောင်းခနဲထွက်သွားရကာ ပက်ခနဲ ပြန်ပြောလိုက်သည်။

"လမ်းဘေးမှာတွေ့တဲ့ခွေးမို့ လမ်းဘေးခွေး ပြောတာလေ။ ဦးလေးခွေး ဆိုတာ သိစေချင်ရင် ဦးလေးခွေး ဆိုပြီး ခွေးလည်ပင်း ဆွဲထားပါလား"

"ဘာကွ။ မင်း တော်တော်မိုက်ရိုင်းတဲ့ မိန်းကလေးပဲ"

"ဦးလေးကကော။ ဦးလေးခွေး ကျွန်မကို ကိုက်မှာစိုးလို့ မောင်းလိုက်တာလေးကို ဘာဖြစ်လို့ ဒီလောက်ထိ ကက်ကက်လန် နေရတာလဲ"

တုတုက ဒေါသက ထွက်လာရတာ၊ အဲဒီဦးလေးကြီးကိုတောင် ပြန်ကောလိုက်သည်။ အဘိုးကြီးက တကယ်ပဲ ဘက်ကက်လန်နေတာဖြစ်၏။

"အေး ... ငါ့ခွေးက ကိုက်သေးလို့လား။ မင်းကို ကိုက်ခဲ့ရင် ဆေးဖိုးဆယ့်ငါးဆ လျော်ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ။ ဦးလေးနော် … ဦးလေး လူကြီးဖြစ်နေလို့”

“ဟဲ့ … ဟဲ့ … တု … ဘာဖြစ်တာလဲ”

ရွှေရည်က ခြံထဲကနေ ထွက်လာကာ တုတုဘေး ရောက်လာလျှင် တုတုက သူများရပ်ကွက်မှာ ပြဿနာမတက်ချင်တာကြောင့် စိတ်ကိုလျှော့လိုက်ရကာ …

“ဘာမှဖြစ်ဘူး။ လာ … လာ … လာ … သွားမယ်”

“ဦး … ဦးလေး သွားလိုက်ပါဦးမယ်နော်”

ရွှေရည်က အဲဒီ ဘိုးတော်ကို နှုတ်ဆက်နေသေးတာကြောင့် တုတုက ကြည့်လို့မရစွာဖြင့် ရွှေရည့်ကို ဆွဲခေါ်လာခဲ့သည်။ ဘိုးတော်ကလည်း တုတုကို ကြည်လင်ပုံတော့ မရပေ။ ခြံထဲရောက်လာမှ ရွှေရည်က …

“အမယ်လေး … နင်ကလည်းလေ တကယ့်ဘိုးတော်နဲ့မှ ရန်ဖြစ်နေရတယ်လို့။ ဘာဖြစ်ကြတာတုံး”

“ဘာမှမဖြစ်ပါဘူးဟယ်။ ငါ့ဘာသာ မိုးပျံပူဖောင်း ဝယ်နေတာ။ ဘေးမှာ သူ့ခွေးကြီးက ရောက်လာလို့ ငါက မောင်းတဲ့ဟာကို အမယ်လေး သူ့ခွေးကို လမ်းဘေးခွေးလို့ ပြောမိလို့တဲ့ ကက်တာ ကက်တာ ဆိုတာလေဟယ်။ တကယ်ပဲ လူကြီးဖြစ်နေလို့”

“အဲဒီ ဘိုးတော်ကြီးက အဲ့အတိုင်းပဲ။ ဟိုးဘက်နှစ်ခြံကျော်မှာနေတာ။ လူကန့်လန့်ကြီးပါဟယ်။ ဘောစိတွေဆိုတော့ ဘဝင်မြင့်နေကြတာ”





“ဟင်း … အဲဒါတွေက မရှိသင့်တဲ့ ဘဝင်ကြီးတွေပါဟယ်။ သက်သက်မဲ့ ဒေါသဖြစ်ရတယ်။ နောက်ပြီး ငါ့မှာပူဖောင်းတောင် မဝယ်ရတော့ဘူး။ တကယ်ပါပဲ”

“ဟား ဟား … စိတ်လျှော့ စိတ်လျှော့ သယ်ရင်း။ ကဲပါ … လာ … အိမ်ထဲဝင်။ ဧည့်သည်တွေလည်း ပါးနေပြီ။ နင်နဲ့ငါ အခန်းထဲမှာ ဂိမ်းသွားဆော့မယ်၊ လာ … လာ”

ရွှေရည်က တုတုရဲ့လက်ကိုဆွဲကာ အိမ်ထဲဖွတ်ဆွဲခေါ်သွားလေ၏။ တုတုမှာ မကြည်လင်တော့သောစိတ်ဖြင့် ရွှေရည်နှင့်အတူ အိမ်ထဲပြန်ဝင်လာခဲ့လိုက်တော့သည်။

သူ့ခွေးနဲ့ ပတ်သက်တာကို အကြီးကြီး ချဲ့လေသော အဲဒီ ဘိုးကျဲကြီးကိုတော့ တုတုက တကယ်ပဲ ဒေါကန်ရလေသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒီခေတ် ဒီကာလ မိန်းကလေးတွေများ တော်တော်ကို ယဥ်ကျေးမှု မရှိတော့တာပဲဟေ့"

ဖေဖေက ဒေါကြီးမောကြီးဖြင့် အိမ်ထဲဝင်လာကာ အလွန်တရာမှ စိတ်ပျက်လေသော အသံဖြင့် ပြောတာကြောင့် ခေါင်က အံ့အားတသင့် ဖြစ်ရကာ ဖေဖေ့ဘေး ဝင်ထိုင်ရင်း မေးရလေသည်။

"ဘာဖြစ်လို့လဲ ဖေဖေရ။ ဖေဖေ့ကြည့်ရတာ တော်တော်ဒေါကန်လာပုံပဲ။ ဘာဖြစ်လာလို့လဲ"

"ဘာဖြစ်ရမှာလဲကွာ။ ဘယ်ကဟာမလေးမှန်း မသိပါဘူး။ ငါတို့ ဘရောင်းကို လမ်းဘေးက ခွေးလေခွေးလွင့်တဲ့ အဲဒါ အမေနဲ့ ဆက်စကားများလာတာ။ ငါ့မွေး ငါ့သမီး အရွယ်လောက်ပဲ ရှိတဲ့ဟာလေးက ငါ့ကို ကက်ကန်လန်ခံပြောသွားတယ်။ ဒေါကန်ချင်စရာကွာ"

ဖေဖေက ဘရောင်းကြီးကိုဆို အိမ်သားတစ်ယောက်လို သဘောထားသူမို့ တော်တော်လေး ဒေါကန်လာတယ်ဆိုတာ သူ သဘောပေါက်ရလေသည်။ အဲဒါကြောင့် သူက ဖေဖေ့ကို ဖက်တွယ်လိုက်ရင်း ပြေရာပြေကြောင်း ပြောရသည်။





"သြော် ... သြော် ... အဲဒါကြောင့် တို့ဖေဖေက စိတ်မကြည်လာတာပေါ့။ လူတွေကလည်း အကြင်နာတရားကို မရှိကြတာပါ ဖေရာ။ သူတို့က လူလူချင်းတောင်နှိမ်ချ ဆက်ဆံခင်တတ်ကြတာဟာ။ အဲဒါတွေအတွက် သွေးအတက်ခံမနေစမ်းပါနဲ့ ဖေဖေရာ။ ဖေဖေ အအေးသောက်မလား။ သား သွားဖျော်လိုက်မယ်"

"ဟ ... နေပါစေ သားရာ။ ငါ့သားလေးပဲ လိမ္မာတယ်"

"အမယ်လေး ... ပါးစပ်နဲ့ ပြောတာလောက်လေးကိုပဲ လိမ္မာတယ် လုပ်နေတာ။ ရှင့်သားက နှမ်းပဲဖြုးနေတာ။ ကဲ ... ရော့ ... အအေးသောက်လိုက်ဦး"

မေမေက ဖေဖေသောက်နေကျ ဆားငန်စေ့ဖျော်ရည် ဖျော်လာကာ ယူလာလျှင် ခေါင်က မေမေ့လက်ထဲက အအေးခွက်ကို လှမ်းယူလိုက်ရင်း ဖေဖေ့ကို တိုက်လိုက်သည်။

"ဟဲ ... ဟဲ ... နှမ်းမဖြုးရပါဘူး မေမေရ။ သားကတကယ်သွားဖျော်မလို့ပါ။ မေမေက ဦးသွားလို့"

"အမယ်လေး ... ဟုတ်ကဲ့ပါတော်။ ဟုတ်ကဲ့ပါ"

"ငါတို့သားလေးက သိပ်လိမ္မာတာပါ မကြီးရ။ ကလေးကို အဲလိုမပြောစမ်းပါနဲ့။ အမ် ... ဒါနဲ့ နေပါဦး။ ပါကင်ပေပါတွေနဲ့ စားပွဲမှာ ရှုပ်နေတာပဲ။ ဘာတွေလဲ သား"

ဖေဖေ့အမေးကြောင့် ခေါင်က ဟဲခနဲ မျက်နှာချိုသွေးမိသွားသည်။ ခေါင် ဒီကနေ့ တစ်နေကုန် ဒီပါကင်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပတ်နေတာဖြစ်၏။ ဖန်ပုလင်း သဲနာရီလေးကို လှတပတာဖြစ်အောင် romantic ဆန်စွာ ဘယ်လိုထုပ်ပိုးရမလဲဆိုပြီး သူက အတွေးများနေရတာဖြစ်၏။ ဖေဖေက ဘာတွေလဲ မေးလာသော အခါမှာတော့ သူက ရှက်ရယ်တစ်ချက် ရယ်လိုက်ရင်းက ပြန်ဖြေလိုက်လေသည်။

"အဲဒါလား။ ဟဲ ဟဲ ... အဲဒါ သားလက်ဆောင်ပေးစရာရှိလို့ ပါဆယ်လှလှလေး ထုပ်နေတာ"

"ဟော ... အထူးအဆန်းပါလားကွ။ သားက ဘယ်သူ့ကို ပေးချင်တဲ့လက်ဆောင်မို့လို့ ဒီလောက် အပင်ပန်းခံလုပ်နေရတာလဲ။ ဆိုင်တွေ ဒီလောက်ပေါပါဘိနဲ့"

ဖေဖေက သူ့ကို အကဲခတ်သလို ကြည့်ကာ မေးခွန်းထုတ်လိုက်လျှင် ခေါင်းက သိပ်ပြီးရှည်ရှည်ဝေးဝေး အတွေးပွားမနေတော့ဘဲ ပြန်ဖြေလိုက်တော့သည်။

"ဆိုင်မှာ သွားလုပ်လို့ ရတာတော့ ရတာပေါ့ ဖေဖေရဲ့ ဒါပေမဲ့ လေးနက်မှုချင်းကျတော့ မတူတော့ဘူးလေ။ ဟဲ ဟဲ ... ပြီးတော့ ဒီလက်ဆောင်က နှယ်နှယ်ရရ သူ့အတွက် မဟုတ်ဘူးနော်။ သားကြိုက်တဲ့ ကောင်မလေးကို ပေးဖို့"

"ဘယ်လို ... သားကြိုက်တဲ့ ကောင်မလေး ဟုတ်လား"

ဖေဖေ့ဘက်က အံ့အားသင့်စွာဖြင့် သူ့ကို မေးခွန်းထုတ်လိုက်ချိန်မှာ မေမေကပါ သူ့ကို တအံ့တသြကြည့်ကာ -

"သားက ချစ်သူတွေ ဘာတွေတောင် ရနေပြီလား"





"အာ ... သားကို အဲဒီလောက်အထိ အထင်မကြီးပါနဲ့။ ချစ်သူမဟုတ်သေးပါဘူး။ သားဘက်က စစိတ်ဝင်စားရုံပဲ ရှိသေးတာ။ အဲဒါကြောင့် ပိုးပန်းတဲ့ သဘောပါ"

"ဘယ်က မိန်းကလေးလဲ သား"

"အင် ... သားတို့ကျောင်းကပဲ။ cuttie လေးပေါ့။ ဖေဖေနဲ့ မေမေကို သေချာမှ ကြေညာမယ်လို့ ဆုံးဖြတ်ထားတာ။ အခုတော့ ကြိုသိသွားပြီ"

"မင်းက ငယ်ငယ်လေးပဲ ရှိသေးတာ သားရယ်"

ဖေဖေက သူ့ကိုနှမြောနေသလို မျက်ဝန်းမျိုးဖြင့် ကြည့်ကာ ပြောတာကြောင့် သူက ဖေဖေ့ရဲ့စိတ်ခံစားချက်ကို နားလည်စွာဖြင့် ဖော့ပြောလိုက်သည်။

"ဖေဖေကလည်း သားက စိတ်ကစားတာလေ။ သားခေါင်းထဲမှာ အပြည့်ရှိတာက ဖေဖေနဲ့ မေမေရယ်၊ နောက်ပြီးတော့ သားရဲ့ဘာသာရပ်တွေ ...

အဲဒါတွေပဲ။ ဟဲ ဟဲ ... သား အခန်းထဲမှာပဲ ပါကင်သွားထုပ်လိုက်ဦးမယ်နော်"

ခေါင်းက စားပွဲပေါ်က ပါကင်ပေပါတွေ တိတ်တွေ ယူကာ ခပ်သွက်သွက်လေး အပေါ်တက်လာခဲ့သည်။ လောလောဆယ်မှာ သူ့ခေါင်းထဲရှိနေတဲ့ အကြောင်းအရာက သူ့ရင်ထဲကို တစ်မျိုးတစ်ဖုံ ငြိတွယ်စေသော ကောင်မလေးကို ဒီလက်ဆောင်လေး ပေးချင်တာပဲ ဖြစ်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



ခေါင်က Library အထွက်လမ်းက ကော်ရစ်ဒါအချိုးမှာထိုင်ကာ တစ်ယောက်သောသူကို စောင့်နေတာဖြစ်၏။ သူ့ရဲ့ဘော်ဒါစပိုင်တွေရဲ့ စုံစမ်းပေးမှုအရ သူမ library သွားနေတယ်ဆိုတာ သိတာကြောင့် ခေါင်က ဒီနေရာမှာ စောင့်နေတာဖြစ်သည်။ မနေ့က အစွမ်းကုန် လှပအောင် ထုပ်ပိုးထားသော သူ့ရဲ့ပါဆယ်ထုပ်လေးဟာ ချစ်စရာ ချိုချဉ်လုံးလေးပမာ လုံးကျစ်ကျစ်လေးနှင့် Romantic ဖြစ်လေ၏။

"ကန်တင်းပဲ တစ်ခါတည်း သွားလိုက်တော့မယ်လေနော်"

ခေါင်က လာနေပြီဖြစ်သောကြောင့် ထိုင်နေရာမှ ထလိုက်ကာ လက်လှမ်းပြလိုက်သည်။ ဥဥက သူ့ကိုမြင်ကာ ခေါင်းအသာဆတ်ပြလိုက်တာမို့ သူက ပိုပြီးကျေနပ်မိသွားလေသည်။ တစ်ပြိုင်နက်တည်းမှာပဲ တုတု ဆိုတဲ့ တစ်ယောက်က ရျက်ချင်းပင် မျက်နှာထားက တည်လို့တင်းသွားလေသည်။ ခေါင်က ကိုယ့်အတွေးနဲ့ကိုယ် သဘောကျစွာ ပြုံးလိုက်ရင်း ဥဥကို နှုတ်ဆက်လိုက်လေသည်။



"ဥဥ ... Library က ပြန်လာတာလား"

"အင်း ... ဟုတ်တယ်။ စာအုပ်လာပြန်အပ်တာလေ"

"ဥဥ ... သွားမယ်လေ။ ဘာလုပ်နေတာလဲ"

တုတုက ခပ်ဆောင့်ဆောင့် အသံနဲ့အတူ ဥဥရဲ့လက်ကိုဆွဲကာ သွားတော့မယ်ဟန်မို့ ခေါင်က ဥဥရှေ့က ဆီးကာပိတ်ရပ်လိုက်ရင်းက ...

"ခဏ ... ခဏလေး နေပါဦး ဥဥရဲ့။ ပေးစရာလေးရှိလို့။ ရော့ ... ဥဥအတွက်"

သူ့ရဲ့လက်ဆောင်ထုပ်ကိုမြင်လျှင် ဥဥက အံ့အားသင့်သွားဟန်ဖြင့် သူ့ကို ပြူးကြည့်ကာ ...

"ဘာ ... ဘာအတွက်လဲ"

"ဟိုနေ့က correction pen ငှားတယ်လေ။ နောက်ပြီးတော့ သူငယ်ချင်း ဖြစ်ချင်တာလည်းပါတယ်။ အဲဒါကြောင့် လက်ဆောင်ပေးတာ"

"ဟာ ... ကြောင်လှချည်လား"

ခေါင်က ဘေးကနေ ဖောက်ခွဲရေး ဝင်လုပ်နေသော တုတုကို တစ်ချက်လှမ်းကြည့်လိုက်စဉ်မှာ ဥဥက သူ့ကိုနားမလည်စွာကြည့်ရင်းက ...

"မဟုတ်သေးပါဘူး ခေါင်ရဲ့ရန်ရယ်။ ဥတို့က နဂိုတည်းက သူငယ်ချင်းတွေပဲဟာ။ ပြီးတော့ correction pen ငှားတယ် ဆိုတာကလည်း သိပ်ကြီးမားတဲ့ အကူအညီမျိုးမှ မဟုတ်တာ။ လက်ဆောင်ပေးဖို့ မလိုအပ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ။ သူငယ်ချင်း ဆိုပေမယ့် ရင်းရင်းနှီးနှီးမှ မရှိကြတာ။ အဲဒါကြောင့် friendship present ပေါ့။ လက်ခံပေးပါ"

"ဟို"

"ကဲပါ ... ဥဥရယ်။ နင် မပြောနဲ့တော့။ ငါပြောမယ်။ ဒီမှာ ခေါင်ရဲရန်၊ ဘာတွေလာကြောင်နေတာလဲ။ တစ်ခါတည်း အပြတ်ပြောလိုက်မယ်။ ငါတို့နဲ့လာလာမပတ်သက်နဲ့။ သူငယ်ချင်း မလိုဘူး"

ခေါင်က သူ့ကို ကြားထဲကနေ ကက်ကက်လန်ရန်တွေ့လေသော တုတုကို အသေအချာ တစ်ချက်စိုက်ကြည့်လိုက်ရင်းက ...

"နင်နဲ့ကော ဘာဆိုင်လို့လဲ ဖွဲတုတု။ ငါက ဥဥကိုပြောတာ"

"ဆိုင်တယ်။ ဥဥက ငါ့အစ်မ။ သူနဲ့ပတ်သက်တဲ့ အရာမှန်သမျှ ငါ့မှာ ပြောနိုင်တဲ့ authority (ဩဇာ)အပြည့်ရှိတယ်။ နင် ငါတို့နဲ့ ဝေးဝေးနေ"

"ဝါး ... ဝါး ... စွာလိုက်တာ။ authority ဆိုတာ အစ်မမှာပဲ ရှိရတာပါ။ ဘယ့်နှယ် ညီမက ရှိနေရတာလဲ"

ခေါင်က ဖွဲတုတုကို တမင်တကာ ဆွပေးလိုက်တာကြောင့် သူမက ဒေါသတကြီးဖြင့် တောက်ခေါက်ကာ ထင်မှတ်မထားစွာဖြင့် သူ့လက်ထဲက ပါဆယ်ထုပ်ကို ဆတ်ခနဲဆွဲယူကာ အောက်သို့ပစ်ပေါက်ချလိုက်လေသည်။



"ဟာ"

"ဟယ် ... တုတု"

သူနဲ့ဥဥရဲ့ အံ့အားတသင့် အာမေဋိတ်အဆုံးမှာ တုတုက သူ့ကို ခပ်နက်နက် စိုက်ကြည့်ကာ ...

"သဘောပေါက်တယ်နော်။ နောက်တစ်ခါ ဒီထက်ဆိုးမယ်မှတ်။ လာ ... ဥဥ ... သွားမယ်"

ဥဥရဲ့လက်ကို ဖွတ်ဆွဲခေါ်နေတာကြောင့် ဥဥခမျာ ယက်ကန် ယက်ကန်ဖြင့် ဖွဲတုတု နောက်ကိုလိုက်ရရင်းက သူ့ကို အားတုံ့အားနာစွာဖြင့် ရအောင်တောင်းပန်သွားရှာပါသည်။

"အရမ်းပဲ အားနာပါတယ်။ Sorry ပါ ခေါင်ရဲရန်"

"ကဲ ... လာစမ်းပါဟာ"

ခေါင်က ဖွဲတုတု ဖွတ်ဆွဲခေါ်သွားရာ နောက်ကိုလိုက်သွားရလေသော အဖြစ်ကို ကြည့်ကာ သူ ရင်မောသွားရသည်။ မင်းက ဘာကြောင့် အဲဒီလောက် ခက်ထန်ပြီး ဥဥက ဘာလို့နူးညံ့ပျော့ပျောင်းရတာလဲ။

ခေါင်က အောက်မှာ အထီးကျန်စွာ ကျသွားလေသော သူ့ရဲ့ပါဆယ်ထုပ်လေးကို ပြန်ကောက်ယူရင်းက မဲ့ပြုံးတစ်ချက် ပြုံးမိသွားသည်။

အချစ်က အဲဒီလိုမျိုးလေ။

❖ ❋ ❖

www.burmeseclassic.com



"ဟော ... ဒီညီအစ်မနှစ်ယောက် ပြန်လာကြပြီ။ Welcome"

ဥဥနဲ့တုတုက ကားပေါ်က ဆင်းဆင်းချင်းမှာ လိုက်လှဲနွေးထွေးသော စကားသံနှင့်အတူ ဥဥတို့ကို ကြိုဆိုနေသော အန်တီမာစီကို တွေ့လိုက်လျှင် အရမ်းပဲ အံ့အားသင့်သွားရကာ ဥဥတို့နှစ်ယောက်က အန်တီမာစီ့ဆီသွား၍ အပြေးဖက်လိုက်ရင်း ...

"ဟား ... အန်တီမာစီ၊ ဘယ်တုန်းက ရောက်တာလဲ။ သမီးတို့ကိုတောင် အကြောင်းမကြားဘူး"

"ဟား ဟား ... အန်တီက Surprise လုပ်လိုက်တာလေ။ ဘယ်လိုလဲ။ အံ့သြသွားတယ်မှုလား"

"ဟား ... အံ့သြတာပေါ့။ အကြောင်းမကြားဘဲ ရောက်လာတာကိုး"

"ဟား ဟား ... ဟုတ်ပါပြီ။ ကဲ ... လာ ... သမီးတို့ အိမ်ထဲဝင်ကြရအောင်။ ငါ့သမီးတွေအတွက် လက်ဆောင်တွေပါတယ်။ ညည်းတို့အမေက အင်္ကျီတွေလည်း ဝယ်ထည့်ပေးလိုက်သေးတယ် ... လာ"

"ဝါး ... ပျော်စရာကြီး"



ဥဥနဲ့တုတုကို တစ်ဖက်တစ်ချက်စီ ပခုံးဖက်၍ အန်တီမာစီက အတူတူ အိမ်ထဲဝင်လာခဲ့သည်။ ဧည့်ခန်းထဲက စားပွဲခုံပေါ်မှာ တင်ထားသော အိတ်များစွာကြည့်ကာ ဥဥတို့က ပျော်ရွှင်စွာဖြင့် အိတ်တွေကို ဖွင့်ကြည့်ကြကာ ...

"အများကြီးပါပဲလား အန်တီ"

"မများပါဘူး။ ဒီလောက်ကတော့ ပါးပါးလေးပါ။ ဪ ... ဒီမှာ။ ဒါက သမီးတို့ အမေ ဝယ်ပေးလိုက်တာ။ ဥဥ အတွက်၊ ဒါက တုတုအတွက်"

ဥဥတို့က အန်တီမာစီ ပေးတဲ့အိတ်ကို ယူကာ မေမေ ဝယ်ထည့်ပေးလိုက်တဲ့ ဂါဝန်ကို ဖွင့်ကြည့်ကြသည်။ ချစ်သောမေမေက ဥဥအကြိုက် လိမ္မော်ရောင် တောက်တောက်လေး ဝယ်ပေးလိုက်၍ တုတုအတွက်ကတော့ baby pink ကာလာလေးပဲ ဖြစ်၏။

"အင်္ကျီလေးက အရမ်းလှတာပဲ။ ကြိုက်တယ်"

"သမီးတို့အမေက အချိန်လည်း သိပ်မရတော့တာနဲ့ အမြန်ဝယ်ထည့်ပေးလိုက်တာ"

"ဖေဖေတို့ မေမေတို့ကော နောက်လထဲ ပြန်မယ်ဆိုတာ ပြန်ဖြစ်လား အန်တီ"

"အင်း ... ပြန်လာဖြစ်မှာပါ။ သူတို့ project ကပြီးသလောက်တောင် ရှိပြီပဲဟာ။ ကဲ ... ကဲ ... သွားဝတ်ပြပါဦး။ ငါ့ သမီးတွေ ဘယ်လောက်လှလဲ ကြည့်ရအောင်လို့"

"ဟုတ် ... ခဏလေးပဲစောင့်။ သွားဝတ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဥဥက သွက်လက်တက်ကြွစွာဖြင့် အကျီသွားလဲဖို့ အထမှာ တုတုက ဥဥလက်ကို လှမ်းဆွဲလိုက်ရင်းက ...

"ခဏလေး။ ဥဥ ... ဒီတစ်ခေါက်တော့ တု လိမ္မော်လေးလို ချင်တယ်"

"ဟဲ့ ... ညည်းပဲ ပန်းရောင် သိပ်ကြိုက်တာမှလား။ ဘာ ဖြစ်လို့လဲ"

"အင် ... အန်တီမာစီကလည်း တုတုမှာက ပန်းရောင် ဂါဝန်တွေက များနေပြီလေ။ ဒီဟာလေးကကျတော့ လိမ္မော် လေးဆိုတော့ အရောင်လေးက ပိုစိုပြီး လှနေတဲ့ဟာ။ လိမ္မော်လေးပဲ ကြိုက်တယ်။ ဥဥနော် ... ငါ ဒါလေးလို ချင်တယ်။ တုတုကို လဲပေးနော် ... နော်လို့"

တုတုက သူ့လိုချင်တာဆို ရရမှဆိုတဲ့ အကျင့်က ဗီဇလိုကို ဖြစ်နေပြီမို့ ဥဥက ဘာမှကို ပြောမနေတော့ဘဲ ခေါင်း ညိတ်ပြကာ ဥဥရဲ့လိမ္မော်ရောင်ဂါဝန်လေးကို တုတု လက်ထဲထည့် ပေးလိုက်တော့သည်။

"ကဲ ... ကဲ ... ရော့ ... ကြိုက်တာယူ၊ သဘော"

"ဟေး ... ဒါမှ သိပ်ချစ်ဖို့ကောင်းတဲ့ ဥဥ။ ရော့ ... တုတု ဟာ။ အန်တီမာစီ ခဏလေးနော်။ သမီး အကျီသွားဝတ် လိုက်ဦးမယ် ...

ဘယ်လောက်လှလဲ ချီးကျူးဖို့ ပြင်ထား"

ဥဥရဲ့လက်ထဲကို သူမ ဂါဝန်ပန်းရောင်လေး ပစ် ထည့်ပေးကာ လိုချင်တာရသွား၍ ပျော်ရွှင်စွာဖြင့် အပေါ်ထပ်ကို





အသည်းအသန် တက်သွားကာ အကျီသွားဝတ်ကြည့်နေတော့ သည်။

"ဟင်း ... တုတု တစ်ယောက်ကတော့လေ။ ငယ်ငယ်က အတိုင်းပဲ။ သူ လိုချင်ပြီဆို ရ,ရမှ"

"ရပါတယ် အန်တီမာစီရယ်။ သူက ထုံးစံအတိုင်းပဲလေ။ ဗိုလ်ကျရမှ ကျေနပ်တဲ့ဟာ။ အန်တီ အေးဆေးမှ ပြန်နော်။ ထမင်းအတူစားကြမယ်။ ဒါမှမဟုတ်လည်း ဒီည အိမ်မှာပဲ အိပ်လိုက်ပါလား"

"အမယ်လေး ... နောက်ရက်မှပဲ လာအိပ်ပါမယ်တော်။ ကျုပ်မှာတစ်ကိုယ်တည်း အပျိုကြီးပေမယ့် သိတဲ့အတိုင်း နောက်ကြောင်းက မအေးဘူးလေ။ ဒီနေ့ ညနေ ဖိုးခွားတို့ နဲ့ ထမင်းစားဖို့ ချိန်းထားတယ်။ သန်ဘက်ခါကျမှ လာခဲ့ မယ်"

"ဟုတ်ကဲ့ ... အန်တီမာစီ"

"Surprise"

တုတုက တက်ကြွဝမ်းမြောက်စွာသော အသံနဲ့အတူ မေမေ ပို့ပေးလိုက်တဲ့ ဂါဝန်လေးကို လဲဝတ်လာ၏။

"အမယ် ... ငါ့တူမက လှတော့ လှသားပဲ"

"ဟင် ... အန်တီမာစီကလည်း။ လှတော့ လှသားပဲလောက် ပဲလား။ လှတယ်လောက်တော့ လုပ်လိုက်။ နော် ... ဥဥ လှတယ်မှလားဟင်"

"လှတာပေါ့။ အရမ်းလှ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး။ ဒီညီအစ်မနှစ်ယောက်ကတော့လေ အတိုင်အဖောက်ကို ညီနေတာပဲ။ ကောင်းတယ် ... ကောင်းတယ်"

အန်တီမာစီက စိတ်ချမ်းသာစွာဖြင့် ဥဥတို့ကိုချီးကျူးလေသည်။ အဲဒီလို ချီးကျူးခံရတိုင်း ဥဥတို့နှစ်ယောက်က တကယ်ပဲ စိတ်ချမ်းသာရတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်မိဘက တခြားတိုင်းပြည်မှာ စီးပွားရေးလုပ်နေချိန်မှာ သားသမီးဖြစ်တဲ့ တုတုနဲ့ ဥဥက ချစ်ခင်လီမွာနေတယ်ဆိုတာ ပဲ့ပြင်ထိန်းသိမ်းပေးတဲ့ မိဘတွေအတွက်လည်း image က ကောင်းလေသည်။

ဖေဖေ၊ မေမေတို့ကလည်း မကြာခင် ပြန်လာကြတော့မှာမို့ ဥဥတို့က ပိုပြီးပျော်နေရတာဖြစ်သည်။

❖ ✱ ❖





နေသွေးက ဝရန်တာဘက်ကိုထွက်ကာ ကောင်းကင်ကို ငေးမောကြည့်နေမိသည်။ သူ့ရင်ထဲမှာ ခံစားနေတဲ့ ပူလောင်ပြင်းပြ မွန်းကျပ်မှုဟာ တကယ်ပဲ စိတ်ကို ပို၍အိုမင်းစေ၏။

"ကိုခန့် ... ဒီမှာ ဘာရပ်လုပ်နေတာလဲ"

ဇနီးဖြစ်တဲ့ နန္ဒာက ဝရန်တာဘက်ကို ထွက်လာတာ သူ့ဆီး ရောက်လာတာကြောင့် သူက သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်းက ဖော့ဖြေလိုက်သည်။

"ဪ ... ဘာမှ မဟုတ်ပါဘူးကွာ။ ဒီလိုပဲ ပျင်းနေတာနဲ့။ သားလေးကော"

"သားက သူ့အခန်းထဲမှာ။ ကျောင်းစာတွေ မပြီးသေးလို့တဲ့ လုပ်နေတယ်။ နေစမ်းပါဦး ... ရှင့်ကို မေးစရာရှိတယ်။ ရှင် ဒီရက်ပိုင်းအတွင်း မျက်နှာမသာမယာနဲ့ ဘာဖြစ်နေတာလဲ။ အမှန်အတိုင်း ပြောနော်။ ညာဖို့မစဉ်းစားနဲ့"

နန္ဒာ ဘာတွေ သိနေတယ်ဆိုတာ သူကလည်း သဘောပေါက်စွာဖြင့် သဘောကျစွာ ရယ်မောလိုက်ရင်းက သူ့ရဲ့တကယ့်ပါရမီဖြည့်ဘက် ချစ်ဇနီးကို ဝန်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားအတွက်ပဲပေါ့ မိန်းမရယ်။ တို့မှာ ပူရတာဆိုလို့ ငါတို့ရဲ့တစ်ဦးတည်းသော သားလေးအတွက်ပဲ ရှိတဲ့ဟာ"

"သားက အမြဲလိမ္မာတဲ့ ကလေးပါ။ သူ့အသက်အရွယ် ကောင်လေးတွေလည်း ဒီလိုပဲ ရည်းစားသနာဆိုတာ ရှိကြတာပါပဲ။ အဲဒါ သဘာဝတရားပဲလေ ကိုခန့်ရဲ့။ ဘယ်တားမြစ်ပိတ်ပင်လို့ ရမှာလဲ"

"အေးကွာ ... ငါတို့သားလေးတောင် အရွယ်ရောက်လာပြီ"

"အမေဖြစ်တဲ့ ကျွန်မကတောင် အူမတိုတာ အဖေဖြစ်တဲ့ ရှင်က အေးဆေးနေစမ်းပါ။ တကတဲ သူ့သားမှ သားထင်တယ်။ သားက ရှင့်ကိုကြည့်တာနဲ့ သိတယ်နော်။ ကျွန်မကိုတောင် ပြောနေသေးတယ်။ ဖေဖေက သူ့ကိုစိတ်ဆိုးနေလား မသိဘူးတဲ့။ လူငယ်ပဲ လူငယ်လို လွတ်လပ်ပျော်ရွှင်မှုကို ရပါစေ။ သား ဘယ်ကောင်မလေးနဲ့တွဲတွဲ ရှင်က လိုက်ပြီးစိတ်ပူနေဖို့ မလိုဘူး။ အရေးကြီးတာက သားရဲ့အိမ်ထောင်ဖက်ကိုသာ ကျွန်မတို့က တည့်မတ်ထိန်းကျောင်းပေးဖို့ပဲ"

နန္ဒာက သူ့ကို ဖျောင်းဖျတဲ့ သဘောဖြင့် စိတ်ထားတတ်အောင် ပြောနေတာကြောင့် သူက လေပူမှုတ်ထုတ်လိုက်သည်။ အရင်တုန်းကတော့ သူကိုယ်တိုင်ကလည်း သားသမီးနေရာမှာပဲ ရှိခဲ့သူမို့ မိဘတွေရဲ့စိုးရိမ်ပူပန်မှုကို ကိုယ်ချင်းမစာတတ်ပေ။ အခု သူကိုယ်တိုင် မိဘနေရာကို ရောက်တော့မှ သူ့အတွက်ဆို





ပူခဲ့ရ စိတ်ပူရရှာသော သူ့ရဲ့မိဘတွေကို ကိုယ်ချင်းစာပေးတတ်သွားသည်။

သားဟာ သူ့ရဲ့ခွန်အားပဲဖြစ်သည်။ သူ့ရဲ့ဘဝတစ်ခုလုံးဟာ သားအတွက် ဖြစ်၏။ ခန့်နေသွေးရဲ့သား ခေါင်ရဲရန်ကို သူ့အနေနဲ့ ဘယ်သူနဲ့မှ တူတယ် တန်တယ် မရှိဘဲ သားကိုပိုးမွေးသလို မွေးလာခဲ့ရတာဖြစ်၏။ အမေဖြစ်တဲ့ နန္ဒာထက်တောင် သားအပေါ်ကို သူက ပိုပြီးလွန်ကျူးစွာ ဂရုစိုက်တတ်သူ ဖြစ်တာကြောင့် သား ရည်းစားထားမယ်ဆိုတဲ့ ကိစ္စအပေါ်မှာ သူက စိုးရိမ်ပူပန်စိတ်တော့ ရှိလေသည်။

ဘာပဲဖြစ်ဖြစ် သူ့သဘောကို ပြောရမယ်ဆိုရင်တော့ သားလေးကို သူတို့နဲ့ပဲ အမြဲပျော်ပျော်နေကာ သူတို့သားအဖရဲ့ကြားကို ဘယ်သူကမှ ကြားဝင်မလာစေချင်ပါ။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သားလေးကို ကျောင်းလိုက်ပို့ပေးတဲ့ အခါမှာတော့ သားက သူ့ကို ထူးခြားသွက်လက်စွာပင် ကားပါကင်မထိုးခင် ကားကို ဖွတ်ရပ်ခိုင်းလေ၏။

"ဟာ ... ဖေဖေ ... ဖေဖေ ... ကားခဏရပ် ... ရပ်"

"ဟေ ... ဘာဖြစ်လို့လဲကွ"

သူက ကားကို တုံ့ခနဲရပ်လိုက်ပြီး သားကိုမေးလျှင် သားက ကားထဲကနေ အပြင်ဘက်က ကျောင်းသူကျောင်းသားတွေဆီကို အသည်းအသန် လက်ညှိုးထိုးပြကာ ...

"ဖေဖေ ... ဖေဖေ ... ဟိုးမှာလေ ကျွန်တော် ကြိုက်နေတဲ့ ကောင်မလေးဆိုတာ"

သား လက်ညှိုးညွှန်ရာကို သူကကြည့်လျှင် များပြားလှသော ကျောင်းသူ ကျောင်းသားလေးတွေက တစ်ပုံတစ်ပင်မို့ ဘယ်သူမှန်း မသဲကွဲချေ။

"ဘယ်တစ်ယောက်လဲ သားရ"

"အာ ... ဝင်းထဲဝင်သွားပြီ။ နောက်ကျောပိုးအိတ်ပန်းရောင်လေး လွယ်ထားတာလေ ဖေဖေ။ ဖေဖေကလည်း သေချာမကြည့်ဘူး သားက ကြုံတုန်းပြမလို့ဟာ"





"မင်းတို့ ကျောင်းသူကျောင်းသားတွေက တစ်ပုံကြီးပဲဟာ။ နောက်တစ်ခါကျမှ ဖေဖေ မျက်စိလျှင်လျှင်ထားကြည့်မယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ဖေဖေ။ အဲဒါဆို သား ဒီကပဲ ဆင်းလိုက်တော့မယ်။ ဖေဖေ ကားဖြည်းဖြည်းမောင်းဦးနော်။ ညနေမှ တွေ့မယ်"

နေသွေးက ခေါင်းညိတ်ပြလိုက်ရင်းက သားရဲ့ခေါင်းလေးကို ခပ်ဖွဖွပုတ်ပေးလိုက်လျှင် သားက ပျော်ရွှင်စွာဖြင့် ကားပေါ်က ဆင်းသွားလေသည်။ ကားထဲကနေ သားရဲ့နောက်ကျောပြင်ကို ငေးကြည့်ရင်းက သူက သက်ပြင်းမောတစ်ချက်ကို ချမိသည်။

သားသမီးဆိုတာ မိဘပိုင်ဆိုင်ပေမယ့် တစ်ချိန်မှာ သူတို့လေးတွေရဲ့ သက်ဆိုင်သူကို ပိုင်ဆိုင်မှုထက်ဝက်ခွဲပေးရတာကို သူ အခုမှ နားလည်တတ်လာပြီ ဖြစ်သည်။

❖ ❃ ❖

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အတွက် class နှစ်ချိန်တက်ပြီးပြီမို့ ဗိုက်ထဲက အချက်ပေးသံက မြည်လာတာကြောင့် တုတုက ဉဉကိုဖွတ်ဆွဲခေါ်လာကာ ကန်တင်းသွားရတာဖြစ်သည်။ ဉဉက အမြဲအိမ်က ထမင်းဘူးပဲ စားတတ်တာ ဖြစ်ပေမယ့် တုတုကတော့ Freelance student အထာပဲ ဖြစ်သည်။

"ကိုယ့်ဆီမှာလည်း ထမင်းဘူးပါရဲ့သားနဲ့ တုတုရယ်"

"အာ ... ငါတို့ဘွဲ့ရလို့ Further study တောင် ထပ်လုပ်နေပြီ။ အဲဒါလည်း အိမ်ကထမင်းဘူးပဲ စားရမှာလား။ မစားချင်ပါဘူး"

"ဘောကို ... ဘောကို"

"အမယ်လေး"

အဲဒီအချိန်ခဏမှာ အသံတွေဟာ ပလုံစီဆူညံသွားတာဖြစ်၏။ တုတုက ဘလင်း ဘလင်းတွေထ၍ ဉဉကို စကားတွေပြောရင်း လမ်းလျှောက်လာချိန်မှာ ကော်ရစ်တာထောင့်ချိုးကနေ ပြေးထွက်ချလာတဲ့ ကျောင်းသားနဲ့ ဖြတ်တိုက်မိမလိုဖြစ်ကာ နောက်တစ်ချက် လှမ်းဆုတ်လိုက်ချိန်မှာ အနောက်ကို ခြေထောက်



က ဟန်ချက်ပျက်ကာ အနောက်ကို လန်ကျ၍ တုတုရဲ့စိတ်ထဲမှာ သွားပြီလို့ ယူဆလိုက်ချိန်မှာ တုတုရဲ့ခန္ဓာကိုယ်က တစ်ဝက်မှာတင် ရပ်တန့်သွား၍ နွေးထွေးမှုတစ်ခုကို ခံစားရကာ လက်တစ်စုံရဲ့ဆီးပွေ့မှုကို သိရှိလိုက်၏။

တုတုက ကြောက်အားလန့်အားဖြင့် အားကိုးမှုတစ်ခုအဖြစ် ကယ်တင်ရှင်ရဲ့မျက်နှာကို ကြည့်လိုက်မိလေလျှင် တုတုရဲ့မျက်လုံးမြင်ကွင်းထဲသို့ မျက်နှာကြီးတစ်ခုက ဘွားခနဲ ပေါ်လာလေ၏။ တုတု အင်မတန်မှ အမြင်ကတ်လှပါလေသော ခေါင်ရဲရန်က တုတုကို ဆီးပွေ့ထားတာကြောင့် တုတုက လန့်သွားတာရော ရှက်ရွံ့ထူပူသွားတာတွေပါ ရောပေါင်း၍ ခေါင်ရဲရန့်လက်ထဲကနေ အတင်းရုန်းကန် ထွက်လိုက်ရင်းက ...

"နင် ... နင် ... ဘာလုပ်တာလဲ အဲဒါ"

တုတုက ဒေါကြီးမောကြီးဖြင့် သူ့ကို ကောလိုက်လျှင် ခေါင်ရဲရန်က တုတုကို ပြန်ပြောကာ ဘုတောလေသည်။

"ဟာ ... နင် ပြုတ်ကျမှာ စိုးလို့လေ။ နောက်ပြန်လန်ကျရင် သမံတလင်းနဲ့ ခေါင်းမိတ်ဆက်ပြီး ရှောသွားမှာစိုးလို့လည်း ဝင်ဖမ်းပေးရသေးတယ်"

"တောက်"

တုတုက ဘာဆက်ပြောရမှန်း မသိတော့စွာဖြင့် ဆောက်တစ်ချက်ခေါက်ကာ အဲဒီအဖြစ်အပျက်ထဲကနေ ပြေးထွက်သွားခဲ့တော့သည်။

"ဟဲ့ ... တုတု နေဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဥဥရဲ့ခေါ်သံကို ကြားပေမယ့် တုတုက မစောင့်နိုင်တော့စွာ မြန်မြန်လေး ထွက်လာခဲ့တော့သည်။ လူတစ်ကိုယ်လုံးဟာ ထူပူရှိန်းပိန်း၍ ဒေါသတွေ ထွက်နေတာတော့ ငံသချာလေသည်။

ဒီနေ့ အဖြစ်အပျက်ဟာ တကယ်ပဲ တုတုကို ကိုးရိုးကားရား နိုင်စေတာပဲဖြစ်သည်။

❖ ❋ ❖





"ဟဲ့ ... တုတု၊ နေဦးလေ"

တုတုတစ်ယောက်က ခေါ်မရဘဲ ဖွတ်ထွက်သွားပြီမို့ ဥဥကပဲ သူ့ကို အားနာရစွာ တောင်းပန်တာကော ကျေးဇူးတင်တာပါ စုပေါင်းပြောရတော့သည်။

"အားနာလိုက်တာ ခေါင်ရဲရန်ရယ်။ ဟို ... တုတုကလည်း ရုတ်တရက် ဆိုတော့လေ ..."

"ရပါတယ်။ ကိစ္စမရှိပါဘူး"

ဥဥကို လက်အသာကာပြ၍ အပြုံးဖြင့် ပြောတာကြောင့် ဥဥက နွေးထွေးမှု စီးကြောင်းလေးက ရင်ထဲဖြတ်စီးဆင်းသွားလေသည်။

"ဟုတ် ... နောက်ပြီး တုတုကို ကယ်ပေးတာ ကျေးဇူးတင်ပါတယ်နော်"

ဥဥရဲ့ကျေးဇူးတင်စကား အဆုံးမှာ ခေါင်ရဲရန်က ဆင်မပြုံးပြကာ အသိအမှတ်ပြုသလို ခေါင်းညိတ်ပြ၍ ...

"ကျေးဇူးတင်ဖို့ မလိုပါဘူး။ သူငယ်ချင်းတွေပဲဟာ။ ပြီးတော့ တုတုဆိုတာ ကူကိုကူညီရမယ်လေ။ ဥဥရဲ့ညီမပဲဟာ။ ကိုယ်ကူညီရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှင် ...။

အဲဒီစကားကြောင့် ဉဉက ဘာဆက်ပြောလို့ ပြောရတော့မယ်မှန်း မသိတော့စွာဖြင့် အိုးတိုးအမ်းတမ်းတော့ ဖြစ်သွားရသည်။ ခေါင်ရဲရန်က အဲဒီလို အပြုံးချိုချိုဖြင့် လှကိုစိုက်ကြည့်ပြီး ပြောတာကြောင့် ဉဉမှာ ကတုန်ကယင် ဖြစ်ရကာ "သွားတော့မယ်နော်"ဟုဆိုပြီး ထွက်လာခဲ့ရတော့သည်။

စိတ်ထဲမှာ တစ်မျိုးလေးပဲဖြစ်၏။ ဒါပေမဲ့ တုတုရဲ့ တားမြစ်သံကို နားထဲမှာ ကြားယောင်လာရင် ဉဉက လေပူတစ်ချက်ကို မရည်ရွယ်ပါဘဲ မှုတ်ထုတ်မိသွားသည်။

❖ ❋ ❖





စာသင်ချိန် brake time ပေးပြီ ဖြစ်တာကြောင့် တုတုတို့နှစ်ယောက်က အတန်းအပြင်ဘက်ကို ထွက်လာခဲ့ကြတော့သည်။

"တုတု ... နင် ကန်တင်းပဲ သွားမှာမလား။ သွားနှင့်လိုက်။ toilet ခဏ ဝင်လိုက်ဦးမယ်"

"ဩော် ... အေး ... အေး။ လိုက်ခဲ့ပေးရဦးမလား"

"ရတယ် ... နေပစေတော့။ ငါ လိုက်လာခဲ့မယ်"

"Ok "

တုတုက ခေါင်းတစ်ချက် ညိတ်ပြရင်းက တစ်ယောက်တည်း ထွက်လာခဲ့တော့သည်။ တုတု လာရာလမ်းထောင့်က ကော်ရစ်တာမှာ တိုင်ကိုကျောမှီ၍ ရပ်နေကာ လက်ထဲမှာလည်း နှင်းဆီတစ်ပွင့် ကိုင်ထားလေသော ခေါင်ရဲရန်ကို တွေ့လိုက်ရလျှင် တုတုရဲ့မျက်ခုံးနှစ်ဖက်က အလိုလို တွန့်ချိုးမိသွားသည်။ တခြားနေရာကနေ ကွေ့ပတ်သွားရင်လည်း သူ့ကို ဂရုစိုက်နေတယ် ဖြစ်နေမှာစိုးတာကြောင့် တုတုက ဂရုကိုမစိုက်ဘဲ ခပ်တည်တည် လျှောက်လာလျှင် ခေါင်ရဲရန်က တုတုရဲ့အရှေ့ကနေဝင်တိတ်ရပ်လိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ခွဲတုတု ... ခွဲတုတု ... ခဏလေးနေပါဦး"

တုတုက စကားမပြောချင်တာကြောင့် ရှောင်ပါတယ်ဆိုမှ တည့်တည့်လာတိုးနေတော့တာကြောင့် မျက်နှာကြောကိုတင်းလိုက်ကာ မဖြစ်မနေ ပြောလိုက်ရတော့သည်။

"ဘာကိစ္စလဲ"

"ဟို ... တစ်ယောက်တည်းလား။ ဉဉကော မပါဘူးလား"

တောက်။ တုတုက အမြင်ကတ်လှစွာသော အဲဒီကောင်ကို ခပ်စေ့စေ့ စိုက်ကြည့်မိသွားသည်။ ဟင့်အင်း ... ဒီလိုအကောင်မျိုးနဲ့ ဉဉကို လုံးဝအခွင့်မပေးဘူး။ တုတုက ခွင်(ဂွင်)ထဲလည်းဝင်ပြီဖြစ်တာကြောင့် တစ်ခါတည်းပဲ အပြတ်ပြောလိုက်တော့သည်။

"ဒီမှာ ... ဉဉ ပါလား မပါလား နင်မေးပိုင်ခွင့် မရှိဘူးနော်။ ပြီးတော့ တစ်ခါတည်း ပြောလိုက်မယ်။ ဉဉနဲ့လာ,လာမပတ်သက်နဲ့။ သူ့ကို ကြိုက်စရာအကြောင်းလည်း မရှိဘူး။ စိတ်ဝင်စားစရာ အကြောင်းလည်း မရှိဘူး။ နင်သူနဲ့ လုံးဝပတ်သက်စရာ အကြောင်းမရှိဘူး။ နင် ငါ့အစ်မနဲ့ ..."

"ငါက နင့်ကို ကြိုက်နေတာပါ တုတုရ"

အမ် ...။ တုတုရဲ့စကားတောင် မဆုံးသေးခင်မှာ တုတု လက်ညှိုးထိုး၍ သတိပေးကြိမ်းမောင်းနေတာကို မမိုတ်မသုန် စိုက်ကြည့်ရင်း ဘာမှ အဆက်အစပ်မရှိ ဖြတ်ပြောချလိုက်





သော စကားကြောင့် တုတုက ရုတ်တရက် ဘာမှပြန်မပြောနိုင်အောင် ဆွံ့အလို့သွားလေသည်။

"အဲဒါကြောင့် ဉဉနဲ့ ရင်းနှီးအောင် နေရတာပါ။ ငါ ဒီသင်တန်းစတက်ကတည်းက တုတုကို စိတ်ဝင်စားနေခဲ့တာပါ။ တုတု ... နင် အထင်မှားနေတာ။ ငါချစ်တာက တုတုကိုပါ"

တုတုက ဘာဆက်လုပ်ရမှန်း မသိတော့အောင် နှုတ်ဖျားက ဘာစကားမှ ထွက်ကျမလာတော့ချေ။ သူ ... သူက အဲဒါ ရည်းစားစကား ပြောလိုက်တာပေါ့ ဟုတ်လားဟင်။ တုတု တုတု ထင်ထားတာကလေ ခေါင်ရဲရန်က ဉဉကို ကြိုက်နေတာလို့။ အခု ထင်နေတာနဲ့ လက်တွေ့က တခြားစီ ဆန့်ကျင်ဘက်ဖြစ်နေတာကြောင့် ကြိုတင်ပြင်ဆင်ခြင်း မရှိပါဘဲ ကြားလိုက်ရတဲ့ ရည်းစားစကားအတွက် တုတုက အမ်းတမ်းတမ်းဖြစ်ကာ ထူပူနေချိန်မှာ သူက အခွင့်ကောင်း အခါတွေသင့်နေ၍ ဆက်တိုက်ကို စကားတွေ ဆက်နေတော့တာ ဖြစ်သည်။

"တုတု ... နင် သတိထားမိလာအောင် ငါ နေခဲ့တာပါ။ အဲဒါတွေက နင့်ကိုချစ်လို့။ နင့်ဆီက တုံ့ပြန်မှုကို လိုချင်လို့ပါ။ ငါ နင့်ကို အရမ်းချစ်တယ်"

အဲဒီစကားအဆုံးမှာတင် ခေါင်ရဲရန်ရဲ့ လက်ထဲက နှင်းဆီအနီလေးဟာ တုတုရဲ့မျက်စိရှေ့ကိုတိုး၍ ရောက်လာလေသည်။ တုတုက အဲဒီအခါမှ သတိဝင်လာကာ အော်ကြီးဟစ်ကျယ်တွေ ပေါက်လိုက်ကာ ဟန့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ဘာတွေ လာပြောနေတာလဲ"

"တုတု"

အနောက်ကနေ တုတုရဲ့ပခုံးတစ်ဖက်ကို လာကိုင်တဲ့ အထိအတွေ့နဲ့အတူ ဥဥရဲ့ခေါ်သံကို ကြားလိုက်ရတာကြောင့် တုတုက လှည့်ကြည့်ရင်း ဥဥ ရိပ်မိသိရှိနေလောက်ပြီဖြစ်တဲ့ အနေအထားအတွက် တုတုက ရှက်ရွံ့စိတ်ဖြင့် ထွက်ပြေးလာခဲ့တော့သည်။

ဘယ်လိုဖြစ်ရတာလဲ။ တုတု အင်မတန် အမြင်ကတ်လှတဲ့ ခေါင်ရဲရန်က တုတုဆီက လုယူမယ့်သူလို့ တုတု ထင်ထားတာ။ အခုတော့ စိတ်ထဲမှာ Feeling တစ်ခုဟာ ကတုန်ကယင် အနေအထားကိုတောင် ရောက်ရှိသွားစေသည်။

❖ ❃ ❖



"ဖေဖေ ... မေမေ ... သား ကောင်မလေးကို ဒီနေ့ propose လုပ်ခွင့်ရလိုက်ပြီ။ အခွင့်အရေးရတာနဲ့ သား တစ်ခါတည်း ဖွင့်ပြောလိုက်တယ်"

သားရဲ့တက်ကြွရွှင်လန်းနေသော ပုံစံဖြင့် ပြောလေသော စကားက နေသွေးရဲ့ရင်ထဲမှာ မီးတောက်တစ်ခုပေါက်ဖွားသွားသည်။ သူ့ဘက်က ဘာမှမပြောသေးခင်မှာ နန္ဒာက သားကို အားရဝမ်းသာစွာဖြင့် ...

"ဟယ် ... ဟုတ်တယ်။ အမယ် ... မေမေ့သားက တယ်သွက်ပါလား။ အဆင်ပြေလာတယ်ပေါ့"

"ဟဲ ဟဲ ... ပြေမပြေကတော့ မသိသေးဘူး။ ဖေနဲ့မေကို အံ့ဩစရာ ပြောပြရဦးမယ်။ သား ကောင်မလေးက သားက သူ့ကိုကြိုက်နေတယ်လို့ ထင်တာမဟုတ်ဘူး။ သူ့အစ်မကို ကြိုက်နေတယ်ပဲ ထင်နေတာ ...

ဟား ဟား ... အင်း ... ထင်မယ်ဆိုလည်း ထင်လောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သားကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုက trick သုံးပြီး သူ့အနားကပ်တာကိုး။ လက်ဆောင်ပေးရင်းတို့ စကားသွားပြောရင်းတို့ဆို သူ့အစ်မကိုခေါင်းတည်ပြီး ပြောတာကိုး။ သူ ဒီနေ့လည်း သားကို သူ့အစ်မနဲ့ မပတ်သက်နဲ့ဆိုပြီး လာကောတာလေ။ သားကပြောချလိုက်တော့ ရုတ်တရက်ကြီး surpiese ဖြစ်ပြီး ရှက်သွားတယ်"

"ဟုတ်တယ်။ ငါ့သားကတော့လေ။ အဆန်းတကြယ်လုပ်တာကိုး။ သူတို့က ညီအစ်မနှစ်ယောက် အတူကျောင်းတက်တာလား"

"ဟုတ်တယ် မေမေရ။ သူတို့လည်း သားလိုပဲ E.major နဲ့ ကျောင်းပြီးသွားကြပြီလေ။ ညီအစ်မနှစ်ယောက်စလုံး တစ်ကျောင်းတည်း အတူတက်နေကြတာ"

သားက ပြုံးလို့ ရွှင်လို့ကို သူ့ရဲ့ကောင်မလေးအကြောင်းကို ပြောနေတာကြောင့် နေသွေးက သားရဲ့မျက်နှာလေးကိုသာ ငေးလို့ကြည့်နေမိကာ ဘာမှပြောမထွက်ပေ။ သားဟာ အရွယ်ရောက်လာတဲ့ ကလေးဖြစ်ပြီမို့ နန္ဒာ ပြောသလို သဘာဝကို သူ့ဘက်က တားဆီးပိုင်ခွင့် မရှိဘူးဆိုတာ သူ စိတ်သွင်းထားပြီးသား ဖြစ်၏။ သားကလည်း တက်ကြွစွာပြောနေတာ အမေကလည်း စိတ်ပါလက်ပါ ဝမ်းသာအားရ နားထောင်နေတာမို့ နေသွေးက သူ့ရဲ့ချစ်စရာကောင်းလှသော မိသားစုလေးကို ဘေးကနေ ထိုင်ကြည့်နေမိသည်။





"ဟုတ်လား ... သားမျက်နှာလေးက လန်းဆန်းတက်ကြွနေတာပဲ။ မေမေ့သားရဲ့ အာရုံတွေကို သိမ်းနိုင်တဲ့ မိန်းကလေးအကြောင်းကိုတော့ စိတ်ဝင်စားတယ်ဟေ့ ...

ပြောပါဦး သားရဲ့။ သူ့အကြောင်းလေးတွေ။ မေမေတို့လည်း သိထားရတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် သူလေးက သားရဲ့ချစ်သူဖြစ်ပြီဆို အခန့်မသင့်ရင် မေမေတို့ရဲ့ ချွေးမလေး ဖြစ်လာမှာဆိုတော့ သိထားမှ ဖြစ်မယ်။ ချောလား ... သား"

"အာ ... မေမေကလည်း သားချစ်တဲ့ သူပဲဟာ။ ချောတာပေါ့။ အား ... မေ့တာ ... မေ့တာ။ ဓာတ်ပုံကြည့်လို့ရတယ်။ သား သူ့ facebook က ဓာတ်ပုံတွေကို save လုပ်ထားတယ်။ ဒီမှာ ... ဒီမှာ ... မေမေ။ နာမည်က ဖွဲ့တုတုတဲ့။ ချောတယ်မှလား"

သားက သူ့ရဲ့ Iphone လေးကိုထုတ်ကာ Gallery ထဲက သူ Save ထားတဲ့ ဓာတ်ပုံလေးကို ပျော်ရွှင်တက်ကြွစွာ ထုတ်ပြလေသည်။

"အမယ် ... တယ်ချစ်စရာကောင်းပါလား။ အဖေကြီးရေ ဒီမှာ ကြည့်စမ်းပါဦး"

"အေးလေ ... ဟုတ်သားပဲ။ ဖေဖေ ဒီနေ့ ငြိမ်နေပါလား။ ဘာဖြစ်လို့လဲ"

သားက ချက်ချင်းပဲ သူ့မျက်နှာ အရိပ်အကဲကို ကြည့်တတ်စွာဖြင့် စိတ်ပူစွာ သူ့ဆီရောက်လာတာကြောင့် သူ သားရဲ့ခေါင်းလေးကို ဖွဖွပုတ်လိုက်ရင်းက ပြုံးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဖြစ်ပါဘူး သားရာ။ သားအမိနှစ်ယောက် အတိုင်အဖောက်တွေ ညီနေတာကို ကြည့်ပြီး မျှောသွားတာ။ ကဲ… ပြစမ်းပါဦးကွာ။ ငါ့သား ကြိုက်တဲ့ ကောင်မလေး။ နာမည်က ဘယ်သူ”

“ဖွဲ့တုတု တဲ့။ ဖေဖေ … ဒီမှာလေ”

သားက ပျော်ရွှင်တက်ကြွစွာ ပြတာကြောင့် နေသွေးက Display Screen မှာ ပေါ်နေတဲ့ ပုံလေးကိုကြည့်လိုက်မိသည်။ ဒီမိန်းကလေးကို မြင်ဖူးနေသလိုပဲ။ နေသွေးက ဖွဲ့တုတုဆိုတဲ့ ကလေးမလေးကို သူ မြင်ဖူးနေသလိုမို့ ဘယ်မှာမြင်ဖူးသလဲ စဉ်းစားကြည့်လိုက်လျှင် သူ့ရဲ့ဦးနှောက်က အလျှင်အမြန်ပင် မီးစိမ်းလင်းလာကာ ဖြုန်းဆို တလောက အဖြစ်အပျက်ကို သူ မှတ်မိလို့ သွားလေသည်။

ဒီ … ဒီ မိန်းကလေးက သူ့ကို ကက်ကက်လန်ပြန်ပြောခဲ့တဲ့ မိန်းကလေးပဲ။ ဘာရောင်းကိစ္စနဲ့ ပတ်သက်ပြီး ဟိုနားက ခြံရှေ့မှာ သူနဲ့စကားများခဲ့တဲ့ မိန်းကလေး။ ဒီကောင်မလေးကို သူ့ရဲ့ချစ်လှစွာသော သားက ချစ်တယ်။

“မဖြစ်နိုင်ဘူး သား။ သူနဲ့ဆိုရင်တော့ ဖေဖေ လက်သင့်မခံဘူး”

“ဗျာ”

သူ့ဆီက ထင်မှတ်ထားပုံမရတဲ့ တုံ့ပြန်မှု တစ်ခုကို ကြားလိုက်ရတဲ့ အခါမှာတော့ သားက သူ့ကို တအံ့တသြငေး ကြည့်ကာ …





“ဘာ … ဘာဖြစ်လို့လဲ ဖေဖေ”

“အေးလေ။ ဘာကြောင့်လဲ။ သားရဲ့မိန်းကလေးက ဘာများဖြစ်နေလို့လဲ”

နေသွေးက စိတ်ဝင်တစား အံ့အားသင့်စွာဖြင့် မေးလေသော သားအမိနှစ်ယောက်ကို သိစေဖို့အတွက် အသေအချာ အပြတ်အသားပင် ပြောလိုက်တော့သည်။

“အကြောင်းသိပ်ရှိတာပေါ့ကွာ။ အဲဒီမိန်းကလေးက ဟိုတစ်ခါ ငါနဲ့ စကားများလာခဲ့ရတယ် ဆိုတဲ့ မိန်းကလေး။ ဘာရောင်းကိစ္စနဲ့ ငါလိုလူကြီးတစ်ယောက်ကို ပမာမခန့် လုပ်သွားတဲ့ မိန်းကလေး”

“ဗျာ”

“သားရယ် … တိုက်တိုက်ဆိုင်ဆိုင်နဲ့မှ လာတွေ့ရတယ်လို့။ ဒီတစ်ယောက်နဲ့တော့ အဖေ လုံးဝခွင့်မပြု မကြည်ဖြူနိုင်ဘူး သား။ ဖေဖေ့ကိုတောင် ပြန်ပြောရဲတာ အံ့သြတယ်။ မဖြစ်ဘူး မဖြစ်ဘူး။ ငါ့သားလို လိမ္မာယဉ်ကျေးတဲ့ ကလေးတစ်ယောက်အတွက် ဒီမိန်းကလေးဟာ ဘယ်လိုမှ ရည်းစားမဖြစ်သင့်တဲ့သူပဲ။ အဲဒီတော့ သားရယ်။ ရှုပ်တယ်။ ဇာတ်လမ်းကို မစခင်မှာ အဆုံးသတ်ပစ်လိုက်။ ဖေဖေ ငါ့သားကို ဒီလို ဆက်ကော့ လက်ကော့ ဟာမျိုးတွေနဲ့ လုံးဝ သဘောမတူနိုင်ဘူး”

နေသွေးက သားအတွက် စိုးရိမ်လွန်း ပူပန်လွန်း ဟုစွာ ပြောနေသော်လည်း သားက မျက်နှာကလေးအိုကျကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အဖြေကို ချိုသည် ခါးသည် မပြောပါဘဲ ငြိမ်နေတာကြောင့် သူက သားလေးရဲ့မျက်နှာကို အကဲခတ်ကြည့်လိုက်ရင်းက ...

"သား ... တစ်ခုခု ပြန်ပြောဦးလေကွာ"

"အဖေကြီးရယ် ... မတော်တဆဆိုတာ ဖြစ်နိုင်တာပဲဟာ။ သားသဘောကိုလည်း မေးကြည့်ပါဦး။ ရှင်က တစ်ခါပဲ ဆုံဖူးတာ၊ သားကျတော့ ကျောင်းနေဖက်လေ။ မိန်းကလေးရဲ့အကြောင်းကို သားက ပိုသိမှာပေါ့"

"နန္ဒာ ... မင်း အသာနေစမ်းပါကွာ။ လူတစ်ယောက်ဟာ First impression က အရေးကြီးဆုံးပဲ။ သူ့ရဲ့ကိုယ်ရည်ကိုယ်သွေးဟာ သူနဲ့ သိသိ မသိသိ ဘယ်ပတ်ဝန်းကျင်မှာမဆို ဒီအတိုင်း တစ်သဝေမတိမ်း ဖြစ်နေမှာပဲ"

"တော်ပါတော့ ဖေဖေရာ။ အဲဒီလောက်တော့ မပြောပါနဲ့"

သားက သူ့စကားအဆုံးမှာ ဟန့်တား ကန့်သတ်လိုက်တာကြောင့် သူက သားရဲ့မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သားက သူ့စိတ်ထဲ ဘာဖြစ်သွားတယ်ဆိုတာ သိကာ ချက်ချင်းပင် စကားပြန်ဆက်၏။

"ဟို ... ဟို ... သားက ဖေဖေ့ကို ဆန့်ကျင်ပြီးပြောတာ မဟုတ်ပါဘူး။ အဲဒီလောက်အထိ ပြောဖို့ မလိုအပ်သေးဘူးလို့ ဆိုလိုချင်တာပါ။ သား သိသလောက်တော့ တုတုက အဲဒီလိုမျိုး မဟုတ်ပါဘူး။ မေမေ ပြောသလိုပဲ ဖေဖေနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာမျိုး ဖြစ်မှာပါ"





"အေးလေ ... အခြေအနေကလည်း ဘာမှဟုတ်သေးတာမှ မဟုတ်တာ။ ဖေဖေကတော့ အဲဒီမိန်းကလေးကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။ သား စဉ်းစားပါ။ ဘာမှမသက်ဆိုင်တဲ့ အနေအထားမှာ ဒီလောက်အတိုင်း အတာလောက်ပဲ ငြင်းခုံတာ ကောင်းလိမ့်မယ်"

နေသွေးက သားရဲ့ပခုံးကို ခပ်ဖွဖွ ပုတ်လိုက်ရင်း ဩဘာသားပါသော စကားကို ပြောခဲ့ကာ ထထွက်လာခဲ့သည်။ ဖြစ်နိုင်ဘူး။ သူ့ရဲ့အသက်လောက် ချစ်ရတဲ့သားဟာ သူ့အတွက် ဘအားကို အရေးပါသည်။ သားရွေးတဲ့ ရည်းစား၊ သူငယ်ချင်း၊ အိမ်ထောင်ဖက် အရာခပ်သိမ်းဟာ သားနဲ့တိုက်ရိုက်သက်ဆိုင်သလို သူကလည်း သားရဲ့အဖေအဖြစ် သွယ်ဝိုက်၍ ဆက်နွယ်လေသည်။

သားကို အဲဒီလို ဖံဖံကြဲ မိန်းမမျိုးနဲ့ ရည်းစားမဖြစ်ဖို့ သူ စီစဉ်ရလိမ့်မည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



တုတုက ရောက်လာတဲ့ message ကြောင့် တကယ်ကြီး ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်သွားရသည်။ တကယ်ကိုမှ ရုတ်တရက် changes ဖြစ်သွားတဲ့ အခြေအနေတစ်ခုအပေါ်မှာ တုတုက ဘာဆက်လုပ်ရမယ်မှန်း မသိအောင် တုံ့ဆိုင်းမှုတစ်ခုက ဖြစ်သွားရတာဖြစ်သည်။ အခုလည်း တုတုကို သူက "I miss you n I love you"ဆိုတဲ့ message ကို ပို့ပြန်၏။ အဲဒီအတွက်ခါတိုင်း ဥဥကို ပြောဆိုဆက်ဆံနေတုန်းက ခေါင်ရဲရန်ကို အပြတ်ရန်တွေ့သလိုမျိုး ပြောရမယ့်အစား ဘာကိုတွေနေမှန်းမသိ တွေလို့နေတာဖြစ်၏။ အဲဒီ အချင်းအရာ အကြောင်းတွေအတွက် တုတုမှာပြောစရာဆိုလို့ ဥဥ တစ်ယောက်သာရှိသည်။ ဟုတ်တယ် ... ဒီကိစ္စ ဥဥကို မေးကြည့်ရမယ်။

တုတုက ဆုံးဖြတ်ချက်နဲ့အတူ အခန်းထဲက ထွက်လာရင်း ဥဥ အခန်းတံခါးကို ခေါက်လိုက်သည်။ ဝရန်တာမှာ ထွက်ထိုင်နေတာကို တွေ့လိုက်တာကြောင့် တုတုက ဝရန်တာဘက် ထွက်လာလိုက်ရင်း ...

"ဥဥ ... ဒီမှာ ဘာရပ်လုပ်နေတာလဲ တစ်ယောက်တည်း"





"အမ် ... ဘာမှမဟုတ်ပါဘူး။ တုတု မအိပ်သေးဘူးလား"

"အစောကြီး ရှိသေးတာ။ မအိပ်ချင်ပါဘူး။ ဥဥကို ပြစရာရှိလို့။ ဒီမှာကြည့်"

တုတုက ခေါင်ရဲရန် ပို့ထားတဲ့ ဖုန်း message ကို ဥဥအား ပြလိုက်သည်။ ဥဥက message ကို ဖတ်ကြည့်ပြီး ဘာမှ မပြောသေးခင်မှာ တုတုက အရင်စပြော၏။

"ဥဥ ... သူက အဲဒါ ဘာသဘောလဲ။ စိတ်ထဲမှာလည်းလေ ဘယ်လိုပြောရမလဲ။ အရမ်းကြီး ထူးဆန်းနေသလိုမျိုး ခံစားမိတယ် သိလား"

"အင် ... ထူးဆန်းတယ်။ ဘာကို ပြောတာလဲ"

"အာ ... ဒီလိုလေကွာ။ သူ ဘာကြောင့် တုကို ကြိုက်တယ် ပြောရတာလဲ။ အကွက်လား။ အဲဒါကို စဉ်းစားနေတာ"

"နင့်သဘောက ဘယ်လိုမျိုးရှိလို့လဲ"

ဥဥ မေးခွန်းကြောင့် တုတုက ရင်ထဲ ဒိတ်ခနဲတော့ ဖြစ်သွားရကာ ချက်ချင်းပဲ ပြန်လည်တုံ့ပြန်ဖြေလိုက်တော့သည်။

"ဥဥကလည်း ဘာကို သဘောရှိရမှာလဲ။ ဒီလောက်အမြင်ကတ်စရာကောင်းတဲ့သူကို မကြိုက်ပါဘူး"

"အေးလေ ... အဲဒါဆိုလည်း ဘာမှစဉ်းစားနေဖို့ကို မလိုတာ။ ရော့ ... ဖုန်း။ ကဲ ... တုတု မနက်ကို မေမေနဲ့ မေမေကို သွားကြိုရမှာနော်။ တော်ကြာ အိပ်ရာထနောက်ကျနေလိမ့်မယ်။ စောစောအိပ်ရမယ်။ လာ ... လာ သွားအိပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တုတုက ခေါင်းတစ်ချက်ညိတ်ပြရင်း ဥဥနဲ့အတူ ပြန်ဝင်လာခဲ့တော့သည်။ အေးလေ … ဥဥပြောတာ သိပ်ဟုတ်နေတာပဲဟာ။ ဘာမှ စဉ်းစားနေဖို့ကို မလိုတဲ့ ကိစ္စအတွက် ခေါင်းအစားခံနေတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ရယ်ချင်မိလေသည်။

ဒီအချိန်မှာ တုတုအတွက် ဖြစ်သင့်တာက ဒီလိုဘဝင်ရူးကို ချေဖို့ပဲ ဖြစ်နေသင့်တာဖြစ်သည်။

❖ ❋ ❖






# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာမျိုးက
အခန့်သင့်နေရင် နတ်သုဒ္ဓါ
အခန့်မသင့်ရင် ပဒိုင်းသီးပမာ။





"ကိုနေသွေးတို့ကတော့ မတွေ့တာကြာလို့လား မသိဘူး။ ပိုတောင် ခန့်လာသေးတယ်။ အရင်လိုပဲ မပြောင်းလဲ တက်ကြွနေဆဲပဲနော်"

နေသွေးက ချီးမွမ်းပြောဆိုနေတဲ့ ညှိသည်တွေ အကြားမှာ ကျေနပ်ဂုဏ်ယူစွာဖြင့် ပြုံးလို့သာနေလိုက်သည်။ ဒီနေ့က သူ့ရဲ့စီးပွားဖက် ပါတနာတချို့ မြန်မာပြည် ပြန်လာတာကြောင့် သူက လေဆိပ်မှာ လာကြိုတာပဲ ဖြစ်သည်။

"ခင်ဗျားရဲ့လုပ်ငန်းတွေကတော့ ပိုပိုကျယ်ပြန့်သထက် ကျယ်ပြန့်လာတယ်နော်"

"အာ ... ကိုမိုးဝေတို့က မြှောက်နေပြန်ပါပြီ။ ခင်ဗျားတို့ အတွက် special စီစဉ်ထားတာပါဗျ"

နေသွေးက သူနဲ့နှစ်ပေါင်းများစွာကြာ လက်တွဲ အလုပ်လုပ်လာခဲ့သော မိတ်ဆွေတွေနဲ့ ပြောရင်း ဆိုရင်းကမှ မျက်လုံးအရွေ့တွင် တစ်စုံတစ်ယောက်ကို သွားမြင်တွေ့လေသည်။ ဒီ ... ဒီ ... မျက်နှာဟာ။ နေသွေးက သွေးတွေ ဖျဉ်းခနဲ ဆူပွက်လာကာ သေချာမှုလိုချင်တာကြောင့် ဒီကနေ ခဏ ထွက်လာခဲ့သည်။

www.burmeseclassic.com



"ကိုမိုးဝေ ... ကားအဆင်သင့်ပါပဲ။ သက်မောင် စီစဉ်ပေးလိုက်ပါ။ Excuese ပါဗျာ။ ကျွန်တော့် မိတ်ဆွေတစ်ယောက်ကို တွေ့လိုက်လို့။ ကျွန်တော် ခဏသွားတွေ့လိုက်ဦးမယ်။ သက်မောင် ဟိုတယ်ကို လိုက်ပို့ပေးပါလိမ့်မယ်။ ကိုမိုးဝေတို့ သွားနှင့်လိုက်။ ကျွန်တော် လိုက်ခဲ့လိုက်မယ်။ ဖိုးသူ ငါနဲ့ နေခဲ့လိုက်"

နေသွေးက အမြန်စီစဉ်လိုက်ကာ သူ့ရဲ့အာရုံရောက်နေတဲ့ မလှမ်းမကမ်းဆီသို့ သူ သွားကြည့်လိုက်သည်။ ဟား ... သေချာတာပေါ့။ ဘယ်လိုမှ မလွဲတဲ့ ဒီမျက်နှာ။ နေသွေးသည် ပြုံးလို့ ရွှင်လို့နေတဲ့ ဘယ်တော့မှ မေ့ဖျောက်မရသော ပွင့်ဝေတိုးကို ထင်မထားချိန် ပြန်တွေ့လိုက်ရတော့ အရမ်းပဲ အံ့အားသင့်ရလေသည်။ ကြည့်ရတာ သူမလည်း ဒီနေ့မှ ပြန်လာတာဖြစ်မည်။ ဘေးမှာက သူ့အမျိုးသား သန့်ဇင်။ ပြီးတော့ ကောင်မလေးနှစ်ယောက်။

ဟင် ... နေသွေးက သူ့သားနဲ့ ရွယ်တူကောင်မလေးနှစ်ယောက်ထဲက တစ်ယောက်ကို သူ သေသေချာချာ မှတ်မိသွားသည်။ အဲဒီ ... အဲဒီ ကလေးမလေးက သားကြိုက်နေတဲ့ ဟား ... ပွင့်ဝေတိုးရဲ့သမီးလား။ နေသွေးက လေဆိပ်ကိုလာကြိုတဲ့ အနေအထားအတွက် သေချာမှု လိုချင်တာမို့ သူက သူ့တပည့် ဖိုးသူကို တာဝန်ပေးရတော့သည်။

"ဖိုးသူ ... ဟိုးက မိသားစုကို တွေ့တယ်မှလား။ အကျႌအဝါနဲ့ အမျိုးသမီးလေ"

"ဟုတ်ကဲ့ ... ဆရာ"



"ရော့ ... ကားသော့။ သူတို့နောက်ကနေလိုက်ပြီး သိသမျှရသမျှ စုံစမ်းလာခဲ့။ သူတို့ လေဆိပ်ကနေ ဘယ်အိမ်ပြန်လဲ ငါသိချင်တယ်။ လိပ်စာ အတိအကျ ယူလာခဲ့ပါ"

"ဟုတ်ကဲ့ ... ဆရာ။ ဆရာက ဘယ်လိုပြန်မလဲ"

"ငါ့အတွက် စိတ်မပူနဲ့။ Taxi တွေရှိတာပဲ။ ဟော ... ဟိုမှာ သွားတော့မယ်။ ကား အမြန်သွားထုတ်။ ငါစောင့်ကြည့်ထားမယ်"

ဖိုးသူက သူ့စကားအတိုင်း တစ်သဝေမတိမ်းပင်လိုက်နာကာ ကားကို အမြန်သွားထုတ်တော့သည်။ မင်းတို့ သိပ်ပျော်နေတယ်လား ပွင့်ဝေတိုး။

နေသွေးက တစ်ချိန်က မင်္ဂလာပွဲမှာ သတို့သားတစ်ယောက်တည်း အရှက်ကွဲခဲ့ရတဲ့ အဖြစ်တွေကို မျက်လုံးထဲမှာ ပြန်လည်မြင်ယောင်လာကာ သူ့ရဲ့သွေးတွေဟာ တဖျဉ်းဖျဉ်းထဆူပွက် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ပုံရိပ်ဟောင်းတွေကို ပြန်မြင်လာစေသည်။ အဲဒီအချိန်ကာလက သူ အသက်နှစ်ဆယ်ကျော် လူငယ်တစ်ယောက်ရဲ့ မာနနဲ့ ဒေါသက သူ့ဘဝအတွက် သေရာပါ အမာရွတ် ဖြစ်စေခဲ့သည်။

သူ့ဘဝကို အမည်းရောင်ဆေး ဆိုးပေးခဲ့တဲ့မိန်းမကို သူ့အသက်လေးဆယ်ကျော်အရွယ်မှာ ပြန်လည်ဆုံတွေ့ခွင့်ရပြီဖြစ်သဖြင့် နေသွေးက အတုံ့အလှည့်ဆိုတဲ့ စကားလုံးကို သေချာပေါက် ယုံကြည်လက်ခံလိုက်ပြီ ဖြစ်သည်။

❖ ❋ ❖

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဒါ ဥဥ ကိုယ်တိုင်ချက်ထားတဲ့ မုန့်ဟင်းခါး။ မေမေ အများကြီး စားရမှာနော်"

"အမယ် ... ဥဥ တစ်ယောက်တည်းချက်တာ မဟုတ်ဘူး နော် ဖေနဲ့မေ။ တုတုပါ ဝိုင်းချက်ပေးတာ။ ဩော် ... ဒီမှာ ဒီမှာ ... ဒါ တုတုလက်ရာစစ်စစ် မေမြို့ကော်ဖီ။ မေမေ... မေမေ့အကြိုက် ချိုခါးလေး"

နံနက်ခင်း အချိန်ကာလတွေမှာ ဒီလိုကြည်နူးစရာ ကောင်းလေသော သမီးတွေရဲ့ အသံစာစာလေးတွေကို မကြားရတာ ကြာပြီမို့ ဒီကနေ့ရဲ့ အသံလေးတွေဟာ တိုးအတွက်တော့ တကယ်ကို စိတ်ချမ်းမြေ့ဖွယ်ရာလေးပဲ ဖြစ်သည်။

"အမယ် ... ဖေဖေ့သမီးနှစ်ယောက်က တယ်လိမ္မာတာပဲ။ ဟား ... မုန့်ဟင်းခါးနံ့လေးကော ကော်ဖီနံ့လေးကော မွှေးနေတာပဲ။ တိုးရေ ... သမီးလေးတွေ ဘယ်လောက်တောင် လိမ္မာလိုက်သလဲကွာ"

"တိုးရဲ့သမီးတွေက လိမ္မာပြီးသားဟာ။ ကဲ ... မေမေ့ရဲ့ သမီးတွေ ဘယ်လောက် လက်ရာကောင်းလာလဲ စားကြည့်ရမယ်"





တိုးက မုန့်ဟင်းခါးကို နှစ်သက်သဘောကျစွာ စားလိုက်သည်။

"ဘယ် ... ဘယ်လိုလဲ။ ကောင်းလား မေမေ"

သမီးနှစ်ယောက်က မျှော်လင့်တကြီး မျက်ဝန်းတို့ဖြင့် တိုးဆီက အဖြေကို စောင့်မျှော်နေတာကြောင့် တိုးက သဘောတကျဖြင့် ခေါင်းညိတ်ပြလိုက်လျှင် သမီးတွေက ကျေနပ်ပျော်ရွှင်စွာဖြင့် တစ်ယောက်နှင့်တစ်ယောက် လက်ဖဝါးချင်းရိုက်လိုက်ကြကာ ကျေနပ်နေကြသည်။ တိုးက ပျော်ရွှင်သာယာသော မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရရှိသည့်အတွက် တကယ်ပဲ ကျေနပ်ပီတိ ဖြစ်ရလေသည်။

တိုး အခုလို သာသာယာယာ ဘဝတစ်လျှောက်လုံး စိတ်လက်ချမ်းမြေ့နေရခြင်းဟာ မိဘစကားကို နားထောင်ခဲ့လို့ပဲ ဖြစ်သည်။ တကယ်လို့ အဲဒီတုန်းက တိုးဘက်က ဆုံးဖြတ်ချက်က တစ်မျိုးဖြစ်ခဲ့မယ်ဆိုရင် ဒီနေ့ ဒီလိုပျော်ရွှင်မှု ဆိုတာမျိုးလည်း ရှိနိုင်မှာ မဟုတ်ပေ။

"တိုး ... စားလေ။ ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး။ တိုးရဲ့သမီးတွေကိုကြည့်ပြီး စိတ်ချမ်းသာနေတာ၊ သမီးတွေက ခုဆို မိဘတွေကိုတောင် ပြန်ပြုစုတတ်နေပြီလေ"

"ဟား ဟား ... ကိုယ့်သမီးတွေက အဖေနဲ့တူလို့ လိမ္မာတာလေကွာ။ မဟုတ်ဘူးလား သမီးတို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုက တိုးရဲ့ပခုံးကို ကြင်နာစွာ ဖက်လိုက်ရင်းက သမီးနှစ်ယောက်ကို လှမ်းမေးလိုက်လျှင် သမီးတွေက သူ့အဖေနဲ့ တစ်လေသံတည်း ထောက်ခံလေ၏။

"ဟုတ်တာပေါ့ ဖေဖေရဲ့"

"အမယ်လေး ... ဒီသားအဖတွေကိုတော့ အရှုံးပေးပါတယ် နော်။ အမေနဲ့ကျ တစ်ယောက်မှ မတူကြဘူးပေါ့လေ"

"ဟဲ ဟဲ ... ဟုတ်ပါဘူး။ ဒီမှာ ... ဒီမှာ ရှိတယ်။ တုတု က မေမေနဲ့တူတာ ဥဥက ဖေဖေနဲ့ တူတာ"

သမီးငယ်က ထိုင်ရာမှထကာ တိုးကိုဖက်၍ ပြောတာမို့ တိုးက ကျေနပ်သဘောကျစွာဖြင့် သမီးငယ်လေးကို ပြန်ဖက်ထားလိုက်သည်။

ဘဝမှာ တိုးတို့မိသားစုလေးဟာ တကယ့်ကို စိတ်ချမ်းမြေ့စရာကောင်းသော မိသားစုဘဝကို ပိုင်ဆိုင်ခွင့် ရထားရတာကတော့ တိုးရဲ့ကံတရားပဲ ဖြစ်လေသည်။

❖ ❋ ❖





ခေါင်က အိပ်ရာမှ နိုးထထချင်းမှာ ထုံးစံအတိုင်း မျက်နှာမသစ်သေးဘဲ facebook အရင်ဖွင့်ကြည့်သည်။ facebook ဖွင့်ကြည့်တယ် ဆိုပေမယ့် ဒီမနက်မှာ အဓိက သူ ဖွင့်ကြည့်တာက viber ဖြစ်သည်။ မနေ့ညက မနက်သုံးနာရီလောက်အထိ သူတို့နဲ့ viber မှာ chat ကြတာကြောင့် သူက နိုးနိုးခြင်းမှာ Morning sticker လေး ပို့လိုက်တာဖြစ်သည်။ ဖေဖေကတော့ သူတို့ကိစ္စအတွက် မဖြစ်ရဘူး ကန့်ထားပေမယ့် သူကတော့ သူတို့နဲ့ ခုချိန်မှာ အီစီကလီ level လောက်ရတဲ့အထိ ကြိုးစားနေတာဖြစ်သည်။

"သားရေ ... သားလေး ... နိုးပြီလားကွ"

အပြင်ဘက်က အခန်းတံခါးခေါက်သံနဲ့အတူ ဖေဖေ့အသံပါ ကြားတာမို့ ခေါင်က Internet ပိတ်လိုက်ရင်း လှဲနေရာမှ ထိုင်လိုက်ကာ ဖေဖေ့ကို အသံလှမ်းပေးလိုက်၏။

"ဟုတ်ကဲ့ ... ဖေဖေ"

သူ့အသံကြားမှ ဖေဖေက အခန်းတံခါးကို ဖွင့်ဝင်ရင်းက ...

"Morning သား။ သား အခုမှ နိုးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖေဖေ။ အခုမှ နိုးတာ။ မျက်နှာသစ် သွားတိုက်ပြီးရင် အောက်ဆင်းလာတော့မလို့"

"နေပါဦးကွ။ ဖေဖေ သားနဲ့ အေးဆေး စကားပြောချင်လို့ သားအခန်းထဲ လာတာ"

ခေါင်က ဖေဖေ့ရဲ့စကားအဆန်းကြောင့် ဖေဖေ့ကို တစ်ချက်ကြည့်လိုက်ရင်းက ...

"ဖေဖေကလည်း သားအဖချင်း စကားပြောစရာရှိတာပဲ။ ပြောလေ ဖေဖေရဲ့"

"သား ဖေဖေ့ကို စိတ်ဆိုးနေလားဟင်"

"အာ ... ဖေကလည်း။ သားက ဖေဖေ့ကို ဒီလောက်ချစ်တာ ဘာကိုစိတ်ဆိုးစရာရှိလို့လဲ"

"ဟား ... ဖေဖေ ဝမ်းသာလိုက်တာ သားရာ။ အခုမှပဲ စိတ်အေးသွားတော့တယ်။ ဖေဖေက သားကို ဟိုမိန်းကလေးနဲ့ မဖြစ်နိုင်ဘူး ပြောလိုက်လို့ သားလေး ဖေဖေ့ကို စိတ်ဆိုးနေတယ် ထင်တာ"

ခေါင်က စိတ်မှုတတ်လေသော ဖေဖေ့ကို အပြုံးတွေဖြင့် ကြည့်လိုက်ရင်းက ...

"ဖေရာ ... ဒီကိစ္စအတွက် သားနဲ့ ဖေဖေ့ကြားမှာ ဘာဖြစ်စရာရှိလို့လဲ။ သားစိတ်ထဲမှာ ဘာမှမဖြစ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဖေဖေကတော့ ဖေဖေ့သားကို အမြဲပျော်နေတာပဲ မြင်ချင်တာလေ။ ဒါကြောင့် သားကို ဖေဖေက morning present လာပေးတာ"





ခေါင်က ဖေဖေရဲ့စကားကြောင့် ပို၍ အံ့အားသင့် ဖြစ်ရလေသည်။ သူ့ဘက်က ဘာပါလိမ့်ဆိုပြီး အကဲခတ်နေမိစဉ်မှာ ဖေဖေက ဆက်ပြောလေသည်။

"ငါ့သား ကြိုက်တဲ့ ဖွဲ့တုတုဆိုတဲ့ မိန်းကလေးကို ဖေဖေ့ဘက်က အပြည့်အဝ သဘောတူတယ်"

"ဗျာ"

"ဘာလဲ ... သားက မယုံလို့လား။ တကယ်ပြောတာ။ သားလိုချင်တဲ့ အရာဆိုရင် ဖေဖေ ဘယ်တုန်းက မပေးဘဲ နေခဲ့ဖူးလို့လဲ။ အခုလည်း ဒီသဘောပဲပေါ့ သားရ။ ငါ့သားကြိုက်တဲ့ မိန်းကလေးကို သား ရအောင်လိုက်ကွာ။ ဖေဖေပါ အကြံဝင်ပေး,ပေးမယ်"

ဟား ...။ ဒီမနက်ကတော့ သူ့အတွက် အရမ်းအရမ်းကိုပင် အလွန်တရာ မင်္ဂလာရှိသောနေ့လေး ဖြစ်လို့သွားလေသည်။ ဖေဖေနဲ့ သူ အတိုက်အခံ ဖြစ်ရမှာကို ကြောက်လို့ သူက ဖေဖေ သဘောမတူဘူး ဆိုတာတောင် သူ ဘာမှမပြောဘဲ နှုတ်ဆိတ်နေခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ အဲဒီကိစ္စအတွက် အမြဲတစ်သားတည်း ကျခဲ့တဲ့ သူနဲ့ ဖေဖေ ပြဿနာမဖြစ်ချင်လို့ ငြိမ်နေချိန်မှာ ဖေဖေ့ရဲ့သဘောတူပါတယ်ဆိုတဲ့ စကားကြောင့် သူဟာ အရမ်း အရမ်းကို မြောက်ကြွသွားရတာပဲ ဖြစ်သည်။ ခေါင်က ပျော်ရွှင်မြူးတူးသောစိတ်ဖြင့် ဖေဖေ့ကို ဝုန်းခနဲ ပြေးဖက်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဝမ်းသာလိုက်တာ ဖေဖေရာ။ ဖေဖေ တကယ် ချစ်ဖို့ကောင်းတယ်"

"ဟား ဟား … အဲဒါကြောင့်မို့ မင်းအဖေ ဖြစ်နေတာလေ ကွာ။ ကဲ … အဲဒီတော့ သား၊ မင်းက ကောင်မလေးကို လွတ်လွတ်လပ်လပ် စိတ်ချမ်းချမ်းသာသာ ချစ်ခွင့်ရှိသွားပြီ ဟုတ်ပြီလား။ လိုအပ်တဲ့ အကူအညီရှိရင် ဖေဖေ့ကို ပြော … Ok"

ခေါင်က လုံးဝကို ဂါရဝ သူ့ဘဝရဲ့ hero တစ်ဆူအဖြစ် သတ်မှတ်ရလေသော ဖေဖေ့ကို ပို၍ ပို၍ ချစ်ခင်လေးစားရလေသည်။ ဒီကမ္ဘာပေါ်မှာ သူ့ရဲ့လိုအင်ဆန္ဒတွေ မှန်သမျှကို ဖြည့်ပေးတာကလည်း ဖေဖေပဲ ဖြစ်လေသည်။ ခေါင်က ဒီအတွက်တော့ ဖေဖေ့ကို တကယ်ပဲ ကျေးဇူးတင်ရလေ၏။

"သား အရမ်းဝမ်းသာတာပဲ ဖေဖေရာ။ တကယ်။ အမှန်ပြောရရင် ဖေဖေ သဘောမတူဘူးဆိုတော့ သား စိတ်ညစ်နေတာ။ ဖေဖေ အခုလို လွယ်လွယ်ကူကူ သဘောတူပေးလိမ့်မယ်လို့လည်း ထင်မထားဘူး"

"ဒါကတော့ ငါ့သားကို ဖေဖေက ချစ်တာပဲ။ ကဲပါ … အဲဒါတွေထက် သားနဲ့ အဲဒီမိန်းကလေး အခြေအနေကို ပြောပါဦး"

"လောလောဆယ်တော့ ဒီလိုပါပဲ ဖေဖေရ။ ရှေ့မတိုး နောက်မဆုတ် အနေအထားမျိုးနဲ့ သားက နေ,နေတာလေ"





"ဟား ဟား … မင်းက လူရိုးလေးပဲ။ မင်းအရွယ်တုန်းကဆို ဖေဖေက အများကြီး ထားခဲ့ပြီးပြီ။ ကြိုးစားလေကွာ"

"Yes … ဒက်ဒီ။ ဖေ့သားက ဖေဖေ့ခြေရာပဲ နင်းရမှာပေါ့"

"ဟား ဟား … ဟုတ်ပြီ … ဟုတ်ပြီ။ ကဲ ကဲ … သား … ရေချိုးတော့။ ဒီနေ့တော့ အလန်းဖယားကျောင်းသွားပေါ့ကွာ။ ဟုတ်လား။ ဘရိတ်ဖတ်စ်ဝိုင်းက စောင့်နေမယ်"

ဖေဖေက သူ့ရဲ့ခေါင်းလေးကို ခပ်ဖွဖွပုတ်ကာ ထွက်သွားလေသည်။ ခေါင်က ပျော်ရွှင်မြူးတူးသောစိတ်နဲ့အတူ ခုတင်ပေါ်ကနေ ဝုန်းခနဲ ပစ်ဆင်း၍ ရေချိုးခန်းထဲ ပြေးဝင်လာခဲ့တော့သည်။

ဒီနေ့က သူ့ရဲ့အပျော်ဆုံးနေ့ ဖြစ်၏။ သူကြိုက်နေတဲ့ ကောင်မလေးကို လိုက်ဖို့အတွက် ခွန်အားတစ်ခုကို ဖေဖေ့ဆီက ရလိုက်တာမို့ သူ့အတွက် ဒီကနေ့မှာ အရမ်းကိုပျော်ရွှင်တက်ကြွ လန်းဆန်းစရာပဲ ဖြစ်သည်။

ကျောင်းရောက်ရင် တွေ့ရတော့မယ့် တုတုရဲ့ကြွပ်ဆတ်ဆတ်ပုံလေးကို မျက်လုံးထဲမြင်ယောင်ကာ သူက ပြုံးမိသွားလေသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို ... ဟော့ ... နေပါဦးကွ"

ခေါင်က တုတုရဲ့နောက်ကို အသည်းအသန်ပြေးလိုက်လာကာ တုတုကိုကျော်၍ သူမရှေ့မှာ ပိတ်ရပ်လိုက်လျှင် တုတုက ထုံးစံအတိုင်းပင် ခပ်တင်းတင်း မျက်နှာထားဖြင့်ကြည့်ကာ ...

"ဘာလဲ ... ဘာကိစ္စလဲ"

သူ့စိတ်ထဲမှာ ဒုန်းခနဲ ဒိုင်းခနဲ ငြိသွားခြင်းဟာ တုတုရဲ့ အဲဒီလိုမျိုး ခပ်စွာစွာ pose လေးတွေကြောင့်ပဲ ဖြစ်မည်ထင်သည်။ ထိမထင့် စွာတေးလန် အထာလေးကိုပဲ သူကတွေ့ရတာကြောင့် တုတုရဲ့ ခပ်တင်းတင်း အပြောကို ကျေနပ်စွာ ပြုံးလိုက်ရင်း ပြောလိုက်သည်။

"ဘာကိစ္စလဲဆိုတော့ တုတုနဲ့ ကန်တင်းတူတူ ထိုင်ချင်လို့ပါ"

"ဘာ"

"ဟုတ်တယ်လေ။ ကိုယ် propose လုပ်ထားတဲ့ ကောင်မလေးကို ပိုးပန်းရမှာ officially လူပျိုတွေရဲ့ ဝတ္တရားပဲလေ"





သူက ပြောနေရင်းက တုတုရဲ့ဘေးနားက ဥဥကို သတိထားမိသွားသည်။ ဥဥက မျက်ရည်ဝဲနေသလားလို့။ သူသတိထားမိတာကို ဥဥကလည်း သတိထားမိသွားတဲ့ဟန်ဖြင့် သူနှင့် အကြည့်ချင်း ဆုံပြီးမှ မြန်းဆို မျက်လုံးအသာလွှဲလိုက်ရင်း ...

"တုတု ... ကန်တင်းသွားချင်တယ်ဆို သွားလေ"

"အယ် ... မသွားပါဘူး။ Library သွားမလို့ဟာ။ လာ... လာ ... သွားမယ်"

"ဟို ... အဲဒါဆို လိုက်ခဲ့မယ်လေ"

"ဒီမှာ ... ဘာဖြစ်နေတာလဲ။ ဒါ ငါ့အစ်မနော်။ နည်းနည်းလည်း အားနာဦး။ လာ ... ဥဥ ... သွားမယ်"

တုတုက သူမရဲ့အစ်မဖြစ်သူလက်ကို ဆွဲကာ သူ့ကို ခေါက်၍ ထွက်သွားလေသည်။ ခေါင်က အေးတိအေးစက်ဖြင့် လှုပ်တလှုပ် ဖြစ်နေကာ တစ်မျိုးဖြစ်နေသော ဥဥ အကြောင်းကို တွေးမိသွားလေသည်။

ဖွေးဥဥ ဘာလို့ မျက်ရည်ဝဲသွားတာလဲ။ အဲဒီအတွေးကြောင့် သူ့စိတ်ထဲမှာ လေးလံသလိုမျိုးကြီး ခံစားသွားရလေသည်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



Romantic ဆန်ရမယ့် အသက်အရွယ်မို့ ခေါင်က သူကြိုက်နေသော ကောင်မလေးအတွက် Romantic ဆန်စွာသော နည်းလမ်းကို ကြိုတွေးကာ စဉ်းစားထားပြီး ဖြစ်လေသည်။ စဉ်းစားထားတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ရာအတွက် ခေါင်က ဒီနေ့ အတန်းတက်ချိန်မှာ သူ့ဘော်ဒါတွေနဲ့အတူ တုတုရဲ့ စားပွဲနောက်မှာ ဝင်ထိုင်ရင်း class တက်တာဖြစ်သည်။

အနောက်ကနေ သူက "တုတု"ဆိုပြီး ခပ်တိုးတိုး ခေါ်နေတာကြောင့် တုတု တစ်ယောက် စာသင်ရတာ စိတ်က မဖြောင့်ချေ။ ခေါင်က အကွက်ကောင်းကို စောင့်နေကာ တုတု သူ့အစ်မဘက် လှည့်စကားပြောချိန်မှာ ခေါင်က တုတု စားပွဲဘက်ကိုကျော်၍ ယူလာတဲ့ ချောကလက်ဘူးလေးကို တုတုစာအုပ်ပေါ်သို့ တင်ပေးထားလိုက်ကာ ခေါင်က မသိသလို မှင်နှင့် နေ နေလိုက်သည်။ သူ့ရဲ့လုပ်ရပ်ဟာ တုတုအတွက် Romantic ဖြစ်မယ်ဆိုတာသူက ကြိုတွက်ထားပြီးမို့ တုတု လှည့်အကြည့်ကို စောင့်နေတာဖြစ်သည်။

"သားကြီး ... သားကြီး ... မင်းကို ရှိုးနေတယ်"





ထက်နိုင်က သူ့ကို မကြားတကြား လှမ်းပြောတာမို့ ခေါင်က အပြုံးတစ်ခုဖြင့် သူ့ကို လှည့်ကြည့်လေသော တုတုကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း "Eat Me"လို့ အဆင်သင့် ရေးထားတဲ့ စာအုပ်လေးကို ထောင်ပြလိုက်သည်။ တုတု တစ်ယောက် မကြည်တဲ့ မျက်စောင်းတစ်ချက်ထိုးရင်း ရှေ့ပြန်လှည့်သွားသည်။ အဲဒါက ကောင်းတဲ့ အလားအလာ ဖြစ်တာကြောင့် ခေါင်က အလွန်ပျော် အပျော်လွန်လို့ သွားရလေသည်။

သူက အနောက်ကနေ တုတုကို သဘောတကျဖြင့် ကြည့်နေရင်းက တုတုဘေးက ဥဥကို သတိထားမိလို့သွား၏။ သူ ဒီတလော ဥဥကို သတိထားမိနေတာကြာပြီ။ ဥဥ တစ်ယောက် အခုတလော ငေးငေးငိုင်ငိုင် ဖြစ်နေတယ်။ အခုလည်း တုတု တစ်မျိုးသော မျက်ဝန်းတွေဖြင့် ငေးကြည့်နေတာကို သူ သတိထား မိသွားသည်။

"ဟေ့ကောင် ... ခေါင် ... အတန်းပြီးပြီဆိုတော့ ကန်တင်း လစ်မယ်လေ"

"အိုခေ ... သွားမယ်။ သွားမယ်။ မင်းတို့အတန်းပြင်က စောင့်နေကြ။ ငါ လာခဲ့မယ်"

ခေါင်က ဘော်ဒါတွေကို အပြင်မှာ တစ်ချက်စောင့် ခိုင်းထားလိုက်ပြီး အတန်းပြင် ထွက်ခါနီးမှာ တုတုဘေးသို့သွား လိုက်ရင်းက တုတုကို ချိန်းလိုက်သည်။

"တုတု ... ခဏနေရင် library နားက ကော်ရစ်တာမှာ တွေ့ရအောင်နော်။ တုတု ထမင်းစားပြီးသွားတဲ့အချိန် လောက်ပေါ့။ ကန်တင်း ခဏသွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တုတုက ဒီတစ်ခါမှာတော့ သူ့ရဲ့ချိန်းဆိုမှုအတွက် အသာတကြည်ပင် ခေါင်းညိတ်ပြသည်။ ခေါင်က ကျေနပ်ပျော်ရွှင်စွာဖြင့် အပြင်အထွက်မှာ ဥဥနဲ့ ဖြန်းခနဲ မျက်လုံးချင်းသွားဆုံတာမို့ ခေါင်က ပြုံးပြလိုက်လျှင် ဥဥက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြလိုက်သည်။ သူက ကျေနပ်ပေါ့ပါးစွာပင် အတန်းပြင် ထွက်လာလေလျှင်တော့ ဘော်ဒါတွေက သူ့ကို ပြုံးဖြီးဖြီး မျက်နှာတွေဖြင့် ကြည့်ကာ ...

"အဆင်တွေ ပြေနေတယ်ဟေ့။ ဘယ်အခြေအနေရောက်ပြီလဲ ဟေ့ကောင်"

"ဒီလို ကြိုးစားနေဆဲပါ သားကြီးရာ။ လာ ... ကန်တင်းဝင် မယ်"

ခေါင်က ဘော်ဒါတွေနဲ့ ကန်တင်းဘက် ထွက်လာခဲ့ရင်းက သူ့ဘော်ဒါတွေနဲ့ လမ်းမှာ လေကန်ရေးတွေ လုပ်လာတာဖြစ်သည်။

"ဟေ့ကောင် ... အဖြေတောင်းစရာရှိတာ မြန်မြန်တောင်းနော်။ မင်း ကောင်မလေးက ပိုင်းပိုင်းလည်နော်။ ဖွေးဥဥကော ဖွဲ့တုတုကောက နာမည်ကြီးတွေ"

"ဟုတ်တယ်ကွ။ ငါတို့က မင်း အစက ဥဥကို ကြိုက်နေတယ် ထင်တာ။ ပြီးတော့မှ မင်း direction က တုတုဆိုတာ ပေါက်တော့တယ်"

ခေါင်က အဲဒီအတွက် သဘောကျစွာ ပြုံးလိုက်ရင်းက ဖြေရှင်းချက် ပြန်ပေးလိုက်သည်။





"ဒါကတော့ တက်ကနစ်တွေလေ။ ဥဥနဲ့ တုတုက ဒီလောက် တပူးတတွဲတွဲ ရှိနေတာ။ တုတု ငါ့ကို စိတ်ဝင်စားလာအောင် ဒီလိုပဲ အာရုံလွှဲထားရတာပေါ့ကွ ... ဟား ဟား"

"မင်းကတော့ စံပါကွာ။ သင်တန်းမှာလည်း မင်းတို့ကို စိတ်ဝင်စားနေကြတာနော်"

"စိတ်ဝင်စားရမှာပေါ့ကွာ။ ငါပဲလေ"

ခေါင်က သိပ်မကြာခင်မှာ တုတုနဲ့ ချစ်သူတွေဖြစ်တော့မယ်ဆိုတာ ကြိုတင်တွက်ဆမိတာကြောင့် ပိုပျော်နေရသည်။ ပြီးတော့ ပိုပျော်ရတဲ့ အကြောင်းရင်းကတော့ ဖေဖေရဲ့သဘောတူမှုပါရခဲ့လို့ ဖြစ်သည်။ သူက တုတုဆီက အဖြေရဖို့ တက်ကနစ်တွေကို ကန်တင်းမှာ စဉ်းစားလာခဲ့ပြီး တုတုနဲ့ ချိန်းထားတဲ့ Library ထောင့်က ကော်ရစ်တာခုံတန်းမှာ သူက ကြိုတင်ရောက်လို့နေခဲ့သည်။ ဒီတစ်ခါမှာတော့ တုတုက လိမ္မာစွာပင် တစ်ယောက်တည်း ရောက်လို့လာလေ၏။

"ကဲ ... ဘာကိစ္စရှိလို့လဲ"

"ထိုင်ပါဦး တုတုရဲ့။ စကားအေးဆေး ပြောချင်လို့ဟာ"

"ဘာလဲ ... နင် အဖြေတောင်းမလို့မှလား။ sorry ပဲ၊ စိတ်မပါဘူး"

ခေါင်က အကန်တွေကို တမင်တကာ ပြောနေဟန်လေးကိုက ချစ်စဖွယ် ကောင်းလှတာကြောင့် သဘောတကျပြုံးလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အဖြေက တောင်းပါတယ်။ ဒါပေမဲ့ ခုလောလောဆယ် မတောင်းသေးပါဘူး။ တုတုကို စကားပြောစရာရှိလို့"

"ဘာကိစ္စတုံး"

"အမ် ... ဩော် ... ဒီလိုလေ။ နောက်တစ်ပါတ်ကျရင် သူငယ်ချင်းတွေ အပြင်လျှောက်လည်ကြမလားလို့။ အဲဒါ တုတု လိုက်ခဲ့ဖို့ ဖိတ်ချင်လို့"

"မလိုက်ချင်ပါဘူး"

"လိုက်ခဲ့စေချင်တာပါ တုတုရဲ့။ အဲဒီတော့ ပိုပြီးလည်း ရင်းနှီးမှုရတာပေါ့။ ဥဥကိုပါ ခေါ်ခဲ့လေ။ သန္တာတို့ ချိုလဲ့ တို့ပါ, ပါမှာ"

ခေါင်က သူ့ Plan ကို ပြောပြအပြီးမှာတော့ တုတု က သူ့ကို တစ်ချက်ကြည့်လိုက်ရင်း ...

"မလိုက်ချင်ဘူး။ ပြောချင်တာ ဒါပဲမလား၊ သွားမယ်"

တုတုက လှည့်ထွက်မယ် အလုပ်မှာ ခေါင်က တုတုကို ရှေ့မှကာဆီးပိတ်ရပ်လိုက်ရင်း တားလိုက်သည်။ တုတု က အလိုမကျစွာဖြင့် သူ့ကို ရှုတည်တည်ကြည့်လိုက်လျှင် သူက တုတုမပြောခင် ဦးအောင် အရင်ပြောလိုက်သည်။

"ဒေါသတွေ သိပ်မကြီးပါနဲ့ တုတုရယ်။ ဟဲ ဟဲ ... ငါက တစ်ခွန်းပြောဖို့ ကျန်သွားလို့။ နင် ငါ့ကို မြန်မြန်လေး အဖြေပြန်ပေးပါလို့။ တာ့တာ ... ညမှ ဖုန်းဆက်လိုက် မယ်"





ခေါင်က ပြောချင်တာ ပြောခွင့်ရခဲ့ပြီမို့ ခပ်သွက် သွက်လေး တုတုအရှေ့က ပြေးထွက်လာခဲ့သည်။ အခုတလော မှာ သူ့ သိပ်သိပ်ရွှင်မြူးရခြင်းဟာ အချစ်ရေးနှင့်လည်း အဓိက ပါဝင်ပတ်သက်နေပေသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



သားက အပေါ်ထပ်ကနေ သီချင်းလေး တညည်း ညည်းဖြင့် တက်ကြွရွှင်မြူးစွာ အောက်ထပ်သို့ ဆင်းလာလေလျှင် နေသွေးက အခြေအနေကို သိချင်တာကြောင့် သားကို မေးလိုက်တော့သည်။

"ဘယ်လိုလဲ သားရေ။ မင်းတို့ ချစ်သူတွေ ဖြစ်နေကြပြီလား"

"အား ... ဖေဖေက အထင်ကြီးလွန်းသွားပြီ။ အဲဒီလောက်ထိတော့ မတိုးတက်သေးပါဘူး ဖေဖေရ"

"ဟာ ... ငါ့သားဖြစ်ပြီး ညံ့တယ်ကွာ။ မင်း ကြိုက်တယ်ဆို ရအောင်လိုက်။ ဖေဖေ ဘာကူညီရမလဲ"

"အာ ဟာ ... ရတယ် ... ရတယ် ... ဖေဖေ။ ဖေဖေ့သားက လူညံ့မဟုတ်ပါဘူး။ ကိုယ့်အစွမ်းအစနဲ့ ချစ်သူထားနိုင်ပါတယ်။ အခုလည်း သူနဲ့ ဖုန်းသွားပြောလိုက်ဦးမယ်"

"ဟုတ်ပါပြီကွာ။ ဖေဖေ မင်းဘက်ကနော်"

"Yes ... Boss"





သားက ရွှင်မြူးတက်ကြွစွာ ခြံထဲဆင်းသွားတာကို သူက ကျေနပ်ပျော်ရွှင်စွာကြည့်ရင်း ငေးနေချိန်မှာ သူ့ရဲ့ဇနီးသည်နန္ဒာက သူ့ရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွ လာရောက်ဆုပ်ကိုင်ရင်း ...

"ကိုခန့် ... သားရဲ့နှလုံးသားကို ဘာဖြစ်လို့ ထိန်းချုပ်ထားချင်ရတာလဲ"

နန္ဒာ့မေးခွန်းကြောင့် နေသွေးက နန္ဒာ့ဘက်ကို လှည့်ကာ မသိတာလည်း မဟုတ်သော အဖြေစကားကိုပဲ ပြန်ဖြေပေးလိုက်သည်။

"ကိုယ်စီစဉ်နေတာကို မင်း ဘာမှဝင်မပြောနဲ့ နန္ဒာ။ ကိုယ့်ရဲ့စိတ်ကို နန္ဒာ သိနေတာပဲ။ လောကကြီးဟာ တရားမျှမျှတတ လည်ပတ်နေလို့ ကိုယ့်ကို အခွင့်အရေး ပြန်ပေးတာလေ"

"ဒါပေမဲ့ အဲဒီထဲမှာ ကျွန်မတို့သားလေးရဲ့ စိတ်ခံစားချက်တွေ ပါနေတယ်လေ"

"နန္ဒာရယ် ... ကိုယ်ကလည်း သားရဲ့အဖေပါ။ သူ့ခံစားချက်တွေကို လျစ်လျူမရှုလို့ တိုက်တွန်းနေတာလေ"

နေသွေးက ဟက်ဟက်ပက်ပက် အပြုံးတစ်ခုကို ပြုံးလိုက်ချိန်မှာတော့ နန္ဒာက စိတ်မသက်သာစွာသော သက်ပြင်းတစ်ခုဖြင့် သူ့ကို မေးခွန်းထုတ်လေ၏။

"ပွင့်ဝေတိုးကို အနိုင်ပြန်ယူဖို့ ကိုခန့်က ဘာတွေလုပ်မှာလဲ။ သားရင်နာရမယ့် အဖြစ်မျိုးဆို ကျွန်မလုံးဝလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူးနော်။ သားက အဲဒီမိန်းကလေးကို လူငယ် စိတ်နဲ့ ချစ်တဲ့အပေါ် ရှင် စိတ်ထင်တိုင်း မစီမံနဲ့နော်”

နန္ဒာ ဘာတွေစိုးရိမ်နေတယ်ဆိုတာ သူ သဘောပေါက်ပါသည်။ သူ့စိတ်ထဲက ဒဏ်ရာတွေအတွက် တစ်ထပ်တည်း ကုစားနိုင်လိမ့်မယ် နန္ဒာတွေးထားပုံရသည်။ နေ့သွေးက သူ့ရဲ့နားလည်ပေးတတ်သော ဇနီးသည်ကို နှစ်သိမ့်အားပေးသလို ပခုံးဖက်လိုက်ရင်းက ...

“မိန်းမရယ် ... မင်း ဘာတွေ တွေးနေတာလဲ။ ခေါင်လေးက ကိုယ့်သားပါ။ လောကမှာ ဘယ်အဖေကမှ သူ့သားရဲ့နှလုံးသားကို ထိခိုက်နာကျင်အောင် မလုပ်ဘူး။ မင်း သိပါတယ်ကွာ။ သားက ကိုယ့်ရဲ့ဘဝပါ။ သားကို တစ်စက်မှ ကိုယ် အထိမခံနိုင်ပါဘူး။ မင်း စိတ်ချစမ်းပါ”

“ဒါဖြင့်ရင် ကိုခန့်က ဘာလုပ်မှာလဲ။ ဘာတွေတွေးထားတာလဲ”

နန္ဒာရဲ့မေးခွန်းကိုတော့ သူက အပြုံးတစ်ခုဖြင့်သာ ပြန်လည်တုံ့ပြန်လိုက်ပါသည်။ ခွဲတုတုဆိုတဲ့ ကလေးမလေးက ပွင့်ဝေတိုးသမီး ဖြစ်နေတာကိုက သူ သိပ်ဝမ်းသာစေတဲ့အကြောင်းရင်းပဲ ဖြစ်စေသည်။

❖ ❋ ❖





တုတုရဲ့ရှေ့မှာထိုင်ကာ တုတုကိုပဲ တစိမ့်စိမ့်ထိုင်ကြည့်နေတာမို့ တုတုက နေရထိုင်ရတာ တကယ်ပဲ ချွေးပျံလာသလိုရှိသည်။ ဒီနေ့တော့ဖြင့် အပြင်မှာ တွေ့ခွင့်ပေးပါဟု တောင်းလွန်းမက တောင်းဆိုလွန်းနေသော အခါမှာတော့ တုတုမှာ သူ့ကို တွေ့ခွင့်ပေးလိုက်ရတော့၏။ နောက်ပြီး ဒီနေ့က သင်တန်းပိတ်ရက်လည်း ဖြစ်နေတာကြောင့် တုတုမှာ ဥဥကို အကျိုးအကြောင်း ရှင်းပြကာ လိုက်ပို့ခိုင်းရတာဖြစ်ပြီး ချစ်ဖို့ကောင်းစွာသော ဥဥက ကားပေါ်မှာသာ ထိုင်စောင့်နေ၏။

တုတုနှင့် ခေါင်ရဲရန် နှစ်ယောက်တည်း ဆိုင်မှာ ထိုင်နေတာ ဆယ်မိနစ်ရှိပြီ ဖြစ်သော်လည်း သူ့ဆီက ဘာစကားမှ ထွက်မလာသေးတာကြောင့် တုတုကပဲ စိတ်က မရှည်တော့မှာဖြင့် ဘုတောလိုက်ရတော့သည်။

“ခေါင်ရဲရန် ... ငါ အချိန်သိပ်မရဘူးနော်။ ဘာမှပြောစရာစကား မရှိဘူး ဆိုရင်တော့ ငါ ပြန်တော့မယ်”

“အာ ... ခဏ ... ခဏလေးပါ တုတုရဲ့။ စကားမစပ်လေ ဒီနေ့ နင် အရမ်းလှတာပဲ သိလား”

www.burmeseclassic.com

www.burmeseclassic.com



တုတုက အဲဒီစကားကြောင့် ပြုံးစိစိတော့ ဖြစ်သွားရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီနေ့ ဝတ်လာတာက ဥဥနဲ့လဲထားတဲ့ လိမ္မော်ရောင်ဂါဝန်လေးပဲဖြစ်သည်။ တုတုက အမြင်ကတ်စရာကောင်းစွာ တစ်ခါတစ်ရံတွင်လည်း တစ်မျိုးလေး ခံစားရစေသော ခေါင်ရဲရန်ကို ထုံးစံအတိုင်း မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း ...

“နင်နော် ... ဘာတွေပြောနေတာလဲ”

“ဩော် ... အမှန်တွေ ပြောနေတာပေါ့။ ဒီနေ့လိုမျိုး အပြင်မှာ Date လုပ်ခွင့်ရတော့ စိတ်ထဲမှာ အရမ်းကို ပျော်နေမိတာ”

“ဟော့ ... ဟော့ ... စကားကို ပြင်ပြောလိုက်။ ဘာ Date လဲ။ နင်နဲ့ငါ ဘာမှမဆိုင်ဘူးနော်”

“အဲဒါကြောင့် ဆိုင်ချင်နေတာလေ။ တုတုရယ် ... အဖြေက ပေးသင့်နေပါပြီဟာ”

တုတုက လူတွေ့ရင် အဲဒီလိုပဲ တဂျီဂျီ အဖြေတောင်းတတ်တဲ့ ခေါင်ရဲရန်ကို အဲဒါကြောင့်မို့လည်း အဖြေက မပေးဖြစ်တာဖြစ်သည်။ ပုံစံက နဂိုကတည်းက အမြင်ကတ်ချင်နေတာ ဖြစ်တာကြောင့် သူ့ကို ဘုဆတ်ဆတ်လေး ပြောပစ်လိုက်တော့သည်။

“ဘာမှ အဖြေလာတောင်းမနေနဲ့။ ပေးစရာ ဘာမှ မရှိဘူး”





“အဲဒီလိုတော့ မပလစ်လိုက်ပါနဲ့ တုတုရယ်။ ကိုယ်တို့က အချစ်ရေးကို ဦးစားပေး စဉ်းစားရမယ့် အသက်အရွယ် Fresher လေးတွေပါ”

“ဘာမှလာပြီး မ fresher နဲ့။ နင် တွေ့ပါရစေ တဂျီဂျီ ပြောနေလို့ ငါအားနာလို့ လာတွေ့တာ။ အချစ်ရေးဆွေးနွေးဖို့ မဟုတ်ဘူး။ ငါက မိဘတွေရဲ့စကားကိုပဲ နားထောင်တာ။ အဲဒီတော့ နောက်ဆုတ်ပြီး ကျောင်းလိုက်တော့ ...

အဲဒါ နင့်ကို လာပြောတာ”

“အင်း”

ခေါင်ရဲ့ အင်းက အပြုံးဖြင့် အင်း–တာကြောင့် တုတုက ကြောင်အမ်းအမ်းတောင် ဖြစ်သွားရသည်။ ဘယ်လိုကောင်လေးမှန်းကို မသိချေ။ တုတုက အကန်တွေပြောလည်း ပြုံးနေတတ်တာကိုက သူ့စတိုင်လ်လား၊ ခန္တီပါရမီလား ဘာမှန်းကို မသိပါချေ။

“စိတ်ချပါ တုတုရဲ့။ ကိုယ်က တုတု အချစ်ကိုရအောင် ကြိုးစားမယ့်သူ”

တုတုက ဘာပြောပြော အမှတ်မရှိတဲ့အထာ ခင်းနေတဲ့ ခေါင်ရဲရန်ကို တုတုက ဘာကြောင့်မှန်းမသိ မျက်စောင်းတစ်ချက် ထပ်ထိုးလိုက်မိလိုက်သည်။ စိတ်ထဲမှာ သူ့ကိုချစ်နေတယ်ရယ်တော့ မဟုတ်သေးပေမယ့် တုတုရဲ့စိတ်ခံစားချက်ထဲမှာ သူ ရောက်နေပြီဆိုတာတော့ တုတု သိသည်။ တုတုက သူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တွေ့အပြီးမှာတော့ ကားပေါ်မှာ စောင့်နေတဲ့ ဉဉဆီအသွားမှာ ဉဉက မေးခွန်းထုတ်လာလေ၏။

"ဘယ်လိုလဲ တုတု။ နင်တို့ ချစ်သူတွေ ဖြစ်သွားကြပြီလား"

ဉဉ မေးခွန်းက လူကို ရှိန်းတိန်းတိန်းတောင် ဖြစ်သွားစေတာမို့ တုတုက ရှက်ရယ် တစ်ချက်ရယ်လိုက်ရင်း ...

"အယ် ... ဉဉကလည်း မဖြစ်ပါဘူး။ ဘာလို့ အဲလိုထင်ရတာလဲ"

"မသိဘူးလေ။ နင်က အရင်တုန်းကဆို အမြင်ကတ်နေတာလေ။ အခု အမြင်ကတ်တယ် ပြောသံမကြားတော့ ချစ်မျှားသွားကြပြီလားလို့"

"မဟုတ်ပါဘူး။ ဉဉနော် ... ဘာတွေ မေးနေမှန်း မသိဘူး"

"ကဲ ... ကဲ ... အဲဒါဆိုလည်း ပြန်ပါတော့မယ်ရှင်။ အိမ်ပဲပြန်မှာနော်"

"အင်း"

တုတုက ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် ဉဉက ကားစက်နှိုးကာ မောင်းထွက်လာခဲ့တော့သည်။ ကားထဲက သီချင်းသံပျံ့လွင့်မှုက တုတုရဲ့ရင်ထဲသို့ စာသားတွေ တစ်လုံးချင်းပစ်လို့ ဝင်လာလေသည်။

"ကြယ်စင်တွေ xxx ရွှေးဆွတ်ပြီးပေးဖို့ xxx မလိုပါဘူး xxx မင်းရှိရင် ပြီးပြီ xxx ဒီကမ္ဘာမှာ xxx မင်းအချစ်ကလွဲပြီး xxx





ကျန်တာမလိုချင်တော့ပြီ xxx ပုံပြင်တွေထဲကလောက်ချစ်ဖို့ xxx မမျှော်လင့်ဘူး xxx လက်တွေ့ဘဝထဲမှာ xxx လိုနေချိန် အနားနား မင်းရှိရင် xxx တို့ဘဝ ပြည့်စုံပါပြီ"

ဟုတ်လား ...။

တုတုလည်း သီချင်းထဲက စာသားတွေလိုမျိုး ခေါင်းရဲ့ရန် အပေါ် ညွတ်ကျနေခဲ့ပြီလား။ အချစ်ဟာ တကယ်ပဲ ဆန်းကြယ်တာဖြစ်သည်။ တုတုအတွက် မျှော်လင့်မထားဘွာ ရရှိသော Propose အတွက် တုံ့ပြန်မှုတစ်ခုကို တုတု ကိုယ်တိုင်လည်း ဆုံးခွဲရခက်နေတာဖြစ်သည်။

သိနေတာ တစ်ခုကတော့ အချစ်ဆိုတာ အခန့်မသင့်ရင် အမုန်းကိုတောင် အချစ်ပြောင်းနိုင်တယ် ဆိုတာပဲ ဖြစ်သည်။

❖ ❋ ❖

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ဘယ်လို သား၊ ဘာဖြစ်တယ်"

နေသွေးက သားရဲ့စကားကို နားကြားများလွဲ
သလားဟု သူ့ကိုယ်သူတောင် သံသယဖြစ်မိတာကြောင့် နောက်
တစ်ခါထပ်မေးရလေလျှင် သူ ကြားလိုက်တာ လုံးဝမလွဲကြောင်း
တိကျစွာဖြင့်ပင် သားက နောက်တစ်ခါ အတိအကျ ထပ်ပြော
လေသည်။

"ဟုတ်တယ် ဖေဖေရ။ တုတုဆီက အဖြေရဖို့အတွက်
ဖေဖေတို့ အကူအညီ လိုအပ်လာပြီ။ တုတုက လူကြီးတွေ
ကို လာမြန်းခိုင်းတယ်"

"သေချာလို့လား သားရယ်။ သားနဲ့ အဲဒီကောင်မလေး
ချစ်သူတွေလည်း မဟုတ်ကြသေးဘဲနဲ့။ သူက ဘယ်
ပြောလို့လဲ"

နန္ဒာက စိုးထိတ်နေလွန်းစွာ မေးခွန်းထုတ်လေလျှင်
သားက တက်တက်ကြွကြွပင် ပြန်ဖြေလေ၏။

"သေချာပါတယ် မေမေရ။ တုတုက လူကြီးမိဘတွေစကား
ကိုပဲ နားထောင်မယ်တဲ့။ အဲဒါ သားကို တစ်ဖက်လှည့်





ပြောလိုက်တာလေ။ ဒီခေတ်ထဲမှာ ဒီလောက် အရိုပ်ပြတာ
တောင် အကောင်းမမြင်တတ်ရင် သားက လူညံ့ဖြစ်မှာပေါ့ ...

ဖေဖေနဲ့ မေမေ သားကို လိုက်တောင်းပေးမယ်
မဟုတ်လားဟင်"

သားက သူ့ကိုတစ်လှည့် အမေဖြစ်သူကိုတစ်လှည့်
ကြည့်ရင်းက မျှော်လင့်တကြီး မေးလေလျှင် နေသွေးက ပြန်ဖြေ
ဖို့အတွက် အနည်းငယ်တော့ စဉ်းစားသွားရသည်။ သူ စဉ်းစား
တာက တခြားတော့ မဟုတ်။ သားကို အခုချိန်မှာ မိန်းမသွား
တောင်းပေးလိုက်လျှင် ဖွဲတုတုရဲ့မိခင်က သူ့ကိုသားရဲ့အဖေအဖြစ်
တွေ့တော့မည်။ အဲဒီအခါမှာ သေချာပေါက်ကို အဆူပွဲတစ်ပွဲဖြစ်
မယ်ဆိုတာ သူ ကြိုသိနေတာကြောင့် တစ်ချက်တော့တွေးရသည်။
သူ့ရဲ့စီမံကိန်းက ဘယ်လိုမှ အလွဲမခံနိုင်ပေ။ ဒါပေမဲ့ ပွင့်ဝေတိုး
ထွက်ခတ်သွားတာကိုလည်း မြင်စေချင်သည်။ ပွင့်ဝေတိုးရဲ့ငြင်း
ခုန်မှုမှာ သားက ထုတ်လာမယ့် မေးခွန်းတွေ ရှိသေးသည်။
နေသွေးက အသေအချာ အလေးအနက် တွေးနေစဉ်မှာ သားက
သူ့လက်မောင်းကို ဆုပ်ကိုင်လာရင်း ...

"ဖေဖေ ... လိုက်တောင်းပေးမှာမှုလားဟင်"

သားရဲ့ ဒုတိယအကြိမ်မြောက် မေးခွန်းအတွက်
နေသွေးက သားမျက်နှာကို ငေးကြည့်မိသွားသည်။ သားပုံစံက
အတော်လေးကို မျှော်လင့်ထားတဲ့ဟန် ဖြစ်နေတာကြောင့် နေသွေး
က အခိုင်အမာ ဆုံးဖြတ်ချက်ချလိုက်ရင်း သားကိုတော့ စကား
ကြိုခံထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလိုချင်တာကို ဖေဖေက ဖြစ်အောင်လုပ်ပေးရမှာပေါ့။ တစ်ခုတော့ရှိတယ် သား။ အကြောင်းကြောင်းကြောင့် တစ်စုံတစ်ခု အထစ်အငေါ့ရှိခဲ့တယ်ဆိုရင် သား စိတ်ဓာတ်ကျဖို့မလိုဘူး။ မကျပါဘူးလို့လည်း သားဘက်က အသေအချာ ကတိပေးရမယ်။ ဘယ်လိုလဲ။ U promise ?"

သူ့မေးခွန်းအတွက် သားက သူ့ကို လေ့လာအကဲခတ်သော မျက်ဝန်းဖြင့် ကြည့်သည်။ ပြီးတော့မှ သူ့ကိုယုံကြည်စွာဖြင့် ခေါင်းညိတ်ပြရင်း ...

"ပေးတယ် ဖေဖေ။ သားအတွက် ဖေဖေက အမြဲလိုချင်တာ ဖြည့်ဆည်းပေးနိုင်တယ်ဆိုတာ သား ယုံတယ်"

"Ok ... ဟုတ်ပြီ။ ဒါဆို အဆင်ပြေပြီပေါ့ကွာ။ အဲဒီတော့ သား မနက်ဖြန် သွားကြမယ်။ ဆပ်ပ်ပရိုက်စ်သွားမယ်နော်။ ဖေဖေတို့က လူကြီးတွေအနေနဲ့ စကားသွားပြောမှာဖြစ်တဲ့အတွက် တစ်ဖက်မိဘတွေဆီက ခွင့်ပြုချက်ကို အိမ်တိုင်ရာရောက် သွားတောင်းတဲ့ သဘောပဲ။ မနက်ဖြန် သားကောင်မလေးရှိလား ဆိုတာသာ အစ်မေးကြည့်။ သူ့ကို ကြိုမပြောထားနဲ့။ ဟုတ်ပြီလား"

"ဟား ... ဖေဖေနဲ့ သားက idea သိပ်တူတာပဲ။ သားက လည်း တုတုဆိ surprise သွားချင်တာ။ စိတ်ချ ... ဖေဖေ။ ဒီလောက်ကတော့ သား စကားအစ်တတ်ပါတယ်။ အဲဒါဆို အခုပဲ ဖုန်းသွားပြောကြည့်လိုက်မယ်နော်"





သားက အရမ်းကို ပျော်ရွှင်တက်ကြွနေစွာဖြင့် ဖီစဉ်တော့တာမို့ နေသွေးက သားကို ခွင့်ပြုပေးတဲ့ သဘောဖြင့် ခေါင်းညိတ်ပြလိုက်လျှင် သားက ပျော်ရွှင်တက်ကြွစွာ ထွက်သွားသည်။ သားအတွက်မှာ သူ့ကို စိုးရိမ်တကြီး မေးခွန်းတွေ ထုတ်လာတာကတော့ သားရဲ့အမေပဲ ဖြစ်လေသည်။

"ကိုခန့် ... ရှင် ဘာတွေစီစဉ်နေတာလဲ။ မနက်ဖြန် သားကို မိန်းမ တကယ်ပဲ သွားတောင်းပေးတော့မှာလားဟင်"

နန္ဒာရဲ့မေးခွန်းတွေအတွက် သူက ချစ်ဇနီးကို ခွဲ့ဖွဖွဖက်လိုက်ရင်းက ပြန်လည်ဖြေပေးလိုက်သည်။

"ဘာတွေများ ဒီလောက်ထိ ပူပန်နေရတာလဲ မိန်းမရယ်။ မင်းကော ငါကော သားကို သိပ်ချစ်ကြတာလေ။ သားလေးပူဆာတာကို ဖြစ်အောင်လုပ်ပေးရမှာ မိဘဝတ္တရားလေ"

"ဒါပေမဲ့ ... ဟိုဘက်က ..."

"ဘာမှ စိတ်ပူမနေနဲ့။ ကိုယ့်သားအတွက် ပြီးတော့ လွန်ခဲ့တဲ့အတိတ်က အကြွေးတွေအတွက် ကိုယ် စဉ်းစားထားပြီးသားပါ။ မင်းက ကိုယ့်ဇနီး၊ သားရဲ့အမေအဖြစ်ပဲ ခန့်ခန့်ထည်ထည် ရှိဖို့ပဲ။ စိတ်ပူမနေစမ်းပါနဲ့ နန္ဒာရယ်"

နန္ဒာက သူ့ကို စိတ်မောလူမောဖြင့် မသက်မသာ အက်ပြင်းတစ်ချက်ဖြင့် ကြည့်လေသည်။ သူ့ဇနီး ဘာတွေစိုးရိမ်နေလဲ သူ သိသည်။ အဲဒီစိတ်ပူမှုတွေအတွက် နေသွေးက ကြိုတွေးထားပြီးသားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် သားရဲ့မိန်းကလေးကိုတောင်းဖို့ သူက ခန့်ညားထည်ဝါသော ဖခင်မေတ္တာဖြင့် တစ်ဖက်အိမ်ကို သေချာပေါက် အရောက်သွားမှာဖြစ်သည်။

❖ ❋ ❖





ဥဥက အမြတ်တနိုး စိုက်ပျိုးထားတဲ့ သစ်ခွအိုးတွေကို ရေအသာဖျန်းပေးကာ ဂရုစိုက်ပေးနေတာဖြစ်သည်။ ပန်းဆိုတာမျိုးက နူးနူးညံ့ညံ့ ယုယုယယ ပြုစုလေ အပွင့်အခွင့်ကောင်းလေမို့ ဥဥက ကိုယ့်ရဲ့ဝါသနာပါသော စိတ်တို့ဖြင့် ဂရုစိုက်နေရတာပဲဖြစ်သည်။

"တီ ... တီ ... တီ"

ခြံရှေ့က ကားဟွန်းတီးသံ ကြားတာကြောင့် ဥဥက ခြံအပြင်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ဦးဖိုးချွန်က ခြံအဝကနေ မေးနေတာကြောင့် ဥဥက ကြည့်ရုံသာ လှမ်းကြည့်လိုက်ရင်း ပန်းတွေကိုသာ ဂရုစိုက်နေလိုက်သည်။

"မမလေး ... ဒီမှာ ဧည့်သည်"

ဦးဖိုးချွန်က လှမ်းခေါ်တာကြောင့် ဥဥက ပန်းခြံထဲက ထွက်လာရင်းက ဦးဖိုးချွန်ဆီး ရောက်လာကာ ...

"ဘာဖြစ်လို့လဲ ဦးဖိုးချွန်။ ဘယ်သူလဲ"

"ဥဥ ... ငါပါ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲက လှမ်းပြောသံကြောင့် ဥဥက ကြည့်လိုက်မိလျှင် လုံးဝထင်မှတ်မထားတဲ့သူကို တွေ့လိုက်ရတာမို့ တကယ်ပဲ အံ့အားသင့်သွားရလေသည်။

“ခေါင် ... ခေါင်ရဲရန်”

ခေါင်ရဲရန်က ကားပေါ်က ဆင်းလာကာ ဥဥဘေးရောက်လို့လာသည်။ သူ့ပုံစံက ပုဆိုးနဲ့တိုက်ပုံဝတ်ထားတာကြောင့် ဥဥက နားမလည်စွာ အကဲခတ်နေတုန်းမှာ ခေါင်ရဲရန်က လာရင်းကိစ္စကို ပြောတော့သည်။

“ဟုတ်တယ် ဥဥ။ ဒီကိုလာတာ တုတုကို လာမြန်းတာပါ။ ဒီမှာ ငါ့မိဘတွေလည်း ပါတယ်”

ခေါင်ရဲရန် စကားကြောင့် ဥဥရဲ့နားထဲ စူးခနဲ ဝင်ရောက်လာသော အသံတစ်ခုလို အဲဒီစကားလုံးတွေက အူတက်သွားရကာ ဥဥက မယုံနိုင်စွာ ကားထဲကြည့်လိုက်လျှင် တကယ်ပဲ ခေါင်ရဲရန်ရဲ့မိဘတွေ ပါလာတာပဲဖြစ်သည်။ လူကြီးတွေကိုပါ အတည်အတံ့ ခေါ်လာတာကြောင့် ဥဥက ဘာလုပ်လို့ ဘာကိုင်ရမှန်းလဲ မသိတော့စွာဖြင့် ဦးဖိုးချွန်ကို ခြံတံခါးဖွင့်ခိုင်းလိုက်ရင်းက ...

“တုတုလည်း ဘာမှပြောမထားဘူး။ ဒီကိစ္စ တုတုသိရဲ့လား”

“သူ့သဘောတူမှုရအောင် လာတာလေ။ အိမ်မှာလူကြီးတွေရှိတယ်မှလား”





“သြော် ... အင်း ... အင်း ... ရှိတယ်။ ရှိပါတယ်။ ခြံထဲဝင်လေ”

ခေါင်ရဲရန်က ကားပေါ်ပြန်တက်လိုက်လျှင် သူတို့ရဲ့ Lexus ကားအမည်းကြီးက ဥဥတို့ရဲ့ခြံထဲကို ဝင်လို့လာ၏။ ဥဥက အနောက်က ဝင်လိုက်လာရင်း ဧည့်သည်တွေကို အိမ်ထဲဖိတ်ခေါ်ရတော့သည်။

“ဟို ... လာကြပါရှင့်။ အိမ်ထဲဝင်ကြပါ”

“ဥဥ ... ဒါ ငါ့ဖေဖေနဲ့ မေမေလေ။ ဖေဖေ ... မေမေ သူက တုတုရဲ့ အစ်မလေ။ မွေးဥဥတဲ့”

ခေါင်ရဲရန်ရဲ့ မိတ်ဆက်ပေးမှုကြောင့် ဥဥက လူကြီးတွေကို အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။ ခေါင်ရဲရန်ရဲ့အဖေကော အမေပါ အင်မတန်ခန့်ညားကျက်သရေရှိလှကာ အသက်အရွယ်ကတော့ မေမေတို့နဲ့ရွယ်တူ လေးဆယ်ကျော်တန်းလောက်ပဲဖြစ်လိမ့်မည်။

လူကြီးတွေကိုပါ ဥဥတို့အိမ် လာတယ်ဆိုတဲ့ အခါမှာတော့ ဥဥက Respect တစ်ခုထားကာ အိမ်ရဲ့ဧည့်ခန်းတွင်းသို့ ဖိတ်မန္တက ပြုရတော့သည်။

“တွေ့ရတာ ဝမ်းသာပါတယ်ရှင့်။ ဧည့်ခန်းထဲ ကြွကြပါ။ ခဏလေး ထိုင်ပါဦးနော်။ မေမေနဲ့ တုတုကို သမီး သွားခေါ်လိုက်ပါဦးမယ်။ ဒေါ်လေးကစ်ရေ ... ဧည့်သည်တွေအတွက် တစ်ခုခု စီစဉ်ပေးပါဦး။ ခဏလေးပါနော်”

www.burmeseclassic.com

www.burmeseclassic.com



ဥဥက တစ်ယောက်တည်း ပျာယာတွေခတ်ကာ ဧည့်သည်တွေကို ထိုင်စောင့်ခိုင်းရင်း အပေါ်ထပ်သို့ အပြေးတက်ရတော့သည်။

"မေမေ ... မေမေရေ။ တုတု ... ဟဲ့ တုတု"

"ဝေး ... ဘာလဲ သမီးရေ။ ဒီမှာ ... လာခဲ့"

ဥဥက အပေါ်ထပ် ဧည့်ခန်းထဲ အပြေးဝင်သွားလျှင် lap top တစ်လုံးဖြင့် အလုပ်လုပ်နေသော မေမေနှင့် ဆိုဖာပေါ်မှာလှဲနေကာ နားထဲ earphone ထည့်ကာ သီချင်းနားထောင်နေသော တုတုကို တွေ့ရတာမို့ ဥဥက တုတုရဲ့လက်မောင်းကို ဖျတ်ခနဲရိုက်လိုက်ရင်းက မေမေ့ကိုကော တုတုကိုပါ ပြောလိုက်တော့သည်။

"မေမေ ... အောက်မှာ ဧည့်သည် ရောက်နေတယ်။ တုတုကို မြန်းဖို့တဲ့"

"ဘာ ... ငါ့ကို"

"ဘယ်လို ... ဘယ်လို သမီး။ ဘာဖြစ်တယ်"

မေမေနဲ့ တုတုရဲ့ ထိတ်လန့်အံ့ဩမှုတို့ကြောင့် ဥဥက ခေါင်းတစ်ချက်ညိတ်ပြရင်းက ...

"ဟုတ်တယ်။ အောက်မှာ ခေါင်ရဲရန့်တို့ ရောက်နေတယ်။ သူ့မိဘတွေပါ, ပါတယ်"

"ဟ ... ဘာလဲ။ ဘာကိစ္စရှိလို့လဲ။ ငါ မသိဘူး"

"တုတု ... အဲဒါ ဘာတွေလဲ"





မေမေက ဒေါသတကြီးလေသံဖြင့် တုတုဘက်ကို မေးခွန်းထုတ်လာပြီမို့ တုတုက မေမေ့ကို အသည်းအသန်ခေါင်းခါလိုက်ရင်း ရှင်းချက်ထုတ်တော့သည်။

"မ ... မသိဘူး မေမေ။ သမီး သူတို့ကို မခေါ်ပါဘူး"

"အဲဒါ နင့်ရည်းစားမို့လို့ နင့်ကိုတောင်းဖို့ရောက်လာတော့တာမို့။ နင် ဘာတွေ ရှုပ်ထားတာလဲ တုတုရယ်။ နင့်အဖေသိရင် ဘယ်လိုလုပ်မလဲ"

"အဲဒါ သမီးရည်းစား မဟုတ်သေးပါဘူး။ ဥဥ ရှင်းဦးလေ။ ဘာလုပ်နေတာလဲ"

တုတုက သူ ရှင်းလို့မနိုင်တဲ့ ဇာတ်အတွက် ဥဥရဲ့ လက်မောင်းကို တွန်းထိုးရင်း စစ်ကူတောင်းတော့တာကြောင့် ဥဥကပဲ ကြားဝင်ရကာ ...

"ဟုတ် ... ဟုတ်ပါတယ် မေမေရယ်။ အခုလောလောဆယ်ကလေ အောက်မှာ တကယ်ပဲ ဧည့်သည်တွေကရောက်နေပြီ။ ဒီကိစ္စ ဖေဖေသိရင် တအားစိတ်ဆိုးမှာ။ ဖေဖေ အလုပ်က ပြန်မလာခင် မေမေ ဒီပြဿနာ ရှင်းထားမှဖြစ်မှာလေ။ ဧည့်သည်တွေကို မေမေ တွေ့လိုက်ပါနော်"

"တောက် ... နင့်ရည်းစား တကယ် မဟုတ်ဘူးနော် ဖွဲတုတု"

"မဟုတ်ပါဘူး မေမေကလည်း။ သမီးက ကိုယ့်ကိုယ်ကိုတောင်းနိုင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး … နင်ပါဆင်းခဲ့။ မဟုတ်လို့ကတော့ကွာ"

မေမေက ဒေါကြီးမောကြီးဖြင့် အောက်ထပ်ကိုဆင်းဖို့ထွက်လျှင် ဉဉက မေမေ့နောက်ကို အပြေးလိုက်ရတော့သည်။ ခေါင်ရဲရန် ဘာတွေလုပ်လိုက်တာလဲ။

❖ ❋ ❖





အောက်ထပ်ဧည့်ခန်းထဲက သမီးတောင်းဧည့်သည်တွေကို တွေ့ဆုံဖို့အတွက် တိုးက ခပ်သွက်သွက်ပင် အောက်ကိုဆင်းလာကာ ဧည့်ခန်းထဲသို့ ဝင်လာလိုက်သည်။ ထိုင်နေတဲ့ဧည့်သည်တွေက တိုးကို လှမ်းကြည့်လေသောအခါ ဘယ်လိုမှမထင်မှတ်ထားသူမို့ တိုးက အံ့အားသင့်စွာဖြင့် ခြေလှမ်းတို့က ရပ်တန့်သွားတော့သည်။

"ရှင် … ရှင် …"

တိုးရဲ့အံ့သြထိတ်လန့်နေမှုအတွက် ဘယ်လိုနည်းနဲ့မှ ပြန်ဆုံနိုင်မယ်လို့ ထင်မထားမိသော သူက တိုးဆီသို့လျှောက်လာကာ ချိုမြကြည်လင်သော အပြုံးတစ်ခုဖြင့် …

"ဟာ … တိုး … ပွင့်ဝေတိုးပါလား။ ဒါဆိုရင် ဖွဲတုတုက တိုးရဲ့သမီးပေါ့ ဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား။ ကိုယ့်ရဲ့သားအတွက် သမီးလေးကို လာမြန်းတာပါ"

တိုးက အဲဒီစကားလုံးတွေအတွက် အင်မတန်မှ မှန်းတီးဖွယ်ကောင်းသော ခန့်နေသွေးရဲ့မျက်နှာကို တင်းမာခက်ထန်စွာ ကြည့်လိုက်ကာ …

"နင် ငါ့အိမ်ကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ပြောပြီးပြီလေ။ မင်းရဲ့သမီးကို လာတောင်းတာ"

တိုးက အာခေါင်ခြစ်ကာ စူး၍ အော်ဟစ်ပစ်ချင်တဲ့စိတ်ကို အလွန်တရာမှ ဖိနှိပ်ကြိုးစားထိန်းချုပ်နေရတာဖြစ်သည်။ ဘယ်လိုနည်းနဲ့မှ တွေ့တော့မယ် မထင်တဲ့ လူတစ်ယောက်၊ တိုးဘဝရဲ့နာကျင်မှုများစွာကို ပေးစေခဲ့တဲ့ လူတစ်ယောက်ကို နှစ်များစွာကြာမှ ဖြုန်းဆို ရုတ်တရက် တွေ့လိုက်ရကာ တွေ့ရတဲ့အခြေအနေကလည်း သမီးကို သူ့ရဲ့သားနဲ့ ပေးစားဖို့တဲ့။ တိုးက ဘာမှမမြင်နိုင်လောက်အောင် ပြာထွက်သွားသော ဒေါသတို့ဖြင့် ...

"သဘောမတူဘူး။ ငါတို့ အိမ်ရိပ်တောင် နင် နင်းစရာအကြောင်းမရှိဘူး။ ငါ့သမီးနဲ့လည်း လာမပတ်သက်နဲ့။ အခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွား"

"ဖေဖေ"

"နေ ... နေ ... သား။ ဒီမှာ ... ပွင့်ဝေတိုး။ ကျေးဇူးပြုပြီး လူကြီးလူကောင်းဆန်ပါ။ ငါတို့ဘက်က မိသားဖသား ပီပီ မင်းရဲ့သမီးကို လာတောင်းတာပါ"

တိုးက အင်မတန်စက်ဆုပ်လေသော ခန့်နေသွေးကို ခါးသီးနာကြည်းစွာ ကြည့်လိုက်ရင်း ...

"မလိုပါဘူး။ နင့်လိုလူမျိုးအတွက် ငါတို့ဘက်က ဘာမှ ယဉ်ကျေးဖို့ မလိုဘူး။ ဟိုကောင်လေး ... မင်းခေါင်းထဲမှာ သံမှိုစွဲထားသလို မှတ်သွား။ ငါ့သမီး တုတုနားကို မင်း ယောင်လို့တောင် မကပ်နဲ့"

"ကလေးတွေရဲ့ကိစ္စကို တားမြစ်ဖို့ မင်း မကြိုးစားပါနဲ့"





အဲဒီစကားလုံးအတွက် တိုးက အင်မတန်မှ ဆတ်ဆတ်ခါ နာရကာ အနောက်မှာ ရပ်နေသော တုတုရဲ့လက်ကိုဆွဲကာ ရှေ့သို့ ခေါ်လိုက်ရင်း ...

"ကလေးတွေကိစ္စ ... ဟုတ်လား။ သမီး ... လာစမ်း။ နင်ပြောစမ်း။ ဒီအကောင်နဲ့ ညည်းက ချစ်သူတွေလား။ သူ့ကို ဒီနေရာ နင်ခေါ်ထားတာလား။ ဖြေ ... စမ်း"

"မေမေ"

တိုးက ဒေါသတကြီး မေးနေတာမို့ သမီးကြီးဥဥက တိုးရဲ့ဆီသို့တိုးကပ်လာကာ ထိန်းတာကြောင့် တိုးက ဥဥရဲ့လက်တွေကို ပုတ်ထုတ်လိုက်ရင်း ...

"ဥဥ ... နင် တစ်ခွန်းမှ ဝင်မပြောနဲ့။ ငါ အငယ်မကိုမေးနေတာ။ ခွဲတုတု ... ဖြေလေ။ နင် ဘာလို့ မဖြေတာလဲ"

"ဟုတ် ... ဟုတ်ပါတယ်။ တုတုနဲ့ သူ ဘာမှမဆိုင်ပါဘူး၊ ဒီကို တုတု ခေါ်တာ မဟုတ်ပါဘူး"

"ဟာ ... တုတု။ နင်ပဲ မိဘတွေ သဘောတူမှ လက်ခံမယ် ပြောခဲ့တာလေ"

"ဟဲ့ ... ခေါင်ရဲရန် ... နင် ဘာတွေ လာပြောနေတာလဲ။ ငါ နင့်ကို လာတောင်းပါလို့ ပြောခဲ့ဖူးလို့လား။ နင့်ကြောင့် ပြဿနာတွေ တက်ကုန်ပြီ"

သမီးက ဒေါသတကြီးဖြင့် ဟိုကောင်လေးကို ပြောတော့တာမို့ တိုးက အဲဒီအချက်ကို ပိုင်နိုင်သေချာစွာဖြင့် အမိအရဆုပ်ကိုင်ကာ ခန့်နေသွေးကို အပြတ်ပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ကြားတယ်နော်။ ငါ့သမီးနဲ့ နင့်သား ဘာမှမပတ်သက်ဘူး။ အခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွား။ နောက်နောင် ဘယ်တော့မှ ငါတို့မိသားစုနဲ့ မပတ်သက်နဲ့"

"မင်း အဲဒီလောက်ထိ ပေါက်ကွဲပြနေဖို့ မလိုပါဘူး ဖွင့်ဝေတိုးရဲ့။ ကလေးတွေရှေ့မှာ သူတို့ အထင်မှားအောင်လုပ်မနေနဲ့။ ဟောဒီမှာ ငါ့ဇနီး၊ ဒီမှာ ငါ့ရဲ့သား။ ငါတို့လို ဂုဏ်အဆင့်အတန်းနဲ့ ဒီကိုလာတာ ငါ့သားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ လာတာ။' မင်း နှင်စရာ မလိုဘူး ...

အေး ... တစ်ခုတော့ ခေါင်းထဲ ထည့်ထားလိုက်။ သူတို့ချင်း တကယ်ချစ်ရင် မင်း ဘယ်လောက်ဖျက်ဖျက် မပျက်နိုင်ဘူး ဆိုတာပဲ။ မင်းနဲ့ မတွေ့ဖြစ်တာ တော်တော်ကြာပြီ။ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရတာပဲ ...

သား ... သွားမယ်"

"ထွက်သွားကြ။ ထွက်သွားကြ"

တိုးက ဒေါသတွေ အရှိန်ကုန် မြင့်မားလာရကာ အော်ဟစ်မောင်းထုတ်ပစ်လိုက်သည်။ အင်မတန် မုန်းစရာကောင်းတဲ့သူ။ ဒီလူ တိုးရဲ့ဘဝထဲကို တမင်တကာ ပြန်ဝင်လာတာ။

တိုးကို အနိုင်နဲ့ပိုင်းပြောကာ ထွက်သွားလေလျှင်တော့ တိုးက သမီးတွေရဲ့ အံ့အားသင့်မျက်ဝန်းတွေထဲ မေးခွန်းတွေ ထွက်မလာခင်မှာ တုတုရဲ့ပခုံးကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းလိုက်ရင်း အပြတ်သားဆုံး ပြောပစ်လိုက်တော့သည်။





"နင် ... အဲဒီကောင်နဲ့ လုံးဝမပတ်သက်နဲ့။ ဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင် ထွက်ဖို့တောင် မကြိုးစားနဲ့"

တိုးက ဒေါသတကြီးဖြင့် အပေါ်ထပ်ကို အမြန်ဆုံး တက်လာကဲ့တော့သည်။ ခန့်နေသွေး ... ဒီတစ်သက် ပြန်မတွေ့ဘူးလို့ ယုံကြည်ခဲ့ပြီးမှ တိုးရဲ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်။ သူ့သားက တိုးရဲ့သမီး တုတုကို လာတောင်းတာတဲ့။ ဘယ်တော့မှ မဖြစ်ရဘူး။

ခန့်နေသွေး ဆိုတဲ့ ယောကျ်ားကို အမုန်းထက်ပိုတဲ့ စကားလုံးရှိရင် ထပ်သုံးပြီး မုန်းချင်ပါသေးသည်။

❖ ❃ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗိုလ်မှူးစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကုန်တာလဲ ဖေဖေ။ တုတုရဲ့အမေက ဖေဖေ့ကို ဘာလို့အဲဒီလောက်အထိ ပြောရတာလဲ။ ဘာတွေလဲ"

သားရဲ့ သွေးပျက် တုန်လှုပ်စွာသော မေးခွန်းတို့အတွက် နေသွေးက သားကို နှစ်သိမ့်စွာ ခပ်တင်းတင်းဖက်လိုက်၍ ...

"သား ... မင်း ဘာတွေကို တုန်လှုပ်နေတာလဲ။ အနိုင်နဲ့ ပိုင်းပြီး ထွက်လာနိုင်တာက ဖေဖေပါ သားရဲ့။ သားဘာတွေ ကြောက်နေတာလဲ"

"မဟုတ်ဘူး ဖေဖေ။ သား သိချင်တာက တုတုရဲ့အမေ ဘာကြောင့် အဲဒီလောက် ပေါက်ကွဲရတာလဲ။ ဖေဖေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ။ သား အဲဒါ သိချင်တာ"

သားရဲ့ အလူးအလဲ မေးခွန်းတွေအတွက် သူက ပြုံးရုံသာ ပြုံးထားလိုက်သည်။ ဒီနေ့က ရင်ထဲက ပုပ်အက်နေတဲ့ အနာဟောင်းတစ်ခုကို အကောင်းဖြစ်ဖို့ စတင်ဆေးထည့်လိုက်တဲ့နေ့ ဖြစ်သည်။ သူ့ကို မုန်းသလို သူကလည်း သိပ်မုန်းနေသည့် မိန်းမတစ်ယောက်ရဲ့ သွေးပျက်ချောက်ချားမှုကို သူက





တွေ့ခဲ့ရပြီမို့ ဒီနေ့ဟာ တကယ်တန်တယ်လို့ ဆိုရမည်ဖြစ်သည်။ သူ့ရဲ့သားလေး ခေါင်ကတော့ ရှုပ်ထွေးနေသော အတွေးတို့ဖြင့် သူ့ကို မေးခွန်းတွေ တရစပ် ထုတ်တော့တာပဲ ဖြစ်သည်။ သားနဲ့မေးခွန်းတွေအတွက် သူက တစ်ခွန်းတည်းပဲ ပြန်ဖြေပေးလိုက်သည်။

"သားဘက်က ခေါင်းထဲထည့်ထားဖို့ တစ်ခုက တုတုဆိုတဲ့ မိန်းကလေးကို မင်း ပိုင်ဆိုင်ချင်ရင် ပိုင်ဆိုင်ရမယ်။ စိတ်ပူဖို့ မလိုဘူး"

"ဖေဖေ ... ဘာတွေလဲဗျာ။ သား ဘာတစ်ခုမှ နားမလည်နိုင်တော့ဘူး။ အခုချိန်မှာ သားအသိချင်ဆုံးက တုတုအမေနဲ့ ဖေဖေ ဘာအကြောင်းတွေ ရှိခဲ့လို့လဲ"

"သားရာ ... မင်း အခြေအနေ သုံးသပ်တတ်ဖို့ သင့်ပါတယ်။ သား သိချင်တယ်ဆို ဖေဖေ ပြောပြမယ်။ ဘာမှ မင်း လျှောက်တွေးမနေနဲ့။ တုတုရဲ့အမေနဲ့ အဖေ့ကြားမှာ မေ့မရနိုင်တဲ့ အတိတ်တွေ ရှိခဲ့တယ်။ အတိအကျ မင်းသိဖို့ လိုအပ်တဲ့နေ့မှာ ဖေဖေ ပြောပြမယ်။ ဖေဖေတို့လူကြီးတွေပြဿနာကြောင့် သားတို့လူငယ်ကိစ္စ မပျက်စေရဘူးလို့ ဖေဖေ ကတိပေးတယ်။ သူ့အမေ သဘောမတူပေမယ့် သူ့သမီးကို မင်း တကယ်ချစ်ရင် သူ့သမီးသဘောတူညီမှုရအောင် သား ကြိုးစား ...

သား လောလိုက်တာဟာ သူတို့ဘက်ကို တုန်လှုပ်သွားစေတယ်။ ဖေဖေ အကဲခတ်မိသလောက် ဒီနေ့အခြေ

www.burmeseclassic.com



အနေတိုင်းဆို ကောင်မလေးက မင်းဘက်ကို ပါမှမလာသေးတာ။ ဒါပေမဲ့ စိတ်မပူနဲ့ သား။ မင်း သူ့ကိုချစ်မြဲအတိုင်း ဆက်ချစ်နေ။ ကောင်မလေး မင်းဘက်မှာရှိအောင်လုပ်။ ကျန်တာ မေမေ တာဝန်ယူတယ်"

"ကိုခန့် ... သားကို မြှောက်ပေးမနေနဲ့။ သား ... မင်းပြောတော့ ကောင်မလေးနဲ့ မင်းက သိပ်ပြီးပဲ အဆင်ပြေနေပုံနဲ့။ ဒီပုံစံမျိုးဆိုတာသာသိရင် မေမေ မလိုက်ခဲ့ဘူး"

"နန္ဒာ ... သားကို မဆူပါနဲ့။ ဒါ ဆူစရာမှ မဟုတ်တာ။ တုတုဆိုတဲ့ ကောင်မလေးက သူ့အမေရှေ့မှာမို့ ပြောလိုက်တာလည်း ဖြစ်နိုင်တာပဲ။ သား ... စိတ်ထဲ အရှုပ်မခံနဲ့။ မင်းဘက်မှာ ဖွဲတုတုရှိဖို့တော့ လိုတယ်။ အဲဒါဆို သူ့အမေသဘောမတူတာတောင် ရှေ့ဆက်လို့ရတယ်။ သားခေါင်းထဲမှာ ထည့်ထားရမှာက ပွင့်ဝေတိုးရဲ့သမီးကို ယူနိုင်တာဟာ အဖေ့ကို ကျေးဇူးဆပ်တာပဲ"

သားက သူ့ရဲ့စကားတွေအတွက် ဘာမှမပြောဘဲ ငြိမ်သက်နေ၏။ သားလေး အတွေးတွေဖြင့် စိတ်ရှုပ်နေသည်ကို သူ သိသည်။

နေသွေးဘက်ကလည်း စီစဉ်ဖို့လိုအပ်တာ စီစဉ်ရမည်။ ဒီအဆင့်လောက်နဲ့တော့ နေသွေး နိုင်တယ်လို့ စကားမဆိုချင်သေးပေ။ ဖွဲတုတုဟာ သူ့ချွေးမအဖြစ် သေချာပေါက်ဖြစ်မှ သူ နိုင်မှာဖြစ်သည်။

❖ ❋ ❖





"နင် ရှုံးသွားပြီလား ခေါင်ရဲရန်။ နင့်ကြောင့် ငါ ဒီမှာ ဘယ်လောက် စိတ်ဆင်းရဲနေရလဲ နင်သိလား။ နင့်ကို ဘယ်သူက လာပြီးတောင်းပါ ပြောလို့လဲ"

"........."

"သေလိုက်။ အဲဒီ တုံးတဲ့အတွေးအခေါ်တွေ၊ ကိုယ့်ဘက်ကိုယ်ယက်တဲ့ စိတ်ဓာတ်တွေက နင်နဲ့ ငါ့ကို ဝေးသွားစေတာပဲ"

"........."

"ဘာ ... ခိုးပြေးမယ်။ နင်ဟာလေ ... ငါ့ကို ဒုက္ခပေးဖို့ မွေးလာတာလား။ တော်ပြီ ... နောက် ငါ့ကို မဆက်သွယ်နဲ့။ ဒါပဲ"

ဥဥက ဒေါသတကြီး ဖုန်းချလိုက်သော တုတုကို ကြည့်ကာ ... သက်ပြင်းတစ်ချက် ချမိသွားသည်။ ခေါင်ရဲရန်က တုတုကို ခိုးပြေးဖို့အထိတောင် စဉ်းစားခဲ့တာလား။

"ရော့ ... ဥဥ ဖုန်း။ နောက် သူ့ဖုန်းကို လာမပေးနဲ့တော့"

"နင် အရမ်းစိတ်ညစ်နေလားဟင် တုတု"

www.burmeseclassic.com

www.burmeseclassic.com



"ဥဥရယ် ... ငါ အဖြေတောင် မပေးရသေးတာ၊ ရည်းစားလို့ ခေါ်မလား။ သူ့ကြောင့် တု သင်တန်းလည်း မတက်ရတော့ဘူး"

တုတုကို ဖေဖေကော မေမေကပါ အိမ်ထဲကအိမ်ပြင် ပေးမထွက်တာကြောင့် တုတု ဘယ်လောက်အထိ စိတ်တွေဆင်းရဲနေမယ်ဆိုတာ ဥဥ သိပါသည်။ ဒါပေမဲ့လည်း ...

"တုတု ... နင် သူနဲ့ ရည်းစားတွေ မဖြစ်ပါဘူးနော်"

"ဥဥရယ် ... မဖြစ်ပါဘူးဟာ။ သူ့ကို ငါ့ဘက်က စဉ်းစားဖို့ပဲ တွေးလိုက်ရသေးတယ်။ ဘယ်လောက် ဒုက္ခရောက်ရသွားပြီလဲ။ ဒါတောင် သင်းက ခိုးပြေးမယ်တဲ့။ သူ့ကို သိပ်စိတ်ပျက်တယ်။ ဥဥ ... မေမေ့ကို ပြောပေးပါ။ တုတု အိမ်ထဲမှာချည်းပဲ မနေချင်ဘူး"

ဥဥက တုတုရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပုတ်လိုက်ရင်းက ...

"မေမေ စိတ်ဆိုးနေလို့ပါဟာ။ နင်မချစ်တဲ့ လူတစ်ယောက်အတွက် ဒုက္ခတွေ ခံနေရတာ ငါလည်း မကြည့်ရက်ပါဘူး တုတုရယ်။ လောကကြီးက အဲဒီလိုပဲဟ။ လူမှန်နေရာမှန် မပေးချင်ကြဘူး"

"အမ် ... ဘာပြောတာလဲ"

တုတုက ဥဥရဲ့စကားအတွက် နောက်တစ်ခါထပ်မေးလျှင် ဥဥက ခေါင်းအသာယမ်းပြလိုက်ကာ ...

"ဟင့်အင်း ... ဘာမှ မဟုတ်ပါဘူး။ ငါ အောက်ဆင်းလိုက်ဦးမယ်"





"အင်း ... အင်း။ ဩော် ... ဥဥ ... ဦးဖိုးချွန်တို့ကို အိမ်သေချာစောင့်ခိုင်းထားပါ။ တော်ကြာ ဟိုကောင်ကအိမ်ကို ခိုးရောက်လာရင် တုတုပဲ ဒုက္ခရောက်ရမှာ"

ခိုးရောက်လာရင်။ ဥဥက တွေခနဲ ဖြစ်သွားကာ ခေါင်းတစ်ချက် ညိတ်ပြရင်း ထွက်လာခဲ့တော့သည်။ ဥဥရဲ့စိတ်ထဲမှာ ပြင်းပြင်းပြပြ ခံစားနေရသည်။ တကယ်ပဲ ခုနကပြောခဲ့သလို လောကကြီးက လူမှန် နေရာမှန် ပေးခဲ့တာမှ မဟုတ်တာ။ ဒီ ဘဝအတွက် ဥဥ သိပ်ချစ်ရတဲ့သူက တုတုကိုမှ ချစ်ပါတယ်တဲ့။ ဒီလိုပြဿနာ ဒီလိုအခြေအနေတွေမှာ အားလုံး အားလုံးထက် စိတ်ဆင်းရဲရတာကတော့ ဥဥပဲ ဖြစ်သည်။

မှန်တာ ဝန်ခံပါရစေ။ ခေါင့်ကို ဥဥ ချစ်တယ်။ သူ့ကို သင်တန်းစတက်ကတည်းက ချစ်ခဲ့ရတာ။ သူ့ရဲ့အကြည့်တွေ၊ ဥဥကို စကားလာလာပြောတယ်၊ အလေးထား ဂရုစိုက်ခဲ့ပြီးမှ သူချစ်တာက တုတုတဲ့။ ဥဥရဲ့ရင်ထဲမှာ မီးလောင်နေတာကို ကြိတ်မှိတ်နာကျင် ပူလောင်ခံစားနေခဲ့ရတာ။ ဒီလောက်ပြဿနာတက်တာတောင် ဥဥကတစ်ဆင့် တုတုဆီ အရဆက်သွယ်ပြီး တုတုကို ခိုးပြေးမယ်တဲ့။ ဥဥက နာကျင်စူးရှတဲ့ ဒဏ်ရာတွေကြောင့် မျက်ရည်တစ်စက် ပေါက်ခနဲ ကျမိသွားသည်။ တုတုအတွက် အမြဲအနစ်နာခံ ပေးဆပ်ခဲ့တာဟာ တုတု လိုချင်တဲ့အရာတွေအတွက်ပဲ ဖြစ်သည်။ ခေါင်ရဲရန်ကို တုတုမှ မလိုချင်တာ။

www.burmeseclassic.com



တုတုရဲ့ ခိုးပြေးမယ်ဆိုတဲ့ စကားက နားထဲမှာ ပဲ့တင်ကြားယောင်လာသည်။ ခေါင်ရဲရန်ကို ဉဉ ချစ်တာပါ။ တုတုက ချစ်တာမှ မဟုတ်တာ။ ဒါပေမဲ့ တုတုရဲ့စိတ်ကို ဉဉ သိသည်။ မေမေတို့ ချုပ်လွန်းအားကြီးရင် တုတု သေချာပေါက် ခေါင်ရဲရန်ကို ထွက်ပေါက်ရှာတော့မှာဖြစ်သည်။ အဲဒီအတွက် ... အဲဒီအတွက် ...။

ဉဉက ဘဝမှာ တစ်ခါတော့ စွန့်စားချင်လေသည်။ ဉဉက ချီတုံချတုံ ဖြစ်စွာဖြင့် ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်တော့သည်။

"ဟယ်လို"

ခေါင်ရဲရန်ရဲ့ ဖုန်းဖြေသံအဆုံးမှာ ဉဉက စွန့်စားမှုတစ်ခုကို ပြောလိုက်တော့သည်။

"ခေါင်ရဲရန် ... မနက်ဖြန်(၁၀)နာရီ စိမ်းလန်းကို နင်လာခဲ့ပါ။ ဒါပဲနော်"

ဉဉက ဖုန်းချလိုက်ပြီးသောအခါမှာတော့ မေမေ့ဆီသွားလိုက်ကာ ခွင့်ပြုချက် ယူလိုက်သည်။

"မေမေ ... အိချိုတို့နဲ့ မော်ဘီက မိဘမဲ့ကျောင်းမှာ စာသွားကူသင်ပေးရမယ်လေ။ ဟိုနေ့ကတည်းက မေမေ့ကို သမီး ခွင့်တောင်းထားတာ။ အဲဒါ ဒီနေ့ သွားရမယ်မေမေ"

"ဟင် ... ကြိုမပြောဘူး သမီးရယ်"

"ပြောထားပါတယ်။ မေမေ တုတုကိစ္စတွေနဲ့ အလုပ်များနေလို့ပါ။ သမီး မနက်ဖြန်ညနေမှ ပြန်လာမယ်နော်။ အရင်လည်း သွားကူလုပ်ပေးနေကြပဲဟာ"





ဉဉရဲ့စကားကြောင့် မေမေက ခေါင်းညိတ်ပြလိုက်ရင်းက ...

"အေးလေ။ သမီးက ပရဟိတ အမြဲလုပ်နေကျပဲဟာ။ ကဲ... သွား ... သွား။ အိချိုတို့အိမ်ကနေ သွားမှာမှလား။ မေမေ လိုက်ပို့ပေးမယ်"

"အမ် ... ရတယ် မေမေ။ ဉဉ ကားငှားသွားလိုက်မယ်။ တုတု အိမ်မှာ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"အေး ... ဟုတ်သားပဲ။ သမီး ဖေဖေက စိတ်ကချတာမဟုတ်ဘူးနော်။ ဉဉကို ယုံကြည်လို့ လွှတ်တာ။ မေမေ တုတုအတွက် ခေါင်းရှုပ်တာနဲ့ ဉဉကို ဂရုမစိုက်မိသလိုတောင် ဖြစ်သွားတယ်"

"ရပါတယ် မေမေရဲ့။ အဲဒါဆို သမီး သွားဖို့ပြင်လိုက်ဦးမယ်နော်"

မေမေ့ဆီက ခွင့်ပြုမှု ရပြီးသောအခါတွင်တော့ ဉဉက အခန်းထဲဝင်လာကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ ဉဉကို ခွင့်လွှတ်ပါ မေမေ။ ဉဉ ဘာကြောင့်မှန်းမသိဘဲ အရမ်းမိုက်မဲချင်မိသည်။ ဘယ်လိုမှန်း ဖြစ်လာမယ် မသိသော စွန့်စားမှုအတွက် ဉဉ ဘာကြောင့် အဓိပ္ပာယ်မရှိ မိုက်မဲချင်နေမှန်းလည်း မသိပါ။ သေချာတာကတော့ တုတု အပေါ် တစ်သက်လုံး ကောင်းလာခဲ့သမျှ ဒါကို သစ္စာဖောက်တယ်ပဲ ခေါ်ရတော့မှာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥဥ သိချင်နေပါသည်။ ခေါင်ရဲရန် ရင်ထဲကစကားလုံးတွေ ကြားကောင်းကြားနိုင်ဖို့ ဥဥ ဓာတ်ကွက်တစ်ခု ဆင်လိုက်ရတာဖြစ်၏။

❖ ❋ ❖





"မနက်ဖြန် ဆယ်နာရီတွေ့ဖို့ တုတုနဲ့ ချိန်းလို့ရတယ် ဖေဖေ"

သားရဲ့အဲဒီစကား ကြားလိုက်ရတဲ့အခါမှာ နေသွေးက တကယ်ပဲ အံ့အားတသင့်ဖြင့် ဝမ်းသာသွားရသည်။ အခုလို ပြဿနာရှိသွားတဲ့ အခြေအနေမှာ တွေ့ဆုံဖို့ ချိန်းဆိုမှုဟာ အလားအလာ သိပ်ကောင်းတယ်လို့ ယူဆလို့ရလေသည်။ ဒါပေမဲ့ သူက ဟိုတစ်ခါလို သားဘက်က မသေချာ ဖြစ်နေမှာ စိုးတာကြောင့် သေချာအောင် မေးလိုက်ရသည်။

"တုတုဘက်က ဘာကိစ္စရှိလို့ ချိန်းတာတဲ့လဲ သား"

"အဲဒါတော့ မပြောဘူး။ ချိန်းပေးတာ အလျင်စလိုပဲ။ သေချာပါတယ် ဖေဖေရ"

"သားရေ ... ခဏလာဦး"

အပေါ်ထပ်က နန္ဒာရဲ့လှမ်းခေါ်လိုက်သံကြောင့် သားက သူ့အမေဆီ အာရုံရောက်သွားကာ "ဗျာ"ဆိုတဲ့ ထူးသံနဲ့အတူ သူ့ရှေ့က ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေသွေးက မနက်ဖြန် သားကို ဟိုကလေးမလေး ချိန်းတယ်ဆိုတဲ့ အပေါ်မှာ စဉ်းတော့ စဉ်းစားသွားရသည်။ အဲဒါ ဟာ ရိုးမှရိုးရဲ့လား။ ဟိုနေ့ကပုံစံကို လေ့လာရသလောက်တော့ ဖွဲတုတုဆိုတဲ့ ကလေးမဟာ သားနဲ့ပတ်သက်မှုရှိတဲ့ပုံတော့ မပေါ်။ ဒါပေမဲ့လည်း ပွင့်ဝေတိုး ရှေ့မှာမို့ ဖြစ်နိုင်တာပဲလေ။ နေသွေးက သေချာပေါက် အနိုင်ရမည့် အကွက်တစ်ခုကို တွေးမိလို့သွားသည်။

"မနက်ဖြန် သူ့သမီးက ခေါင်နဲ့အတူ ရှိနေတာကို အဲဒီ မိန်းမသိအောင် ပြောပြရမှာပေါ့"

နေသွေးက တစ်ကိုယ်တည်း ရေရွတ်ပြီးတဲ့နောက်မှာ ပြုံးလိုက်တော့သည်။ သူ့သားနဲ့ ဘာမှမပတ်သက်ပါဘူးဆိုတဲ့ ကြွေးကြော်သံဟာ မဟုတ်ဘူးဆိုတာ ပွင့်ဝေတိုး သိအောင် သူ ကူညီပေးရဦးမည် ဖြစ်သည်။

❖ ❃ ❖





ဉဉဆီကတစ်ဆင့် ဖုန်းဆက်ချိန်းဆိုမှု ရထားတာ ကြောင့် ခေါင်က ဆယ်နာရီမထိုးခင်ကတည်းက ကြိုတင်ရောက် နှင့်နေတာပဲဖြစ်သည်။ သူ သိရသလောက် တုတု တစ်ယောက် ဟာ သူ ဖွတ်အိမ်ကိုလာတောင်းလိုက်တဲ့ ကိစ္စကြောင့် သူမအိမ် နဲ့ ပြဿနာတက်သွားရတယ်ဆိုတာ သူ သိလေသည်။ အဲဒီအတွက် သူ့ဘက်က တောင်းပန်ကာ တုတုနဲ့ ပြန်လည်အဆင်ပြေဖို့ အတွက် ဒီနေ့ တွေ့ဆုံခြင်းက သိပ်အရေးကြီးနေသလို တုတု သာ လက်ခံမယ်ဆို သူက ခိုးပြေးဖို့အထိတောင် ရည်ရွယ်ထား တာ ဖြစ်သည်။

"ခေါင်ရဲ့ရှန်"

သူ့ရဲ့ဘေးနားသို့ ရောက်လာသူကို ခေါင်က အားရ ဝမ်းသာဖြင့် ကြည့်လိုက်လျှင် တုတု မဟုတ်ဘဲ ဉဉ ဖြစ်နေသော ကြောင့် ခေါင်က အံ့အားသင့်သွားကာ လမ်းဘက်ကို တစ်ချက် ဝေးကြည့်လိုက်ရင်း ...

"ဉဉ ... တုတုကော ပါမလာဘူးလား"

"ခေါင်ရဲ့ရှန်ကို ဖုန်းဆက်ချိန်းတာက တုတု မဟုတ်ပါဘူး ဉဉ ချိန်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဉဉရဲ့ မျက်နှာအသွင်အပြင်နဲ့ စကားသံတွေက လိုအပ်တာထက် ပိုမိုတည်နေတယ်ဆိုတာ ခေါင်က သတိထားမိတာကြောင့် ဉဉကို အကဲခတ်လိုက်ရင်း ...

"အင်း ... ဘာကိစ္စလဲဟင်"

"သိချင်လို့ လာမေးတာပါ။ အဲဒီနေ့က တုတုက ခေါင့်ကို အိမ်လာပြီး မြန်းပါလို့ ပြောခဲ့လို့ လာခဲ့တာလား။ ကိုယ့်ဆန္ဒနဲ့ကိုယ် လာတာလားဟင်"

သူက ဉဉရဲ့မေးခွန်းအတွက် တစ်ချက်တော့ စဉ်းစားသွားရသည်။ ဉဉ တစ်မျိုးဖြစ်နေတယ်ဆိုတာ သူ သတိထားမိတာ ကြာပြီဖြစ်သော်လည်း အဲဒါဟာ ဘာလဲဆိုတာကို စဉ်းစား၍ မရချေ။ ခေါင်က မဖြေရသေးခင်မှာ ဉဉလက်ထဲက handbag အိတ် တစ်လုံးကို သတိပြုမိသွားတာကြောင့် မေးမိသွားသည်။

"ဒီအိတ်က ဘာလုပ်ဖို့လဲ ဉဉ"

"အင် ... ဒါ ဉဉ အဝတ်အစားအိတ်ပါ။ ညက မေမေတို့ကိုတော့ ပရဟိတ သွားလုပ်ဖို့ဆိုပြီး လိမ်ထွက်ခဲ့တာ။ မနေ့ကညက အိချိုတို့အိမ်မှာ အိပ်တာလေ။ ခု အဲဒီအိမ်ကနေ ခေါင့်ဆီကို တန်းလာခဲ့တာ"

ဉဉရဲ့စကားကြောင့် သူက နည်းနည်းတော့ နားမရှင်း ဖြစ်သွားရသည်။ ဉဉစကားက ဘာအဓိပ္ပာယ်လဲ။

"ဘယ်လို ဉဉ။ မင်းက ဘာလို့ အိမ်ကနေ လိမ်ထွက်ရတာလဲ"





"ခေါင့်ကို ခုနမေးခွန်း မေးချင်လို့လေ။ အဲဒီလိုမှ လိမ်မထွက်ရင် မရဘူး"

"အဓိပ္ပာယ်မရှိဘူး ဉဉ။ မင်း ဒီမေးခွန်း မေးဖို့အတွက် ဒီလိုလုပ်ဖို့ကို မလိုတာ။ တုတု ချိန်းတယ်ထင်လို့ ငါလာတာ။ မင်းနဲ့ ငါ့ကြားမှာ အထူးတလည် ပြောစရာက တုတုကိစ္စပဲရှိတာ။ အခု တုတု ချိန်းတာ မဟုတ်ဘူးဆိုတော့ မင်း အိမ်ပြန်တော့"

သူက အဲဒီစကားကို စိုးရိမ်တကြီး ပြောလိုက်ရတာဖြစ်သည်။ ဖေဖေ"က ဒီနေ့ သူ့ကို တုတုနဲ့ တွေ့တယ်လို့ ထင်နေတာဖြစ်၏။ မတော်တဆများ ဖေဖေက ဟိုတစ်ဖက်ကို အကြောင်းကြားလိုက်ရင် ...။ သူက အဲဒီအတွေးစ ရင်ထဲတစ်ဝက် တစ်ချက် ရောက်လာစဉ်မှာပဲ ဉဉက သူ့ကို စကားဆက်ပြောလေသည်။

"ဒီကနေပြန်ရင် ဉဉ အိမ်ပြန်ဖြစ်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒီအချိန်လောက်ဆို ဖေဖေ မေမေတို့က ဉဉ ခိုးရာလိုက်ပြေးသွားတယ်လို့ သိသွားလောက်ပြီ။ အိချိုက တစ်ဆင့် ဉဉ စာပို့ခိုင်းလိုက်တယ်"

"ဘာ"

ဉဉ စကားကြောင့် သူ့မျက်လုံးတွေက အော်တို မြူးကျယ်ကုန်ကာ လန့်ဖျပ်သွား၏။

"မင်းက ခိုးရာလိုက်ပြေးတယ်။ ဘယ်သူနဲ့လဲ။ မင်း ဘာတွေ လျှောက်လုပ်တာလဲ ဉဉ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မိန်းမတစ်ယောက်ရဲ့ အမိုက်မဲဆုံးသော စွန့်စားမှုပါ ခေါင်ရဲရှန်။ နှင် မမြင်တာလား။ မသိတာလားတော့ မပြောတတ်ဘူး။ တကယ်ဆို အိပ်မက်တွေ ရပြီးမှ လန့်နိုးခဲ့ရတာ ငါပါ။ ကိုယ့်ကိုယ်ကိုယ်လို့ထင်ခဲ့ပြီးမှ တခြားတစ်ယောက်လို့ သိခဲ့ရတာဟာ ဘယ်လောက် သွေးပျက်ဖို့ကောင်းသလဲ ...

ဥဥ ဘာကိုဆိုလို ပြောနေတယ်ဆိုတာ နှင် သိပါတယ်။ အဲဒီစကားတွေ ပြောချင်လို့ အိမ်ကို စွန့်ခွာဖို့ ဆုံးဖြတ်လိုက်ရတာ ...

နှင် သိပ်ပြီးလန့်မသွားပါနဲ့။ အိမ်ကို နိုးရာလိုက်သွားတယ်လို့သာ စာရေးလိုက်တာ။ ဘယ်သူနဲ့လို့မပြောခဲ့ပါဘူး။ ဥဥ သိချင်တာကို ဖြေပေးပါ။ ဘာဖြစ်လို့ မျှော်လင့်ချက်တွေပေးပြီးတော့မှ ပြောင်းလဲသွားရတာလဲ"

ဟား ... ကွာ။

ခေါင်က စိတ်ပင်ပန်း မွန်းကျပ်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ တကယ်ကြီးကိုပဲ သူ စိတ်ထဲထင်နေတာ ဖြစ်ပြီပေါ့။ တုတု သူ့ကို စိတ်ဝင်စားဖို့အတွက် ဥဥကို သူ သွားရောခဲ့တာဖြစ်သည်။ သူ တုတုကို propose လုပ်ပြီးနောက်ပိုင်းမှာ ဥဥ အမူအရာတွေ အေးစက်သွားခဲ့တာကို သူ ခံစားသတိပြုမိခဲ့ပေမယ့် မဟုတ်ဘူးလို့ တွေးထင်ခဲ့တာဖြစ်၏။ အခုတော့ ဥဥက သူ့ကို ...။





"ခဏလေး ဥဥ။ အဲဒီမေးခွန်းတွေ ငါ မဖြေခင်မှာ ငါ့ကို အရင်မေးခွင့် ပြုပါဦး။ ဘာဖြစ်လို့ မင်း နိုးရာလိုက်ပါတယ်လို့ မင်းမိဘတွေကို အကြောင်းကြားလိုက်တာလဲ။ ငါ့ကိုမေးချင်တဲ့ မေးခွန်းနဲ့ မင်းမိဘတွေကို ဘာလို့ မဟုတ်တာကို လိမ်ရတာလဲ။ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ သိပ်ဆိုင်တာပေါ့။ ဥဥ မိဘတွေဟာ ဘယ်တော့မှ ဥဥကြောင့် မျက်နှာမငယ်စေရဘူး။ ဒီမေးခွန်းတွေကို နှင့်ကို လာမေးလိုက်မှတော့ နှင် ငါ့ရဲ့စိတ်တွေကို သိသွားပြီလေ။ ဘယ်လိုမှ မမျိုသိပ်နိုင်တော့လို့ မိုက်မိုက်မဲမဲ မေးချင်ခဲ့တဲ့ မေးခွန်းတွေအတွက် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်တာ။ နှင်နဲ့ ဒီကိစ္စ ဘာမှမဆိုင်ပါဘူး။ ဖြေမှာသာ ဖြေစမ်းပါ။ ဘာဖြစ်လို့ လှည့်စားတာလဲ"

ဥဥက ငိုသံစွက်နေသော တုန်ခါသံတို့ဖြင့် သူ့ကို မေးခွန်းထုတ်လေသည်။ လုံးဝကို အဓိပ္ပာယ်မရှိဘူးဆိုတာကို သူ သိနေတာကြောင့် ခေါင်းကို တွင်တွင်ခါယမ်းပစ်လိုက်ရင်း ...

"မင်းက အဓိပ္ပာယ်မရှိတဲ့ မေးခွန်းတွေအတွက် ကိုယ့်ဘဝကိုယ် တစ်စစီဖြစ်အောင် လုပ်နေတာပဲ။ ဥဥ ... မင်းကို ငါ လုံးဝမလှည့်စားခဲ့ဘူး။ တုတုကို ငါ စိတ်ဝင်စားခဲ့တယ်။ နှင်က ငါ့သူငယ်ချင်းပဲ။ ငါ့ဘက်က နှင့်အပေါ် မှားခဲ့တာရှိရင် တောင်းပန်တယ်ဟာ။ နှင် အိမ်ပဲပြန်ရမယ်။ မဟုတ်တဲ့ အတွေးတွေနဲ့ နှင် ပေါက်ကရ မလုပ်ပါနဲ့။ ဒီနေ့ကိစ္စတွေကို ငါ မေ့လိုက်မယ်။ လာ ... ငါပြန်လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်က သူမကို အိမ်ပြန်ပို့ဖို့ အမြန်ဆုံးလိုပြီဆိုတာ သိတာကြောင့် ဉဉရဲ့လက်ကိုဆွဲလိုက်ကာ အိမ်ပြန်ဖို့ ခေါ်လျှင် ဉဉက သူ့လက်တွေကို ရုန်းဖယ်တွန်းလွှတ်လေသည်။

"ဖယ် ... လွှတ် ... ငါ့လက်ကို။ မလိုဘူး ... နင်ပြန်ပို့ပေးဖို့ မလိုဘူး။ ငါ့ဘာသာ ဘာပဲဖြစ်ဖြစ်"

ခေါင်က သူမ ဘာပဲပြောပြော နားမထောင်နိုင်ဘဲ ဆွဲခေါ်လာရသည်။ ဒီအချိန်မှာ ဘာကအရေးကြီးဆုံးဆိုတာ သူ သိနေပြီပဲ။ ဉဉကို သူမ အိမ်ပြန်ပို့ပေးမှ ဖြစ်မည်။

❖ ❀ ❖



"တိုးရေ ... သမီးကြီး ဉဉက ဘယ်အချိန် ပြန်ရောက်မှာတဲ့လဲ။ မင်း သွားကြိုလိုက်နော်"

"စိတ်ချပါ ကိုရဲ့။ တိုး အိချိုအိမ်ကို လာကြိုမယ် ပြောထားပြီးသား"

"အငယ်မကော"

"မနိုးသေးဘူး။ အိပ်နေတုံးလေ။ ရှင့်သမီးက တမင်ဆန္ဒပြနေတာ နေမှာပေါ့"

တိုးက ခင်ပွန်းဖြစ်သူ အလုပ်သွားဖို့ ပြင်ဆင်ပေးနေရင်းကမှ တုတု အတွက် ဘရိတ်ဖတ်စ် ပြင်ပေးဖို့ကိုလည်း ခေါင်းထဲ ထည့်ထားရသည်။ ဟိုမှာတုန်းက အလုပ်ကို အခုံနိုက်ရသလို ဒီပြန်ရောက်တော့လည်း မိသားစုတာဝန်ကျေဖို့ အခစ စီမံနေရတာပဲ ဖြစ်သည်။

ဒီရန်ကုန်က အလုပ်တွေက ကိုကပဲ ဦးစီးနေကာ တိုးကတော့ အိမ်ကနေပဲ ကူလုပ်ပေးဖြစ်တော့တာ ဖြစ်သည်။ ကြီးလာပြီဖြစ်တဲ့ သမီးနှစ်ယောက်ရဲ့တာဝန်ကို မလစ်ဟင်းချင်တာလည်း ပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုးရေ ... ဒီမှာ စာရောက်နေတယ်။ ကိုဖိုးချွန်ကို အိချို လာပေးသွားတာတဲ့"

"အိချို ... ဥဥ သူငယ်ချင်းကောင်မလေးမှလား။ ပေးထေး ဒေါ်လေးကစ်"

တိုးက ဒေါ်လေးကစ်ဆီကစာကို မြန်မြန်လေးယူကာ ကြည့်လိုက်သည်။ စာအိတ်ပေါ်မှာလည်း ဘာမှမရေးထားတာမို့ တိုးက ခပ်မြန်မြန်လေး ဖွင့်ဖောက်ဖတ်လိုက်သည်။

"သို့ ...

ဖေဖေ ... မေမေ ...

သမီးကို ခွင့်လွှတ်ပေးပါ။ စိတ်မဆိုးကြပါနဲ့လို့ တောင်းပန်ပါရစေ။ သမီး ကိုယ်ပိုင်ဘဝတစ်ခု တည်ဆောက်ဖို့အတွက် ဖေဖေ မေမေတို့ ခွင့်ပြုပေးပါတော့နော်။ သမီးကို စိတ်မပူပါနဲ့။ သမီး ဆက်သွယ်ပါ့မယ်။

သမီး

ဥဥ"

ဘုရားရေ။

တိုးက စာကိုဖတ်ပြီး မျက်လုံးတွေတောင် ပြာဝေ၍သွားလေတော့သည်။ ဥဥက ... ဥဥက ...။

"ကိုရေ ... ကိုယ်ကျိုးတွေ နည်းကုန်ပါပြီ။ သမီး ... သမီး"

"အမ် ... ဘာဖြစ်တာလဲ။ ဘာစာမို့လို့လဲ။ ပြစမ်း"

ကိုက တိုးရဲ့လက်ထဲကစာကို သိုးသွက်စွာယူဖတ်လိုက်ကာ ...





"ဟာ ... ဘာလဲ။ ဒါ ဘာသဘောလဲ။ လင်နောက်လိုက်သွားတာကို ဆိုလိုတာလား။ တိုး ... ဘာတွေဖြစ်ကုန်တာလဲ။ ဥဥဆီ အခုချက်ချင်း ဖုန်းဆက်စမ်း"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တိုးက ရုတက်ပွေစွာဖြင့် အရှမ်းကို ထိတ်လန့်စိုးရိမ်နေစွာ စားပွဲပေါ်က ဖုန်းလေးကို လှမ်းအယူမှာပဲ တိုက်တိုက်ဆိုင်ဆိုင် တိုးရဲ့ဖုန်းက ထမြည်လာသည်။

"ဩော် ... အရေးထဲ ဖုန်းကတစ်မျိုး ...

ဟယ်လို ..."

တိုးက စိတ်ရှုပ်ထွေး ဒေါသဖြစ်စွာဖြင့် အမြန်ဖုန်းကိုင်လိုက်လျှင် တစ်ဖက်က ကြားရသည့်အသံက တိုးကို မိုးကြိုးပစ်ချခံလိုက်ရသလို ခံစားရစေသွားသည်။

"ကိုယ် ခန့်နေသွေးပါ ပွင့်ဝေတိုး။ ဘယ်လိုလဲ ... မင်းရဲ့သမီး အလိမ္မာလေးက မင်းရဲ့စကားကို တော်တော်နားထောင်တာပဲ"

"ရှင် ... ရှင်"

တိုးက နှလုံးသွေးတွေ ပွက်ပွက်ဆူလာကာ အဲဒီအသံကြားလိုက်ရလျှင်ဖြင့် ဘာမှဆက်မပြောနိုင်ခင်မှာ ခန့်နေသွေးဆီက ထပ်မံ၍ စကားတွေ ထွက်လာလေသည်။

"အခု မင်းကို ငါက ယှမ်းအကြောင်းကြားပေးတာပါ။ မင်းနဲ့ ငါ ဒီနေ့ကစပြီး ခမည်းခမက် အဖြစ်နဲ့ ပြန်တွေ့ကြပြီ ပွင့်ဝေတိုး။ ငါတို့ဘက်က တင့်တောင့်တင့်တယ် ခမ်းခမ်းနားနား ပြန်လာအပ်မှာပါ။ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို"

တိုးက အရမ်းကို ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဟိုတစ်ဖက်က ဖုန်းချသွားသော်လည်း အသည်းအသန် အော်ဟစ်ခေါ်နေမိသည်။ ဟင့်အင်း ... ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ မဖြစ်ရဘူး။

"တိုး ဘာဖြစ်တာလဲ"

"နေပါဦး။ ခဏလေးပါ။ ဥဥဆီ ဖုန်းခေါ်ရမယ်။ မဖြစ်ရဘူး ... မဖြစ်ရဘူး"

တိုးက သမီးကြီးရဲ့ဖုန်းနံပါတ်ကို အမြန်ခေါ်လိုက်လျှင် ဖုန်းက စက်ပိတ်ထားသည်တဲ့။ မယုံဘူး။ ဘာတွေလဲ။ ဟိုလူ နေသွေးကကော ဘာတွေ ပြောသွားရတာလဲ။ တုတုကနေ ဥဥ ဘယ်လိုဖြစ်ကုန်တာလဲ။ တိုးက သမီးဆီကို ဖုန်းခေါ်လို့မရလျှင် သမီးသူငယ်ချင်း အိချိုဆီကို ဖုန်းလှမ်းခေါ်ရလေသည်။

"ဟယ်လို"

"အိချို ... သမီး ဥဥကောဟင်။ အန်တီ့သမီး ဥဥကော"

"ဟို ... ဟို ... အန်တီ။ ဥဥက စာပို့ခိုင်းလို့ ပို့ပေးရတာပါ။ သမီး ဘာမှမသိပါဘူး အန်တီ"

"သမီး ... သူ ယောကျ်ားနောက် လိုက်သွားတာလား"

"ဟုတ် ... ဟုတ်ပါတယ်"

အိချိုရဲ့ စကားအဆုံးမှာ တိုးရဲ့လက်ထဲကဖုန်းက အောက်သို့လွှတ်ကျသွားကာ လူကလည်း မိုက်ခနဲ ဖြစ်သွားရလေသည်။





"မေမေ ... မေမေ ဘာဖြစ်တာလဲ"

အိပ်ရာမှနိုးကာ အောက်ဆင်းလာတဲ့ သမီးငယ် တုတုက ဘာမှမသိသေးစွာဖြင့် စိုးရိမ်တကြီးမေးလျှင် တိုးက အငယ်မရဲ့ပခုံးတွေကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းကိုင်ကာ ...

"တုတု ... ဥဥ ရည်းစားက ဘယ်သူလဲ။ ဟင်"

"ဥဥရည်းစား။ ဥဥမှာ ဘာရည်းစားမှ မရှိပါဘူး မေမေရဲ့"

"တိုး ... ဘာဖြစ်တာလဲ။ သမီးကြီးက ဘယ်သူနဲ့လိုက်သွားတာလဲ။ ကိုယ့်ကို ပြောစမ်းပါ ... ပြောစမ်းပါ"

ကိုက စိတ်မရှည်တော့စွာဖြင့် တိုးကို ဆွဲကိုင်လှုပ်ယမ်း၍ မေးလာတာမို့ တိုးက ဆို့နင့်နာကျင်စွာဖြင့် ဖြေလိုက်ရသည်။

"ခန့်နေသွေးသားနဲ့"

"ဘာ"

"ရှင် ... ခေါင်နဲ့ လိုက်သွားတာ"

"ဘုရား ... ဘုရား ... ဥဥ တစ်ယောက်ကတော့"

ဒေါ်လေးကစ်၊ တုတုနဲ့ ကိုက တစ်ယောက်တစ်ခွန်းစီ တစ်ပြိုင်နက် ထိတ်လန့်အာမေဋိတ်ပြုကြလျှင် တိုးက နှုတ်ခမ်းကို ခပ်တင်းတင်း အံကြိတ်ဖိကိုက်ကာ နှလုံးသားတစ်ခုလုံး နင့်နင့်အောင့်လာရသည်။ ဘယ်လိုမှ သဘောမတူဘူး။ ခန့်နေသွေးသားနဲ့ ဥဥ ဘယ်နည်းနဲ့မှ မဖြစ်ရဘူး။ ရဘူး။

"မေမေ"

"တိုး"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး ခေါ်သံတွေသာကြား၍ တိုးဟာ ခွေကျသွားကာ လောကကြီးနဲ့ တစ်ခဏတော့ အဆက်အသွယ်ပြတ်သွားတော့သည်။

❖ ❃ ❖





"ဖယ် ... ငါလက်ကိုလွှတ်"

ခေါင်က လုံးဝကို ဂရုမစိုက်နိုင်စွာဖြင့် ဥဥကို ဖွတ်ဆွဲခေါ်လာခဲ့ကာ ကားတံခါးကိုဖွင့်၍ ကားထဲကို အတင်းဝင်ထိုင်ခိုင်းကာ တံခါးပိတ်လိုက်သည်။ ဥဥကို သူ အိမ်ပြန်လိုက်ပို့ပေးရမည်ဖြစ်သည်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ဖုန်းက ဖုန်းသံမြည်လာတာကြောင့် ခေါင်က ဖေဖေ့ဆီကဖုန်း ဖြစ်နေသောအခါတွင်တော့ သူက ခပ်သွက်သွက်လေးပင် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ဟယ်လို ... သားရေ။ မင်္ဂလာပဲဟေ့။ မင်းဘက်က အခြေအနေ ဘယ်လိုလဲ။ ဖေဖေ မင်းကောင်မလေးရဲ့မိဘတွေဆီကို ဖုန်းဆက်အကြောင်းကြားလိုက်ပြီးပြီ"

"ဗျာ ... ဖေဖေ"

ဖေဖေ့ဆီကစကား ကြားလိုက်ရတဲ့အခါမှာတော့ သူက လုံးဝကို အံ့အားသင့်သွားရတော့သည်။ သူ ဘာဆက်ပြောရမှန်းလဲ မသိတော့သလို ပြဿနာကလည်း ပိုရှုပ်ထွေးလာသလိုခံစားလာမိသည်။

www.burmeseclassic.com



"သား ဒါဟာ မင်းအတွက် အခွင့်အရေးပဲ။ မင်းတို့နှစ်ယောက် ခိုးပြေးလိုက်တော့။ ပြဿနာအဝဝကို ဖေဖေ တာဝန်အပြည့်ယူတယ်။ သိလား"

"ဟို ... ဟို"

"အေး ... အေး ... ဒါပဲ သားရေ။ အခြေအနေဖုန်းပြန်ဆက်နော်"

ဖေဖေက ဖုန်းချလို့သွားလျှင် သူက လုံးဝကိုနှံးချိလို့သွားရလေသည်။ အရာရာအားလုံးဟာ အစီအစဉ်တကျကို ဖြစ်လာခဲ့ပြီမို့ သူလည်း ဘာမှမတတ်နိုင်တော့ချေ။ ဉဉဟာ မိုက်ရူးရဲဆန်စွာ သူမရဲ့စိတ်ခံစားချက်တွေအတွက် သူမအိမ်ကို ခိုးပြေးတယ်လို့ ပြောခဲ့တယ်။ ဖေဖေက သူနဲ့ရှိနေသူက တုတုဟု ထင်မှတ်ပြီး တုတုမိဘတွေဆီ အကြောင်းကြားလိုက်တယ်။ နောက်ပြီးတော့ ဖေဖေ ... သူ ဘာလို့ ဒီလောက်ထိ သူ့ကို တုတုနဲ့ သဘောတူနေရတာလဲ။ သူ့စိတ်ထဲမှာ သေချာသိနေတာကတော့ ဖေဖေဟာ သူ့ကို တုတုဆိုတာထက် ဒေါ်ပွင့်ဝေတိုးရဲ့သမီး ဖြစ်နေခြင်းကြောင့် သဘောတူတယ်ဆိုတာ သူ သိသည်။

ဖေဖေနဲ့ တုတုအမေရဲ့ကြားက လျှို့ဝှက်ချက်က ဘာလဲဆိုတာ သူ မသိရသေးခင်မှာ ဖေဖေက ဟိုတစ်ဖက်ကို အကြောင်းကြားလိုက်ပြီဆိုတော့။ ခေါင်က လှုပ်လို့မရတော့သော ကျဉ်းထဲကျပ်ထဲ အခြေအနေတစ်ခုကြောင့် တကယ်ပဲ စိတ်ဆင်းရဲသွားရတာဖြစ်၏။

"ခေါင်ရဲရန် ... ဘာဖြစ်လို့လဲ"





ကားထဲက ဉဉက သူ့ရဲ့ပုံကို အကဲခတ်ကာ မေးလိုက်လျှင်တော့ ခေါင်က ဘာမှပြန်မဖြေသေးဘဲ ဉဉကို ငေးကြည့်မိသွားသည်။ လုံးဝနောက်ဆုတ်လို့ မရတော့တဲ့ အနေအထားကို ဖေဖေက ပို့လိုက်ပြီမို့ သူက တိကျသေချာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ ဉဉကို ပြောလိုက်တော့သည်။

"ဉဉ ... နင် ခိုးရာလိုက်သွားတယ်ဆိုတဲ့သူဟာ ငါလို့ နင့်မိဘတွေ သိသွားကြပြီ။ အဲဒီအတွက် ငါတို့ လက်ထပ်ရလိမ့်မယ်"

"ဘာ"

ဉဉက လုံး၀ထင်မှတ်ထားဟန် မရှိသော စကားအတွက် ကားပေါ်က ဆင်းလာ၍ သူ့မျက်လုံးတွေကိုကြည့်ကာ...

"ဘာဖြစ်တယ်။ ငါ ... ငါ ဘယ်သူလို့ မရေးခဲ့ပါဘူး"

"မရေးခဲ့ပေမယ့် ငါ့အဖေ ပြောလို့ သိသွားပြီ။ နင့်ရဲ့ဆန္ဒတွေ ပြည့်သွားတယ်လို့ ယူဆလိုက်ပါ ဉဉ။ ငါ အခုလိုဆုံးဖြတ်လိုက်တာဟာ အားလုံးအတွက် အကောင်းဆုံးဖြစ်ဖို့ပဲ။ ငါတို့ စီစဉ်စရာရှိတာ ဆက်စီစဉ်တာပေါ့။ သွားမယ်"

ခေါင်က ပြတ်သားနိုင်လှတဲ့ ဆုံးဖြတ်ချက်ချအပြီးမှာ သွားဖို့ဟန်ပြင်လျှင် ဉဉက သူ့ကို တားမြစ်လိုက်ရင်း ...

"နေပါဦး။ အခု ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ။ မင်းနဲ့ငါ အခု ခိုးပြေးလာပြာလေ"

"ခေါင်ရဲရန် ... အဲဒီလောက် လွယ်ကူတယ် ဟုတ်သလား။ ငါတို့က ခိုးပြေးလိုက်တယ်"

www.burmeseclassic.com



"အဲဒါ နင် ဖန်တီးတဲ့ ကံကြမ္မာပဲ။ ဒီနေ့ ငါ့ဘဝထဲကို မိန်းမတစ်ယောက် ဝင်ကိုဝင်လာလိမ့်မယ်လို့ ငါ တွေးခဲ့ဖူးတယ်။ နင် ဖြစ်နေခဲ့တယ်ဆိုလည်း အဲဒါကို ငါ ငြင်းဖို့ မလိုပါဘူး။ အားလုံး ကံတရားနဲ့ပဲ ဆိုင်တယ်။ အခန့်မသင့်လို့ ငါတို့ ဖူးစာပါတယ်ပေါ့"

"လုံးဝအဓိပ္ပာယ် မရှိဘူး။ ငါ သွားမယ်"

ဥဥက ထွက်သွားတော့မှာမို့ ခေါင်က ဥဥရဲ့လက်ကို ဖမ်းဆွဲထားလိုက်သည်။ ဒီအချိန်ဆို ဘယ်လောက်ထိပေါက်ကွဲနေမယ် မသိသော တုတ၊ ပြီးတော့ ဥဥရဲ့မိဘတွေ။ သူတို့အားလုံးဟာ ခေါင်နဲ့ ခိုးပြေးပြီလို့ သေချာပေါက် မှတ်ယူလိုက်ပြီဖြစ်သည့်အတွက် သူ ဒီအချိန်မှာ အဖြစ်သင့်ဆုံးကို လုပ်လိုက်တာပဲ ဖြစ်တာမို့ သူ့ကို ဖွတ်ကန်ငြင်းနေတဲ့ ဥဥကို ခပ်တင်းတင်း ဆုပ်ကိုင်ချုပ်ထားလိုက်ရင်းက ...

"သွားလို့ မရတော့ဘူး။ သေချာပေါက် နင်နဲ့ငါ ခိုးပြေးရတော့မယ်။ ငါနဲ့ ခိုးပြေးသွားပြီလို့ သိသွားတဲ့အတွက် နင့်ရဲ့သိက္ခာကို လေးစားဖို့ ငါတို့ ခိုးပြေးကြဖို့ပဲရှိတယ် ဥဥ"

သူ့စကားအဆုံးမှာ ဥဥက ငြိမ်ကျသွားတော့သည်။ ဒီအချိန်မှာ သူ ဥဥ အတွက်ပါ ထည့်တွက်စဉ်းစားပေးမိသွားတာကြောင့် ဒီဆုံးဖြတ်ချက်ကို ချလိုက်တာ ဖြစ်သည်။ ဥဥ သူနဲ့ ပတ်သက်လို့ ခံစားချက်တွေ ရှိခဲ့တာကို သူ သိပြီးနောက်မှာ သူ





တို့နှစ်ယောက် ရှေ့ဆက်ဖို့ ကံတရားက ပါလာတယ်လို့ပဲ သူ ယူဆလိုက်သည်။

အဲဒီလို ရုတ်တရက်ကြီး အခန့်မသင့် ပြောင်းသွားတဲ့ အခြေအနေအတွက် ဖေဖေ့ရဲ့တုံ့ပြန်မှုနှင့် ဖေဖေ ဘာတွေပြောလာမလဲ ဆိုတာကို ခေါင် သိပ်ကို သိချင်မိသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ … သားတို့ ခုပဲ တရားရုံးမှာ လက်မှတ်ထိုးပြီး သွားပြီ။ သား လက်ထပ်လိုက်တာက ခွဲတုတု မဟုတ်ပါ ဘူး။ သူ့ရဲ့အစ်မ ဖွေးဥဥ ကိုပါ"

"ဘယ်လို … သား"

နေသွေးက ဖုန်းထဲကနေ အဲဒီစကားကို ကြားကြား လိုက်ရခြင်းမှာ တကယ့်ကိုပဲ ကိုယ့်နားကိုယ် မယုံနိုင်အောင်ဖြစ် သွားရသည်။ သူက ထိုင်နေရာကနေ ဝုန်းခနဲ မတ်တတ်ထရပ် လိုက်ကာ …

"သား … ဘာတွေဖြစ်ကုန်တာလဲ။ မင်းရဲ့ကောင်မလေးက ခွဲတုတုမှလား။ ဘာ … ဘာတွေ"

"အဲဒါတွေ သားနောက်မှ ရှင်းပြပါရစေ ဖေဖေ။ ဖြစ်သင့် တဲ့ အခြေအနေတစ်ခု ဖြစ်သွားတာလို့ လောလောဆယ် ဖေဖေ သိထားပေးပါ။ သား သိချင်တာက ဖေဖေ သဘောတူပေးနိုင်ရဲ့လား ဆိုတာကိုပဲ"

သားရဲ့စကားသံတွေက လေးနက်လွန်းအားကြီးနေ တာကြောင့် နေသွေးက စဉ်းတော့ စဉ်းစားသွားရလေသည်။ ဖြစ်





သင့်တဲ့ အခြေအနေတဲ့။ သားနဲ့ ဒီနေ့တွေ့တဲ့မိန်းကလေးက ဒါဆို ခွဲတုတု မဟုတ်ဘူးဆိုတဲ့ သဘောပေါ့။ ဘာပဲဖြစ်ဖြစ် ဒီ အချိန်မှာ ခွဲတုတုဖြစ်စေ ဖွေးဥဥဖြစ်စေ သားနဲ့လက်ထပ်လိုက် ခြင်းဟာ သူ့အတွက် အသာပဲဖြစ်၏။ နေသွေးက သူ့ဆီက ဆုံးဖြတ်ချက်အဖြေကို မျှော်လင့်နေတဲ့ သားအတွက် မြန်မြန်ဆန် ဆန်ပဲ ပြောလိုက်တော့သည်။

"ဘာသဘောမတူစရာရှိလို့လဲ သားရာ။ ဖေဖေ ငါ့သားကို ပြောခဲ့သားပဲ။ ပွင့်ဝေတိုးရဲ့သမီးနဲ့ လက်ထပ်နိုင်တာဟာ ဖေ့ကို ကျေးဇူးဆပ်တာပဲလို့လေ။ သားတို့ အခု ဘယ်မှာ လဲ"

"သား အခု ဗဟန်းတရားရုံးမှာ ဖေဖေ"

"တခြား ဘယ်ကိုမှ သွားမနေနဲ့။ အိမ်ပဲပြန်လာခဲ့။ ကလေးမကိုပါ ခေါ်ခဲ့။ ကြားလား သား။ အခု ပြန်လာ"

"ဟုတ် … ဟုတ်ကဲ့ ဖေဖေ။ ဟိုဘက်က ဥဥမိဘတွေကို"

"အဲဒါ ဖေဖေ စီစဉ်ရမယ့် ကိစ္စပါ။ ငါ့သားက မိန်းကလေး ကိုခေါ်ပြီး အိမ်ပြန်လာခဲ့။ ဪ … နေဦး သား။ ဖေဖေ့ ကို မင်း အမှန်အတိုင်းပြောစမ်း။ မင်း အခု ဆုံးဖြတ်ချက် က အချစ်ပါရဲ့လား"

နေသွေးက အရေးအကြီးဆုံးသော မေးခွန်းကို မေးလိုက်လျှင် သားက ချက်ချင်းမဖြေပေးဘဲ ငြိမ်ကျသွားတာကို သူ သတိထားမိသွားသည်။ သား ဘာဖြေဖြေ သား စိတ်ထဲက ဘာဆိုတာကို သူ သေချာပေါက်ကို သိနေသည်။ ခွဲတုတုကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတဲ့ သူ့သားဟာ အခုလက်ထပ်ရတဲ့ မိန်းကလေးကို ဘာကြောင့် ဆိုတာ မသိပေမယ့် အချစ်မပါဘူးဆိုတာ သူ တွက်ဆမိပြီး ဖြစ်သည်။

"သား အဲဒါတွေ တွေ့မှပဲ ဖေဖေ့ကို ပြောပြတော့မယ်"

"အေး … အေး … ဟုတ်ပါပြီ သားရယ်။ အဲဒါဆို မြန်မြန်သာ ပြန်လာခဲ့နော်။ ဖေဖေတို့ စောင့်နေမယ်"

သားက ဟုတ်ကဲ့ဆိုကာ ဖုန်းချလိုက်သွားလေသည်။ လောကကြီးက သူ့ရင်ထဲက အနာတရများ အားလုံးကို ခံစားရသမျှ ကျေနပ်စေဖို့အတွက် ညီမျှတဲ့ လက်စားချေခြင်းကို ဆေးသနားလိုက်တာလို့ သူကတော့ ယူဆလေသည်။ ပွဲက အခုမှပို့ရှိုဆူတာဖြစ်၏။

တကယ်လို့ သားက သူ့ချစ်သူ ဖွဲတုတုနဲ့သာ လက်ထပ်ရင် ဖွဲတုတုဘက်က သူ့သား ရှိနေဦးမည်။ အခုတော့ သားလက်ထပ်လိုက်တာက ဖွေးဥဥတဲ့။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် အဓိကပစ်မှတ်က ပွင့်ဝေတိုးပဲမို့ ပစ်ကွင်းထဲက ကျည်ဆန်တောင့်ဟာ အဲဒီမိန်းမရဲ့သမီး ဖြစ်ဖို့သာ လိုအပ်လေသည်။

❖ ❋ ❖





သူ့ရဲ့သား လက်ထပ်လိုက်တဲ့ မိန်းကလေးဟာ သူ့ရဲ့ချွေးမအဖြစ် ဒီအိမ်ကြီးကို ရောက်ရှိလာပြီမို့ နေသွေးက မိန်းကလေးကို လေ့လာအကဲခတ်ကြည့်လိုက်သည်။ အရပ်မြင့်မြင့် အသားဖြူဖြူလေးဖြင့် မျက်နှာပေါက် အကျအနဟာ သူ့မအမေ ပွင့်ဝေတိုးနဲ့ အတော်လေး ဆင်နေတာကို သူ သတိပြုမိသည်။ သူ့ရဲ့အိမ်သို့ စတင်ရောက်ရှိလာသော ချွေးမကို ယောက္ခမဖြစ်တဲ့ နန္ဒာကတော့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုရှာ၏။

"မေမေ့ချွေးမလေးက သိပ်ချစ်စရာ ကောင်းတာပဲ။ သမီးလေး လာထိုင်။ ဘာမှ စိတ်မကျဉ်းကျပ်နဲ့နော်။ ကြည့်စမ်းပါဦး။ ချစ်စရာလေး"

နန္ဒာက လှိုက်လှိုက်လှဲလှဲမို့ ကောင်မလေးရဲ့မျက်နှာဟာ အနည်ငယ် ဝင်းဖန့်သွားတာကို သူ သတိပြုမိ၏။ ဒီအချိန်ဟာ သူ့အတွက် အပြောင်းအလဲမှ ကောင်းသောပြောင်းလဲခြင်းကို ဆေးလေသည့် ချွေးမဖြစ်တာကြောင့် နေသွေးကလည်း ဖော်ဖော်ရွေရွေလေးပဲ ဆက်ဆံပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ဇနီးအဖြစ် ဖေဖေတို့ဆီ ရောက်လာတော့ သမီးအဖြစ် ဖေဖေတို့အိမ်က ကြိုဆိုပါတယ်။ ဘာမှ stress မထားနဲ့။ ဟုတ်ပြီလား။ သားကလည်း သမီးကို ဂရုစိုက်မှာပါ။ သမီးကလည်း ဒီအိမ်ကို ကိုယ့်ရဲ့အိမ်လို့ သဘောထားပါ။ ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့ပါ။ သမီးကို အခုလိုမျိုး သမီးတစ်ယောက်လို နွေးနွေးထွေးထွေး ကြိုဆိုပေးတဲ့အတွက် အဖေနဲ့အမေကို ကျေးဇူးတင်ပါတယ်"

ကလေးမလေးက တကယ့်ကို ပျော်ရွှင်ဝမ်းသာသွားစွာ သူတို့ကို ကျေးဇူးတင်စကား ဆိုတာကြောင့် နေသွေးက တစ်ချက်ပြုံးလိုက်ရင် ...

"ကျေးဇူးတင်ဖို့ မလိုပါဘူး။ အဲဒါ မိဘဝတ္တရားပဲလေ။ သမီးကို သမီးမိဘတွေဆီအပ်ပြီး သားနဲ့သမီး မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား စီစဉ်ပေးမယ်။ သား ငြိမ်လှချည်လားကွ။ ဘယ်လိုလဲ ... ဖေဖေ စီစဉ်တာ သဘောကျရဲ့လား"

နေသွေးက သားကို လှမ်းမေးလိုက်လျှင်တော့ သားက သူ့ကို ခပ်နွမ်းနွမ်း အပြုံးတစ်ချက်နဲ့အဂျူ ခေါင်းညိတ်ပြရင်း ...

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ် ဖေဖေ။ ဥဥ ... ကိုယ်တို့ လူကြီးတွေကို ကန်တော့ကြရအောင်လေ"

"ဟုတ်ကဲ့"





သားက သိတတ်လိမ္မာစွာဖြင့် မိဘတွေကို ကန်တော့ဖို့ ဖွေးဥဥကို ပြောလိုက်တာကြောင့် သားကော ဥဥကောက သူတို့ကို ကြမ်းပြင်ပေါ်သို့ဆင်းကာ တရိုတသေဖြင့် ရှိခိုးကန်တော့နေစဉ်မှာပင် သူတို့ရဲ့ခြံစောင့်ကြီး ကိုဘတူက အိမ်ထဲသို့ ပြေးဝင်လာကာ ...

"အာစရိ ... အစ်ကိုလေးရေ ... မမလေးရဲ့မိဘတွေတဲ့ ခြံရှေ့မှာ ရောက်နေတယ်"

"ရှင်"

ဟား။ ပွဲက အခုမှစပြီဖြစ်၏။ ဖွေးဥဥက ထိတ်လန့်တုန်လှုပ်သွားပေမယ့် နေသွေးက အပြုံးတစ်ခုဖြင့် ကိုဘတူကို အမိန့်ပေးလိုက်တော့သည်။

"ခြံတံခါးဖွင့်လိုက်ပါ ကိုဘတူ။ ကျုပ်ရဲ့ခမည်းခမက်တွေကို အိမ်ထဲ ကြိုဆိုရမှာပေါ့"

"ဖေဖေ"

သားက စိုးရိမ်စွာဖြင့် သူ့ဆီသို့ရောက်လာသောကြောင့် နေသွေးက သားရဲ့ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"ဘာမှစိတ်မပူစမ်းပါနဲ့ သားရယ်။ မင်းတို့တွေက လက်ထပ်ပြီးသွားပြီ။ ဘယ်သူမှ ခွဲလို့မရတော့ဘူး။ ဖေဖေရှိပါတယ်။ ဘာမှ စိတ်ပူမနေကြပါနဲ့။ ကိုဘတူ ... တံခါးသွားမဖွင့်သေးဘဲ ဘာလုပ်နေတာလဲ။ ဟိုမှာ စောင့်နေရတာ အားနာစရာဗျာ။ သွား ... သွား"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘတူက ခေါင်းဆတ်ပြရင်းက ခပ်သွက်သွက် ထွက်သွားလေသည်။ နေသွေးက သားဘက်သို့ လှည့်ကြည့်လိုက်ရင်း အမြန်စီစဉ်ရသည်။

"သား ... သမီးကို မင်းအခန်းထဲ ခေါ်သွားလိုက်။ ချက်ချင်းကြီး မင်းတို့နှစ်ယောက်ကိုမြင်လို့ မဖြစ်သေးဘူး။ သွား ... သမီး လိုက်သွားလိုက်"

"ဟုတ်ကဲ့"

သားနဲ့ သူ့ရဲ့အသစ်စက်စက် ချွေးမလေးဟာ သူ့စကားအတိုင်း မြေဝယ်မကျ နားထောင်စွာဖြင့် အပေါ်ထပ်သို့ မြန်မြန်လေး တက်သွားကြ၏။ သူစီစဉ်တာကို ဘေးကနေကြည့်နေတဲ့ နန္ဒာက သူ့လက်မောင်းတွေကို လှုပ်ယမ်းရင်း ...

"ကိုခန့် ... ရှင် ဘာတွေ လုပ်နေတာလဲ"

"မင်း အသာနေစမ်းပါ မိန်းမရာ။ ဟိုမှာ လာပြီ"

နေသွေးက ကားပေါ်ကနေ အသည်းအသန်ဆင်းကာ အိမ်ထဲဝင်လာလေသော ပွင့်ဝေတိုးတို့ကို ကျေနပ်စွာသော အပြုံးတစ်ခုဖြင့် ပြုံးကြည့်နေချိန်မှာ ပွင့်ဝေတိုးက ပွက်ပွက်ဆူနေသော ဒေါသများဖြင့် သူ့ကို အသံကုန်ဟစ်တော့တာပဲ ဖြစ်သည်။

"နေသွေး ... ငါ့သမီး ဘယ်မှာလဲ။ အခုချက်ချင်းပေး။ ဒီကိစ္စကို ငါ လုံးဝသဘောမတူဘူး။ လုံးဝမဖြစ်ရဘူး"

ကြောက်လန့်တကြားကိုမှ သွေးပျက်ထိတ်လန့်နေသော အဲဒီမျက်နှာကို သူက ကျေနပ်အားရဝမ်းသာစွာ ကြည့်လိုက်ရင်း ...





"သဘောမတူလို့ မရတော့ဘူး။ သူတို့နှစ်ယောက်က သူတို့သဘောနဲ့သူတို့ ခိုးပြေးကြတာလေ"

"မဖြစ်ရဘူး။ လုံးဝမဖြစ်ရဘူး"

"ဒီမှာ ... ကိုနေသွေး။ ခင်ဗျား လူကြီးလူကောင်းဆန်ဆန် စကားပြောပါ။ ကျုပ်သမီး ဘယ်မှာလဲ။ ကျုပ်တို့သမီးကို ကျုပ်တို့ပြန်လိုချင်တယ်"

ပွင့်ဝေတိုးရဲ့ယောက်ျားက ဝင်ပါလာပြီမို့ နေသွေးက ကြည်းမှန်းတီးစိတ်ဖြင့် အဲဒီလူကို ခပ်တင်းတင်း ကြည့်လိုက်ရင်း ...

"ဒီမှာ... ခင်ဗျားကကော ဘာတွေပြောနေတာလဲ။ အရွယ်ရောက်ပြီးသား လူနှစ်ယောက်ကို ခင်ဗျားက ဘာတွေတားမြစ်နေတာလဲ။ ကျုပ်သား ခေါင်းရဲရန်က အစုတ်အပြတ် မဟုတ်ဘူး။ အခြေနဲ့ အနေနဲ့။ အဲ ... ဒါပေမဲ့ ကျော်တော့ လေသူကြီး ညားတော့ လေယိုးသား ဖြစ်သွားတာကိုတော့ ကျုပ်လည်း သတင်းကြားကြားချင်း အံ့ဩသွားတယ်"

"ဟေ့လူ ... ခင်ဗျား ဘာမှ အပိုတွေလျှောက်ပြောမနေနဲ့။ မင်းရဲ့သားကို ငါ့သမီးနဲ့ လုံးဝသဘောမတူဘူး"

နေသွေးက ပွင့်ဝေတိုးထက်တောင် ပိုဆိုးနေလေသောကြောင့် သဘောတကျဖြင့် ရယ်လိုက်ရင်းက ဒီအချိန်ဟာ သူ့အတွက် အသာစီးဖြစ်နေသော အချိန်ကာလ ဖြစ်တာကြောင့် သူ အင်မတန် မုန်းတီးလှတဲ့ အဲဒီမျက်နှာတွေကို စေ့စေ့ကြည့်လိုက်ရင်းကမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သဘောမတူလည်း ဘာမှမဖြစ်ဘူး။ ငါ့သားနဲ့ ဖွေးဥဥက တရားဝင် လက်ထပ်ပြီးသွားပြီ။ သူတို့နှစ်ယောက်ကို ဘယ်သူမှခွဲလို့ မရတော့ဘူး"

"ဘာ ... မဖြစ်ရဘူး။ သူတို့ လုံးဝလက်မထပ်ရဘူး"

သူ့ရဲ့စကားအဆုံးမှာ ပွင့်ဝေတိုး တစ်ယောက်ဟာ သူ့ကို ဒေါသတကြီး အော်ပြောရင်း ပိုင်လဲသွားချိန်မှာတော့ အပေါ်ထပ်က ဥဥက အလျင်အမြန် ဆင်းချလာကာ သူမအမေကို စိုးရိမ်တကြီး ပြေးပွေ့လေ၏။

"မေမေ ... မေမေ"

"ဥဥ ... ဥဥ ... သမီး မေမေနဲ့ ပြန်လိုက်ခဲ့ပါ သမီး။ နင့်ကို ဒီကိစ္စ မေမေ လုံးဝသဘောမတူဘူး"

သူ့ကို အဲဒီလောက်အထိ ခါးသီးမုန်း သိသာလှစွာ ပွင့်ဝေတိုးက သူမသမီးကို ဖွတ်ခေါ်နေတာမို့ ဥဥက မျက်ရည်များကြားမှ သူတို့ဘက်ကိုလှည့်ကာ ...

"သမီး တောင်းပန်ပါတယ် ဖေဖေနဲ့ မေမေ။ ဥဥ မေမေနဲ့ ခဏပြန်လိုက်သွားပါရစေနော်"

"လိုက်သွားလို့ ဘယ်ဖြစ်မလဲ။ မင်းက ငါ့သားရဲ့မိန်းမဖြစ်နေပြီလေ။ အိမ်ရှင်မဟာ သူ့ယောကျ်ားရှိတဲ့ နေရာမှာပဲရှိရမှာပေါ့"

နေသွေးက အနိုင်နဲ့ပိုင်းကာ အပြတ်ပြောလိုက်ချိန်မှာ သားက သူ့ကို လှမ်းပြောလေ၏။





"သွားပါစေ ဖေဖေ။ အန်တီ့ကို ကြည့်ရတာလည်း အရမ်းအားနည်းနေသလိုပဲ။ ဥဥ ... လိုက်သွားလိုက်ပါ။ ကိုယ်တို့ကိစ္စကို အဆင်ပြေအောင် ကိုယ် ဆက်စီစဉ်ပါ့မယ်"

"ဘာမှ မစီစဉ်နဲ့။ မင်းနဲ့ ငါ့သမီး ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လုံးဝသဘောမတူဘူး။ သမီး ... လာ ... ပြန်မယ်"

ပွင့်ဝေတိုးက သူ့သမီးကို ဆွဲခေါ်သွားလျှင် နေသွေးက အဲဒီမိန်းမ သေချာပေါက်ကြားအောင် ပြောလိုက်သည်။

"ပွင့်ဝေတိုး ... ငါတို့ဘက်က မိသားဖသားပီပီ ဓလေ့ထုံးစံအတိုင်း လာခဲ့ပါ့မယ်။ ငါ့ရဲ့ချွေးမကို အခမ်းနားဆုံး အကြီးကျယ်ဆုံး မင်္ဂလာပွဲ စီစဉ်ပေးမယ်"

"ကျွန်မ သေတာတောင် ဒီကိစ္စ မဖြစ်စေရဘူး။ ရှင် တော်တော်ယုတ်မာတာပဲ"

"တော်ပြီ ... တော်ပြီ။ တိုး တော်တော့။ သမီး ... သွားမယ်"

ပွင့်ဝေတိုးက လှုပ်လှုပ်ခတ်ခတ် ဖြစ်လေသောကြောင့် သူမခင်ပွန်းက ဖွတ်ဆွဲခေါ်သွားလေသည်။ နေသွေးက အဲဒီမိန်းမရဲ့ အတုံးအရှုံး ကျဆုံးခန်းကို ကျေကျေနပ်နပ်ကြီးကြည့်နေချိန်မှာ သားက သူ့ရဲ့ရှေ့တည့်တည့်မှာ ရပ်လိုက်ရင်း စမေးတော့တာဖြစ်သည်။

"ဖေဖေ ... သားကို ပြောပြသင့်ပြီလို့ ထင်ပါတယ်။ ဖေဖေတို့ကြားထဲက ရန်စက ဘာလဲ။ သား သိရမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ ဒါဆို ဖေဖေနဲ့သား အပေးအယူတစ်ခု လုပ်ရမယ်"

"ဘာကိုလဲ ဖေဖေ"

"သား လက်ထပ်လိုက်တဲ့ မိန်းကလေးက တုတု မဟုတ်ဘဲ ဥဥ ဘာလို့ ဖြစ်သွားရတာလဲ။ သားဆီက နိုင်လုံတဲ့ အကြောင်းပြချက်ကို ကြားပြီးရင် ဖေဖေ မင်းကို ပြောပြမယ်"

သူ့ရဲ့စကားကြောင့် သားက တစ်ချက်စဉ်းစားလိုက်ကာ ခေါင်းညိတ်ပြရင်း ...

"ဖေဖေတို့ကို ပြောခဲ့သလိုပဲ သား စိတ်ဝင်စားခဲ့တာ တုတုပါ။ ဒါပေမဲ့ သားဘက်က ဥဥကို အပြစ်လုပ်မိတယ်လို့ ခံစားရတယ်။ ဒီနေ့ တွေ့ဖို့ချိန်းတာကလည်း ဥဥပါပဲ။ သားဘက်က ဥဥကိုပဲ လက်ထပ်သင့်တယ်လို့ ဆုံးဖြတ်လိုက်တဲ့အတွက် သား ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်ခဲ့တာပါ။ ပြီးတော့ တုတုနဲ့သားက ရည်းစားတွေ ဖြစ်ခဲ့ကြတာလည်း မဟုတ်ဘူးလေ။ ဒါကြောင့် သား လုပ်သင့်တာကို ဆုံးဖြတ်ခဲ့တာပါ"

"ဒါဆို သားက မချစ်ဘဲ လုပ်သင့်လုပ်ထိုက်လို့ ဆုံးဖြတ်လိုက်တယ်လို့ ဆိုလိုတာလား"

"ဟို ... အဲဒီလိုတော့ မဟုတ်ပါဘူး။ သား အဆင်ပြေမယ်ထင်လို့ ဆုံးဖြတ်တာမို့လို့ မှားတော့ မမှားနိုင်ပါဘူး။ သား အလှည့်ပြီးပြီ ဖေဖေ ပြောပြဦး"





သားက စကားတွေ ဝေ့နေတယ်ဆိုတာ သူက သဘောပေါက်လေသည်။ ဒါပေမဲ့လည်း ဥဥကို အခြေအနေတစ်ခုအရ လက်ထပ်လိုက်တယ်ဆိုတာ သူ သိသည်။ အဲဒီအတွက် သူ့ဘက်က ပိုတောင်ကောင်းတယ် ပြောရဦးမည်။ နောက်ပြီး သူနဲ့ပွင့်ဝေတိုးဘက်က အငြိုးတရားတွေကို သား သိသင့်တာမို့ သူ ပြောပြလိုက်တော့သည်။

"ဖေဖေတို့ကြားမှာ ရန်ငြိုးရှိခဲ့တာပေါ့ သားရယ်။ ပွင့်ဝေတိုးဟာ အဖေ့ဘဝကို အမည်းစက်ထင်အောင် လုပ်ခဲ့တဲ့မိန်းမ။ သူနဲ့အဖေ လက်ထပ်ဖို့ ခမ်းခမ်းနားနား မင်္ဂလာပွဲကြီးကျင်းပခဲ့တဲ့ နေ့မှာပဲ လက်မထပ်နိုင်ပါဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့ အဲဒီမင်္ဂလာပွဲမှာ ဖေဖေ့ကို တစ်ယောက်တည်းထားခဲ့တယ်။ အဲဒီနေ့ဟာ အဖေ့ဘဝအတွက် အကြီးမားဆုံးသော ရှုံးနိမ့်မှု၊ အရှက်ရမှုတွေကို ခံစားခဲ့ရတဲ့နေ့ပဲ။ အဲဒီမိန်းမကို ဒီတစ်သက် ဘယ်တော့မှ မကျေဘူး။ သားကို ပွင့်ဝေတိုးရဲ့သမီးနဲ့ လက်ထပ်စေချင်တာဟာ အဖေ လက်စားချေချင်လို့ပဲ။ ပွင့်ဝေတိုး နာကျင်ခံစားစေရမယ်။ သား ... မင်း အဖေ့ကို ကူညီပါ။ သားကူညီမှ အဖေ့ဘဝမှာ ခံစားခဲ့ရတဲ့ အနာတရတွေ သက်သာမယ်"

"သား ... သားက ဘာကို ကူညီရမှာလဲ။ ဒေါ်ပွင့်ဝေတိုးရဲ့ သမီးကို မင်္ဂလာပွဲမှာ ထားပစ်ခဲ့ရမှာလား"

ခေါင်ရဲ့တည့်တည့်ကို မေးလိုက်သော မေးခွန်းကြောင့် သူက ကျေနပ်သွားစွာ ပြုံးမိလိုက်ချိန်မှာ ဝင်တားလိုက်သူကတော့ နန္ဒာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မထားခဲ့ရပါဘူး။ ကိုခန့် … တော်တော့။ ရှင့်ကို ကျွန်မ ဘာတစ်ခွန်းမှ မပြောခဲ့တာ ရှင် စိတ်ချမ်းသာပါစေတော့ ဆိုတဲ့စိတ်နဲ့ပဲ။ ဉဉကို ဘာအကြောင်းနဲ့မှ ကျွန်မရဲ့ချွေးမ ဖြစ်ဖို့ အတားမခံနိုင်ဘူး။ တော်လောက်ပါပြီ။ ဒီလောက် သူများရဲ့စိတ်ကို ဒုက္ခရာပေးလိုက်ပြီးရင် တော်လောက် ပါပြီ …

ကလေးတွေမှာ ဘာအပြစ်ရှိလို့လဲ။ သား … မင်း အဖေ ပြောတာကို နားမယောင်ပါနဲ့။ မင်းကို မေမေ ယောကျ်ားကောင်းပဲ ဖြစ်စေချင်တယ်။ မင်း ဉဉကို လက်ထပ်ဖို့ ရွေးချယ်ပြီးသလို လက်လည်း လက်ထပ်ခဲ့ပြီးပြီ။ မင်း ဘာအကြောင်းနဲ့မှ မင်းမိန်းမကို မထားခဲ့ရဘူး"

"နန္ဒာ … မင်း ငါ့စိတ်ကို နားမလည်ပေးဘူးလား"

"တော်ပါတော့။ အသက်တွေလည်း ကြီးနေပြီ။ ရှင်ဟာ ဖခင်တစ်ယောက်ပါ။ အဖေစိတ်လေးမွေးပြီး သားသမီး ချင်း ကိုယ်ချင်းစာပေးပါ။ ကျွန်မ တောင်းပန်ပါတယ်။ ရှင့်ရဲ့အမုန်းတရားတွေကို ဒီနေ့ လက်စားချေခြင်းနဲ့အဆုံး သတ်လိုက်ပါတော့"

သူ့ကို တစ်ခါမှ ပြန်မပြောဘူးတဲ့ နန္ဒာက သားရဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာ သားဘက်က ပြောနေ တာကြောင့် သူကငြိမ်ကျသွားရသည်။ သူလုပ်တာ မမှားပါဘူး။ ပွင့်ဝေတို့ ဒီလောက်လေး ခံစားရတာနဲ့ သူက ကျေပေးရမှာ လား။





နေသွေးက သွေးဆူနေတဲ့ သူ့ဓနီးနဲ့ သားရဲ့ပခုံး တွေကို တစ်ဖက်စီ ဖက်တွယ်လိုက်ရင်း သက်ပြင်းတစ်ချက်ချ လိုက်မိသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့မျက်နှာကို ငဲ့သောအားဖြင့် ဥဥ အိမ်ပြန်လိုက်လာသောအခါ အိမ်ပြန်ရောက်လျှင် အိမ်ထဲမဝင်ရဲတဲ့အကြောင်းရင်းတစ်ခုက ရှိနေလေ၏။ မေမေက ဥဥရဲ့ပခုံးကို ဖက်တွယ်ရင်းက ...

"သမီး ... အိမ်ထဲဝင်မယ်လေ"

"ဟုတ် ... မေမေ"

ဥဥက မေမေနဲ့အတူ အိမ်ထဲဝင်လာလျှင်တော့ လှေကားထိပ်ကနေ အေးစက်စက် အကြည့်တွေဖြင့် ဥဥကိုကြည့်နေသော မျက်ဝန်းတစ်စုံ မြင်ရလျှင် ဥဥက ခြေလှမ်းတို့တုံ့ဆိုင်းသွားရသည်။ ငါ့ကို ... ငါ့ကို ခွင့်လွှတ်ပါ တုတုရယ်။

"တုတု"

"မေမေ သူ့ကို ဘာဖြစ်လို့ ပြန်ခေါ်လာတာလဲ"

ဥဥရဲ့ လှမ်းခေါ်သံအဆုံးမှာပဲ တုတုက ဥဥနဲ့မျက်လုံးချင်းဆုံသွားကာ မေမေ့ကို လှမ်းပြောတာမို့ ရင်ထဲမှာ ဆစ်ခနဲနာကျင်သွားရသည်။ အဲဒီလောက်ဖြစ်ဖို့ရာ မမျှော်လင့်ခဲ့ပေမယ့် တကယ်ကို ဒီနေ့မှာ ခေါင်နဲ့ လက်ထပ်ခဲ့ပြီမို့ ဥဥဟာ တုတုရဲ့သစ္စာဖောက်သူ ဖြစ်ခဲ့လေပြီ ဖြစ်သည်။





"တုတု ... သမီးက အငယ်ဆုံး။ ဒီကိစ္စ ဝင်မပြောပါနဲ့"

ဖေဖေ့ရဲ့တားမြစ်သံအဆုံးမှာ တုတုက မျက်နှာတစ်ချက်မဲ့သွားလေသည်။ မေမေက ဥဥကို သူမဘက်သို့ ဆတ်ခနဲ ဆွဲလှည့်လိုက်ရင်း ...

"ဥဥ ... သမီးကို မေမေ တောင်းပန်တာပါ သမီးရယ်။ ခေါင်ရဲရုန်နဲ့ မေမေ လုံးဝသဘောမတူနိုင်ဘူးနော်။ အမေသေတာတောင် ဒီကိစ္စ မဖြစ်စေရဘူး"

"ဘာဖြစ်လို့လဲ မေမေ။ ဥဥတို့ လက်ထပ်ပြီးသွားပြီ"

"မပြောနဲ့။ အဲဒီစကားကို ဘယ်တော့မှ မပြောနဲ့။ ဘယ်တော့မှ နင် သူနဲ့လက်မထပ်ရဘူး။ ခန့်နေသွေးရဲ့သားနဲ့ ဘယ်တော့မှ လက်ထပ်ရဘူး။ သူဟာ မေမေ့ရန်သူ။ လုံးဝမဖြစ်ရဘူး။ ဥဥ ... မေမေ့ကို ကတိပေးပါ။ ငါ့ကို နင့်အမေလို့ သတ်မှတ်သေးတယ်ဆိုရင် သူတို့နဲ့ မပတ်သက်ပါနဲ့ သမီးရယ်။ မေမေ တောင်းပန်ပါတယ်။ နင် ငါ့စကားကို နားမထောင်ဘူးဆိုရင် ငါ့ကိုယ်ငါ သတ်သေပစ်မယ်"

"မေမေ"

မေမေ အရမ်းဒေါသတွေကြီးကာ စိတ်တွေ တအားလှုပ်ရှားနေတာကြောင့် ဖေဖေကပဲ မေမေ့ကို ဝင်ထိန်းလိုက်ရင်းက ခေါင်းလေးကစ်ကို အပေါ်ခေါ်သွားခိုင်း၏။ မေမေ အပေါ်ရောက်သွားမှ ဖေဖေက ဥဥရဲ့ခေါင်းလေးကို ခပ်ဖွဖွပုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဥဥ ... သမီး မေမေ ဘယ်လောက် ခံစားနေရလဲဆိုတာ မြင်တယ်နော်။ နောက်ဆုတ်ဖို့ပဲ ဖေဖေ ပြောပါရစေ"

"ဦးခန့်နေသွေးက မေမေနဲ့ ဘာရန်ငြိုးတွေ ရှိခဲ့လို့လဲ ဖေဖေ"

"လူလယ်ကောင်မှာ ယောက်ျားတစ်ယောက်က သမီးမေမေကို အရှက်ကွဲအောင် ပါးရိုက်ခဲ့ဖူးတယ်။ အဲဒီသူက ခန့်နေသွေးပဲ။ သမီး ဒီလောက်ပဲ သိထားပါ။ သမီးမေမေရဲ့ စိတ်ဒဏ်ရာတွေကို ဖေဖေ ကုစားဖို့ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတယ်။ ပျော်ရွှင်စရာကောင်းတဲ့ ဖေဖေတို့မိသားစု ဘဝလေးကို သမီး ဖျက်ဆီးပစ်ချင်နေပြီလား"

ဖေဖေ့စကားကြောင့် ဥဥက ခံစားရလွန်းစွာ မျက်ရည်ဝဲ့က ဝဲတက်လာလေသည်။ မေမေ့ကို နာကျင်စေခဲ့လို့ မေမေက ခေါင်ကို သဘောမတူတာပေါ့။

"သမီး ... မေ့ပစ်လိုက်ပါ။ ဖေဖေ ဒါပဲပြောချင်တယ်"

ဖေဖေက ဥဥရဲ့ပခုံးကို ခပ်ဖွဖွ ပုတ်ပေးရင်း ထွက်လို့သွား၏။ မျက်ရည်များနဲ့ ကျန်ခဲ့တဲ့ ဥဥက မလှမ်းမကမ်းမှာ ရှိတဲ့ တုတုကို လှမ်းကြည့်လိုက်လျှင် တုတုက မျက်လုံးလွှဲလိုက်ရင်း ထွက်သွားဖို့ ပြင်တာကြောင့် ဥဥက လှမ်းတားလိုက်ရသည်။

"တုတု ... ခဏလေး"

ဥဥ ခေါ်သံကြောင့် တုတုက ပြန်လှည့်လာကာ ကြောက်စရာကောင်းလောက်အောင် အေးစက်နေသော မျက်ဝန်းတို့ဖြင့်ကြည့်၍ ...





"ဘာလဲ။ နင်နဲ့ ငါ့ကြားမှာ ဘာပြောစရာရှိသေးလို့လဲ"

"ငါ တောင်းပန်ပါတယ် တုတုရယ်"

"မတောင်းပန်ပါနဲ့ မလိုပါဘူး။ ငါ့မှာ သစ္စာဖောက်တဲ့ နောက်ကျောကို ဓားနဲ့ထိုးတဲ့ အစ်မမျိုး မရှိခဲ့ဘူးလို့ ငါ သတ်မှတ်ထားတယ်။ အခုချိန်မှာ နင်က ငါ့ရဲ့သူစိမ်းလူပဲ။ ငါ့ရင်ထဲကနေ နင့်ကို ထုတ်ထားလိုက်ပြီ ဥဥ။ နင့်စိတ် သဘောအတိုင်း နင်လုပ်ချင်ရာ လုပ်ပိုင်ခွင့်ရှိတယ်။ ငါ့ကို စကားလာမပြောပါနဲ့"

တုတုရဲ့စကားလုံးတွေက ဓားနဲ့ထိုးနေသည့်အလား နှလုံးသားတစ်ခုလုံး မွမွကြေအောင် နာရလေသည်။ ဥဥ ခဏလေး မိုက်ရူးရဲဆန်လိုက်တဲ့ အတွေးလေးတစ်ခုမှာ အဲဒီလောက်အထိ ဆိုးကျိုးကနင်းတွေ ဖြစ်ကုန်ပြီလား။ ဥဥက မျက်ရည်တွေကြားထဲက တုတုရဲ့လက်တွေကို ဆွဲကိုင်လိုက်ရင်း ...

"တုတုရယ် ... ငါ တောင်းပန်ပါတယ်။ ငါ မိုက်မိပါတယ်။ ငါ မှားခဲ့ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါ။ အဲဒီလောက် မရက်စက်ပါနဲ့နော်။ ငါက နင့်အစ်မပါ"

ဥဥက တောင်းပန်နေမှုကို တုတုက နာနာကြည်းကြည်း စိုက်ကြည့်ကာ ဥဥ ကိုင်ထားတဲ့ လက်တွေကို ပုတ်ထုတ်ပစ်လိုက်ရင်း ...

"အစ်မ ... ဟုတ်လား။ နင်က ဒီတစ်ခါလေးပဲ အမှားကျူးလွန်ခဲ့တာ။ ဒါပေမဲ့ အဲဒီတစ်ခါကပဲ နင် ငါ့အပေါ် ကောင်းခဲ့သမျှ အားလုံး အလကားဖြစ်သွားပြီ။ ငါ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



တွေရောက်နေချိန်မှာ ငါ အားအကိုးဆုံးက နင်ပါ။ နင်က ငါ့နှလုံးသားကို ဖျက်ဆီးတယ် ...

တခြားသူဆိုရင် ငါ ဒီလောက် မခံစားရဘူး။ နင်က ငါ့ရဲ့အစ်မဖြစ်ရဲ့သားနဲ့ ဒီလုပ်ရပ်ကို လုပ်သွားတာကို ငါ စိတ်အနာဆုံးပဲ။ ငါ အခု အဲလို ပြောလိုက်လို့ ငါ ခေါင်ရဲရန်ကို ချစ်နေတယ်လို့ နင်မထင်နဲ့ ဥဥ။ သူ့ကြောင့် ငါနာတာ မဟုတ်ဘူး။ နင့်ကြောင့်။ ငါ့ကို လာတောင်းတဲ့ယောကျ်ားနဲ့မှ နင် ခိုးရာလိုက်ပြေးလို့။ ငါ့မိဘရှေ့မှာ ကျသွားတဲ့ ငါ့သိက္ခာအတွက် နင့်ကို နာတာ။ နင်နဲ့ငါ မတော်လို့ မရတဲ့ ပတ်သက်မှုကြောင့် နင် ငါ့အစ်မဖြစ်နေပေမယ့် ငါ့ရင်ထဲမှာ နင် လုံးဝမရှိတော့ဘူး ဥဥ။ နင့်ကို ငါ မြင်လည်း မမြင်ချင်ဘူး ...

နင့်ကြောင့် မေမေ စိတ်ထိခိုက်နေရတယ်။ နင်ထွက်သွားမယ်လို့ ဆုံးဖြတ်ပြီးရင် နင် ငါတို့ဆီ ပြန်မလာခဲ့သင့်ဘူး ဥဥ။ နင် ပျော်တဲ့ဆီမှာ နင် နေပါလား"

တုတုက ပြောရင်းမှ ငိုနေကာ အပေါ်ထပ်သို့ပြေးတက်သွားလေတော့သည်။ ဥဥ အနောက်ကနေ ပြေးလိုက်သော်လည်း ဘယ်လိုမှ မမီတော့ဘဲ တုတုက အခန်းတံခါးကို ဆောင့်ပိတ်ချသွား၏။ တုတု အခန်းတံခါးကို တဒုန်းဒုန်းခေါက်ရင်း မျက်ရည်တွေနဲ့ ကျန်ခဲ့ရသူကတော့ ဥဥပဲ ဖြစ်သည်။ ငါ့ကိုခွင့်လွှတ်ပါ တုတုရယ်။

"တုတု ... ညီမလေး။ ငါ့ကို ခွင့်လွှတ်ပါဟာ။ တုတု"





ဥဥ တကယ်ပဲ မှားသွားခဲ့ပြီ။ ဥဥက အားလုံးရဲ့ နှလုံးသားတွေကို အနာတရဖြစ်အောင် တစစီ ဖျက်ဆီးခဲ့မိတာ။ ဥဥ ခေါင့်ကို သိပ်ချစ်မိလို့ မှားခဲ့တာပါ။ တုတု ဒီလောက်အထိ ဥဥအပေါ်ကို နာကြည်းသွားလိမ့်မယ်လို့လည်း ထင်မထားခဲ့ပေ။

အဲဒီအတွက် အလဲအကွဲ ငိုကြွေးရသူဟာ ဥဥသာ ဖြစ်ကာ နားထဲမှာ "ဒီတစ်ခါကပဲ နင် ငါ့အပေါ် ကောင်းခဲ့သမျှ အားလုံး အလကားဖြစ်သွားပြီ"ဆိုတဲ့ စကားတွေကသာ ပဲ့တင်လှိုင်းထပ်နေတော့သည်။ အဲဒီလို မထင်ပါနဲ့ တုတုရယ်။

ငါ့ဘဝကို နင့်ကို တစ်သက်လုံး အနစ်နာခံခဲ့တာဟာ ဒီလိုနည်းနဲ့ အနိုင်ယူဖို့ မဟုတ်ရပါဘူး ဆိုတာကို ယုံပါ။

❖ ❋ ❖




www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ...
ဦးနှောက်နဲ့ နှလုံးသား လွန်ဆွဲကြရင်
မုန်တိုင်းတွေ ဖြစ်လာလိမ့်မယ်။
ဘဝဟာ rehersal (ရီဟာဇယ်)လုပ်လို့ မရလို့
အဲဒီမုန်တိုင်း ငြိမ်သက်ဖို့
တစ်ချက်တည်းပဲ ဆုံးဖြတ်ရတတ်တယ်။







# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com



ဒီတလောမှာ ခင်ပွန်းကိုကော သားဖြစ်သူကိုပါ အမြဲတကြည့်ကြည့်ဖြင့် ဂရုစိုက်နေရတဲ့ နန္ဒာအဖို့ ဇနီးသည်ကောင်းပီသစွာ ခင်ပွန်းသည်ရဲ့စိတ်ဒဏ်ရာကို ကုစားဖို့ ကြိုးစားရသလို မိခင်ကောင်းပီသစွာ သားလေးရဲ့ စိတ်ခံစားချက်တွေကို နှစ်သိမ့်ပေးရလေသည်။ ထူးခြားတာကတော့ ကိုခန့်ကော သားကပါ ခန့်မှန်းရခက်တဲ့ မျက်နှာပေးတွေဖြင့် ငြိမ်သက်နေကြတာကြောင့် ဘာတွေများ ဆက်ဖြစ်လာကြမလဲလို့ နန္ဒာ ရင်မောနေရချိန်မှာ ဒီပြဿနာတွေဖြစ်ပြီး တစ်ပတ်ခန့်အကြာမှာ ဘာရိုတ်ဖတ်ခ်ဝိုင်း၌ သားက စကားစလာတော့တာပဲ ဖြစ်သည်။

"ဖေဖေနဲ့ မေမေကို သား ပြောစရာရှိတယ်။ သား ဦးဦးကို သွားပြန်ခေါ်မယ်"

သားရဲ့စကားကြောင့် နန္ဒာက ကိုခန့် မပြောခင်မှာ သားရဲ့မျက်နှာကို အကဲခတ်ကြည့်ရင်းက …

"ဘာဖြစ်လို့လဲ သား။ ဦးဦးက သားချစ်သူလည်း မဟုတ်ဘူးလေ။ ဖြစ်ပြီးတာကို အဲဒီနေရာမှာပဲ ဘာလို့ မထားခဲ့ချင်ရတာလဲ"





"ထားခဲ့လို့ ဘယ်ရပါ့မလဲ မေမေ။ ဦးဦးဟာ ကျွန်တော့်ချစ်သူမဟုတ်ပေမယ့် ကျွန်တော် တရားဝင်လက်ထပ်ထားတဲ့မိန်းမပါ။ သူ့ကို ပြန်ခေါ်ခွင့် သားမှာရှိတယ်"

"သားက လက်စားချေချင်လို့ ခေါ်မှာလား။ မိသားစုဘဝကို တည်ဆောက်ဖို့ ခေါ်ချင်တာလား"

နန္ဒာ့မေးခွန်းကြောင့် သားက နန္ဒာ့ကိုကော သူ့အဖေကိုပါ လှမ်းကြည့်သည်။ ပြီးတော့မှ သက်ပြင်းတစ်ချက် ချလိုက်ရင်းက …

"သားက အခုချိန်မှာ အိမ်ထောင်သည် ဖြစ်သွားပြီဆိုတော့ သား စိတ်ထဲမှာ အိမ်ထောင်တစ်ခု တည်ထောင်ချင်တဲ့စိတ်ရှိတယ် မေမေ။ နောက်ပြီးတော့ သားတို့ဘက်က ဘာမှတုံ့ပြန်မှုမရှိတာဟာ တစ်ဖက်မိန်းကလေးဘက်ကို အများကြီးနစ်နာပါတယ်။ သားရင်ထဲက ဆန္ဒအမှန်က ဦးဦးကို တစ်ခုလပ်ဆိုတဲ့ အမည်းစက် သားကြောင့် မဖြစ်စေချင်ဘူး။ အဲဒီလိုပဲ သားလည်း အဲဒီနာမည်ပျက်ကြီးကို မကြိုက်ဘူး"

"သားရယ် … သူတို့ဘက်က သားကို ဒါးဒါးသီးသီးဖြစ်နေတဲ့ဟာ"

"အဲဒါက လူကြီးတွေရဲ့ တစ်ချိန်တုန်းက ကိစ္စကြောင့်ပါ။ ဒါပေမဲ့ အဲဒီကိစ္စကြောင့် သားကို့ဝေးဖို့ မလိုပါဘူး။ တုတုကို သွားတောင်းတုန်းက လက်မခံကာကို သားတို့နားလည်လို့ရကယ်။ အခု ဦးဦးက သားရဲ့ဇနီးဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေလမ်းကြောင်းနဲ့သွားရင်တောင် သားတို့ မရှုံးပါဘူး။ သား ပြန်ခေါ်ပါရစေ"

သားရဲ့စကားက လမ်းအဆုံးထိကို ပြောသွားတာမို့ နန္ဒာက အပြောရခက်နေသည်။ ဒီစကားဝိုင်းထဲ ဘာတစ်လုံးမှ ဝင်မပြောတဲ့ ကိုခန့်ကို သတိထားမိသွားကာ သူ့ဆီက စကားတောင်းရ၏။

"ကိုခန့် … ရှင် အဖေလေ။ တစ်ခုခု ပြောပါဦးလား"

"ဘာမှ ပြောစရာ မရှိဘူးလေ။ သားက ဖြစ်ချင်တဲ့ဆန္ဒကို ငါ့ဘက်က ငြင်းဖို့မရှိပါဘူး။ သား ဘာဖြစ်ချင် ဖြစ်ချင် ဖေဖေ လိုက်လျှောပေးမှာပဲ။ အခု သားလေးက ဖွေးဥဥကို ပြန်ခေါ်ချင်တာမှလား။ ဖေဖေတို့ သွားပြီး ညှိနှိုင်းကြတာပေါ့"

"ရတယ် … ဖေဖေ။ သား တစ်ယောက်တည်းပဲ သွားခေါ်ပါ့မယ်"

သားပုံစံ ကြည့်ရတာကလည်း သိပ်ကို ဆန္ဒပြင်းပြနေဟန် ပေါက်တာမို့ နန္ဒာက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကာ မိခင်တစ်ယောက်ရဲ့ဝတ္တရားကို လုပ်ဆောင်လိုက်သည်။

"သားလည်း သွားဖို့မလိုဘူး။ မေမေ သွားမယ်။ ဖြစ်နေတဲ့ ပြဿနာတွေ သဘောမတူတဲ့ ကိစ္စတွေဟာ အရင်က ပြဿနာတွေကြောင့်ပါ။ ဒီတော့ မေမေပဲ သွားညှိမယ်။ သား မလိုက်ခဲ့နဲ့"

"နန္ဒာ …"





ကိုခန့်က စိတ်မချသလို တားမြစ်တာကြောင့် နန္ဒာက ခင်ပွန်းနဲ့သားကို တစ်လှည့်စီကြည့်ကာ ပြုံးပြလိုက်ရင်း …

"မစိုးရိမ်ပါနဲ့။ ဒါ အကောင်းဆုံးနည်းလမ်းပါ။ ဒီကိစ္စမှာ ကိုခန့်ကော သားပါ နောက်ကနေ့နေတာ ပိုကောင်းပါလိမ့်မယ်။ မေမေပဲ သွားမယ်"

နန္ဒာက ခိုင်မာတိကျသော ဆုံးဖြတ်ချက်နဲ့အတူ အပေါ်တက် အဝတ်အစားလဲကာ ချက်ချင်းဆိုသလိုပဲ ထွက်လာခဲ့တော့သည်။

နန္ဒာ့အတွက် အင်မတန်မှ ပူပန်နေလေသော ကိုခန့်နဲ့သားအတွက် နန္ဒာက စိတ်မပူဖို့ ပြောခဲ့ကာ ပွင့်ဝေတိုးဆီကို အိမ်ကဒရိုင်ဘာနဲ့ သွားခဲ့တာဖြစ်သည်။ ဒီအချိန်တွေမှာ ပွင့်ဝေတိုးလည်း အိမ်ကနေ ဘယ်မှမသွားလောက်ဘူးဆိုတာ နန္ဒာ သိလေသည်။

နန္ဒာ အဲဒီအိမ်ကို ရောက်သွားသောအခါမှာတော့ ပွင့်ဝေတိုးက ခါးခါးသီးသီးပင် တုံ့ပြန်တာဖြစ်သည်။

"ရှင် ဒီကို ဘာလာလုပ်တာလဲ။ ကျွန်မတို့နဲ့ လာမပတ်သက်ပါနဲ့"

"မပတ်သက်လို့ မရဘူးလေ။ မိခင်ချင်း ကိုယ်ချင်းစာပေးပါ ဒေါ်ပွင့်ဝေတိုး။ ကျွန်မတို့ချင်း ဆွေးနွေးကြရအောင်။ သားနဲ့သမီးကို ငဲ့ညှာသောအားဖြင့် ကျွန်မတို့ ဆွေးနွေးကြရအောင်။ ကျွန်မ မေတ္တာရပ်ခံတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့စကားအဆုံးမှာ ပွင့်ဝေတို့က အနည်းငယ် ငြိမ်သက်သွားကာ ဆုံးဖြတ်ချက် ချလိုက်တဲ့ဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်ပြရင်း တည်ငြိမ်စွာ ပြောလိုက်သည်။

"ကောင်းပြီလေ"

❖ ❋ ❖





ခြံထဲသို့ ကားဝင်လာသော အခါမှာတော့ ခေါင်ကော ဖေဖေကပါ အပြေးအလွှား ထွက်လာကာ မေမေ့ကိုကြို လိုက်တော့သည်။ ကားပေါ်က မေမေက တည်တည်ငြိမ်ငြိမ်ပဲ ဆင်းလာတာမို့ ခေါင်က မေမေ့ကို အကဲခတ်ကြည့်လိုက်ရင်းက မေမေ့လက်မောင်းတွေကို ဆုပ်ကိုင်လိုက်ရင်း ...

"မေမေ အခြေအနေ ဘယ်လိုရှိလဲဟင်"

သူ့ရဲ့စိုးရိမ်တကြီး မေးခွန်းအတွက် မေမေက သက်ပြင်းရှည်တစ်ခု ချလိုက်ရင်းက ...

"အိမ်ထဲမှာမှ အေးဆေးပြောကြရအောင် သားရယ်။ လာ"

မေမေကပဲ ရှေ့ကနေ ဦးဆောင်ကာ အိမ်ထဲဝင်သွားသည်မို့ သူကော ဖေဖေကပါ စိုးရိမ်တကြီး ဖြစ်သွားရသည်။ ဧည့်ခန်းထဲရောက်လျှင်တော့ သူကပဲ မေမေ့ကို စိုးရိမ်စွာ မေးလိုက်ရသည်။

"မေမေ ဟိုက ဘာပြောလိုက်လို့လဲဟင်။ သားကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကဗျာကယာ မေးခွန်းတွေအတွက် မေမေက သူ့ကိုကြည့်ကာ တစ်ချက်ပြုံးလိုက်ရင်း ...

"ဘာမှစိုးရိမ်မနေနဲ့တော့။ သား စိတ်ချမ်းသာရပြီလို့သာ မှတ်လိုက်"

မေမေ့စကားကြောင့် ခေါင်ကော ဖေဖေပါ အံ့သြသွားရကာ သူက သူ့နားသူ မယုံနိုင်စွာဖြင့် မေမေ့ကို ထပ်မေးရတော့သည်။

"မေမေ ... ဘယ်လို။ ဘယ်လို။ စိတ်ချမ်းသာရပြီဆိုတော့"

"ဟုတ်တယ် ... သား။ သားနဲ့ သမီး ဥဥကို ဥဥရဲ့မိဘတွေက သဘောတူပေးလိုက်ပြီ။ အဲဒီတော့ မေမေတို့ဘက်က ခလေ့ထုံးစံနဲ့အညီ သတို့သမီးတောင်းမယ်။ ပြီးရင် သားနဲ့သမီးကို ကြီးကြီးကျယ်ကျယ် စမ်းခမ်းနားနားမင်္ဂလာဆောင်ပေးမယ်"

"ဟား ..."

ခေါင်က ဘယ်လိုမှ ထင်မှတ်မထားတဲ့ ကိစ္စမို့ တကယ်ပဲ အံ့အားသင့်သွားရတာဖြစ်၏။ လုံးဝကို ခါးခါးသီးသီး ဖြစ်နေတဲ့ အခြေအနေ အနေအထား တစ်ခုကနေ လုံးလုံးလျားလျား ပြောင်းလဲသွားအောင် မေမေက တကယ်ပဲ စွမ်းဆောင်ပေးခဲ့တာဖြစ်သည်။

"နန္ဒာ ... တကယ်ပဲ သူတို့ဘက်က သဘောတူလို့လား"

"တူပါတယ်။ ကျွန်မ မဟုတ်ဘဲ ပြောပါ့မလား။ ပွင့်ဝေတို့ ကိုယ်တိုင် ဒီကိစ္စကို ခေါင်းညိတ်လက်ခံလိုက်တာ"





"ဟား ... မယုံနိုင်စရာ ကောင်းလောက်အောင်ပါပဲလား"

"ကိုခန့်ရယ် ... အခုခေတ်က ကျွန်မတို့ခေတ်မှ မဟုတ်တော့တာ။ သားတို့ခေတ်မှာ သားလေး ပျော်ရွှင်တာကို ကျွန်မတို့ ဖန်တီးပေးနိုင်တယ်ဆိုရင် ကျေနပ်ပါပြီ။ သားမင်းသာ ဥဥကို အချစ်စစ်နဲ့ သားမှတ်မှတ် မယားမှတ်မှတ် ရိုးမြေကျ ပေါင်းသင်းပါ့မယ်လို့ မေမေ့ကို ကတိပေးပါ"

မေမေတောင်းတဲ့ကတိအတွက် ခေါင်က တစ်ချက်ပြုံးမိသွားသည်။ ပြီးတော့ ဖေဖေ့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ မေမေ။ သား ကတိပေးပါတယ်"

"ဒါနဲ့ နန္ဒာ။ မင်း ပွင့်ဝေတို့ကို ဘယ်လိုတွေ ညှိခဲ့လို့ ဒီလောက်အဆင်ပြေသွားရတာလဲ ကိုယ် သိချင်တယ်"

ဖေဖေ့ရဲ့မေးခွန်းကို ခေါင် ကိုယ်တိုင်ကလည်း အဖြေတကယ်ပဲ သိချင်နေတာ ဖြစ်တာကြောင့် မေမေ့ကို ထပ်မေးလိုက်ရသည်။

"ဟုတ်တယ် မေမေ။ အဲဒါတော့ သားလည်း တကယ်သိချင်တယ်။ ဒီလောက် ခါးခါးသီးသီး အခြေအနေတစ်ခုကနေ ဘာလို့ ပြောင်းလဲသွားတာလဲ"

"အဲဒါ မိဘမေတ္တာပဲ သား။ အစကတော့ ပွင့်ဝေတို့လည်း ခါးခါးသီးသီးပါပဲ။ မေမေက ကလေးတွေ ရှေ့ရေးကိုပဲ ပြောနေတော့ သူလည်း နားလည်သွားပုံ ရပါတယ်။ အဓိက,ကတော့ မိဘရဲ့စေတနာမေတ္တာပေါ့ သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် သူ့ရင်ထဲမှာ နွေးထွေးလို့သွားလေသည်။ ဘာပဲဖြစ်ဖြစ် မေမေကော ဖေဖေကော သူ့အတွက်တော့တကယ့် အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပဲဖြစ်၏။ ခေါင်ကဖေဖေနဲ့မေမေကို ကျေးဇူးတင်လွန်းစွာ ကြည့်လိုက်ရင်း စိတ်ထဲကနှစ်နှစ်ကာကာ စကားဆိုလိုက်မိလေသည်။

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့ မေမေ"

❖ ❋ ❖





အတိုချုပ်အနေနဲ့ ပြောရမယ် ဆိုရင်တော့ မေမေ့ရဲ့ကြိုးပမ်းပေးမှုကြောင့် သူတို့နှစ်ယောက် လက်ထပ်ပွဲကျင်းပဖို့ရာ အဆင်ပြေပြေ ဖြစ်သွားလေ၏။ Sedona မှာ ခမ်းခမ်းနားနား မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးသည့်နောက်မှာ သူတို့နှစ်ယောက်နေဖို့ မင်္ဂလာနေအိမ်ကတော့ သူ့ရဲ့အိမ်ပဲဖြစ်သည်။ အစကတည်းက သူကိုယ်တိုင်ကလည်း ဒီအိမ်မှာပဲ နေချင်တာ ဖြစ်သောကြောင့် ဥဥရဲ့မိဘတွေဘက်ကလည်း ဥဥကို သူတို့အိမ်လိုက်နေဖို့ ခွင့်ပြုလိုက်ရာ အားလုံးအဆင်ပြေသွားလေ၏။

လူကြီးမိဘတွေကို ကန်တော့အပြီးမှာတော့ နှစ်ဖက်မိဘတွေက သူတို့နှစ်ယောက်ကို ဆုပေးပြီးသွားတဲ့ နောက်မှာတော့ ဥဥရဲ့ဖခင်က ...

"သမီး ... လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့ပါ ... ဖေဖေ"

"စိတ်မပူပါနဲ့ ကိုသန့်ဇင်။ ကျုပ်ရဲ့ချွေးမကို ဒီအိမ်မှာ မျက်နှာအငယ်မခံပါဘူး။ ချွေးမဆိုပေမယ့်လည်း သမီးပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို တကယ်ပဲ သဘောထား ဆက်ဆံတယ်ဆိုရင်တော့ အကောင်းဆုံးပဲပေါ့"

"ဒါနဲ့ နေပါဦး။ ခင်ဗျားတို့ သမီးအငယ် တုတုကော။ မင်္ဂလာဆောင်မှာလည်း ဓာတ်ပုံ တွေ့လိုက်တယ်။ အခုလည်း ပါမလာပါဘူး။ ဘယ်ရောက်နေတာလဲ"

ဖေဖေ့မေးခွန်းကြောင့် သူ နည်းနည်းတော့အားနာသွားရသည်။ အမှန်တော့လည်း ဒီနေ့ တုတု ဘာသိဘာသာနေ,နေတာဟာ သူ့အတွက်တော့ အများကြီး မျက်နှာပူသက်သာတာပဲဖြစ်သည်။ နို့မို့ဆို သူ ဘာပဲဖြစ်ဖြစ် အားနာနေရဦးမည်။

"ရှိပါတယ်။ အငယ်မက အဲဒီလို ရောရောထွေးထွေးသိပ်မနေတတ်ဘူး။ ကဲ ... သားတို့ သမီးတို့လည်း ကန်တော့ပြီးသွားကြပြီဆိုတော့ ဖေဖေတို့ ပြန်တော့မယ်"

"ဟို ... ညစာ စားသွားပြီးမှ ပြန်ပါလား ဖေဖေနဲ့မေမေ"

ခေါင်က အလိုက်တသိ ဝင်ပြောလေတာကြောင့် ယောက္ခမတွေက ပြုံးလိုက်ရင်း ...

"မစားတော့ပါဘူးကွာ။ အားလုံးလည်း မင်္ဂလာပွဲအတွက် ပင်ပန်းထားကြတာဆိုတော့ နားချင်နေကြပြီ။ ကဲ ... ကိုနေသွေး ... မနန္ဒာ ... ကျွန်တော်တို့ ပြန်တော့မယ်"

"ကောင်းပါပြီဗျာ"

အားလုံးက ပြန်တော့မည်မို့ ထနှုတ်ဆက်ကြကာ သူနဲ့ ဥဥကတော့ ကားပေါ်အထိ လိုက်ပို့ပေးကြလျှင် ဥဥအမေက သူ့သမီးကိုဖက်ကာ နှုတ်ဆက်ရင်း ...





"သမီး ... ဘာပဲဖြစ်ဖြစ် ပျော်အောင်နေရမယ်နော်။ မောင်ခေါင်ရဲ့ရန် ... အန်တီ့သမီးကို အပ်ပါတယ်"

"ဟုတ်ကဲ့ပါ မေမေ"

ခေါင်က ကြိုများသိနေသလားဟု ထင်ရလောက်အောင် အပ်တတ်လေသော ဒေါ်ပွင့်ဝေတိုးကို ခေါင်းညိတ်ပြရင်း လူကြီးတွေ စိတ်ချမ်းသာအောင် ဥဥရဲ့ပခုံးကိုဖက်ကာ ကားထွက်သွားသည်အထိ လက်ပြနှုတ်ဆက်လိုက်သည်။ ကားက သူတို့ခြံကွင်းက ပျောက်သွားသည်နှင့် ခေါင်က ဖက်ထားတဲ့လက်ကိုဖယ်လိုက်ကာ ...

"မင်းနဲ့ငါ တရားဝင်လင်မယားတွေ ဖြစ်သွားပြီဆိုတော့ တစ်ယောက်နဲ့တစ်ယောက် သက်ဆိုင်သွားကြပြီ။ ဒီအိမ်မှာ မင်းနေတာကိုလည်း ကျေးဇူးတင်တယ်။ ငါ့မိဘတွေကို မင်းမိဘတွေလို သဘောထားပါ"

ခေါင်က ပြောစရာရှိတာပြောပြီး အိမ်ထဲဝင်မယ့်အလုပ်မှာ ဥဥက သူ့ကို လှမ်းခေါ်ကာ တားလိုက်၏။

"ခဏလေးနေပါဦး ခေါင်။ ဥဥတို့ လက်ထပ်တာ ကိုယ်ပိုင် life တစ်ခု တည်ထောင်ဖို့လား။ ကျွန်မရဲ့မိုက်မဲခဲ့မှုကို ရှင် တာဝန်ယူပေးလိုက်တာလား"

အဲဒီမေးခွန်းအတွက် ခေါင်က သက်ပြင်းတစ်ချက်ချကာ သူမဘက်ကို ပြန်လှည့်ကြည့်လိုက်ကာ ...

"အဲဒီမေးခွန်းအတွက် ကိုယ့်မှာ ဖြေစရာမရှိသေးဘူး။ မင်းက ငါ့ဇနီး ဖြစ်သွားပြီဆိုတော့ မင်း စိတ်ချဖို့ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်။ ငါ အရင်က ခံစားချက်တွေကို မေ့ထားတယ်။ အချိန်အကူးအပြောင်း တစ်ခုကိုတော့ ငါတို့ စောင့်ရလိမ့်မယ် ဥဥ။ ငါ မင်းကို လက်ထပ်တာက ...”

ခေါင်က စကားစကို ခဏရပ်လိုက်သည်။ ဒီစကားက ပြောဖို့မလိုဘူးလို့ သူ ယူဆလိုက်တာကြောင့် သက်ပြင်းတစ်ချက်ကို ချလိုက်ကာ ဆက်ပြောလိုက်သည်။

“မင်း တစ်နေ့တော့ သိလာမှာပါ။ အိမ်ထဲဝင်ကြရအောင်”

ခေါင်က အရင်ဆုံး အိမ်ထဲ ဝင်လိုက်သည်။ ရုတ်တရက် ရင့်ကျက်တဲ့ စိတ်ခံတတ်တွေ ဝင်လာတာဟာ ကိုယ်ချင်းစာမှုဆိုတဲ့ ခံစားချက် ရှိနေလို့ဟု သူကတော့ ယူဆလေသည်။

❖ ❋ ❖





အိမ်ထောင်သည်ဘဝကို ပထမဦးဆုံး စတင်သည့် ဥဥရဲ့မနက်ခင်းဟာ အလိုက်သိခြင်းဖြင့် စတင်ဖွင့်လှစ်လိုက်တာဖြစ်သည်။ မနက် ငါးနာရီခွဲမှာကတည်းက စောစောထကာ ဒေါ်လေးလုံးနဲ့အတူ ဘရိတ်ဖတ်စ် စီစဉ်တာဖြစ်၏။

“ဟယ် ... သမီးရယ်။ ရပါတယ် နေပါ။ ဒေါ်လေးလုံးကိုယ့်ဘာသာကိုယ် လုပ်ပါ့မယ်”

“ရတယ်။ ဒေါ်လေးလုံး ဒီနေ့က သမီးအတွက် ဘဝသစ်စတဲ့ မနက်ခင်းလေ။ အိမ်မှာဆိုလည်း ဥဥက စီစဉ်နေကြပါ။ ဥဥပဲ လုပ်လိုက်ပါ့မယ်။ ဟို ... ဒေါ်လေးလုံး ကူညီပေးရမှာက ဒီအိမ်ကလူတွေ ဘာကြိုက်တတ်လဲ ဆိုတာ သမီးကို သေချာပြောပြပေးပါနော်”

“ဪ ... အင်း ... အင်း။ မနက်စာက အထွေအထူး မဟုတ်ပါဘူး။ အစ်ကိုကြီး အတွက် နို့စီစဉ်ပေးရတယ်။ မမကြီးဟော၊ ခေါင်ဟောက ကော်ဖီပဲ သောက်တာ။ ကွတ်ကီး၊ ပေါင်မုန့်၊ ကြက်ဥကြော် အဲဒါတွေပဲ နေ့တိုင်းစားတာ။ နေ့လယ်စာနဲ့ ညစာကိုတော့ မမကြီးပဲ ချက်တာလေ။ ဒေါ်လုံးတို့က ကူရုံပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ အပန်းတကြီးကိစ္စ မဟုတ်တာကြောင့် ဥဥက ဒေါ်လေးလုံး ပြောတာကို လိုက်မှတ်လိုက်ရင်း စတင်ပြင်ဆင်လိုက်တော့သည်။

"ရပြီ ... ဒေါ်လေးလုံး။ သမီး ကြက်ဥပေါင်မုန့် ကြော်ထားလိုက်မယ်။ ဒေါ်လေးလုံး လုပ်စရာရှိတာ လုပ်ထားလေ"

"အင်း ... အင်း။ ဖြစ်ပါ့မလား သမီးရယ်"

"ရပါတယ်။ အိမ်မှာလည်း သမီး လုပ်နေကြပါ"

ဥဥက ယုံကြည်မှုအပြည့်ဖြင့် ကြက်ဥပေါင်မုန့် စကြော်လေ၏။ ဒီမိသားစုအတွက် နံနက်စာကို ဥဥ စိတ်ပါလက်ပါ ပြင်ဆင်ချိန်မှာ မေမေက ရောက်လာကာ တအံ့တသြဖြင့် ဥဥကို ဝင်တားတော့၏။

"ဟဲ့ ... ဟယ် ... သမီး ... ဘာတွေ ဝင်လုပ်နေတာလဲ။ ဒါ သမီးလုပ်ရမယ့် အလုပ်မှ မဟုတ်တာ"

"ရပါတယ် မေမေရဲ့။ ဥဥက ဒီနေ့ ဘရိတ်ဖတ်စ်ကို ပြင်ဆင်ပေးချင်လို့ပါ။ ဘာမှလဲ အပန်းမကြီးပါဘူး"

"မဟုတ်တာပဲကွယ်။ ဒေါ်လုံးကလည်းလေ ကလေးကို မတားဘူး"

"ဒေါ်လေးလုံးကို သမီး လုပ်ချင်တယ်ပြောလို့ မေမေရဲ့။ သမီး ပြင်ဆင်ပေးချင်လို့ပါ"

"အေးပါကွယ် ... အေးပါ။ သမီးက အရမ်းလိမ္မာတာပဲ။ ဒေါ်လုံး ... နွားနို့ လုပ်ထားပြီးပြီလား"





"သမီး လုပ်ထားပြီးပြီ မေမေ"

"အော် ... အင်း ... အင်း"

ဥဥက တက်တက်ကြွကြွဖြင့် ပြင်ဆင်ပေးပြီး အားလုံး အဆင်သင့်ဖြစ်ချိန်မှာတော့ ဖေဖေက ခေါင်ပါ ဘရိတ်ဖတ်စ် ဝိုင်းသို့ ရောက်လာကြသည်။

"ကဲ ... ကိုခန့် ... လာ ... ထိုင်။ သားလေး ... ထိုင်။ ဒီနေ့ စပါယ်ရှယ် ဘရိတ်ဖတ်စ်နော်။ ကျွန်မတို့ သမီးလေး ကိုယ်တိုင် စီစဉ်ထားတာ"

ခေါင်က ထိုင်ခုံမှာ ဝင်ထိုင်ရင်း စားပွဲပေါ်ကအစားအသောက်တွေကို တစ်ချက်ကြည့်ရင်း ပြုံးလိုက်သည်။ အဲဒီအချိန်မှာ စတာကတော့ ခေါင့်ရဲ့အဖေပဲ ဖြစ်၏။

"ဒီမှာ ဥဥ ... ဒီ ဘရိတ်ဖတ်စ် အကုန် ညည်း စီစဉ်ထားတာလား"

"ဟုတ် ... ဟုတ်ကဲ့"

"ဟင်း ... အပင်ပန်းတွေ ဘာလို့ ဒီလောက်ခံနေရတာလဲ။ မင်း ပထမဆုံး စီစဉ်တဲ့ ဘရိတ်ဖတ်စ်ဝိုင်းဟာ ဖွယ်ဖွယ်ရာရာတော့ ရှိနေသင့်တာပေါ့"

ဥဥက ဖေဖေ့စကားကို သိပ်တော့ နားမရှင်း ဖြစ်သွားရ၏။

ဘာတွေများ လိုအပ်နေလို့လဲ။

"ဟို ... ဘာများ မပြည့်စုံတာ ရှိလို့လဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒါ့ ဒေါ်လုံး စီစဉ်တာနဲ့ ဘာထူးလို့လဲ။ မင်းရဲ့ အရည်အချင်းကို ပထမဆုံးတွေ့ရမယ့်နေ့မှာ မင်းစီစဉ်သင့်တာက စားချင်စဖွယ် ဖွယ်ဖွယ်ရာရာ စီစဉ်သင့်တာပေါ့၊ မုန့်ဟင်းခါးသော်လည်းကောင်း၊ ဒါမှမဟုတ် ထမင်းကြော်ပူပူလေးသော်လည်းကောင်း တစ်ခုခု စီစဉ်ထားရမှာလေ ...

ငါ့သားက ဘာစားချင်လဲဆိုတာ မင်း စီကိုစီစဉ်ထားရမှာ။ အခုတော့ မပြောင်းလဲတာပဲ။ အိမ်တစ်အိမ်ကို ချွေးမ ရောက်လာတာဟာ ဆည်တဲ့ကန်သင်း အသစ်တစ်ခု ရောက်လာတာပဲ။ အိမ်ရဲ့လည်ပတ်နေတဲ့ system တွေကို ပြောင်းသင့်တာလေ ...

နေ့စမ်းပါဦး။ ညည်းတို့အိမ်မှာ ဒီလိုပဲ စားကြသလား"

အဲဒါဟာ သက်သက်မဲ့ ရစ်တာဆိုတာ ဥဥ သဘောပေါက်တာမို့ ဥဥက စိတ်ရှည်ထားလိုက်ရင်း ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့။ ဥဥတို့လည်း မနက်စာကို အခု ဖေဖေ့ကို ပြင်ဆင်ပေးထားသလိုပဲ စားကြတာပါ"

"ဟား ... တော်တော်လွဲတဲ့ အယူအဆပဲ။ မနက်စာကို ရှင်ဘုရင်လို စားရမယ်ဆိုတာ ညည်း မကြားဖူးဘူးလား။ ဒီနေ့တော့ ရှိစေတော့။ နောက်နေ့ကစပြီး အိမ်ရဲ့မီးဖိုချောင်ကို ညည်း စီမံပါ"

"ဟုတ်ကဲ့ ... ဖေဖေ"





ဥဥ စတင် Lesson အပေးခံရပြီ ဆိုတာကို ဥဥ သဘောပေါက်ပါသည်။ ဒါပေမဲ့ ဒါက ဘောင်ထဲမှာရှိတဲ့ အနေအထားမို့ ဥဥ ခေါင်းညိတ်လိုက်ရသည်။

"ဖေဖေ ... သား ပြောစရာရှိတယ်"

"ဘာများလဲ သား။ ပြောလေ"

"ဟို ... သား အခုတက်နေတဲ့ သင်တန်းကို မတက်ချင်တော့ဘူး။ သား ဖေဖေ့ကုမ္ပဏီမှာ အလုပ်လုပ်ချင်တယ်"

ခေါင့်ရဲ့စကားကြောင့် ဥဥက ခေါင့်ကို အသာလှမ်းကြည့်မိသည်။ နှစ်နဲ့တက်ရတဲ့ Diploma သင်တန်းမို့ ဥဥကတော့ ဆက်တက်ချင်သည်။ ဒါပေမဲ့ ဥဥ ကိုယ်တိုင်လည်း ဆက်တက်ဖို့ မတက်ဖို့ ဆုံးဖြတ်နေချိန်မှာ ခေါင်က သူ့ဆုံးဖြတ်ချက်ကို ပြောလိုက်တာဖြစ်၏။

"သားက ဘာလို့မတက်ချင်တော့တာလဲ။ သားဝါသနာပါတဲ့ ဘာသာရပ်ကို သား တက်နေတာလေ"

"တက်ချင်စိတ် မရှိလို့ပါ ဖေဖေ။ ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ပဲ သား ဆုံးဖြတ်လိုက်လို့ပါ။ သား ကျောင်းသားတစ်ယောက်ထက် စီးပွားရေးသမားတစ်ယောက်ပဲ ဖြစ်ချင်တော့တယ်"

"သားက ထားပါတော့။ အဲဒါဆို သမီးကကော ... သမီး ဆက်တက်မယ်မဟုတ်လား"

မေမေက ဝင်မေးပေးဖော်ရတာမို့ ဥဥမှာ ပျော်သွားရသည်။ နို့မို့ဆို ဥဥ ဘယ်ကနေ စကားစရမယ်မှန်းတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ ဥဥ ဘာမှမဖြေရသေးခင် ခေါင်က ဥဥ ကိုယ်စား ဝင်ဖြေပေးလိုက်၏။

"သူလည်း ဘာလုပ်ဖို့ တက်တော့မှာလဲ။ သားကော သူကော မတက်တော့ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

ခေါင့်ရဲ့ဆုံးဖြတ်စကားကို ဥဥက လက်မခံနိုင်စွာ မေးလိုက်ချိန်မှာ ထွက်လာတဲ့စကားက ခေါင့်ဆီက မဟုတ်ဘဲ ခေါင့်အဖေဆီကပဲ ဖြစ်၏။

"ဒါမေးစရာမှ မလိုတော့တာ။ သား ဆုံးဖြတ်တာ မှန်တယ်။ ဒီအချိန်လောက်ဆို ကျောင်းမှာ မင်းတို့သတင်းက သိပ်ပြီးလူပြောများနေကြမှာ။ ဘာလုပ်ဖို့ တက်တော့မှာလဲ။ ကျော်တော့ လေ့သူကြီး ညားတော့ လေ့ထိုးသားကိုး"

"ကိုခန့်"

အဲဒီစကားက ဥဥ အတွက်တော့ ရင်ဝကိုဖနောင့်နဲ့ ဆောင့်အကန်ခံရသလို ဖြစ်၏။ ဒါတွေကို ဦးခန့်နေသွေးက သိနေတယ် ဆိုပေမယ့် အဲဒီလိုကြီးပြောဖို့ မသင့်ဘူးလို့ ဥဥ ထင်သည်။ ဘာဖြစ်လို့ အခုကျမှ ရုတ်တရက်ကြီး ပြောရတာလဲ။ ဥဥ ပထမဆုံး ဒီအိမ်ရောက်တုန်းက အပြုအမူနဲ့ ဘာလို့ ဆန့်ကျင်သွားရတာလဲ။ ဥဥ ငြိမ်သက်သွားချိန်မှာ ခေါင်က ထိုင်နေရာမှ ထလိုက်ရင်းက ...

"ဖေဖေ ... သား ဒီနေ့ လိုက်ခဲ့မယ်လေ။ သွားပြင်ဆင်လိုက်ဦးမယ်"





ခေါင်က ဘာရိတ်ဖတ်စ်ဝိုင်းက ထွက်လို့သွား၏။ ဥဥရင်ထဲမှာ တစ်မျိုးတော့ ခံစားသွားရတာပဲ ဖြစ်သည်။ အဖေက လည်း ထထွက်သွားတော့ မေမေက ဥဥကို နှစ်သိမ့်စကားပြောလာ၏။

"သမီး ... စိတ်ထဲမထားပါနဲ့နော်။ ဘာကြောင့်ပဲဖြစ်ဖြစ် သမီး အခက်အခဲတိုင်းကို ကျော်ဖြတ်နိုင်ရမယ်"

ဥဥက အဲဒီအားပေးနှစ်သိမ့်စကားအတွက် ခေါင်း တစ်ချက်သာ ညိတ်ပြနိုင်ခဲ့သည်။ ဥဥ နည်းနည်း သဘောပေါက်လာပါပြီ။ မေမေနဲ့ ဦးခန့်နေသွေး ကြားက အငြိုးတစ်ခုကို ခေါင်ကထပ်ဆင့် ဓာတ်ပို့ပေးနေပြီဆိုတာ နားလည်လိုက်တာကြောင့် မဲ့ပြုံးတစ်ချက်သာ ပြုံးလိုက်မိသည်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



"ခေါင် ... ခဏနေဦး။ ဥဥ ပြောစရာရှိလို့"

အခန်းထဲက ထွက်တော့မယ့်ဟန် ပြင်တာမို့ ဥဥက လှမ်းတားလိုက်လျှင် ခေါင်က ဥဥဘက် ပြန်လှည့်လာကာ မေးဆတ်ပြရင်း ...

"ဘာပြောမလို့လဲ"

"ဒီနေ့ မေမေတို့ဆီ သွားမလို့"

"ဘာဖြစ်လို့ သွားမှာလဲ"

ဥဥက စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားရသည်။ အဲဒီ မေးခွန်းကြီးကတော့ ခေါင် တရားလွန်သည်။

"ကျွန်မ မိဘဆီသွားတာ အကြောင်းပြချက် ပေးရဦးမှာလား"

"မင်းနဲ့ငါ လက်ထပ်ထားတာ တစ်ပတ်ပဲ ရှိသေးတယ်။ အဲဒါကြောင့် ဘာလို့သွားမှာလဲလို့ မေးတာလေ။ မင်းလည်း မင်းမိဘတွေနဲ့ ဖုန်းအမြဲပြောနေတာပဲ"

"ခေါင် ... ရှင် ကျွန်မကို အဲဒီပုံစံမျိုးနဲ့ လာမဆက်ဆံနဲ့နော်။ အဲဒီအပြုအမူ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ။ ရှင်





ဘာကိုလုပ်နေတာလဲဆိုတာ သိတယ်။ ဥဥက ရှင်နဲ့လက်ထပ်တာဟာ မာန်စွယ်တွေ အကုန်ချိုးပြီး ဒူးထောက်ဝင်လာတာ မဟုတ်ဘူးနော်"

ဥဥက ရင်ထဲက အစာမကြေမှုတွေကို စကားလုံးအဖြစ် သုံးနှုန်းလိုက်ချိန်မှာ ခေါင်ရဲ့မျက်နှာက တည်တင်းသွားပြီး ဥဥကို ခပ်နက်နက်ကြည့်ကာ ...

"မင်းက ဘာကိုမကျေမနပ် ဖြစ်နေတာလဲ ဥဥ။ ငါသင်တန်းမတက်ခိုင်းလို့လား။ ငါ စဉ်းစားဆုံးဖြတ်လိုက်တာ အားလုံးအတွက်။ မင်းတစ်ယောက်တည်း ကျောင်းမတက်စေချင်လို့"

"မဆိုင်တာတွေကို မပြောပါနဲ့။ အခု သင်တန်းမတက်ရတာကို ပြောနေတာ မဟုတ်ဘူး။ ကျွန်မမိဘဆီ သွားဖို့ ပြောနေတာ။ ခွင့်တောင်းနေတာ မဟုတ်ဘူးနော်။ ကျွန်မ ရှင့်ကို အသိပေးတာ။ ကျွန်မ ဒီနေ့ သွားမယ်"

ဥဥက အပြတ်ပြောကာ ရှောင်ထွက်ဖို့ ဟန်ပြင်လိုက်ချိန်မှာ ခေါင်က ဥဥရဲ့လက်တစ်ဖက်ကို လှမ်းဆွဲ၍ ဒေါသတကြီးဖြင့် ဥဥကို နံရံဘက်သို့ တွန်းကပ်လိုက်ရင်း ...

"ဥဥ ... မင်း ဘာဖြစ်နေတာလဲ။ ငါ သိနေတယ်နော်။ မင်း ... မင်းအမေကို သွားတိုင်မလို့မှလား"

"ဟက် ... ကလေးဆန်လိုက်တာ ခေါင်ရဲရန်ရယ်။ မကျေနပ်ရင် မိဘကိုတိုင်ပြီး ပြောရအောင် ကျွန်မ ကလေးမဟုတ်တော့ဘူး။ အခု ကျွန်မ သိနေပါပြီ။ ရှင် ဘာလို့ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လဲဆိုတာ။ ကျွန်မ တစ်ခုပြောမယ်။ ကျွန်မ အတိတ်ကို စိတ်မဝင်စားဘူး။ ရှင့်အဖေအတွက် ရှင့်ရဲ့အား ပေးအားမြှောက် ပြုခြင်းဟာလည်း အထမြောက်မှာမဟုတ် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက တာဝန်ကျေတဲ့ချွေးမ ဖြစ်အောင်နေဖို့ ဆုံးဖြတ်ထားလို့ပဲ။ လမ်းမှန်သွားနေတဲ့ ကားတစ်စီး အတိုက်ခံရရင် လာတိုက်တဲ့သူ မှားနေလို့ပဲ။ ဖယ် ...”

ဥဥက တွန်းတိုက်ဖယ်ခဲ့ကာ ထွက်လာခဲ့တော့သည်။ ရင်ထဲမှာ ဒဏ်ရာတွေက ဗရပွပဲ ဖြစ်၏။ ခေါင့်ကို ချစ်မိတဲ့ အကျိုးဆက်အတွက် ဥဥမှာ ရလိုက်တာဟာ ဒဏ်ရာတွေပဲဖြစ် သည်။ တုတုရဲ့ သူစိမ်းဆန် အေးစက်မှု၊ ဦးခန့်နေသွေးရဲ့အငြိုး တရားထဲ ဥဥ အလိုလိုပါသွားမှု၊ အဆိုးဝါးဆုံးသော ထိခိုက် နာကျင်ခြင်းကတော့ ဥဥ သိက္ခာအတွက် ခိုးပြေးခဲ့ပြီး သူ့အဖေ လက်စားချေလိုမှုအတွက် ဥဥကို လက်ထပ်ခဲ့သည့် အဖြစ်ပဲဖြစ် လေသည်။

❖ ❋ ❖





“မေမေ ... တုတု ဘယ်သွားလဲဟင်”

“တုတုက နိုင်ငံခြားမှာ Engineering ထပ်ယူမလို့တဲ့။ အဲဒါတွေ စုံစမ်းဖို့ဆိုပြီး အပြင်ထွက်သွားတယ်”

နိုင်ငံခြား။ ဥဥက မေမေ့စကားကြောင့် တုတု အတွက် တကယ်ပဲ စိုးထိတ်လှစွာဖြင့် မေမေ့ကို စိုးရိမ်တကြီး ထပ်မေးလိုက်ရသည်။

“မေမေ ... တုတုက နိုင်ငံခြား တကယ်သွားတော့မှာလား။ မေမေကော ခွင့်ပြုလို့လား”

“လောလောဆယ်လည်း မဟုတ်သေးပါဘူး။ သူဖြစ်ချင် တာကို ပြောနေတုန်းပဲ ရှိပါသေးတယ်။ မေမေကတော့ ကိုကျော်စွာတို့ ကန့်ထရိုက်လုပ်ငန်းမှာ တုတုအတွက် ရှယ်ယာဝင်ပေးပြီး လုပ်ငန်းအတွေ့အကြုံရအောင် အဲဒီမှာ သူ့ကို ဝင်လုပ်ခိုင်းမလားလို့။ မေမေ ပြောတော့ သူ စိတ် ဝင်စားတဲ့ပုံပါပဲ။ ကဲပါ ... အဲဒါတွေက အရေးမကြီးဘူး။ သမီး ဟိုအိမ်မှာ အဆင်ပြေရဲ့လား။ မေမေ့ကို ပြောပြမ်း ပါဦး”

www.burmeseclassic.com



"ပြေပါတယ် မေမေ။ သမီးကို အရမ်း Welcome ဖြစ်တာကတော့ ခေါင့်မေမေပဲလေ။ ဒေါ်လေးကစ် သမီးကို ပြောပြတယ်။ မေမေက ဦးခန့်နေသွေးကို လက်ထပ်ပွဲနေ့မှာမှ ပွဲဖျက်ခဲ့တာ တကယ်ပဲလားဟင်"

ဥဥက သိချင်လွန်းလှသော မေးခွန်းတစ်ခုအတွက် မေမေ့ကို မေးလိုက်လျှင် မေမေက မျက်နှာတစ်ချက်တည်တင်းသွားကာ ...

"ဟုတ်တယ် သမီး။ အဲဒါဟာ မေမေ့ဘဝအတွက် အမှန်ဆုံးသော ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့တာပဲ။ သူက သိပ်ဒေါသကြီးတယ်။ လူတကာနဲ့ ယိုးစွပ်တတ်တယ်။ မေမေ့ဘဝမှာ မင်္ဂလာပွဲအပျက်ခံပြီး ချတဲ့ဆုံးဖြတ်ချက်အတွက် သူ မေမေ့ကို အရှက်ကွဲအောင် နာကျင်မှုပေးခဲ့တယ်။ မေမေ သိပ်မုန်းတယ်။ အဲဒါကြောင့် မေမေ အဲဒီမိသားစုနဲ့ မပတ်သက်တာ"

"အဲဒါဆို ဘာဖြစ်လို့ သမီးနဲ့ ပြန်သဘောတူခဲ့ရတာလဲ"

"သမီး ... သမီးဟာ မေမေ့ရဲ့သမီးပါ။ သမီးနဲ့ ခေါင်ရဲရန် လက်မှတ်ထိုးပြီးသွားမှ မေမေ့ဘက်က သဘောမတူဘူးငြင်းနေခဲ့ရင် ခန့်နေသွေး နိုင်သွားမှာပေါ့။ နောက်ပြီးတော့ သမီးက မိန်းကလေး။ မေမေ့သမီးကို အမည်းစက်မထင်စေချင်ဘူး။ ဒါကြောင့် မတတ်သာလို့ လက်ခံပေးလိုက်ရတာ"





ဥဥက သက်ပြင်းတစ်ချက်ကိုသာ ချမိလိုက်သည်။ မှန်မှန်ကန်ကန် ရှိနေတဲ့ အကြောင်းပြချက်တွေ ရှိနေသော်လည်း အတိတ်က နာကြည်းချက်တွေဟာ ဥဥတို့ကို တကယ်ပဲ လာထိစင်စေသည်။

"သမီး အဆင်ပြေတယ်မှလား။ ခန့်နေသွေးက သမီးကို စိတ်ချမ်းသာမှုတော့ ပေးမှာမဟုတ်ဘူးလို့ မေမေ ထင်နေတယ်။ သမီး ဖြေရှင်းနိုင်ရဲ့လား"

မေမေက ခန့်မှန်းနိုင်လွန်းစွာ အတပ်မေးလိုက်တာကြောင့် ဥဥက မေမေ့ကို အပြုံးတစ်ခုဖြင့် ခေါင်းတစ်ချက်ဆတ်ပြရင်း ...

"ဖြေရှင်းနိုင်ပါတယ် မေမေ။ သမီးဘက်က တာဝန်ကျေတဲ့အတွက် ဘောင်အပြင်ထွက်လို့ မရပါဘူး။ ဘောင်ထဲကနေပဲ သေးသေးမွှားမွှားလေးတွေ ပြဿနာရှာတာမျိုးပေါ့။ သမီး အဆင်ပြေပါတယ်"

"အင်း ... အမိက,ကတော့ ကိုယ့်ယောကျ်ားက ကိုယ့်ဘက်မှာရှိနေဖို့ပဲ သမီး။ ခေါင်ရဲရန်နဲ့တော့ အိမ်ထောင်ရေး အဆင်ပြေအောင် တည်ဆောက်ရမယ်နော်"

မေမေ့စကားကြောင့် ဥဥက ပြုံးတောင်ပြုံးမိသွားလေသည်။ ခေါင် ကိုယ်တိုင်ကိုက ဥဥဘက်မှာ မရှိတာ မေမေ။ သူက ဥဥကိုတောင် မုန်းနေနိုင်ပါတယ်။ သူချစ်တာက တုတုကိုလေ။

"ဥဥ ... ဘာတွေ တွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဩော် ... ဘာမှ မဟုတ်ပါဘူး။ ဩော် ... မေမေ ဉဉ တစ်ခုလောက် တောင်းဆိုချင်တယ်"

"ဘာများလဲ သမီးရဲ့"

"ဉဉ ဖေဖေ့ဆီမှာ အလုပ်ဝင်ချင်တယ်။ အခုဆို ခေါင်က သူ့အဖေဆီမှာ အလုပ်ပြန်လုပ်နေတယ်လေ။ အဲဒါကြောင့် ဉဉလည်း ကျောင်းမတက်တော့မယ့် အတူတူ အလုပ်လုပ်လိုက်မယ်လေ။ အဲဒီလိုဆိုတော့ သူတို့ဘက်က သမီးကို မီးဖိုချောင်ထဲမှာ အချိန်ကုန်ခံမယ့် မိန်းမမျိုး မဟုတ်ဘူးဆိုတာ သူတို့ သိသွားလိမ့်မယ်"

"ကောင်းပါတယ်။ ဒါပေမဲ့ နည်းနည်း စောနေသေးတယ် သမီး။ အိမ်ထောင်ဦးကာလတွေမှာ အဲဒီလို အလုပ်ထွက်လုပ်လိုက်ရင် ပြောစရာ ဖြစ်သွားလိမ့်မယ်။ အဲဒါတော့ မလုပ်ပါနဲ့ဦး။ ကဲ ... သမီး ရောက်နေတာကြာပြီ။ ညနေတောင် စောင်းပြီဆိုတော့ ပြန်တော့လေ"

"အာ ... ရပါတယ် မေမေရဲ့။ သမီးက ခေါင့်အမေကို ပြောလာခဲ့ပါတယ်။ အေးဆေးပဲ။ ဖေဖေ ပြန်အလာကို စောင့်လိုက်ဦးမယ်"

"အဲ ... စောင့်မနေနဲ့တော့။ ညနေ သိပ်စောင်းသွားလိမ့်မယ်၊ သမီး ကားမပါဘူးမှလား။ သမီး ကားကို တစ်ခါတည်း ယူသွားလိုက်တော့။ ကိုယ့်ကားနဲ့ ကိုယ်ဆိုတော့ သွားလို့ ပိုအဆင်ပြေတာပေါ့"





ဉဉက မေမေ့ကို ကျေးဇူးတင်စွာဖြင့် ခေါင်းဆတ်ပြလိုက်ရင်း မေမေ့ရင်ခွင်ထဲ ကလေးတစ်ယောက်လို တိုးဝှေ့ဝင်နေလိုက်သည်။ ကံတရားရဲ့ အလှည့်အပြောင်းဟာ တကယ်ပဲ ဆန်းကြယ်သည်။ ဉဉ အခုလို စိတ်ပင်ပန်းမှုတွေ အရှုံးခံစားနေရလိမ့်မယ် လုံးဝထင်မထားမိခဲ့သလို ကိုယ် လက်ထပ်မယ့် ယောကျ်ားဟာလည်း ကိုယ့်ကို ချစ်လို့မဟုတ်ဘဲ လက်စားချေခြင်းတစ်ခုအပေါ် အားပေးအားမြှောက်ပြုဖို့ ကိုယ့်ကို လက်ထပ်လိမ့်မယ်လို့ လုံးဝတွေးထင်မထားခဲ့ဖူးချေ။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒီအိမ်မှာနေပြီး ငါ့ရဲ့စည်းကမ်းကို မလိုက်နာတာ ဟာ ငါ့ကို စော်ကားတာပဲ။ သား ... မင်း အဲဒီလိုလွှတ် မပေးထားနဲ့ကွ။ လက်ထပ်တာဖြင့် လ,မပြည့်သေးဘူး။ ဟိုသွားဦးမယ် ဒီသွားဦးမယ်နဲ့"

နေသွေးက စိတ်တိုတာရော အမြင်ကတ်တာပါ ရောပေါင်း၍ ပြောနေတုန်းမှာ ကားသံကြားလိုက်၍ ဟိုကောင်မ လေး ပြန်လာပြီဆိုတာ သိလိုက်သည်။ သူက အပြင်ဘက်ကို ခေါင်းပြူကြည့်လိုက်လျှင် ကောင်မလေးက Honda Fit ကို ကိုယ်တိုင်မောင်းလာတာမို့ သူ့မအိမ်ကကားကို ယူလာတယ်ဆိုတာ သဘောပေါက်ရသည်။

"သမီး ပြန်ရောက်ပါပြီ ဖေဖေနဲ့ မေမေ"

"ဪ ... အေး ... အေး။ ရောက်လာပြီလား"

"ဟုတ်တယ် မေမေရဲ့။ ဒီမှာ ညစာအတွက် ရွှေဘဲက ဘဲကင်ပါ ဝင်ဝယ်နေတာ။ လမ်းမှာ ကားပိတ်နေတာနဲ့ နည်းနည်းနောက်ကျသွားတာ။ ခေါင်တောင် ပြန်ရောက်နေပြီ"





"ဥဥ ... မင်းက အခု ဒါ ဘယ်ကပြန်လာတာလဲ"

သားက လိမ္မာပါးနပ်စွာပင် သူ့ မကျေနပ်တာ အတွက် သားက ရှေ့ကနေ မေးလေလျှင် ဥဥဟာ သူ့ကိုတစ်ချက် လှမ်းကြည့်လိုက်ပြီးမှ ...

"ဥဥအမေဆီက ပြန်လာတာလေ။ ဒီနေ့ အိမ်ကိုသွားမယ်လို့ ခေါင့်ကို မနက်ကတည်းက ပြောထားတာပဲ"

"မင်းကို ငါ ခွင့်ပြုခဲ့လို့လား"

"ဟာ ... ကိုယ့်မိဘအိမ် ကိုယ်ခဏပြန်တာပဲ။ ပြီးတော့ ဥဥ ခွင့်မတောင်းပဲ သွားတာလည်း မဟုတ်ဘူး။ ဥဥ မေမေ့ကို ခွင့်တောင်းပြီးတော့မှ သွားတာ"

"ကဲ ... ကဲ ... တော်ကြပါတော့။ ဟုတ်တယ် ... ဥဥက မေမေ့ဆီက ခွင့်တောင်းလို့ မေမေ သွားခွင့်ပြုလိုက်တာပါ။ ဒီအတွက်နဲ့တော့ စကားများမနေကြနဲ့"

"ဟုတ်ကဲ့ မေမေ။ ဪ ... ဒီမှာ ဖေဖေနဲ့မေမေ့အတွက် ဘဲကင်ဝယ်လာတယ်။ ထမင်းပွဲပါ တစ်ခါတည်း ပြင်ထား လိုက်တော့မယ်နော်"

ဥဥ ရှောင်ထွက်သွားဖို့ ကြိုးစားချိန်မှာ သူ ပြောဖို့ ခွင်ထဲကို ဝင်လာတာမို့ နေသွေးက လေသံခပ်မာမာဖြင့် ပြော လိုက်တော့သည်။

"ဟေ့ ... ဟေ့ ... ဥဥ ... နေစမ်းပါဦး"

"ဘာလဲ ... *ဖေဖေ*"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဝယ်လာတာ ဘဲကင် ဟုတ်လား။ ညည်းမှာကျန်းမာရေးဗဟုသုတဆိုတာ မရှိဘူးလား။ ဘဲဆိုတာ လေစာလေ။ လူကြီးတွေအတွက် အဆင်မပြေဘူးဆိုတာ နားမလည်ဘူးလား"

သူ့ရဲ့ခပ်မာမာလေသံကို ဥဥက သက်ပြင်းအသာချလိုက်ရင်း ...

"ဖေဖေက အစားအသောက် အရမ်းဇီဇာကြောင်တာပဲ"

"ဘာ ... နင် ငါ့ကို ဘာစကား ပြောတာလဲ။ ရိုင်းလှချည်လား"

"သမီးစကားထဲမှာ ရိုင်းတာ တစ်ခုမှ မပါပါဘူး။ ဖေဖေက ဇီဇာကြောင်တယ်လို့ပြောတာ။ ဘယ် အစားအသောက်မဆို တန်ဆေးလွန်ဘေးပါ။ ဘဲက လေစာဆိုပေမယ့် အရသာရှိတဲ့ အသားမို့ လူတိုင်းစားပါတယ်။ သမီးကလည်း စေတနာနဲ့ ဝယ်လာတာပဲ။ သမီး စေတနာမှန်တဲ့အတွက် ဘာမှမဖြစ်နိုင်ပါဘူး"

နေသွေးက သူ့ကို စကားတတ်တတ်ဖြင့် ပြန်ချေနေသော ဥဥကို ဒေါသက ပိုထွက်ရလေသည်။ ဒီကောင်မလေးဟာ သူ့ကို ကလန်ကဆန် ပြန်ပြောနေတာ သူ့အဖေအိမ်က ပြန်လာပြီး ဖြစ်တာဆိုတော့ ပွင့်ဝေတိုး လက်ချာတွေ ရိုက်ပေးလိုက်တာပဲ ဖြစ်ရမည်။ သူ့ရင်ထဲမှာလည်း အငြိုးတရားရှိနေသလို ပွင့်ဝေတိုးမှာလည်း သေချာပေါက် သူ့ကို လက်စားချေချင်တဲ့စိတ်ရှိမယ်ဆိုတာ သူသိနေတာမို့ မြွေမြွေချင်းတော့ ခြေမြင်လေသည်။





"ဒီမှာ ဖွေးဥဥ၊ ငါတို့က နင့်ရဲ့မိဘနေရာကနေ ပြောနေတာ။ ညည်း စကားပြောတာ ဆိုတာ တစ်ခုမှ အချိုးမကျဘူး၊ ငါ့အိမ်မှာနေရင် ငါ့စည်းကမ်းအတိုင်းပဲ ဖြစ်ရမယ်။ ငါတို့အိမ်မှာ အားလုံး ကျန်းမာရေး လိုက်စားကြတဲ့သူတွေချည်းပဲ။ မင်းက ဒီအိမ်ကို ရောက်လာပြီဆိုတော့ ဒီမိသားစုဝင်တွေ နေသလို နေရမယ်။ နောက်ပြီး တစ်လက်စတည်း ဆက်ပြောလိုက်ဦးမယ်။ ဟောဟိုက ကားက ဘယ်သူ့ကားလဲ"

"သမီးရဲ့ကားပါ အဖေ"

"အဲဒါ ဟိုဘက်က ကားမှလား။ ဘာကိစ္စ မင်းက ဒီကို ယူလာရတာလဲ"

"ဟိုဘက်အိမ်က ကားဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီကားက သမီး ကျောင်းတက်ကတည်းကစီးတဲ့ သမီးရဲ့ကားပါ။ ယူထားတယ်ဆိုတာကလည်း သွားရလာရတာ ကားရှိတော့ ပိုလွယ်တာပေါ့"

"ဘာဖြစ်တယ်။ ဒီမှာ ... မလိုချင်ဘူး။ မနက်ဖြန် အဲဒီကားကိုသွားပြန်ပို့လိုက်။ မင်းရဲ့လုပ်ရပ်က ငါ့သားသိက္ခာကို ထိခိုက်တယ်ဆိုတာ မင်းသဘောပေါက်ရဲ့လား။ ဒီအိမ်မှာ အားလုံးပြည့်စုံနေပြီးသား။ မင်း ထပ်ဖြည့်ဖို့မကြိုးစားပါနဲ့ ဥဥ။ အဲဒီကားကို မနက်ဖြန် ဒီအိမ်မှာမမြင်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



နေသွေးက ပြောစရာရှိတာကို အပြတ်ပြောလိုက်လျှင်တော့ အဲဒီကလေးမဘက်က ဘာမှမပြောသေးခင်မှာ သားက အလိုက်တသိပင် ဝင်ပြော၏။

"ဟုတ်တယ် ... ဦးဦး။ ကားကိုပြန်သွားပို့လိုက်ပါ။ မင်းက ဒီမှာနေပြီး မင်းမိဘအိမ်ကကားကို သုံးရတယ်ဆိုတာ ငါ့အတွက် သိက္ခာကျတယ်။ အိမ်မှာ driver ရှိတယ်။ မင်း သွားချင်တဲ့နေရာကို ပို့နိုင်းပါ။ အဲဒါပဲ ပြောမယ်ကွာ"

သားက ပြောပြီး အပေါ်တက်သွားလျှင် သူက ကျေနပ်စွာ ပြုံးမိသွားသည်။ သူ့သားဟာ တကယ်ပဲ ထင်ထားတာထက် လူကြီးဆန်လာကာ စကားပြောတတ်သူ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့ပွဲကတော့ လှသွားပေသည်။ မနက်ဖြန် ဦးဦး ကားပြန်ပို့လိုက်တာနှင့် ပွင့်ဝေတိုး တစ်ယောက် ဆွေ့ဆွေ့ခုန်နေတော့မှာကို မြင်ယောင်မိရင်း သူ ပြုံးလို့ ကျေနပ်သွားရသည်။

❖ ❋ ❖



ဦးဦးရဲ့နေ့ရက်များဟာ အဲဒီလိုပဲ အထွေလေး အငေါ့လေးတွေဖြင့် လည်ပတ်ရရင်း တစ်နေ့တာ ကုန်လွန်စေရတာဖြစ်သည်။ ကိုယ်ရွေးချယ်ခဲ့ပြီဖြစ်သောလမ်းမို့ ဆက်လျှောက်ဖို့ ဆုံးဖြတ်ထားပေမယ့် စိတ်ကတော့ အရမ်းပင်ပန်းရလေသည်။ ခေါင်နှင့်ဦးဦးရဲ့ အိမ်ထောင်ရေးဟာလည်း အင်မတန်မှကို အေးစက်လှကာ အမည်ခံလင်မယားအဖြစ်သာရှိ၍ ကြင်နာမှု၊ နားလည်ပေးမှုဆိုတာ မရှိချေ။ အဲဒါလည်း နားလည်ပေးနိုင်လို့ ရသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ အစကတည်းက ဦးဦးကသာ ချစ်ခဲ့ရသူဖြစ်ပြီး သူ ချစ်ခဲ့ရသူက တုတု ဖြစ်နေခဲ့တာကိုးဆိုတဲ့ စိတ်နှင့်သည်းခံပေးနိုင်ပေမယ့် တစ်ဆိတ်ရှိရင် ဦးဦးကိုပဲ စောင်းမြောင်းပုတ်ခတ်ပြောဆိုနေသော ဦးဦးရဲ့ယောက္ခထီးကြီး ဦးခန့်နေသွေးကိုတော့ တကယ်ပဲ စိတ်လျှော့ကာ သည်းညည်းခံပေးရတာ ဖြစ်သည်။

သူတို့ခေတ်က ဖြစ်ခဲ့ရတဲ့ အမုန်းတရားတွေအတွက် ဦးဦးတို့ဆီကို လာရိုက်ပုတ်ကာ ဦးဦးကိုဆို တစ်မျိုးမဟုတ် တစ်မျိုး ပြဿနာရှာနေတာကတော့ အတော်လေး လွန်ပေ၏။ ဦးဦးဘက်က အိမ်ရှင်မပီသစွာ ဒီအိမ်ရဲ့စားရေးသောက်ရေးကို စီမံလျှင်လည်း

www.burmeseclassic.com



ဟိုဟင်းကဖြင့် ဘာဖြစ်လို့၊ ဒီဟင်းက ဘာဖြစ်တယ် စသဖြင့် အပြစ်တင်ပြောသလို အမြဲတမ်းလည်း ကောင်းတယ်ရယ်ကိုမရှိခဲ့ပါ။ ဥဥတို့ရဲ့အဖြစ်သနစ်အစုံကို နားလည်နှစ်သိမ့်မပေးနိုင်သူကတော့ ဥဥရဲ့ယောက္ခမပဲ ဖြစ်သည်။ ဒီအိမ်မှာလည်း မေမေတစ်ယောက် ရှိနေလို့ ဥဥလည်း အဆင်ပြေနေတာဖြစ်သည်။ မေမေကတော့ ဥဥကို မိန်းမချင်းမို့ နားလည်ပေးနိုင်ကာ အမြဲနှစ်သိမ့်ပေးနိုင်သူ ဖြစ်သည်။

"သမီး ... ဒီအခက်အခဲတွေက ဒါ အခိုက်အတန့်ဖြစ်တဲ့သဘောပါ။ မိန်းမသားဆိုတာ ကိုယ်လိုချင်တဲ့ အရာကို စိတ်ရှည်သည်းခံခြင်းကြောင့် ရကိုရကြတယ်။ သမီး ဘာမှ စိတ်မပျက်နဲ့။ သားလေးက နည်းနည်းတော့ ကလေးဆန်ချင် ဆန်လိမ့်မယ်။ သူက ဘယ်သူ့အပေါ်ကိုမှ စိတ်မနာတတ်ပါဘူး။ သမီးတို့နှစ်ယောက် မကြာခင် အဆင်ပြေသွားမယ်လို့ မေမေ ယုံတယ်"

အဲဒီအားပေးစကားတစ်ခုကတင် ဥဥအတွက် ခွန်အားတစ်ခု ဖြစ်လာရတာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့လိုလက်ထပ်တဲ့အထိ ဖြစ်လာတယ်ဆိုတာဟာ ဥဥ ခေါင့်ကို ချစ်မိခဲ့လို့ပဲ ဖြစ်၏။

အဲဒီအတွက် သူ့ဆီက ပြန်ရလာမယ့် မေတ္တာတရားတစ်ခုကို မျှော်လင့်ရင်း တစ်ရက်မှာတော့ ဥဥတို့အတွက် ထိပ်တိုက်ရင်ဆိုင်ခြင်းဆိုတဲ့ အကြောင်းအရာတွေ ဖြစ်ပျက်စေသော ဂယက်တစ်ခုက ဖြစ်လာခဲ့တာ ဖြစ်သည်။





အကြောင်းကတော့ အိမ်မှာ ဖေဖေနဲ့ခေါင်က မနက်ပိုင်းကုမ္ပဏီသွားပြီး နောက်မှာ မေမေက သူ့သူငယ်ချင်းတစ်ယောက် ဆေးရုံတက်ရလို့ သတင်းသွားမေးမှာမို့ ဥဥပဲ ကျန်နေခဲ့တာဖြစ်သည်။ ဒေါ်လေးလုံးတို့ သားအမိကလည်း အိမ်အလုပ်တွေ လုပ်စရာရှိတာ လုပ်နေတာမို့ ဥဥက အားနေတာနှင့် နေလေးလည်းသာတုံး အဝတ်တွေကိုလျှော်ဖို့ ခြင်းထဲထည့်ကာ စက်ဆီသို့ လာလျှင်တော့ နောက်က လှမ်းမေးသံက ထွက်လာ၏။

"ဟယ် ... သမီး ဘာလုပ်ဖို့လဲ"

ဒေါ်လေးလုံးက လှမ်းမေးတာကြောင့် ဥဥက ခြင်းထဲက အဝတ်တွေပြရင်း ...

"အဝတ်လျှော်မလို့လေ ဒေါ်လေးလုံးရဲ့"

"ဟယ် ... မလျှော်ပါနဲ့။ ဒါတွေက ဥဥ လုပ်စရာမလိုပါဘူး။ ဒေါ်လုံး လုပ်ပါ့မယ်"

"အော် ... ရပါတယ်။ ဘယ်နှထည်မှလဲ ရှိတာမဟုတ်ဘူး။ နောက် စက်နဲ့လျှော်မှာပဲဟာ။ ဒေါ်လေးလုံး လုပ်စရာရှိတာ သွားလုပ်ပါ။ ဥဥဘာသာ လုပ်လိုက်မယ်"

"ဟို ... စက်နဲ့လျှော်လို့ မရဘူး သမီး။ စက်က မနေ့က ဘာဖြစ်သွားမှန်း မသိဘူး။ မော်တာမလည်တော့လို့။ ပြင်သမား ခေါ်ရဦးမှာ။ ဒေါ်လုံးလည်း မအားတာနဲ့ သွားမခေါ်ရသေးတာ။ ပေးပါ ... ပေးပါ။ ဒါတွေ ဒေါ်လုံးပဲလျှော်လိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးလုံးက ဦးဦး လက်ထဲက အဝတ်ခြင်းကို လှမ်းယူလိုက်တာကြောင့် ဦးဦးက အတင်းပဲ ပြန်ဆွဲယူရလေသည်။ ကိုယ့်ထက် အသက်ကြီးတဲ့သူက ကိုယ့်အဝတ်တွေကို လက်နဲ့ လျှော်ပေးနေတာမျိုးလည်း မဖြစ်ချင်တာကြောင့် ဦးဦးက ဒေါ်လေးလုံး လက်ထဲကခြင်းကို ပြန်လုယူလိုက်ရင်းက ...

"ရပါတယ်။ ဒေါ်လေးလုံး မလျှော်ပါနဲ့။ စက်ပျက်လည်း ဘာမှမဖြစ်ဘူး။ ဦးဦး ဘာသာ လျှော်လိုက်မယ်။ ရတယ် ဆို ... ဒေါ်လေးလုံး လုပ်စရာရှိတာသာ သွားလုပ်ပါ။ ရတယ်"

"အင်း ... အင်း။ ဒါမှမဟုတ် မလျှော်ပါနဲ့တော့လား သမီးရယ်။ စက်ကောင်းမှပဲ လျှော်လိုက်လေ"

"ဒေါ်လေးလုံးကတော့လေ။ စိတ်ပူနေပြန်ပါပြီ။ ဦးဦးက အောက်သက်ကြေတဲ့ မိန်းကလေးပါ။ မိန်းကလေးပီသတဲ့ အလုပ်မှန်သမျှ ဦးဦး လုပ်တတ်ပါတယ်။ ဒီအဝတ်ဖွတ်တာ လောက်ကတော့ အေးဆေးပဲ။ ကဲ ... ဒေါ်လေးလုံး လုပ်စရာရှိတာ သွားလုပ်လိုက်တော့"

ဦးဦးက ရေချိုးခန်းထဲ ဝင်လာကာ အဝတ်တွေရေစိမ်ထားတုန်းမှာပဲ အိမ်ရှေ့က ဖုန်းမြည်လာတာကြောင့် သွားကိုင်ရသေးသည်။

"ဟယ်လို"

"ဟယ်လို ... အေး ... ဦးဦးလား။ နန္ဒာကော"





"မေမေ အန်တီဒေါ်ခင်မျိုး ဆေးရုံတင်ရလို့ သတင်းသွားမေးတယ် ဖေဖေ။ သူ့ဟန်းဖုန်းကို ဆက်လိုက်ပါလား"

"အင် ... နေတော့။ အဲဒါဆို ညည်းပဲ မှာလိုက်တော့မယ်။ ဒီနေ့ညနေ အရေးကြီးတဲ့ဧည့်သည်တွေ ငါးယောက်လောက် အိမ်ကိုလာမယ်။ အဲဒါ ဒင်နာကို သေသေချာချာ ဖွယ်ဖွယ်ရာရာ ညည်း စီစဉ်ထားလိုက်ပါ။ ဘာမှလိုလေသေးမရှိစေနဲ့နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ စီစဉ်ထားလိုက်ပါ့မယ်။ ဧည့်သည်တွေက ဘယ်အချိန်လောက် လာမှာလဲ အဖေ"

"ညနေ ထမင်းစားချိန်လောက်ပေါ့။ ညည်း သေချာစီစဉ်ထားလိုက်နော် ဦးဦး။ ငါ စိတ်ချပါရစေ"

"ဟုတ်ကဲ့ ... အဖေ"

ဦးဦးက ဒီတစ်ကြိမ်ပဲ ပြေပြေလည်လည် နိုင်းသေးတာမို့ ဖုန်းချပြီးသွားလျှင် ပြုံးလိုက်ရင်း ပခုံးတစ်ချက်တွန့်မိသွားသည်။ ထင်ကို မထားခဲ့ပေ။ မိန်းကလေးတစ်ယောက်ဟာ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်လာလျှင် ဒီလောက်များမြောင်လှတဲ့ အိမ်တွင်းကိစ္စတွေကို နေရာတကာ ဝင်ပါစီမံနေရလိမ့်မယ်လို့ ထင်ကိုမထားခဲ့ချေ။ ဦးဦးက ညနေမှလာမယ့် ဧည့်သည်တွေအတွက် ဒင်နာစီစဉ်ဖို့ နေ့ခင်းလောက်မှ ပြင်ဆင်မယ်ဟု တွေးလိုက်ကာ ရေချိုးခန်းထဲမှာ စိမ်ထားတဲ့ အဝတ်တွေကို သွားပြန်လျှော်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတာ။ နာရီကိုကြည့်မိတော့ ဆယ့်နှစ်ပဲ ရှိပါသေးတယ်။ ဆေးအရှိန်ကြောင့်ရော အဖျားအရှိန်ကြောင့်ပါရောကာ ဥဥက ခဏလေး မှေးချင်နေပြီ ဖြစ်တာကြောင့် အခန်းထဲမှာ စောင်ခြုံ၍ နွေးနွေးထွေးထွေး နေလိုက်ကာ အိပ်ပျော်လို့သွား၏။

ဥဥခေါင်းထဲမှာ နေ့ခင်း ညှိသည်တွေအတွက် ဘီစဥ်ရမယ်ဆိုတာ ထည့်ထားပြီးသားဖြစ်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဥဥ ... ဥဥ ... ဟော့ ... ဥဥ"

နားထဲသို့ ခပ်တိုးတိုး ခေါ်သံတစ်ခုက တိုးဝင်လာကာ ပါးပြင်ပေါ်သို့ ခပ်ဖွဖွ ပုတ်နှိုးတဲ့ အထိအတွေ့ တစ်ခုကြောင့် ဥဥက လေးလံနေတဲ့ မျက်ခွံတွေကို အားယူဖွင့်ကြည့်လိုက်ရင်းတော့ ပူရှိန်းရှိန်း ဖြစ်နေသော မြင်လွှာတွေ ကြားကနေ ခေါင့်ကို မြင်တွေ့ရ၏။ အာခေါင်တစ်ခုလုံးက ခြောက်သွေ့နေကာ လူတစ်ကိုယ်လုံးလည်း ဖိန်းတိန်းရှိန်းတိန်းမို့ ဘာမှ ကွဲကွဲပြားပြား မရှိသေးခင်မှာ ဥဥရဲ့နဖူးပေါ် လက်ဖဝါးတစ်ခုက အုပ်မိုးဖိကိုင်ထားရင်း ...

"မင်း ကိုယ်တွေ အရမ်းပူနေတယ်။ အရမ်းဖျားနေပါလား"

"အင်း ... ခေါင် ဘယ်လိုလုပ် ရောက်နေတာလဲ"

"ကိုယ် အိမ်ပြန်လာတာပေါ့။ အခန်းထဲရောက်တော့ မင်း ညည်းသံကြားလို့ အသားစမ်းကြည့်တာ ကိုယ်တွေခြစ်ခြစ်တောက်ပူနေတယ်။ ဒီအတိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ဆေးခန်းသွားမှပေါ့။ ထ ... ထ"





ဥဥက အားယူထလိုက်ရင်းကမှ ခေါင့်ကို မြင်လိုက်လျှင် ခေါင်းထဲမှာ မီးလင်းသွားသလို ဆတ်ခနဲ လင်းလက်ကာ သတိရသွား၍ နာရီကို အသည်းအသန် လှမ်းမေးရ၏။

"ခေါင် ... ခေါင် ... ဘယ်နှနာရီ ရှိနေပြီလဲဟင်"

"လေးနာရီခွဲပြီလေ"

"ဘာ ... လေးခွဲပြီ"

ဥဥရဲ့ရင်ထဲမှာ ဒိန်းခနဲ ဆောင့်တက်သွားရကာ တစ်ဆက်တည်းမှာပဲ ပြဿနာကတော့ အကြီးအကျယ် တက်ပြီဆိုတာကို တွေးမိသွားရသည်။

"ခေါင် ... ရှင့်အဖေ ရောက်နေပြီလားဟင်"

"ဖေဖေက သူ့ဧည့်သည်တွေနဲ့မှ အတူလာမှာလေ။ ဘာဖြစ်တာလဲ"

"ဥဥ ညနေဒင်နာအတွက် ဘာမှမစီစဉ်ရသေးဘူး"

ဥဥက အနည်းငယ် တုန်ယင်နေသော လေသံဖြင့် ခေါင့်ကို ပြောလိုက်လျှင် ခေါင်က အံ့အားသင့်သွားဟန်ဖြင့် ဥဥကို တစ်ချက်ကြည့်တာကြောင့် ဥဥက အမြန်ရှင်းပြရတော့၏။

"ဥဥ မလုပ်ပေးချင်လို့ မဟုတ်ပါဘူး။ အရမ်း နေမကောင်းဖြစ်ပြီး ခေါင်းတွေလည်း တအားကိုက်လာလို့ ခဏလေး မှေးမယ်ဆိုပြီး မှေးလိုက်တာ ဒီအချိန်ထိ အိပ်ပျော်သွားတာပါ။ ဒုက္ခပါပဲ"

"အရမ်း စိတ်မပူပါနဲ့။ ဧည့်သည်တွေက ခြောက်နာရီလောက်မှ လာမှာပါ။ ပြီးတော့ ဥဥက တကယ်နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ဟာ တမင်လုပ်တာမှ မဟုတ်တာ။ လောလော ဆယ် မင်း ဆေးခန်းသွားပြဖို့က ပိုအရေးကြီးနေတယ်။ မင်း အသားတွေ အရမ်းပူနေတယ်။ လာပါ ... ဆေးခန်း အရင်သွားကြစို့။ ထ ... ထ"

ဒီအချိန်မှာ ခေါင့်ဘက်က အဲဒီစကား ပြောပေးတာကတင် တကယ်ပဲ စိတ်ချမ်းသာရလေသည်။ ဒါပေမဲ့ ခေါင်က ရပါတယ်ဆိုတိုင်း ကိစ္စက ပြီးသွားတာ မဟုတ်တာကြောင့် ဥဥက စိုးရိမ်စွာ မေးရသည်။

"ဟို ... ဧည့်သည်တွေအတွက်က ဘယ်လိုလုပ်မှာလဲ"

"ကိုယ့်အမေ ပြန်ရောက်နေပြီ။ မေမေ စီစဉ်ပါလိမ့်မယ်။ မင်း ဘာမှ စိတ်ပူမနေနဲ့။ လာ ... ထ ... အင်္ကျီလဲလိုက်။ ငါ မေမေ့ကို အဲဒီကိစ္စတွေ စီစဉ်ဖို့ သွားပြောလိုက်ဦးမယ်။ ပြီးရင် ဆေးခန်းသွားမယ်"

ခေါင်က ဒင်နာကိစ္စ အမေ့ကို သွားပြောဖို့ ထွက်သွားလေလျှင် ဥဥက မြန်မြန်သွက်သွက်လေး အားတင်းထကာ အင်္ကျီလဲရင်း အပြင်သို့ ထွက်လာခဲ့လိုက်သည်။ တကယ်ကို မရည်ရွယ်ပါဘဲ ဥဥ လုပ်မိလိုက်တဲ့ အမှားက တအားကြီးသွားပြီဆိုတာ ဥဥ သိတာမို့ စိတ်ထဲမှာတော့ တစ်စုံတစ်ရာအတွက် အဆင်သင့် ပြင်ဆင်ထားလိုက်တော့သည်။

❖ ❋ ❖





စိတ်ထဲမှာ ကြိုတင်ပြင်ဆင်ထားသော ရင်ဆိုင်ရမည့် ပြဿနာအတွက် ဥဥရဲ့ဘေးနားမှာ ခွန်အားတစ်ခု ပေးခဲ့တာကတော့ ဥဥ ထင်မှတ်မထားတဲ့ ခေါင် ဖြစ်နေခဲ့ခြင်းအတွက် ဥဥ တကယ်ပဲ အားရှိပျော်ရွှင်ရလေသည်။

"ဒီကိစ္စက ဥဥ တမင်လုပ်တာ မဟုတ်ဘူးဆိုတာ ကိုယ် သိနေတာပဲ။ ပြီးတော့ အခု ဆရာဝန်က ဥဥ အဖျား ၁၀၂ တောင် ရှိနေတယ်ပြောတဲ့ဟာ။ နေမကောင်း ဖြစ်တာကို ဖေဖေ နားလည်ပါတယ်၊ ဘာမှ ကြောက်မနေနဲ့"

ခေါင်ရဲ့ အားပေးစကားအတွက် ဥဥမှာ ဘာပဲဖြစ်ဖြစ် ခွန်အားတစ်ခုတော့ ရသွားရတာပဲဖြစ်သည်။ ဥဥကို အခုလို နေမကောင်း ဖြစ်နေတယ်ဆိုတော့လည်း သူ ဂရုစိုက်တယ်ဆိုကတည်းက ဥဥ အတွက် သူ့ရင်မှာ တစ်ခုခုရှိလို့ပေါ့။ ဥဥက ကိုယ့်ဘာသာ ထင်မြင်ချက်ချရင်း ကျေနပ်ပျော်ရွှင်လိုက်၏။

ဥဥတို့ ဆေးခန်းက အပြန်မှာ ဟော့ပေါ့သွားသောက်ရအောင်ဟု ခေါင်က ဆိုသဖြင့် ဥဥနှင့်သူ ဇနီးမောင်နှံဘဝမှာ ပထမဆုံးအကြိမ်အဖြစ် နှစ်ယောက်အတူ ယှဉ်တွဲသွားစားဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မို့ ဥဥ နေမကောင်းဖြစ်ခွင့် ပေးလိုက်သော ကံတရားကိုတောင် ကျေးဇူးတင်မိသွားသေးသည်။

ဒါပေမဲ့ တကယ့် တကယ်တမ်းတော့ ဥဥရဲ့ ပျော်ရွှင်မှုက ခဏလေးပဲဖြစ်ကာ အိမ်ပြန်ရောက်တဲ့အချိန်မှာ ဥဥ ပြဿနာလုပ်က စတော့တာပဲဖြစ်၏။ ဥဥ အိမ်ထဲဝင်လာစဉ်မှာ ဖေဖေက စောင့်နေကာ ပြဿနာစကား စတော့တာဖြစ်သည်။

"နင်က အဲဒီလို ငါ့ကို မလေးမစား လုပ်ရဲတယ်ပေါ့၊ ဟုတ်လား ဥဥ"

"အဖေ ..."

"ဘာလဲ ... နေမကောင်းပါဘူး လာအကြောင်းမပြနဲ့။ နင့်ကို ငါ မနက်ကတည်းက ဆက်ထားတာ။ နင်က ဘယ်လိုချွေးမမျိုးလဲ ဖွေးဥဥ။ နင့်ယောက္ခမတွေရဲ့ဂုဏ်တွေ သိက္ခာတွေကို အမှည့်ခြွေခြွေဖို့ ရောက်လာတာလား။ အခု နင်လုပ်လိုက်တဲ့ လုပ်ရပ်ကြောင့် ငါ ဘယ်လောက် မျက်နှာပျက်သွားရသလဲ။ မြန်မာထမင်းဟင်းလက်ရာ စားရမယ်လို့ အာမတွေခံပြီး ခေါ်လာတယ်။ ဒီရောက်တော့ ဟိုတယ်က မှာထားတဲ့ဟင်းတွေ။ တောက် ... နင်ဟာလေ။ နင် တမင်အငြိုးနဲ့ ပြန်လုပ်တယ်ဆိုတာ ငါ ကောင်းကောင်း သိတယ်"

စကားတွေက လွန်လာပြီမို့ ဥဥက ဘယ်လိုမှမခံ စားနိုင်တော့စွာ ဖွင့်လိုက်ရတော့သည်။ ရင်ထဲမှာ မျိုသိပ်ထားရတဲ့ အစိုင်အခဲ လုံးကြီးကို ဒီထက်ပိုပြီး တင်းခံမနေချင်တော့ပေ။





"အဖေ ... အဲဒီလောက်အထိတော့ မပြောပါနဲ့။ ဥဥမှာ အဲဒီလို ယုတ်မာတဲ့စိတ်ဓာတ်မျိုး မရှိဘူး။ အခု ဖြစ်သွားတဲ့ကိစ္စက တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာပါ။ ဥဥ တကယ် နေမကောင်းဖြစ်သွားလို့ပါ။ ဥဥကြောင့် အဖေ့ဧည့်သည်တွေနဲ့ မျက်နှာပျက်ရတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဥဥ အဲဒီလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး အဖေ"

"ဟင်း ... ဘာမရည်ရွယ်တာလဲ။ နင်ဟာလေ။ ဒီကိစ္စမှာ ငါ လုံးဝမကျေနပ်ဘူး။ နင် တမင်လုပ်လိုက်တယ်ဆိုတာ လည်း ငါ သိတယ်။ နင်ဟာလေ ငါတို့မိသားစုကို တမင် ဒုက္ခပေးတာ ... တောက်"

"တော်ပါတော့ ဖေဖေရယ်။ ဧည့်သည်တွေလည်း အဆင်ပြေပြေနဲ့ ဧည့်ခံလိုက်နိုင်တာပဲဟာ။ ဥဥက တကယ်နေမကောင်းဖြစ်နေလို့ သားကိုယ်တိုင် ဆေးခန်းလိုက်ပို့ပေးနေတာပါ ဖေဖေ"

ဥဥဘက်ကနေ ခေါင်က ရပ်တည်ပြောပေးလိုက်လျှင်တော့ အဖေက သူ့သားကို ခပ်ထန်ထန် တစ်ချက်ကြည့်ကာ ...

"ဟား ... မင်းကပါ သူ့ဘက်က ဝင်ပါနေရတယ်။ သား ... အဖေ့ဧည့်သည်တွေ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မင်းလည်း အသိပဲလေ။ ဒီလောက် အရေးကြီးလွန်းလို့ အသေအချာ မှာထားရက်နဲ့ ဖျားတယ်ဆိုတာ သိပ်တိုက်ဆိုင်လွန်းမနေဘူးလား။ ခေါင် ... မင်း အဲဒီလောက်တော့ လွန်း အ,လွန်းနေလို့ မင်း ချစ်တာနဲ့ လွဲရတာ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားလုံးကတော့ ဥဥရဲ့ ရင်ထဲကို ထိခိုက်စေသော အဆိုးဝါးဆုံး စကားလုံးပဲ ဖြစ်သည်။ ဥဥ စိတ်ထဲကနေ တမင်တကာ ကြိုးစားမေ့ဖျောက်ထားသော အတိတ်အတွေ ကြားလိုက်ရတဲ့ စကားလုံးက ဥဥ ရင်ဘတ်ကို ဆူးချွန်တစ်ခုနဲ့ ဆောင့်ထိုးခံလိုက်ရသလိုမို့ ဘယ်လိုနည်းနဲ့မှ သည်းခံပေးလို့မရ တော့ဘဲ ပေါက်ကွဲပစ်လိုက်တော့သည်။

"အဖေ ... ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ။ ခေါင့်တို့မှ ဘာကြောင့် အဖေ ဒီစကား ပြောထွက်ရတာလဲ"

"ဟား ... အမှန်တရားထိတော့ တော်တော်လေး နာသွားတယ်ပေါ့ ဟုတ်လား ဥဥ။ အေး ... နင်တို့ကိစ္စကို ငါ အားလုံးသိတယ်။ ငါ့သား ဘယ်သူ့ကို ချစ်တယ်ဆိုတာလည်း သိတယ်။ နင့်ကြောင့် အားလုံးပျက်စီးသွားတာကိုလည်း သိတယ်။ အေး ... ဒါပေမဲ့ ငါတို့ဘက်က လူကြီးတစ်ယောက်အနေနဲ့ မသိချင်ယောင်ဆောင်ပြီး အားလုံးအဆင်ပြေအောင် နင့်ကို ငါတို့ချွေးမအဖြစ် ပွဲထုတ်ထားတာ။ အခုတော့ နင်က ငါတို့ကို အရွဲ့တိုက်ချလိုက်တာ။ အေးပေါ့လေ ... ညီမရဲ့ချစ်သူကိုတောင် လုရဲတာဆိုတော့ ငါတို့ကို အရွဲ့တိုက်ဖို့လောက်ကတော့ နင့်အတွက် အလွယ်လေးပဲပေါ့"

"အား ... အဖေ"

ရင်ဘတ်ထဲမှာ စိတ်တိုတာတွေရော၊ ရှက်ရွံ့ခံပြင်းမှုတွေပါ အလုံးစုံ အားလုံးပေါင်းကာ ဘာမှကို ထိန်းချုပ်ခြင်းမ





တော့ဘဲ ဥဥရဲ့ဒေါသတွေ အားလုံးကို ပုံချလိုက်မှုက ဘေးနားက စားပွဲပေါ်မှာ တင်ထားတဲ့ ကတ်ကြေးတစ်ချောင်းကို အပြေးယူလိုက်ကာ ဥဥရဲ့စားနေရတဲ့ နာကျင်မှုတွေအတွက် ကိုယ့်ရဲ့လက်ကို ကိုယ့်ဘာသာ ထိုးဆိုက်ပစ်လိုက်တော့သည်။

"ဟာ ... ဥဥ"

ခေါင်က စိုးရိမ်တကြီးဖြင့် ဥဥဆီ ပြေးလာလျှင် ဥဥ နားထဲကော ခေါင်းထဲ အသိဉာဏ်ထဲမှာ ဘာဆိုဘာမှ မရှိတော့ကာ လက်ကောက်ဝတ် တစ်ကြောလုံးဆီသို့ သွေးတွေစီးကျလာလျှင် ဥဥက အဲဒီသွေးတွေကျနေတဲ့လက်ကို ထောင်ပြလိုက်ရင်းက ရင်ထဲကစကားကို ဖွင့်ပြောလိုက်တော့သည်။

"ဒီမှာ အဖေ ... ဥဥကို အဲဒီလောက်အထိတောင် မုန်းနေတာလား"

"အေး ... မုန်းတယ်။ နင့်ဘာသာ ကတ်ကြေးနဲ့ထိုးလည်း ငါ့ဘက်က အမှန်ပြောတာ"

"ကဲ ... ကဲ ... တော်ပါတော့ ဖေဖေရာ။ သားတောင်းပန်ပါတယ်။ ဒီအချိန်မှာ ဒီစကားတွေက မပြောသင့်တော့ပါဘူး။ ဖေဖေလည်း တော်ပါတော့။ ဥဥ ... သွေးတွေအများကြီး ထွက်နေတယ်။ ဒေါ်လေးရေ ... ဆေးသေတ္တာမြန်မြန်။ ဥဥ ... လာ"

ခေါင်က ဥဥရဲ့ပခုံးကိုဖက်ကာ ဆွဲခေါ်သွားလေ၏။ ဦးခန့်နေသွေး တစ်ယောက် အကြီးအကျယ်တွေ အော်ဟစ်ပေါက်ကွဲဒေါသဖြစ်နေပြီဆိုတာ ဥဥ သဘောပေါက်ရသည်။ ခေါင်တစ်

www.burmeseclassic.com



ယောက်ကတော့ ဥဥဘက်က ရပ်တည်ပေးကာ ဥဥရဲ့လက်ကို ပတ်တီးစည်းပေးရင်းက ...

"ဘာဖြစ်လို့ အဲဒီလောက် ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင် လုပ်ရတာလဲ ဥဥရယ်"

"အရာရာတိုင်းအတွက် ဥဥ မှားခဲ့တာပါ"

ဥဥက ခံစားရစွာဖြင့် မျက်ရည်လည်လာကာ ပြော မိသွားလျှင် ခေါင်က ဥဥရဲ့လက်ကို အပြီးသတ် ပတ်တီးပတ်ပေး ပြီးသွားမှ ...

"ဒီအချိန်မှာ အဲဒီစကားတွေပြောဖို့ လိုအပ်တော့လို့လား ဥဥ။ ကိုယ့်စိတ်ထဲမှာလည်း မင်းနဲ့လက်ထပ်လိုက်တဲ့ နေ့ ကတည်းက အရာအားလုံးကို အသစ်ပြန်စဖို့ စဉ်းစားခဲ့ပြီး သားပါ။ မင်းကို တောင်းပန်ပါတယ်။ ဖေဖေ့ကို စိတ်မဆိုး ပါနဲ့။ ကိုယ့်အဖေက ကိုယ့်အကြောင်းကို ခရေစေ့တွင်းကျ သိတဲ့သူဆိုတော့ သူ ဘာရယ်မဟုတ် ပြောလိုက်တာပါ"

"ဥဥ သိပ်မှားခဲ့မိတာပါ။ ဥဥရဲ့ တဒင်္ဂမိုက်ရူးရဲဆန်မှု ကြောင့် အရာအားလုံးကို ဥဥတင် ဆုံးရှုံးရတာမဟုတ်ဘူး။ ခေါင်ပါ ဆုံးရှုံးခဲ့ရတာ"

"ဒီအချိန်မှာ ဆုံးရှုံးမှုဆိုတာ မရှိတော့ပါဘူး။ ဥဥ အရင်က အဖြစ်တွေကို စဉ်းစားပြီး အချိန်ဖြုန်းနေမယ့်သူ ထဲမှာ ကိုယ်မပါ,ပါဘူး။ ဥဥ ရင်ထဲမှာ ဘယ်လောက် ခံစားရမလဲဆိုတာ ကိုယ် နားလည်ပေးလို့ ရပါတယ်။ စိတ်ထဲမှာ ဘာမှမခံစားနဲ့တော့နော် ...





ဒီနေ့ကစပြီး ကိုယ် ဥဥ အပေါ်ကို အိမ်ထောင်ဖက် ကောင်း ပီသစေရပါမယ်"

ရှင် ...။

ကြားလိုက်ရတဲ့စကားက ဥဥ နားတောင် ဥဥ ပြန် မယုံနိုင်တော့ပေ။ အဲဒါဟာ တကယ်ပဲ ဥဥ ကြားလိုက်ရတဲ့စကား အစစ်လား။ ဥဥက အံ့အားတသင့်ဖြင့် အကြောင်သား ငေးကြည့် နေစဉ်မှာပင် ခေါင်က ဥဥရဲ့နဖူးကို အသာငဲ့ကြည့်ရင်း ...

"ဥဥ ... ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင် နောက်နောင် ဘယ်တော့မှ မလုပ်ပါနဲ့။ မင်းရဲ့ခင်ပွန်းအနေနဲ့ ကိုယ် စိတ်ပူတယ်"

"ခေါင်ရယ်"

ဥဥ ဘာဆက်ပြောလို့ ပြောရမယ်မှန်း မသိရတော့ လောက်အောင် ဆို့နင်လာကာ မျက်ရည်တို့က ကျလို့လာလေ တော့သည်။ ဥဥ အတွက် တကယ်ပဲ ပျော်ရွှင်မှုလဲ့လဲ့လေး တစ်ခု ပိုင်ဆိုင်ခွင့် ရလိုက်ပြီလားဟင်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် သူ့ရင်ထဲမှာ မီးဟုန်းဟုန်းတောက် ဒေါသတွေထွက်နေရတာဖြစ်သည်။ သား သူ့ရဲ့သားဟာ အခုလိုမျိုး သူ့ကို တစ်ခါမှ ပြန်ပြောခဲ့ဖူးတာ မဟုတ်ချေ။ ပွင့်ဝေတိုးရဲ့သမီးက သူ့ကို ပြန်အနိုင်ယူတယ်ဆိုတဲ့ အဖြစ်ဟာ သူ့အတွက် အင်မတန်မှ ရာဇဝင်ရိုင်းလှချေသည်။

"အသက်တွေလည်း ကြီးနေပါပြီ။ ရှင် ဘာဖြစ်လို့ အဲဒီလောက်အထိ ဒေါသတွေ ကြီးနေရတာလဲ"

"ဟား ... နန္ဒာ ... မင်း ဘာဖြစ်လို့ ကာဆီးပြောနေတာလဲ။ အခု ငါတို့ရဲ့သားက ငါတို့ဘက်မှာ ရှိမနေတော့ဘူးကွ။ တောက် ... ပွင့်ဝေတိုးလိုပဲ မာယာများတဲ့မိန်းမ။ ဒီမလောက်လေး မလောက်စား ချာတိတ်မက ငါ့သားကို သိမ်းသွင်းနိုင်ရတယ်လို့ကွာ။ တောက် ..."

"ရှင် အဲဒီလောက်အထိ ကလေးမလေးအပေါ်ကို အငြိုးမထားနေပါနဲ့ ကိုခန့်ရယ်။ အရင်က ဘာတွေဖြစ်ဖြစ် ဥဉနဲ့ ဘာဆိုင်လို့လဲ။ ချွေးမဆိုတာလည်း သမီးပါပဲ"





"အေး ... သမီး ... သမီး ... မင်းပဲ သမီး။ ငါ့အတွက်တော့ သူ့ကို ချွေးမအဖြစ် ငါတိုက်ပေါ် ခေါ်တင်ထားတာဟာ ပွင့်ဝေတိုးကို လက်စားချေဖို့ပဲ။ တောက် ... အတော်အဆိပ်ပြင်းတဲ့ မိန်းမ။ သူ့ကြောင့် တစ်သက်နဲ့တစ်ကိုယ် ငါ့ကို ပြန်တောင်ခံမပြောဘူးတဲ့သားက ပြန်ပြောရတယ်လို့ကွာ"

နေသွေးက တကယ့်ကိုပဲ ကြိတ်မနိုင် ခဲမရ ဖြစ်လေသော ဒေါသတို့ဖြင့် ပို၍တောင် ပွက်ပွက်ဆူရတာဖြစ်သည်။ မနေ့ကဖြစ်တဲ့ကိစ္စက ဘယ်လောက်အထိ သူ့ရင်ထဲ မခံချိမခံသာဖြစ်ရသလဲဆိုတာ သူ့ကိုယ်သူ အသိဆုံးဖြစ်၏။

"စိတ်ကိုလျှော့ပါ ကိုခန့်ရယ်။ အားလုံး အဆင်ပြေနေပြီဆိုရင် ဖျက်လို့ဖျက်ဆီးဖြစ်အောင် တမင်လုပ်နေတဲ့သူကိုပဲ အပြစ်မြင်မှာ။ မနေ့က ဖြစ်တဲ့ကိစ္စမှာ ဥဉ သူ့လက်သူ ကတ်ကြေးနဲ့တောင် ထိုးပစ်လိုက်တဲ့အထိ ပေါက်ကွဲအောင် ရှင် အစဖော်ခဲ့တာ။ အဲဒီတော့ ရလဒ်က ဘာဖြစ်လာသလဲ။ သားကို ဥဉဘက်ကို တွန်းပို့ပေးလိုက်တာက ရှင်ကိုယ်တိုင်ပဲ။ ဘယ်သူ့ကိုမှ အပြစ်မတင်နေနဲ့"

"တိ ... တိ ... တိ"

နန္ဒာ့စကား အဆုံးမသတ်သေးခင်မှာ ဖုန်းသံကမြည်လာတာကြောင့် နန္ဒာက သူ့ကိုထားခဲ့ကာ ဖုန်းသွားကိုင်လေ၏။ ခဏနေတော့ လှမ်းခေါ်တဲ့ အသံတစ်ခုကို ကြားလိုက်ရလျှင် သူ့ရဲ့သွေးတွေက ဖျဉ်းခနဲ ဆူပွက်လို့ လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဉဉရေ ... သမီး မေမေဆီက ဖုန်းလာတယ်။ အပေါ်က ကိုင်လိုက်ဦးနော်"

နေသွေး အတွက်တော့ ဒီအချိန်မှာ တောက်တစ်ချက် ခေါက်လိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်တာကြောင့် တကယ်ပဲ မကျေမနပ် ဖြစ်ရလေသည်။

❖ ❃ ❖



ဉဉရဲ့အဖြစ်ဟာ ပြောရမယ်ဆို တကယ်ပဲ အိပ်မက်ဆန်လောက်အောင် အံ့ဩဖို့ ကောင်းရတာဖြစ်သည်။ ဉဉရဲ့လက်က ဒဏ်ရာကြောင့် ထင်မှတ်မထားလောက်အောင် စိုးရိမ်ပူပန်ပေးရှာသော ခေါင့်ဆီကရတဲ့ အကြင်နာမေတ္တာတွေက တကယ့်အဖိုးတန်ပဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ပြဿနာတွေ အခုလိုဖြစ်ပြီးမှ ရလာတဲ့ မေတ္တာတရားတစ်ခုဟာ ဉဉ အတွက်တော့ အဲဒါ အဆိုးထဲက အကောင်း အမြတ်ထွက်တာပဲဖြစ်၏။

အခုဆို ဉဉရဲ့တစ်နေ့တာဟာ စိုစိုပြည်ပြည်လေး ရှိလာပြီဖြစ်၏။ မနက်ပိုင်း အဖေနဲ့အတူ ကုမ္ပဏီလိုက်သွားတဲ့ ခေါင့်ကို ဉဉက ကုမ္ပဏီသွားဖို့ ပြင်ဆင်ပေးသလို ညနေ ခေါင်ပြန်လာပြီဆိုရင်လည်း ဉဉမှာ အပြုံးလေးတစ်ခုဖြင့် ဆီးကြိုပိုင်ခွင့် ရှိသွားပြီဖြစ်သည်။

အဖေ့ပုံစံကြည့်ရတာဟာ သိပ်အမြင်ကြည် ပုံမရပေမယ့် ဉဉကိုတော့ ဘာမှပြောလို့ မရတော့တာကိုက စိတ်ချမ်းမြေ့စရာပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သမီးနဲ့သား အခုလို အဆင်ပြေလာတာ မြင်ရတော့ မေမေ သိပ်ဝမ်းသာတာပဲ။ ဥဥက လိမ္မာပါးနပ်တဲ့ ကလေးပါ။ အားလုံးကို အဆင်ပြေသွားအောင် ဥဥ လုပ်နိုင်မယ်လို့ မေမေကတော့ ယုံကြည်တယ်"

"စိတ်ချပါ မေမေ။ သမီးလည်း အားလုံးကို အဆင်ပြေစေချင်ပါတယ်"

ဥဥက အမေ့ကို ကတိပေးနေတဲ့ အချိန်မှာပဲ ခေါင်နှင့် အဖေက ပြန်ရောက်လို့လာလျှင် ဥဥက ဆီးကြိုရလေသည်။ ခေါင့်လက်ထဲက ဖိုင်လ်တစ်ထပ်ကို လှမ်းယူလိုက်ရင်းက ...

"ဒီနေ့ ခေါင်တို့ ပြန်လာတာ စောသလိုပဲ"

"အင်း ... ဟုတ်တယ်။ ဖေဖေနဲ့ မြို့ထဲထွက်ရင်းက ကုမ္ပဏီ ပြန်မဝင်တော့ဘဲ အိမ်တစ်ခါတည်း ပြန်လာလိုက်လို့လေ။ လာ ... အပေါ်တက်မယ်လေ"

ခေါင်က ဥဥ ပခုံးကိုဖက်ကာ အပေါ်ထပ်သွားတော့ဖို့ ခြေလှမ်းအပြင်မှာ အဖေ့ဆီက ဥဥရဲ့နာမည်ခေါ်သံ ထွက်လာလေ၏။

"ဟော့ ... ဥဥ"

"ဟုတ်ကဲ့ ... အဖေ"

"ရော့ ... ဒီအိတ်ကို ငါ့စာကြည့်ခန်း ဗီရိုထဲ သွားထည့်လိုက်ပါ"

ဥဥက အဖေလှမ်းပေးတဲ့ လက်ဆွဲအိတ်အမည်းကို ယူလိုက်ရင်း ခေါင်းတစ်ချက်ညိတ်ကာ စာကြည့်ခန်းထဲက ဗီရို





ထဲသွားထည့်လိုက်လေသည်။ ဘာပဲဖြစ်ဖြစ် ဥဥကို အခုလိုအယှဉ်ခိုင်းတယ်ဆိုကတည်းက အဆင်ပြေဖို့ အလားအလာတစ်ခုလို့ပဲ ဥဥကတော့ သတ်မှတ်ယူဆလေသည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



“ဟယ်လို … ဟုတ်ကဲ့ ပြောပါရှင်”

ကြားလိုက်ရတဲ့အသံက သမီးရဲ့အသံလည်းမဟုတ်တာကြောင့် စိတ်ထဲတော့ တော်တော်လေး ကသိကအောက် ဖြစ်သွားရလေသည်။ ဥဥ တစ်ယောက်ဟာ သူ့ဟန်းဖုန်းတောင် သူ မကိုင်နိုင်တော့ဘူးလား။

“ဟယ်လို”

ထပ်မံအသံပြုလိုက်တဲ့ စကားသံကြောင့် ပွင့်ဝေတိုးက သတိပြန်ဝင်ကာ ဥဥကို မေးလိုက်သည်။

“ဟယ်လို … ဥဥ ရှိလား။ ဒါ ဥဥဖုန်း မဟုတ်ဘူးလား”

“ဟုတ်ပါတယ်။ အစ်မလေး ဈေးသွားလို့”

“ဘာ … ဈေးသွားတယ် ဟုတ်လား။ ဘယ်ဈေးတုံး”

“သိပ်မဝေးပါဘူး။ ဟိုဘက်လမ်းကဈေးပါ။ ဟင်းချက်ဖို့ အသားငါး သွားဝယ်တာပါ”

တောက် … ရာဇဝင်ရှိုင်းလိုက်တာ။ ပွင့်ဝေတိုးက တနုံ့နုံ့ ဒေါသထွက်ရကာ သေချာအောင် ထပ်မေးလိုက်ရသည်။





“နေစမ်းပါဦး။ ဈေးက သူတစ်ယောက်တည်း သွားတာလား”

“ဟုတ်ကဲ့ … တစ်ယောက်တည်း သွားတာပါ”

“နန္ဒာကကော”

“ရှင် … မမကြီးကို ပြောတာလား”

“အေး … ဟုတ်တယ်။ ဥဥ ယောက္ခမ နန္ဒာခင်ကို မေးနေတာ”

“မမကြီးက ဘုရားရှိခိုးနေတယ်။ ဟို …”

ပွင့်ဝေတိုးက စကားဆုံးအောင်တောင် မစောင့်တော့ဘဲ ဖုန်းကို ခွပ်ခနဲမြည်အောင် ချလိုက်တော့သည်။ တောက် … လုံးဝသည်းခံပေးလို့ မရတော့ဘူး။ သမီးလေး ဒီလောက်ထိ ဒုက္ခဆင်းရဲတွင်း နက်နေရတဲ့ အဖြစ်ကို မကြည့်ရက်တော့ဘူး။ ဒီကိစ္စ အပြတ်ရှင်းမှ ဖြစ်တော့မည်။

ပွင့်ဝေတိုးက ခိုင်မာသော ဆုံးဖြတ်ချက်နဲ့အတူ နန္ဒာ့ဆီ ဖုန်းလှမ်းခေါ်လိုက်တော့သည်။

“ဟယ်လို … အစ်မ ပြော”

“နန္ဒာ … ကျွန်မသမီးကို ကျွန်မ အိမ်မှာပဲ ပြန်ခေါ်တော့မယ်။ ကျွန်မ လုံးဝဆက်ပြီး သည်းမခံနိုင်တော့ဘူး”

“ဘယ်လို … ဘယ်လိုဖြစ်တာလဲ အစ်မရယ်”

“ဘယ်လိုဖြစ်ရမလဲ ဟုတ်လား။ ဒီမှာ … ရှင် ဘာမှလေပြည်လေးနဲ့ လာပြောမနေနဲ့။ ရှင် ကျွန်မသမီးကို အငြိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တမင်နှိပ်စက်နေတာ။ ကျွန်မသမီးက ပေါပေါပဲပဲ မိန်းကလေးမျိုး မဟုတ်ဘူး။ အိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တဲ့သူက အခု ရှင်တို့တစ်မိသားစုလုံး စားသောက်ဖို့ ဈေးသွားဝယ်နေရတယ်။ သိပ်တရားလွန်လွန်းအားကြီးသွားပြီ။ ကျွန်မသမီးကို ကျွန်မ အခုချက်ချင်း လာခေါ်မယ်"

ပွင့်ဝေတိုးက ဒေါသတကြီးဖြင့်ပြောကာ စိတ်တိုလွန်းရလွန်းလို့ အသံတွေတောင် တုန်လာ၏။ ဥဥလေး အခုလို ပင်ပန်းနေတဲ့အဖြစ်ကို မျက်စိမှိတ်ပြီး လုံးဝမသိချင်ယောင်ဆောင် မနေချင်တော့ဘူး။

"ဘယ်လိုဖြစ်လို့ ဒီလောက် ဒေါသတွေ ကြီးနေရတာလဲ။ အဲဒါ ရှင်ပဲ စီစဉ်ခဲ့တာနော်။ ကျွန်မက အားလုံးရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနေရတာပါ။ အဲဒါတောင် အငြိုးနဲ့ နှိပ်စက်တယ်လို့ ဘာဖြစ်လို့ စွပ်စွဲနေရတာလဲ"

"နန္ဒာ ... ရှင် ဘာမှလာပြီး အပိုတွေပြောမနေနဲ့။ ဥဥကို ကျွန်မအိမ်ကို ပြန်ခေါ်မယ်။ ကျွန်မ လက်စားချေချင်တာ အတွက်နဲ့ ဥဥကို ဒုက္ခတွင်းထဲ မပို့နိုင်ဘူး။ ဥဥ သူ့လက်သူ ကတ်ကြေးနဲ့ တိုးပစ်လိုက်တယ် ဆိုကတည်းက ကျွန်မ ရှင်တို့ကို လာရှင်းမလို့။ ဥဥ တားနေလွန်းလို့။ အမေ့မျက်ကွယ်မှာ ဒုက္ခတွင်းထဲ ရင်ဆိုင်နေရတဲ့ ကျွန်မ သမီးဘဝကို ကျွန်မ ပြန်ဆွဲထုတ်မယ်"





"ဒုက္ခပါပဲ အစ်မရယ်။ ကျွန်မ တောင်းပန်ပါတယ်။ အခုချိန်မှာ အားလုံး ပြေလည်စပြုနေပါပြီ။ သားလေးနဲ့ ဥဥ အဆင်ပြေနေတဲ့ အချိန်မှ ဘာဖြစ်လို့ ခွဲချင်ရတာလဲ"

"ခွဲမှာ။ ရှင့်သားကို သိပ်သဘောတူလွန်းလို့ ပေးစားထားတာမှ မဟုတ်တာ။ ဥဥကို ခန့်နေသွေးရဲ့သမီးအဖြစ် ဘယ်တော့မှ မသိစေချင်လို့။ သူ့ရဲ့သမီးအရင်းဟာ သူ့ဘေးနားမှာ ရှိနေရက်နဲ့ ဘယ်တော့မှ မသိရမယ့် အဖြစ်မျိုးနဲ့ လက်စားချေချင်လို့ ခေါင်ရဲရရန်နဲ့ သဘောတူခဲ့တာ။ အခုတော့ အဲဒါတွေအားလုံး မေ့ပစ်လိုက်တော့။ ကျွန်မသမီး ဥဥကို ကျွန်မ ပြန်လာခေါ်မယ်"

"ကျွန်မ တောင်းပန်ပါတယ် အစ်မရယ်။ မလုပ်ပါနဲ့။ ကျွန်မတို့တွေ့ပြီး စကားအေးအေး ပြောရအောင်ပါ။ အဲဒီလို ပြောကြည့်ပြီးမှ အစ်မ မကျေနပ်ဘူးဆိုရင် အစ်မ သဘောအတိုင်း ဖြစ်စေရပါမယ်"

နန္ဒာ့ဘက်က ဖွတ်အတင်း တောင်းပန်တာကြောင့် ပွင့်ဝေတိုးက အတန်ငယ်တော့ ငြိမ်သက်သွားလေ၏။ ပြီးတော့မှ နန္ဒာ ပြောတာကို လက်ခံလိုက်ကာ ...

"ကောင်းပြီလေ။ အဲဒါဆို မနက်ဖြန် (၁၀)နာရီ Phai Lin မှာ တွေ့တာပေါ့"

ပွင့်ဝေတိုးက ပြောပြီးတာနှင့် ဖုန်းကိုဆောင့်ချလိုက်ကာ တန့်နီ့ ဒေါသတို့ဖြင့် နှုတ်ခမ်းကို ဖိကိုက်ထားမိသွားသည်။ ဘဝမှာ အငြိုးတရားတစ်ခုအတွက် ကိုယ့်သမီးအရင်းကို ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲ တွန်းပို့တဲ့ အမေဆိုးမျိုး အဖြစ်မခံနိုင်ပါဘူး။ မေမေ့ကို ခွင့်လွှတ်ပါ သမီးလေးရယ်။ အိမ်အလုပ်တွေ စိတ်ပင်ပန်းမှုတွေ တစ်ပုံတစ်ခေါင်း ထမ်းပိုးထားတဲ့ သမီးကို မေမေ ရအောင်ပြန်ခေါ်မယ်။

❖ ❋ ❖





ကြားလိုက်ရတဲ့ စကားတွေဟာ နားကြားတွေများ မှားနေလားဟု သံသယဖြစ်ရအောင်ကို တုတုက တုန်လှုပ်ချောက်ချားရလေသည်။ ဘာတွေလဲ။ ဥဥက ဦးခန့်နေသွေးရဲ့သမီး။ ဒါ ... ဒါဆို ဥဥနဲ့ ခေါင့်နဲ့က ဘယ်လိုပတ်သက်ကြတာလဲ။ မောင်နှမတွေလား။ အား ... မဖြစ်နိုင်ဘူး။ မေမေ ကိုယ်တိုင် ခေါင်ရဲရုန်နဲ့ လက်ထပ်ဖို့ သဘောတူခဲ့တာဆိုတော့ သူတို့နှစ်ယောက်က ဘာမှမတော်လို့ပေါ့။

အဲဒါဆို ခေါင်က ဘယ်သူ့သားလဲ။ ဥဥက ဦးခန့်နေသွေးရဲ့သမီး ဆိုတော့ တုတုကကော။ ဥဥနဲ့ တုတုက ညီအစ်မအရင်း မဟုတ်ကြဘူးလား။ မေမေကကော ဘာတွေကိုလက်စားချေချင်ရတာတဲ့လဲ။

အား ... ဘာတွေလဲကွာ။ တုတုက ရှုပ်ထွေးလွန်းကာ ဘယ်လိုမှ လိုက်မမှီနိုင်တော့တဲ့ အကြောင်းအရာတွေအတွက် တုတု သေချာသိရဖို့ မေမေနဲ့ အန်တီနန္ဒာ တွေ့ကြမယ့် မနက်ဖြန် (၁၀)နာရီကို တုတုစောင့်မှ ဖြစ်တော့မည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဖွေးဥဥ … ဖွေးဥဥ … ဒီကို အခုချက်ချင်း လာခဲ့စမ်း။ ချလွှမ်း"

အပေါ်ထပ်ကနေ ကြားရတဲ့ အသံတွေဟာ ဆူညံပွက်လောတွေ ရိုက်နေကာ ဥဥရဲ့နာမည်ခေါ်သံကော ပစ္စည်းတွေကျကွဲသံတွေကော ဆူဆူညံညံတွေ ကြားရတာကြောင့် ဥဥက အထိတ်တလန့်ဖြင့် အောက်ထပ်ကို ဆင်းလာလျှင် အောက်မှာပန်းအိုးကွဲစတွေ ပလဲနေတာ တွေ့ရသလို ဦးခန့်နေသွေးရဲ့မျက်နှာကလည်း အင်မတန်မှ တည်တင်းနေတာကြောင့် ဥဥက အံ့အားတသင့် ဖြစ်ရကာ မေးရလေ၏။

"ဘာ … ဘာဖြစ်တာလဲ အဖေ"

"ဒီ … ဒီမှာ … ဒီအိတ်ထဲက Project File က ဘယ်ရောက်သွားရတာလဲ"

"ရှင် … ဥဥ မသိဘူးလေ"

"ဖွေးဥဥ … နင် တမင် အရေးကြီးမှန်းသိလို့ ဒါကိုဖျောက်ဖျက်လိုက်တာ။ ငါ့အတွက် အရေးကြီးတဲ့ဖိုင်လ်ကို နင် တခြားကို ရောင်းလိုက်ပြီမှလား"





စွပ်စွဲချက်က ပြင်းထန်လွန်းလှတာမို့ ဥဥက တကယ်ပဲ ဘာဆက်ပြောလို့ ပြောရမှန်း မသိတော့ချေ။ အဲဒီအိတ်က တစ်နေ့ကပဲ စာကြည့်ခန်းက ဗီရိုထဲမှာ ဥဥ ကိုယ်တိုင်သွားထည့်ခဲ့တာဖြစ်ပြီး အဲဒီအိတ်ထဲမှာ ဘာရှိတယ်မှန်းတောင် ဥဥ မသိပါချေ။ အဲဒီအတွက် ဥဥက ဘာကို နားလည်ရမှန်း မသိတော့ချေ။

"အဖေ ဘာလို့ အဲဒီလို ပြောရတာလဲ။ ဥဥ အဲဒီအိတ်ကို ဖွင့်လည်းမကြည့်ဘူး။ အထဲမှာဘာရှိတယ်ဆိုတာ သိလည်း မသိဘူး"

"အေး … ဒါပေမဲ့ ငါ ကုမ္ပဏီကနေ အိမ်ကိုပြန်တဲ့အချိန်ထိ အဲဒီဖိုင်လ် ဒီအိတ်ထဲမှာ ရှိသေးတယ်။ အခု ဖွင့်ကြည့်တော့ မရှိတော့ဘူး။ အဲဒါ နင်မယူလို့ ဘယ်သူယူမလဲ"

"ကိုခန့် … စကားကို အေးဆေးပြောပါ။ ရှင် အထားမှားတာ ဖြစ်မှာပါ"

"မင်း ဝင်မပြောနဲ့ နန္ဒာ။ မင်းချွေးမကို မင်း အဲဒီလိုရှေ့ကနေ ကာဆီးဝင်ပြောနေလို့ ဒီလောက် ရောင့်တက်နေတာ။ ဒါ ငါတို့ကုမ္ပဏီအတွက် အရေးကြီးတဲ့ Project file ကွ။ အခု ဒီမှာ မရှိတော့ဘူး။ မင်း ဘယ်လိုရှင်းမှာလဲ ဥဥ"

"အဖေရယ် … အဲဒါ သမီးနဲ့ ဘာဆိုင်လို့လဲ"

"ဟား … ဒီဖိုင်လ် ဒီအိတ်ထဲမှာ ရှိတယ်။ နင့်ကို ငါ စာကြည့်ခန်းထဲ သွားထည့်ခိုင်းထားတယ်။ အခုရှိတော့ဘူး။ အဲဒါ နင်မယူလို့ ဘယ်သူယူမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟား …။ ဥဥရဲ့ချုပ်တည်းထားတဲ့ ဒေါသတွေက တကယ်ပဲ ဘယ်လိုမှ သည်းခံလို့မရတော့ချေ။ အဲဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ ဖြစ်သည်။ ဥဥကို တမင်လုပ်နေတာ။ ဥဥက ဘယ်လိုမှ ဆက်လက်သည်းမခံနိုင်တော့စွာဖြင့် …

"အဖေ ဘာတွေပြောနေတာလဲ။ ဥဥက အဲဒီလို အဆင့်အတန်းထဲက မိန်းကလေးမျိုးလား။ အဖေ့ရဲ့ပရောဂျက်ဖိုင်လ်ကို သူများကို သွားရောင်းလိုက်လို့ ရတဲ့ငွေက ဘာလုပ်ရမှာလဲ။ ဥဥက မွေးကတည်းက ချမ်းသာခဲ့ပြီးသား…

အဖေ့ရဲ့စည်းစိမ်တွေ၊ အလုပ်တွေကို ဘာတစ်ခုမှ စိတ်မဝင်စားဘူး။ ဒီအိမ်ရဲ့ ချွေးမတစ်ယောက်အနေနဲ့ ဥဥဘက်က အစစ တာဝန်ကျေအောင် နေပါရက်နဲ့ အဖေအမျိုးစုံ ပြဿနာရှာနေတာကကော တစ်ဆိတ်မလွန်လွန်းဘူးလား။ ဥဥနဲ့ ဒီကိစ္စ ဘာမှမဆိုင်ဘူး"

"ဟား … မင်း ရှိုင်းလှချည်လား မွေးဥဥ။ နင့်ကို ငါတို့ဘက်က သည်းညည်းခံပေးနေတာ ရောင့်မတက်လာနဲ့။ ငါ့ကို ဘာမှအပိုတွေ ပြောမနေနဲ့။ ငါ့ရဲ့ဖိုင်လ် ဘယ်မှာလဲ။ အဲဒါပဲပြော"

"ဟား … မသိဘူးလေ။ ဥဥမှ မယူတဲ့ဟာ။ ဘာကိုပြောရမှာလဲ"

"တောက် … ငါ …"

"ဘာတွေ ဖြစ်နေကြတာလဲ ဖေဖေ"





ဥဥရဲ့အနောက်က ခေါင့်ရဲ့အသံက ထွက်လာတာမို့ ဥဥက တစ်ခုတည်းသော အားကိုးရာ ခေါင် ပြန်လာပြီမို့ ခေါင့်ကို အားကိုးတကြီး လှည့်ကြည့်စဉ်မှာ အဖေက ဦးအောင် အရင်ဝင်ပြောလေသည်။

"ပြဿနာကတော့ အကြီးကြီးပဲ သားရေ။ ကုမ္ပဏီရဲ့နောက် ထပ်ဖွင့်မယ် ဟိုတယ်ကုန်ကျစရိတ်တွေ Plan estimate တွက်ထားတဲ့ ပရောဂျက်ဖိုင် မရှိတော့ဘူး"

"ဗျာ"

"သားလည်း အသိပဲနော်။ အဖေ ဒီအိတ်ထဲပဲ ထည့်ခဲ့တာ။ အိမ်ရောက်တာနဲ့ ဥဥကို စာကြည့်ခန်းထဲ သွားထည့်ခိုင်းတယ်။ အခု ပြန်ကြည့်တော့ မရှိတော့ဘူး"

"ဘယ်လို … ဖေဖေ"

ခေါင်က သူ့အဖေစကား အဆုံးမှာ ဥဥကို လှမ်းကြည့်၏။ ခေါင့်မျက်လုံးတွေရဲ့ အကြည့်တွေထဲမှာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်တွေ များစွာပါဝင်နေတာကြောင့် ဥဥက ရဲရဲတောက် ငြင်းပစ်လိုက်ဖို့ ခွန်အားတွေဖြည့်ကာ …

"ခေါင် … ရှင် စဉ်းစားကြည့်စမ်းပါ။ ဥဥက အဲဒီဖိုင်လ်ကို ဘာလုပ်ရမှာလဲ။ အဖေ့ရဲ့စွပ်စွဲချက်တွေက သိပ်ကို ပြင်းထန်လွန်းအားကြီးတယ်"

"ဪ … နင်က ငါနဲ့ ငါ့သားကြားကို သွေးထိုးနေဦးမလို့ သဘောလား"

"ကိုခန့် …"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဖေဖေရယ် တောင်းပန်ပါတယ်။ ဒီကိစ္စက အေးအေးဆေးဆေး ဖြေရှင်းသင့်ပါတယ်။ ကျွန်တော် အိမ်ထဲက ပွက်လောရိုက်နေတဲ့ အသံတွေကို ခြံဝကတည်းက ကြားရတယ်။ သား တောင်းပန်ပါတယ်။ ဥဥ … မင်း အခန်းထဲမှာ နားလိုက်ပါ"

ခေါင်က သူ့အဖေကို ဖျောင်းဖျရင်းက ဥဥကို ထွက်သွားခိုင်းတာကြောင့် ဥဥ စိတ်ထဲက ဒေါသသွေးတို့က တကယ်ပဲ ပွက်ပွက်ဆူရလေသည်။

"ဘာလဲ ခေါင်။ ခေါင်ကပါ ဥဥ ဒီဖိုင်လ်ကို ယူထားတယ်လို့ထင်နေတာလား"

"ကိုယ် ဒီသဘော ပြောတာမှ မဟုတ်တာ။ အခုဟာက အားလုံး သွေးပူနေကြတယ်။ ဒီအချိန်မှာ ပြောတဲ့စကားတွေက ဒေါသတွေနဲ့ ပြောနေကြတာဆိုတော့ အကောင်းဆုံးဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး …

ဖေဖေ့အတွက် ကိုယ်တို့မိသားစုကုမ္ပဏီအတွက် Project file က သိပ်အရေးကြီးတယ်။ အခု ပျောက်သွားပြီဆိုတော့ ဖေဖေလည်း ယူကျုံးမရ ဖြစ်နေမှာပဲ။ ဥဥ နားလည်ပေးပါ။ အပေါ်တက်တော့"

မုန်းတယ် … အဲဒါ ဦးခန့်နေသွေး ခွင်ဆင်ထားတာ။ ဦးခန့်နေသွေးရဲ့ မျက်လုံးတွေက ပြုံးရိပ်သမ်းကာ ကျေနပ်တဲ့ အသွင်ကို ဆောင်နေတာကြောင့် ဥဥက ဒေါသတွေကြားက မျက်ရည်တွေ ဝေ့သီလာ၏။





ဒါ တမင်လုပ်ကြံတာ။

ဥဥနဲ့ ခေါင့်ရဲ့ကြားထဲမှာ စပြီးတိုက်စစ်ဆင်တာ။ ဥဥက အပေါ်သို့ တက်လာခဲ့ရပေမယ့် ဥဥရဲ့နောက်ကျောမှာ ပြုံးနေမည်ဆိုတာ သိနေသော ဦးခန့်နေသွေးကို အရမ်းစိတ်နာမိသည်။ ခေါင်နဲ့ ဥဥ ကြားထဲကို ခလောက်ဆန်စေဖို့ ကြိုးစားနေတာ ကျွန်မ သိနေတယ် ဦးခန့်နေသွေး။

ဥဥက နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားလိုက်ကာ မျက်ရည်တစ်စက်က ပေါက်ခနဲ ကျသွားလေတော့သည်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



တုတုက ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားကာ အစောကြီးကတည်းက ဆိုင်မှာကြိုရောက်နေတာဖြစ်၏။ မေမေ မနက်က ကုမ္ပဏီသွားကတည်းက တုတု နောက်ယောင်ခံလိုက်လာခဲ့တာ ဘာမှထူးခြားမှုတော့ မရှိသေး။ အဲဒါကြောင့် သေချာပေါက် ထူးခြားမည့် ဒီနေရာမှာပဲ တုတု ကြိုရောက်ကာ စောင့်နေလိုက်သည်။

ခဏအကြာမှာတော့ မေမေနှင့် အန်တီနန္ဒာက ပြိုင်တူရောက်လာကာ တုတုနှင့်မလှမ်းတဲ့ဝိုင်းမှာ ထိုင်ကြ၏။ တုထုက ကြားရမည့် အသံတို့ကို နားစွင့်ထားလိုက်တော့သည်။

"ဥဥကို ကျွန်မ ပြန်ခေါ်မယ်"

"မပွင့်ဝေတိုးရယ် ... ဒေါသကို ဒီအချိန်မှာ ရှေ့တန်းတင်ရမှာ မဟုတ်ပါဘူး။ ဒီအချိန်မှာ ရှင်တို့ ဒေါသတွေ၊ အငြိုးတွေထက် ကလေးတွေကို ဦးစားပေးသင့်ပါတယ် ...

အခုဆို ခေါင်လေးနဲ့ ဥဥက အဆင်ပြေနေပြီ။ ဒီအချိန်ကြမှ ဘာလို့ခွဲချင်ရတာလဲ"

"ကျွန်မသမီး နှိပ်စက်ခံနေရတာကကော။ ဒီမှာ ... နန္ဒာ ရှင် သိထားဖို့က ကျွန်မသမီးက ရွှေပေါ်မြတင်နေလာတဲ့





သူ။ ခန့်နေသွေးက အနုနည်းသုံးပြီး နှိပ်စက်နေတာကို ကျွန်မက လက်ပိုက်ထိုင်ကြည့်နေရမှာလား"

"သူလုပ်ချင်သလို လုပ်လို့မရပါဘူး။ ဥဥဘေးနားမှာ ကျွန်မရှိသလို သားလေးလည်း ရှိနေတာပဲ"

"စိတ်မချရတဲ့ သူတွေအနားမှာ ကျွန်မက ယုံကြည်ရမှာလား။ ရှင် ကျွန်မ သမီးကိုငြိုးတော့ ဘယ်လိုလုပ်မလဲ"

မေမေ့အသံက ဒေါသတွေဖြင့် တုန်ခါနေတယ်ဆိုတာ တုတု သတိပြုမိသည်။ တုတုက အန်တီနန္ဒာဘက်က စကားသံ ချက်ချင်းထွက်မလာသေးတာကြောင့် အသာလေးငဲ့စောင်းကြည့်လိုက်လျှင် အန်တီနန္ဒာ မျက်ရည်တွေ ဝဲနေတာကို တွေ့လိုက်ရ၏။

"ကျွန်မဆီမှာသာ အဲဒီလို စိတ်ထားမျိုး ရှိခဲ့ရင် ကျွန်မသားနဲ့ အစ်မရဲ့သမီးကို သဘောတူပေးဖို့ အစကတည်းက ပြောခဲ့ပါ့မလား။ ကျွန်မလည်း မိခင်တစ်ယောက်ပါပဲ မပွင့်ဝေတိုး ...

ဝမ်းနဲ့လွယ်မမွေးဖူးပေမယ့် ဟောဒီရင်ဘတ်ထဲက မေတ္တာတရားတွေနဲ့ မိခင်စိတ်ရှိရှိ သားကို မွေးလာခဲ့တာပါ။ ဥဥဟာ ကိုခန့်သမီး ဖြစ်နေလို့ ကျွန်မမှာ ဘာအငြိုးမှ မရှိရပါဘူး၊ ဟောဒီ ကမ္ဘာလောကကြီးထဲမှာ ကိုခန့် သိဝ်လိုချင်ရှာတဲ့ သူ့ရဲ့သွေးသားအစစ် သမီးလေးတစ်ယောက် ရှိနေသေးတယ်ဆိုတဲ့စိတ်နဲ့ ကျွန်မ ပီတိဖြစ်ခဲ့ရတာပါ ...

www.burmeseclassic.com



ကျွန်မ တောင်းပန်ပါတယ်။ မပွင့်ဝေတိုးသာ ဉဉလေးကို ပြန်ခေါ်မယ်ဆိုရင် ကျွန်မတို့မိသားစုနှစ်ခုကြားက ရန်ငြိုးတွေ ဘယ်တော့မှ ကြေပျောက်တော့မှာ မဟုတ်ဘူး။ ဒီအတိုင်းလေးပဲ ပိုနေမြဲ ကျားနေမြဲ နေလိုက်ရင် အစ်မဘက်ကတောင် အစ်မဖြစ်စေချင်သလို လက်စားချေရာ ရောက်နေပါပြီ။ အခုဆိုရင် သမီးလေးဉဉက သူ့ယောက္ခထီးလို့ ထင်ထားခဲ့တဲ့ သူ့အဖေကို သူ စိတ်နာနေပြီ။ ကျွန်မဘက်က ကျွန်မသားနဲ့သမီး အိမ်ထောင်ရေးအဆင်ပြေဖို့၊ သူတို့ဘဝလေး ပျော်ရွှင်ဖို့ဒီတစ်ခုကိုပဲ ဖြစ်အောင်ကြိုးစားနေတာပါ။ ဉဉကို အငြိုးထားတယ် မစွပ်စွဲပါနဲ့ အစ်မရယ်”

အန်တီနန္ဒာရဲ့ ငိုသံစွက်စကားတွေကို နားထောင်ကြည့်ပြီးသောအခါ ဉဉက ဦးခန့်နေသွေးရဲ့ သမီးအရင်းဆိုတာ သေချာသိလို့ သွားလေသည်။ ဟား ... လောကကြီးက အင်မတန်မှကို ဆန်းကြယ်တာပဲ။

ဉဉ သိပ်ရက်စက်တာပဲလို့ တုတု ထင်ခဲ့မိတာ သိပ်မှန်သွားပြီပေါ့။ ဖွေးဉဉက တုတုရဲ့ အသည်းနှလုံးတွေကို တစ်စစီနင်းချေသွားရက်မှာပေါ့။ သူက တုတုရဲ့အစ်မရင်းမှမဟုတ်တာ။ တုတုတို့က ညီအစ်မအရင်း မဟုတ်လို့ သူ့စိတ်ကရက်စက်ရက်ပြီး ခေါင့်ကို လုသွားရက်တာပေါ့။

“ကောင်းပြီလေ။ ဉဉကို ကျွန်မ ပြန်မခေါ်တော့ပါဘူး။ ဒါပေမဲ့ ရှင့်ကတိကိုတော့ တည်ပါနော် နန္ဒာ။ ကျွန်မသမီး ခန့်နေသွေးကို စိတ်နာတာတွေ ပြေစေဖို့ အဖြစ်မှန်တွေကို လုံးဝဖွင့်မပြောပါနဲ့။ နောက်ပြီး ဉဉကို အိမ်အလုပ်တွေ မလုပ်ခိုင်းပါနဲ့။ ကျွန်မ မကြိုက်ဘူး”



“စိတ်ချပါ။ ဉဉအနားမှာ ကျွန်မ အမြဲတမ်း ရှိနေတာပါ”

“ဟင်း ဟင်း ... ပွင့်ဝေတိုးကို အနိုင်ရတယ်ရှို့ သင်းတစ်ခါထင်တိုင်း ကျွန်မပဲ နိုင်တယ်ဆိုတာ သူကတော့ သိရှာမှာ မဟုတ်ဘူး။ ကျွန်မသမီး ဉဉဟာ ဓားစာခံဖြစ်နေတယ်ဆိုပေမယ့် ဉဉကို တစ်စုံတစ်ရာ ထိခိုက်စေအောင် ရှင်တို့ဘက်ကလုပ်ရင် ကျွန်မနဲ့တွေ့မယ်ဆိုတာ ရှင် မှတ်ထားပါ နန္ဒာ။ ကျွန်မ သွားမယ်”

မေမေထွက်သွားပြီး မကြာခင်မှာ အန်တီနန္ဒာလည်း ထွက်လို့သွားလေသည်။ တုတုက အဲဒီတော့မှ ဦးထုပ်ကိုချွတ်ကာ ဓားပွဲပေါ် တင်ထားလိုက်ရင်း ကိစ္စတွေကို ဆက်စပ်တွေးလိုက်မိသည်။

အခုကြားခဲ့တဲ့ စကားတွေ ပြန်ကောက်လိုက်ရင် ဉဉက ဦးခန့်နေသွေးရဲ့သမီးအရင်း။ ခေါင်က မွေးစားထားတာဖြစ်ရမယ်။ နောက်ပြီး သူ့ အဖေအရင်းကိုမှ ဉဉက စိတ်နာနေတာတဲ့။

မေမေက အတိတ်က နာကြည်းချက်ကြောင့် ဦးခန့်နေသွေးကို တစ်သက်လုံးနိုင်မယ့်နည်းနဲ့ သမီးကို ချွေးမအဖြစ်နဲ့ အဖေအရင်းအိမ်ကို ပို့ပေးလိုက်တယ်။ ဦးခန့်နေသွေးကျတော့ မေမေ့ကို နာကြည်းစိတ်နဲ့ ဉဉကို ဒုက္ခတွေပေးနေတယ်။ ဟား ... ခွကတော့ သိပ်ကောင်းသွားပြီ။

www.burmeseclassic.com



တုတုရဲ့အသည်းနှလုံးကိုမှ ဆွဲထုတ်သွားရက်တဲ့ ဥဥကို လက်စားချေခွင့်ရဖို့ အချိန်ကျပြီဟု တုတုကတော့ ယူဆလေသည်။ တစ်ချောင်းတည်းသောမြားကို ပစ်လိုက်တာနဲ့ အားလုံးတုံးခနဲ လဲသွားမယ့်နည်းကို တုတု တွေ့ပြီ။

တုတုက အပြုံးတစ်ချက်နဲ့အတူ ဖုန်းလေးထုတ်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်တော့သည်။

❖ ❋ ❖



နေသွေးက သူ့ရဲ့သီးသန့်ခန်းထဲမှာ အနားယူနေရင်း ညှိုသည်စောင့်နေတာဖြစ်၏။ သူ့ကို ဥဥရဲ့ညီမ တုတုက တွေ့ခွင့်တောင်းတာကြောင့် အံ့သြစရာမို့ သူ တွေ့ဖို့လက်ခံလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ သူ့အတွက် အနိုင်ရနေတဲ့အနေအထားပဲဖြစ်၏။ ကုမ္ပဏီ Project file ကိစ္စကို သူပဲဖန်တီးခဲ့ကာ သားနဲ့ ဖွေးဥဥကြားက ယုံကြည်မှုတစ်စကို ဖျက်ဆီးပစ်ခဲ့တာဖြစ်သည်။ အဲဒီပြဿနာကြောင့် သားလေး တော်တော်ခေါင်းစားသွားတာကို မြင်ရတော့လည်း သူ့စိတ်ထဲမကောင်းနိုင်ပါ။ ဒါပေမဲ့လည်း ဟိုအကြောမာတဲ့ ဖွေးဥဥက သူ့ကိုတောင် ပြန်ကန်ရဲတာကြောင့် ဦးချိုးထားမှ တော်ကာကြမည်။

"ဆရာ … အမျိုးသမီးတစ်ယောက်က ဆရာနဲ့တွေ့ခွင့်တောင်းနေပါတယ်။ မခွဲတုတုလို့ ပြောပါတယ်"

သူ့ရဲ့အတွင်းရေးမှူးကောင်လေးက လာအကြောင်းကြားတာကြောင့် နေသွေးက ဒီကိုပဲ ခေါ်လာခဲ့ခိုင်းလိုက်လျှင် တုတုက ရောက်လို့လာလေသည်။ ဒီမိန်းကလေးက သားချစ်ခဲ့တဲ့ မိန်းကလေး။ သားနဲ့ ဒီမိန်းကလေးကြားကို ဝင်လာတာကမှ ဟိုဖွေးဥဥ။

www.burmeseclassic.com



"ထိုင်ပါ တုတု။ ဦးတို့ မဆုံတာတောင် ကြာပြီနော်"

တုတုက သူ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း ခေါင်းညိတ်ပြကာ ...

"ဟုတ်ကဲ့။ တုတုလည်း အလုပ်လေးတွေ များနေလို့ပါ"

"အင်း ... ဆိုပါဦး။ ဒီအထိ တကူးတက လာတယ်ဆိုတော့ ဦးနဲ့ပြောစရာကိစ္စ အထွေအထူးများ ရှိလို့လား"

"ဟုတ်ကဲ့။ သိပ်ကို အရေးကြီးတဲ့စကားကို ဖုန်းနဲ့မပြောချင်လို့ လူကိုယ်တိုင် လာခဲ့တာပါ ဦး။ တုတုလည်း ဒီနေ့မှ ရှင်းရှင်းလင်းလင်းနဲ့ သေသေချာချာ သိရတဲ့ အမှန်တရားတစ်ခုကို ဦး သိဖို့လိုအပ်လို့ လာပြောပြရတာပါ"

မိန်းကလေးရဲ့စကားက အဆန်းအပြားမို့ နေသွေးက ကောင်မလေးကို တစ်ချက် အကဲခတ်ကြည့်မိလိုက်သည်။ ဒီကောင်မလေးရဲ့ စကားတွေက သိပ်ဆန်းနေတာတော့ အမှန်ပဲ။ နေသွေးက စိတ်ဝင်စားစွာဖြင့် တုတုကို တစ်ချက်ကြည့်လိုက်ရင်း ...

"အင်း ... အမှန်တရားဆိုတော့ ဒါ စိတ်ဝင်စားစရာပဲ။ တုတုက ဘာများသိထားလို့လဲ"

"ပြောပြမှာပါ။ ပြောဖို့အတွက်လည်း ဒီကိုလာခဲ့တာလေ။ ဒါပေမဲ့ မပြောခင် ကြိုတောင်းဆိုချင်တာက ဦးရဲ့စိတ်ကို ခိုင်ခိုင်ထားဖို့ပါပဲ"

ဖွဲတုတုရဲ့စကားတွေက သူ့ရဲ့စိတ်ဝင်စားမှုတွေကို အမြင့်ဆုံးရောက်အောင် မြှင့်နေ ဆွနေသလို ဖြစ်နေတာကြောင့် သူ့စိတ်ဝင်စားမှုက ပိုမြင့်တက်လာရကာ ...





"ဘာများလဲ။ တုတုရဲ့စကားက အရမ်းကို ဆန်းနေတယ်"

"ဟုတ်ပါတယ် ဦး။ ဒီကိစ္စဟာလည်း တကယ့် အဆန်းတကြယ်ပါပဲ။ တုတု ပြောပြပါ့မယ်။ တကယ်တော့ ဦးသန့်ဇင်ဇော်နဲ့ ဒေါ်ပွင့်ဝေတို့ရဲ့သမီးက ဟောဒီ ဖွဲတုတု တစ်ယောက်တည်းပါ"

"ဘယ်လို"

သူကနားမရှင်းသလို ဒီကောင်မလေး ဘာကိုဆိုလိုချင်တယ်ဆိုတာ နားမလည်ပေ။ သူ့ရဲ့ အာမေဍိတ်အဆုံးမှာ တုတုဆီက ထပ်မံစကားသံ ထွက်လာ၏။

"ဦး နားလည်အောင် ရှင်းပြပေးမှာပါ။ အခုလို လာပြောတာက လိုအပ်လို့ ပြောနေတာဆိုတာ ဦး သိဖို့လိုပါတယ်။ တကယ်တော့ အများက ထင်နေသလို တုတုမှာ အစ်မ မရှိပါဘူး ...

ဥဥက ဦးခန့်နေသွေးရဲ့သမီးပါ"

"ဘာ"

သူ့ရဲ့နားထဲမှာ စကားသံတွေဟာ ရှုပ်ထွေး၍မဝေကွဲတော့ချေ။ ဘာတွေ လာပြောနေတာလဲ။

"ဟော့ ... တုတု။ မင်း ဘာတွေပြောနေတာလဲ"

"အမှန်တွေကို လာပြောပြတာပါ ဦး။ ဖွေးဥဥ ဆိုတာ တုတုရဲ့အမေတူအဖေကွဲ အစ်မပဲ ဆိုပါတော့။ ဥဥကဦးရဲ့ သမီးအရင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



တုတုရဲ့မျက်နှာကို သူက မယုံနိုင်စွာ ကြည့်မိလိုက်လျှင် အဲဒီစကားတွေက တကယ်တွေအလား ထင်ရလေသည်။ ဒါ … ဒါပေမဲ့ …။ ဖြစ်နိုင်စရာမှ မဟုတ်တာ။

"ဖွဲ့တုတု … မင်း ဘာတွေလာပြောနေတာလဲ။ ငါ့မှာ ဘာသမီးမှ မရှိဘူး။ ခေါင်ရဲရှန်ဆိုတဲ့ သားတစ်ယောက်တည်းပဲ ရှိတယ်"

"အဲဒါ ဦးက ဖွတ်ယုံထားတာပါ။ ဒီကိစ္စက အမှန်တရားပါ။ တုတုက ဦးတို့ခေတ်က ဇာတ်လမ်းတွေကို ဘယ်လိုမှ မသိနိုင်ပါဘူး။ ပြောတဲ့သူကပြောလို့ တုတု သိတာပါ။ သေချာတာတစ်ခုကတော့ ဦးရဲ့ချွေးမ ဖွေးဥဥက ဦးရဲ့သမီးအရင်းခေါက်ခေါက်ပါပဲ"

ဟာ … မဖြစ်နိုင်ဘူး။ နေသွေးက ခေါင်းတွေအရမ်းကို ရှုပ်ထွေးလေးလံလို့ သွားလေသည်။ ဖွဲ့တုတု ပြောနေတာတွေက အဓိပ္ပာယ်လုံးဝမရှိသလို ဖြစ်လည်း မဖြစ်နိုင်ပေ။ ဒါပေမဲ့ သူ့မျက်လုံးတွေက ဟုတ်တယ်လို့ ပြောနေသလိုပင်။ နေသွေးက စိတ်တွေရှုပ်ထွေးလာကာ ဒေါသသံတွေစွက်၍ …

"မဖြစ်နိုင်ဘူး။ မင်း ပေါက်ကရတွေ လာမပြောနဲ့။ ငါ့မှာ သားပဲရှိတယ်"

"ယုံတာ မယုံတာ ဦးရဲ့အပိုင်းပါ။ အမှန်တရားဆိုတာ ဘယ်လောက်ဖုံးဖုံး တစ်နေ့ ပေါ်တာပါပဲ။ ဥဥက ဦးရဲ့သမီးပါ …





အဲဒါကို သိတဲ့သူ နောက်ထပ်နှစ်ယောက် ရှိပါသေးတယ်။ သူတို့ကိုမေးပြီး ဦး အတည်ပြုကြည့်လိုက်ပါ။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်က တုတုထက်ပိုပြီး ရေလည်အောင် ပြောပြနိုင်ပါလိမ့်မယ်"

ပြောလိုက်တဲ့ စကားတွေက တစ်ခွန်း တစ်ခွန်း အပိုင်တွေချည်းပဲဖြစ်၏။ ဒါပေမဲ့ ဖြစ်မှ မဖြစ်နိုင်တာ။ နေသွေးက ဒီကိစ္စကို သိပါတယ်ဆိုတဲ့ နောက်နှစ်ယောက်ကို သိချင်စွာဖြင့် မေးလိုက်ရသည်။

"အဲဒီ နောက်နှစ်ယောက်ဆိုတာ ဘယ်သူလဲ။ ငါ့ဆီမှာ သားတစ်ယောက်ပဲရှိတာ သူတို့ မသိကြဘူးလား"

"စိတ်လျှော့ပါ ဦး။ ဦး မေးကြည့်လိုက်ပါဦး။ သိပ်အဝေးကြီးလည်း မဟုတ်ပါဘူး။ တစ်ယောက်က ဦးရဲ့ဇနီးအန်တီနန္ဒာပါ။ နောက်တစ်ယောက်က ဥဥရဲ့မိခင် ဒေါ်ပွင့်ဝေတိုးပါ။ ဦးလေး မေးကြည့်လိုက်ပါ …

တုတု အဲဒါလေး လာပြောပြတာပါ။ သွားခွင့်ပြုပါဦးနော်"

တုတုက ပြောပြီးတာနှင့် သူ့ကို ခေါင်းတစ်ချက်ဆတ်ပြကာ ထွက်သွားလေသည်။ တုတု ထွက်သွားပေမယ့် သူ့ရဲ့ရင်ဘတ်တစ်ခုလုံး ရှုပ်ထွေးကာ မွစာကြဲကျန်နေခဲ့လေသည်။ ဘာတွေလဲ …။ မဖြစ်နိုင်ဘူး။

ဥဥက သူ့သမီးတဲ့။ ပွင့်ဝေတိုးနဲ့သူ့။ ခေါင်းထဲမှာ ရှုပ်ထွေးလောင်မြိုက်နေသော အပူတွေကို ရှင်းဖို့အတွက် သူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်မှဖြစ်မည်။ ဒီကိစ္စကို နန္ဒာက သိနေတယ်ဆိုတော့ နန္ဒာကို မေးမှပဲ ရပါလိမ့်မည်။

"မြင့်ဇော် ... မြင့်ဇော်"

"ဗျာ ... ဆရာ"

"ကားအဆင်သင့် ထုတ်ထား။ ငါ အိမ်ပြန်မယ်"

❖ ✱ ❖





"နန္ဒာ ... မင်း ငါ့ကို အမှန်အတိုင်းဖြေစမ်း။ မင်း ငါ့ကို အမှန်အတိုင်းပြော"

ကိုခန့် တစ်ယောက် အရမ်းကို သွေးပျက်ချောက်ချားနေတဲ့ဟန်ဖြင့် နန္ဒာ့ပခုံးကို ဆုပ်ကိုင်လှုပ်ယမ်း၍ မေးနေတာမို့ နန္ဒာက ကိုခန့်ကို တအံ့တသြ ကြည့်ကာ ...

"ရှင် ဘာတွေဖြစ်လာတာလဲ။ ကျွန်မက ဘာတွေပြောရမှာလဲ"

"ဥဥက ငါ့သမီးဆို"

အဲဒီမေးခွန်းအတွက် နန္ဒာက တကယ်ပဲ သွေးပျက်ချောက်ချားလို့ သွားရလေသည်။ ကိုခန့် ... ကိုခန့် ဘာလို့သိသွားတာလဲ။

"နန္ဒာ ... ဟုတ်လား။ ကိုယ်မေးတာ ဖြေဦးလေ။ ဟုတ်လားလို့"

ကိုခန့်က အရမ်းကို သိချင်မှုတွေ ပြင်းပြနေတဲ့ မျက်ဝန်းတွေဖြင့်ကြည့်ကာ နန္ဒာ့ဆီက အဖြေတစ်ခုကို စောင့်လို့

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ မိန်းမတစ်ယောက်အတွက် ခံစားရတဲ့ ခံစားရချက်တွေကို ခဏလောက် လျစ်လျူရှုကာ ကျလာတဲ့ မျက်ရည်စတွေကို သုတ်လိုက်ရင်း ဝန်ခံလိုက်သည်။

"ဟုတ်တယ်။ ဦးဦးက ရှင့်ရဲ့သမီးပဲ။ ရှင်နဲ့ပွင့်ဝေတိုးရဲ့သမီးပဲ"

"ဘာ"

နန္ဒာ့စကားအဆုံးမှာ ကိုခန့်က အနောက်သို့ တစ်ချက်ယိုင်ကျသွားကာ ခုတင်ပေါ်သို့ ထိုင်ချလိုက်၏။ အရမ်းကို မှင်သက်နေတဲ့ မယုံကြည်နိုင်သော ကိုခန့်ကို နန္ဒာက သက်ပြင်းတစ်ချက် ချမိသည်။

"အဲဒါ ... အဲဒါ တကယ်ပဲလား နန္ဒာ"

"အဲဒါ အမှန်တရားပဲ ကိုခန့်။ ပွင့်ဝေတိုးမှာ ကိုခန့်နဲ့ရတဲ့ကလေး ကျန်ခဲ့တယ်။ သူ အဲဒါကြောင့်မို့လို့ ဦးဦးနဲ့သားရဲ့ကိစ္စကို အတင်းငြင်းခဲ့တာပေါ့။ ကိုခန့် မှတ်မိသေးလား။ ကျွန်မ ပွင့်ဝေတိုးရဲ့အိမ်ကိုသွားပြီး ဆွေးနွေးခဲ့တာ မှတ်မိသေးလား"

"အင်း"

"........"

"နန္ဒာ ... နန္ဒာ ... မင်းနဲ့ ပွင့်ဝေတိုး ဘာတွေပြောခဲ့တာလဲ။ ကိုယ့်ကို ပြန်ပြောပြပါ။ ဦးဦးက ဒါဆို တကယ်ပဲ ကိုယ့်ရဲ့သမီးပေါ့နော်"





ကိုခန့် အရမ်းကို ဟုန်လှုပ်ချောက်ချားနေတယ်ဆိုတာ နန္ဒာ သိပါသည်။ ဒီအခြေအနေ ရောက်မှတော့ ငြင်းလို့မရတော့တဲ့ အချိန်မို့ အဲဒီတုန်းက ဆွေးနွေးခဲ့တဲ့ အကြောင်းကို ရင်ထဲမှာ မျိုသိပ်ထားရသမျှ ဖွင့်ပြောပြလိုက်တော့သည်။

❖ ❃ ❖

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က နန္ဒာ့ဘဝရဲ့ လျှို့ဝှက်ချက် တစ်ခုကို ဖွင့်ပြခဲ့ရသလို ပွင့်ဝေတိုးရဲ့လျှို့ဝှက်ချက်တစ်ခုကို သိခွင့်ရခဲ့တယ်။ ပွင့်ဝေတိုးဟာ လုံးဝကို ခါးခါးသီးသီး ဥဥနဲ့ သားလေးခေါင့်ကို သဘောမတူဘူး ပြောခဲ့တာ။ ကလေးတွေ မျက်နှာကို ငဲ့တဲ့အနေနဲ့ နန္ဒာ သဘောတူပေးဖို့ အကြိမ်ကြိမ် တောင်းပန်ခဲ့တယ်။

"ဒီကိစ္စက နစ်နာတယ်ဆို မိန်းကလေးဘက်ကပဲ နစ်နာတာမျိုးပါ။ ကျေးဇူးပြုပြီး ထပ်စဉ်းစားပေးပါ အစ်မရယ်။ ခေါင်လေးနဲ့ ဥဥတို့ကလည်း လက်ထပ်လိုက်ကြပြီလေ"

"မပြောနဲ့။ အဲဒီကိစ္စ ဘယ်တော့မှ မဖြစ်စေရဘူး။ ဥဥနဲ့ ခေါင်ရဲရန် ဘယ်တော့မှ မဖြစ်စေရဘူး။ အေး … သူတို့ နှစ်ယောက် အတူပေါင်းလိုက်တဲ့နေ့က ကျွန်မကိုယ်ကျွန်မ သတ်သေတဲ့နေ့ပဲ"

"မပွင့်ဝေတိုး … ရှင် ဘာလို့ ဒီလောက်အထိ အငြိုးတရားတွေ ကြီးမားနေရတာလဲ။ ကလေးတွေမှာ ဘာများအပြစ်ရှိလို့လဲ။ တစ်ချိန်က ဖြစ်ခဲ့တဲ့ကိစ္စအတွက် ကမ္ဘာမကြေဘူး ဆိုရင်တောင် ကလေးတွေမျက်နှာကို ငဲ့ပေးပါ။





သူတို့လက်ထပ်ပြီးပြီ။ တည်ဆောက်လိုက်တဲ့ ဘဝနှစ်ခုကို မဖျက်ပါနဲ့တော့။ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်"

"ရှင် ဘာတွေသိလို့လဲ။ ကျွန်မက ကလေးတွေကိုငဲ့လို့ သူတို့ ခွေးဇာတ်မခင်းရအောင် ခွဲတာ။ ရှင်သိပ်ပေးစားချင်နေတဲ့ ခေါင်ရဲရန်နဲ့ ဥဥကို ကျွန်မ ဒီလောက်ထိ လိုက်ခွဲနေရတာ အကြောင်းရှိလို့"

နန္ဒာက တွေဝေ တုံ့ဆိုင်းလို့ သွားလေသည်။ ပွင့်ဝေတိုး ဒီလောက်ထိ တုန်လှုပ်ချောက်ချားစွာ ခါးခါးသီးသီး ငြင်းဆန်သည့် အကြောင်းရင်းကို တကယ်ပဲ သိချင်လှတာကြောင့် ပွင့်ဝတိုးရဲ့မျက်လုံးတွေကို အသေအချာ ကြည့်ရင်း မေးလိုက်၏။

"ဘာအကြောင်းရှိလို့လဲ။ ခေါင်နဲ့ ဥဥကို ဘာဖြစ်လို့ သဘောမတူနိုင်ရတာလဲ"

"ကောင်းပြီ။ ရှင် သိပ်သိချင်နေတဲ့ အကြောင်းကို ကျွန်မ ပြောပြမယ်။ ဒီကိစ္စဟာ ဘယ်တော့မှ ပေါ်မလာမယ့်ကိစ္စလို့ ကျွန်မ သတ်မှတ်ခဲ့တာ။ ဒါပေမဲ့ အခု မပြောမဖြစ် အနေအထားကို ရောက်နေပြီ။ အဲဒီတော့ ရှင် သေသေချာချာနဲ့ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါ နန္ဒာ …

ကျွန်မ ဘာကြောင့် ကလေးတွေကို သဘောမတူရတာလဲဆိုတော့ သူတို့နှစ်ယောက်က ယူလို့မရလို့ဘဲ။ အေး … ဘာလို့ ယူလို့မရဘူးလဲဆိုတော့ ဥဥက ခန့်နေသွေးနဲ့ရခဲ့တဲ့ သမီးမို့လို့ပဲ"

"ရှင်"

www.burmeseclassic.com



ကြားလိုက်ရတဲ့ အဲဒီခဏမှာ ကမ္ဘာကြီးဟာ အိုးထိန်းစက်တစ်ခုပမာ ချာချာလည်ယမ်းသွားကာ ရင်တစ်ခုလုံး တလှပ်လှပ်ဖြစ်ရအောင် အံ့အားသင့်ရလေသည်။ ဘုရားရေ ... ဥဥက ကိုခန့်သမီး။

"ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောဘူးလို့ ကျွန်မဆုံးဖြတ်ခဲ့ပေမယ့် မပြောလို့ မဖြစ်တော့ဘူး။ ရှင့်ကိုတော့ တို့ အရမ်းအားနာပါတယ် နန္ဒာ။ ကျွန်မနဲ့ ခန့်နေသွေးရဲ့ အတိတ်ကကိစ္စတွေကို ရှင် သိမှာပါ။ သူ့ရဲ့ဒေါသတွေ၊ သူ့ရဲ့သဝန်တိုမှုတွေကို ကျွန်မမုန်းလို့ သူနဲ့လက်ထပ်ပွဲကို ဖျက်ခဲ့တယ် ...

အဲဒီလက်ထပ်ပွဲ ပျက်ပြီးတဲ့နောက်မှာ ကျွန်မရဲ့ဘဝဟာ လွတ်လပ်ပြီလို့ ကျွန်မ ထင်ထားခဲ့တာ။ ဒါပေမဲ့ ကျွန်မရဲ့မိုက်မဲခဲ့မှုကြောင့် သူနဲ့ရတဲ့ကိုယ်ဝန် ကျွန်မမှာ ကျန်နေခဲ့တယ် ...

တစ်ယောက်နဲ့တစ်ယောက် မျက်နှာမကြည့်ချင်လောက်အောင် မုန်းကုန်တဲ့အချိန်ကျမှ သူ့ရင်သွေး ကျွန်မဆီမှာ ရှိနေခဲ့တာ။ အဲဒီတုန်းက ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ ကိုဩန့်ဇင်က ကျွန်မရဲ့အရှက်နဲ့သိက္ခာအတွက် သူ အတင်းတာဝန်ယူခဲ့တယ်။ ပြီးတော့ ခန့်နေသွေးနဲ့ရတဲ့ ဥဥကိုလည်း သူ့ရဲ့သမီးအရင်းလို သူ ချစ်ခဲ့တယ်။ စောင့်ရှောက်ခဲ့တယ်။





အားလုံးရဲ့အမြင်မှာ ဥဥဟာ တုတုကပါ ကိုသန့်ဇင်ရဲ့ သမီးတွေပဲ ...

ဒါပေမဲ့ ဒီအမြင်မျိုး ရှင်တို့မြင်ပြီး ဥဥနဲ့ ခေါင်ရဲရန်ကို သဘောတူလိုက်ရင် ကလေးတွေကို ကျွန်မတို့ ကိုယ်တိုင် ငရဲတွင်းထဲ တွန်းပို့လိုက်သလို ဖြစ်လိမ့်မယ်။ မောင်နှမတော်တယ် ဆိုတာသာ သူတို့သိခဲ့ရင် သူတို့ကိုယ်သူတို့လည်း ခွင့်လွှတ်ကြမှာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်မ ရအောင်တားခဲ့တာ။ သူတို့နှစ်ယောက် လုံးဝမဖြစ်နိုင်ဘူး နန္ဒာ"

ပွင့်ဝေတိုးရဲ့စကားအဆုံးမှာ နန္ဒာလည်း မျက်ရည်တွေကျလာရကာ ရင်ထဲမှာ ဆို့နင့်နေအောင် ခံစားလိုက်ရသည်။ ဒီကိစ္စတွေဟာ တကယ့် အမှန်တရားတွေမို့ ဘာမှမတတ်နိုင်ဘူးဆိုရင် ဥဥက ကိုခန့်ရဲ့သွေးသားရင်းမို့ နန္ဒာ သဘောထားကြီးပေးရပါမည်။ အဲဒီအတွက် အနှစ်နှစ်ဆယ်ကျော် ဖုံးထားခဲ့တဲ့ တံခါးချပ်ကို ပွင့်ဝေတိုးအား ဖွင့်ပြခဲ့လိုက်၏။

"အဲဒါဆိုရင်တော့ ခေါင်လေးနဲ့ ဥဥကို မပွင့်ဝေတိုးစိတ်ချလက်ချ သဘောတူလိုက်ပါတော့။ အစ်မမှာလည်း လျှို့ဝှက်ချက် ရှိသလို ကျွန်မဆီမှာလည်း လျှို့ဝှက်ချက် ရှိပါတယ် ...

ခေါင်က ကိုခန့်နဲ့ ကျွန်မရဲ့သားအရင်း မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို”

“အဲဒါ အမှန်တရား တစ်ခုပါပဲ။ ကလေးတွေရဲ့မျက်နှာတစ်ခုတည်းနဲ့ ကျွန်မလည်း မှန်တာကို ဝန်ခံပါတယ်။ ကိုခန့်နဲ့ ကျွန်မဟာ အိမ်ထောင်ရေး အဆင်ပြေခဲ့တယ်ဆိုပေမယ့် ကံမကောင်းစွာပဲ ကျွန်မမှာ ဘယ်တော့မှ မိခင်ဖြစ်ခွင့်မရှိတဲ့ ချို့ယွင်းချက် ရှိနေခဲ့တယ် ...

သူ့ရဲ့သွေးသားကို သိပ်ရှူးနေတဲ့ ကိုခန့်ရဲ့ဆန္ဒကို ကျွန်မ မဖြည့်ဆည်းနိုင်ခဲ့ဘူး။ သားလေးကို ကျွန်မတို့ဘဝရဲ့ လိုအပ်ချက်အတွက် မိဘမဲ့ဂေဟာကနေ မွေးစားခဲ့တာပါ။ ကိုခန့်က သားလေးကို သူ့ရဲ့သားအရင်းလေးလို အရူးအမူး ချစ်ခဲ့တယ်။ သားဟာ သူ့ရဲ့ဘဝပါ ...

ကျွန်မတို့အတွက် သားလေးဟာ သားအရင်းလေးပါပဲ။ အဲဒါကြောင့် သူတို့နှစ်ယောက်က ပတ်သက်ပေမယ့် ဘာမှတော်စပ်မှု မရှိပါဘူး ...

ကလေးတွေဆန္ဒကို ငဲ့သောအားဖြင့် သဘောတူပေးပါ အစ်မ”

နန္ဒာ့စကားအဆုံးမှာ ပွင့်ဝေတိုးက လုံးဝငြိမ်သက်သွားကာ မျက်ရည်တွေ ကျလို့လာလေ၏။

“ကောင်းပြီ နန္ဒာ။ သူတို့နှစ်ယောက် ဘာမှမတော်စပ်ဘူးဆိုမှတော့ လက်ထပ်ပြီးပြီဖြစ်တဲ့ သူတို့နှစ်ယောက်ကို သဘောတူပေးလိုက်ရုံပေါ့”

“ဝမ်းသာလိုက်တာ အစ်မရယ်”





“နေပါဦး။ ဝမ်းသာမစောပါနဲ့ဦး နန္ဒာ။ သမီးနဲ့ ရှင့်သားကို သဘောတူပေးလိုက်တာ ကျွန်မ လက်စားချေဖို့ပဲ”

“ရှင် ... လက်စားချေဖို့”

“ဟုတ်တယ်။ ကျွန်မ လူ့ပုံအလယ်မှာ ရခဲ့တဲ့ ပါးတစ်ချက်ဒဏ်ရာအတွက် ခန့်နေသွေးကို တစ်သက်မကြေဘူး။ ရှင့်ဘက်က ကတိတစ်ခု ပေးရမယ်။ ဉဉဟာ သူ့ရဲ့သမီးဆိုတာ သူ လုံးဝမသိစေရပါဘူးလို့ ကတိပေးရမယ်။ အကယ်၍ မဖြစ်မနေ သိရတော့မယ်ဆိုရင် အဲဒီအချိန်ဟာ ခန့်နေသွေးရဲ့ဘဝမှာ အကြီးမားဆုံး အမှားတွေနဲ့ ယူကျုံးမရမယ့် နောင်တရစေမယ့် ကျရှုံးခန်းရောက်ပြီဆိုမှ သူ သိစေရမယ် ...

ဒီကတိ ရှင်တည်နိုင်မယ်ဆိုရင် သမီးကို ခန့်နေသွေးဆီအားနားထားပြီး သူ့သမီး သူ့နားရောက်နေတာ တစ်သက်လုံး မသိစေရဘဲ ခေါင်ရဲရန်နဲ့ အိမ်ထောင်တစ်ခု တည်ဆောက်လို့ရမယ်။ ဘယ်လိုလဲ”

သားလေး ခံစားနေရမယ့် အဖြစ်မျိုးကို နန္ဒာ ကြည့်ရက်ပေ။ သမီးဉဉနဲ့ သားခေါင်က လက်ထပ်လိုက်ကြပြီ။ အဲဒီ့အတွက် နန္ဒာ မျက်ရည်တစ်စက်ကြားက ခေါင်းညိတ်ပြလိုက်ပါသည်။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



"တောက် … တော်တော်ယုတ်မာတဲ့ မိန်းမ"

နေသွေးက အဖြစ်အပျက် အားလုံး ကြားသိပြီးသွားသောအခါ ပွင့်ဝေတိုးကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် ချေမွပစ်လိုက်ချင်သည်အထိ ဒေါသတွေထွက်ကာ အဲဒီကိစ္စကို ရှင်းဖို့ ထွက်သွားဟန်ပြုလျှင် နန္ဒာက သူ့ကို အတင်းဆွဲထားကာ…

"ဘာလုပ်မလို့လဲ ကိုခန့်"

"ရှင်းရမှာပေါ့။ ငါ့သမီး ငါ့ကို အမုန်းကြီးမုန်းအောင် ဒီမိန်းမ ကြံစည်တာ။ တောက် … မိခင်စိတ်မရှိတဲ့ မိန်းမ။ သမီးက အခု ငါ့ကို အရမ်းစိတ်နာနေပြီ။ သမီးလေး ငါ့ကို တစ်ခါနာကြည်းတိုင်း သမီးလေး ငရဲရအောင် ဒီမိန်းမလုပ်တာ။ ငါ သွားရှင်းမယ်"

"ကိုခန့် … ကိုခန့် … ကျွန်မ ရှင့်ကို ဘယ်လိုမှ တားလို့မရတော့ဘူးလား။ ရှင်တို့ တော်တော်အတ္တကြီးကြတာပဲ"

နန္ဒာ့ရဲ့အသံတွေက တုန်ယင်ဆူပွက်လာကာ မျက်ရည်တွေ ကျလာတာမို့ နေသွေးက သတိလွတ်စွာ ဒေါသဖြစ်နေစိတ်တွေ ငြိမ်ကျသွားကာ သူ့ရဲ့ဇနီးနားသို့ တိုးကပ်မိသွားသည်။



"ဆောရီးပဲ မိန်းမရာ။ ကိုယ် ဘယ်လိုမှ ထင်မှတ်မထားတဲ့ ကိစ္စကြီးကို ကြားလိုက်ရလို့ပါ"

"ဒီအချိန်မှာ ရှင့်နည်းတူ ကျွန်မလည်း ခံစားရတာပါပဲ၊ ကျွန်မကမှ ရှူးမတတ် ခံစားရတာပါ ကိုခန့်ရယ်။ သားနဲ့ သမီးကို ကျွန်မ ပျော်ရွှင်အဆင်ပြေစေချင်တယ်။ လောကကြီးမှာ ဖြေရှင်းလို့မရတဲ့၊ ပြောလို့မဖြစ်တဲ့ကိစ္စတွေ အများကြီးပါ။ အဲဒီပြဿနာတွေ အဲဒီဒုက္ခတွေ အားလုံးကို ဖြစ်နိုင်ရင် နန္ဒာ တစ်ယောက်တည်း ခါးစည်းခံပြီး အဆင်ပြေသွားစေချင်တာပါ …

ကျွန်မလည်း မိခင်ထဲက မိခင်ပီသချင်ပါတယ်။ ခံစားနေရတဲ့ ကျွန်မရဲ့ဒုက္ခကို ဘယ်သူမှ မသိအောင် ကြိတ်ပြီးမျိုသိပ်နေခဲ့ရတာပါ။ ကျွန်မရဲ့ချွေးမက ကျွန်မယောက်ျားရဲ့သမီး ဖြစ်နေတဲ့ အဖြစ်ကို ကျွန်မ မျက်ရည်တစ်စက်မကျဘဲ သဘောထားကြီးပေးနိုင်တာဟာ သားအပေါ်ထားတဲ့ ကျွန်မရဲ့မိခင်မေတ္တာကြောင့်ပဲ။ ရှင် အဲဒါတွေကို နည်းနည်းလောက် နားလည်ပေးပြီး ဘာမှပြဿနာ ဆက်မရှာပါနဲ့တော့ ကိုခန့်ရယ်။ ကျွန်မ တောင်းပန်ပါတယ်"

သူ့ရဲ့ရင်ဘတ်တစ်ခုလုံးဟာ ပွင့်ထွက်သွားသလိုကို ခံစားရလေသည်။ ကြမ်းပြင်ပေါ်မှာ ပုံရက်သား ထိုင်ကျကာ မျက်ရည်များဖြင့် ရင်ပွင့်မတတ် ဖြစ်နေရှာသော သူ့ဇနီးသည်ကို အရမ်းကိုမှ သနားမိသွားလေသည်။

www.burmeseclassic.com



"ကိုယ့်ကို ခွင့်လွှတ်ပါ နန္ဒာရယ်။ ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်။ ကိုယ် မှားတယ်ကွာ။ လောကကြီးက ကိုယ်တို့ကို ဒဏ်ခတ်လိုက်တာ။ ယောက္ခမဖြစ်ပြီး ယောက္ခမ ပီသအောင် မနေခဲ့လို့၊ ယောက္ခမတစ်ယောက်ဟာ အဖေ လိုစိတ်မျိုး မထားနိုင်ခဲ့လို့။ ကိုယ် အရမ်းမှားတယ်။ သမီးနဲ့ ကိုယ်က ကမ္ဘာမကြေ အမုန်းတွေဖြစ်ကုန်ပြီ။ ကိုယ့်ရဲ့အမှားတွေပါ"

သူဟာ ယောကျ်ားရင့်မာကြီးတစ်ယောက် ဖြစ်ပါရက် ဘယ်လိုနည်းနဲ့မှ ခံနိုင်ရည်အား မရှိတော့ဘဲ မျက်ရည်တွေ ကျလာကာ ကလေးတစ်ယောက်လို ရှုံ့ပွဲချ ငိုမိသွားသည်။ နန္ဒာကို သူ့ရဲ့ရင်ခွင်ထဲမှာ ပွေ့ထားရာမှ နန္ဒာက သူ့ရင်ခွင်မှထွက်ကာ သူ့မျက်ရည်တွေကို သုတ်ပေး၍ ...

"အမှားသိရင် အမုန်ကို ပြင်ဆင်ချိန် ရှိပါတယ် ကိုခန့်ရယ်"

နန္ဒာ့ရဲ့မျက်ဝန်းတွေကို စေ့စေ့ကြည့်ကာ သူ့ရင်ထဲမှာ ဆို့နင့်လာ၏။ ဟောဒီ လောကကမ္ဘာကြီးမှာ သမီးအရင်း သူ့ရဲ့သမီးအရင်း ရှိတယ်တဲ့။ သား ...။ နေသွေးက ခေါင်းထဲမှာ သားမျက်နှာ ဖျတ်ခနဲ ပြေးမြင်ကာ ...

"နန္ဒာ ... နန္ဒာ ... သားလေး။ သားလေး ... ဒီကိစ္စတွေကို ကိုယ်တို့သားလေး သိလို့မဖြစ်ဘူးနော်။ ဘာအကြောင်း ကြောင့်ဖြစ်ဖြစ် သားက ကိုယ့်သားပဲ"





"အခုလိုမျိုး ကိုခန့် သားအပေါ် သိပ်ချစ်တာ သိရလို့ နန္ဒာ ဝမ်းသာပါတယ်။ ဒီကိစ္စဟာ အပြောလွယ်သလောက် ဖြေရှင်းရသိပ်ခက်တယ်။ အထူးသဖြင့် ကိုခန့်အတွက်ပေါ့။ ဥဥဟာ ကိုခန့်ရဲ့သမီးအရင်းဆိုတာ ကိုခန့်သိပြီ။ ဘာဆက် လုပ်မှာလဲ။ အဲဒါ အရေးကြီးဆုံးပဲ။ ကို ... ဆုံးဖြတ်ချက်က သိပ်အရေးကြီးနေတယ်"

သူ ကြမ်းခင်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ကျလို့ သွားလေသည်။ ဘာဆက်လုပ်ရမလဲ။ သမီး ... ပြီးတော့ သား။ သူ့ကို ဒီအဖြစ်မျိုးဖြစ်အောင် ဖန်တီးခဲ့တာဟာ ဟိုမိန်းမ ပွင့်ဝေတိုး။ နောက်ပြီး သူ့ရဲ့အမှားတွေ။ သူ လက်စားချေချင်တဲ့စိတ်နဲ့ သားကို အရောက်တွန်းပို့ခဲ့တာ။

သားလေးဟာ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ရင်ထဲကသားပဲ ဖြစ်သည်။ သားဟာ သူ့ရဲ့အား။ သူ့ရဲ့အမွေစား အမွေခံသား အရင်း။ ဒီအဖြစ်တွေကို သားလေး သိလို့ လုံးဝမရဘူး။

"ဘာဆက်လုပ်မှာလဲ ကိုခန့်"

သူ့ရဲ့ပခုံးတစ်ဖက်ကို ခပ်တင်းတင်း ဖိဆုပ်နှစ်သိမ့် ပေးရင်း မေးလာသော မေးခွန်းအတွက် နေသွေးက စိတ်ကိုဒုံးဒုံး ချကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ နန္ဒာရဲ့မျက်နှာကို စေ့စေ့ကြည့်ကာ သူ့ဘဝရဲ့ ပါရမီဖြည့်ဖက်ကောင်း ဇနီးသည်၏ လက်တွေကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ...

"ကိုယ်တို့ ပွင့်ဝေတိုးကို တွေ့ရမယ်။ ကိုယ် ဒီကိစ္စကို သိပြီဆိုတာ သူ သိမှရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီကိစ္စကို သူ ပြောလိုက်လို့ ကိုခန့် သိတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဟင် ... ဒါဖြင့် ဒီစကားက ဘယ်သူပြောတာလဲ။ ဒီ အဖြစ်မှန်တစ်ခုကို သိတာ နန္ဒာရယ်၊ မပွင့်ဝေတိုးရယ်၊ ပြီးတော့ ကိုသန့်ဇင်ရယ် ဒီသုံးယောက်ပဲ သိတာ။ အခု ပွင့်ဝေတိုးက မပြောဘူးဆိုတော့ ကိုခန့်ကို ..."

"ကိုယ့်ကို သူ့သမီးအငယ် တုတု ပြောလိုက်တာ"

"တုတု"

❖ ❋ ❖





# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com



"အခန့်မသင့်တော့
အစာက ဆေးဖြစ်တယ်
အခန့်မသင့်တော့
ဆေးက အစာဖြစ်တယ်။

အခန့်မသင့်တော့
အမုန်းက အချစ်ဖြစ်တယ်
အခန့်မသင့်တော့
အချစ်က အမုန်းဖြစ်တယ်။

နူးညံ့မှုဟာ လေပြည်ညှင်းဆို
ခက်ထန်မှုက မုန်တိုင်း။
တကယ်တော့
ချစ်ခြင်းဆိုတာ အခန့်မသင့်ရင်
ကိုယ်ရောင်ကိုယ်ဝါတွေ ပျောက်ဆုံးနေတဲ့
ကြမ်းတမ်းမှုမပါတဲ့ မုန်တိုင်း။

❖ ✱ ❖



ဥဥရဲ့မျက်လုံးတွေ ပွင့်လာလျှင် ဥဥရဲ့အပေါ်စီးက နေ အုပ်မိုးထားတဲ့ မျက်နှာတစ်ခုကြောင့် မျက်ဝန်းတွေ ပြူးကျယ်သွားကာ အံ့အားတသင့် ဖြစ်ရတာမို့ ခေါင်က နူးညံ့ဖွေးထွေးသော အပြုံးတစ်ခုနဲ့အတူ ဥဥကို နှုတ်ဆက်လေ၏။

"မော်နင်း ..."

ခေါင့်ရဲ့အမူအရာတွေက အရမ်းကို ထူးဆန်းနေတာကြောင့် ဥဥက တကယ်ကိုပဲ အံ့အားတွေသင့်ရကာ ဘာဆက်ပြောလို့ ပြောရမယ်မှန်း မသိချေ။

"ဟော့ ... ကိုယ့်ကို မင်း မမြင်ဘူးလို့ ဒီလောက်ထိကြည့်နေတာလား"

"........"

"ဥဥ ... ဖြေဦးလေကွာ။ ဘာလို့ ဒီလောက်ကြည့်နေတာလဲ"

ဥဥက ဘာဖြေလို့ ဖြေရမယ်မှန်း မသိအောင်အံ့အားသင့်မှုက ပိုလေသည်။ နောက်ပြီး ဥဥရဲ့မျက်နှာအနားနေးကို ခုလောက်ထိ နီးနီးကပ်ကပ်ကြီး အုပ်မိုးထားတာကြောင့် ဥဥရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံက တဒိတ်ဒိတ်ဖြင့် အဲကွန်းဖွင့်ထားပေမယ့် ဥဥချွေးတွေ တောင် စို့ချင်ချင် ဖြစ်လာ၏။ ဥဥရဲ့မျက်ဝန်းတွေကို အကြည့် မလွှဲဘဲ အပေါ်စီကနေ ငုံ့မိုးကြည့်နေတာကြောင့် ဥဥက ခေါင်ရဲ့ ရင်ဘတ်ကို လက်ဖြင့်အသာဖိတွန်းရင်း ...

"ဖယ်ပါဦး"

ဥဥ အတင်းရုန်းကန်ထတော့ ခေါင်က ဥဥတစ် ကိုယ်လုံးကို သိမ်းကျုံးပွေ့လိုက်ရင်း သူ့ပါ ဥဥရဲ့ဘေးအနားလှဲ လိုက်ကာ ...

"ဘာလို့ ဒီလောက်ရှက်နေရတာလဲ ဥဥရဲ့။ ကိုယ်တို့က သူစိမ်းတွေမှ မဟုတ်တာ"

"ခေါင် ... ရှင် ဒီနေ့ ဘာဖြစ်နေတာလဲဟင်"

"အဟား ဟား ... အဲဒီလောက်တောင် အံ့ဩနေရလားကွာ။ ကိုယ်က မင်းယောကျ်ားပါကွ"

ဥဥရဲ့အနားနားကို ပိုတိုးကပ်လာတာကြောင့် ဥဥက ကျားကန်ကန်ထားရင်း မျက်စိတွေ စုံမှိတ်ထားလိုက်လျှင် ခေါင်က သဘောတကျ ရယ်မောရင်း ဥဥရဲ့နှာခေါင်းလေးကို အားဖြင့် ဖိညှစ်လိုက်ရင်းက ...

"ဟား ဟား ... ကိုယ့်ကို အဲဒီလောက်တောင် ကြောက်နေရလား ဥဥရယ်။ ကဲ ... ကဲ ... မစတော့ဘူး။ ကိုယ် အတည်ပြောစရာရှိတယ်။ အဲဒါကြောင့် အစောကြီးထပြီး ဥဥ အနိုးကို စောင့်နေတာ"

"ဘာ ... ဘာပြောမလို့လဲဟင်"





"ပြောစရာထက် ပေးစရာရှိတာ။ ဒီမှာ ..."

ခေါင်က ဥဥကို ပွေ့ပိုက်ထားရာက ခုတင်တစ်ဖက် ဘေးက စားပွဲကို လက်လှမ်းလိုက်တာကြောင့် ဥဥကလည်း လျင်မြန်သွက်လက်စွာ ထထိုင်လိုက်လျှင် ခေါင်ကပါ ထိုင်လိုက်၍ ဥဥနှင့် မျက်နှာချင်းဆိုင် အနေအထားမှာနေကာ သူ့လက်ထဲက ကတ္တီပါဘူးအနီလေးကို ဖွင့်ပြ၏။

"ဒီမှာ"

စိန်လေးတွေ စီထားသော ပလက်တီနမ် လက်စွပ် လေးဖြစ်ကာ လက်ရာက ရိုးရိုးလေးနှင့် အရမ်းကိုလှနေတာ ကြောင့် ဥဥက အဲဒီလက်စွပ်လေးကို သဘောပါကျ ကြည့်နေစဉ် မှာ ခေါင်က ဥဥရဲ့လက်ကို ဆွဲယူလိုက်ရင်း ဥဥရဲ့လက်သူကြွယ် မှာ အဲဒီလက်စွပ်လေးကို စွပ်ပေးလေ၏။ တကယ့်ကို ထင်မထား တဲ့ ပိုနှုးညံ့ပြီး ရင်ခုန်ဖွယ် အပြုအမူကြောင့် ဥဥက အံ့အားတသင့် ဖြင့် ခေါင့်ကို ကြည့်မိလိုက်စဉ်မှာ ခေါင်က ဥဥရဲ့လက်ဖမိုးလေး ကို ညင်သာစွာ နမ်းရှိုက်ရင်း ...

"ဒီနေ့ ကိုယ်တို့ မင်္ဂလာသက်တမ်း တစ်နှစ်ပြည့်ပြီ။ ဥဥ ကို ကိုယ် ဒီလက်စွပ်လေး ဝတ်ပေးချင်လို့ ကိုယ် ဒီရက် ကို စောင့်နေခဲ့တာ"

"ခေါင်ရယ်"

"အစစအရာရာ သည်းခံပေးတဲ့အတွက် ကိုယ် ဥဥကို ကျေးဇူးတင်ပါတယ်။ ဘာတွေပဲ ပြဿနာရှိနေနေ၊ ဥဥ ကိုယ့်အနားက စိတ်မပျက်ဘဲ ထွက်မသွားတာကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်လှပါပြီ ...

ကိုယ့်ဘဝအတွက် ဥဥကို အရမ်းကို လိုအပ်သလို
ဥဥကို အရမ်းလည်း ချစ်တယ်"

ဥဥအတွက် စိတ်ချမ်းသာစရာ နေ့သစ်ကလေးပဲဖြစ်၏။ ခေါင့်ဆီက နှစ်နှစ်ကာကာလာတဲ့ ချစ်တဲ့စကားဟာ ဥဥအတွက်တော့ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရတဲ့ လက်ဆောင်ပဲဖြစ်သည်။ ဥဥက ပျော်ရွှင်ကြည်နူးလွန်းစွာဖြင့် ခေါင့်ရဲ့ရင်ခွင်ကျယ်ထဲမှာ တိုးဝှေ့ဝင်ကာ အရမ်းပဲ ကြည်နူးရလေသည်။

"ဥဥလည်း ခေါင့်ကိုချစ်တယ်။ ခေါင့်ကို အရမ်းကျေးဇူးတင်ပါတယ်"

"ကိုယ်က ကျေးဇူးပိုတင်သင့်တာပါ။ ဥဥက ကိုယ့်ရဲ့ဇနီးကောင်းပါ။ ဖေဖေနဲ့ ပြဿနာတွေ ဖြစ်ရတာ ကိုယ် စိတ်မကောင်းဘူး။ တစ်ခါတစ်ရံ ကိုယ် ဥဥကို ပြောတာဆိုတာ လွန်သွားတယ်ဆို တောင်းပန်ပါတယ်နော် ...

ဖေဖေ့ကို ကိုယ်က စိတ်မဆင်းရဲစေချင်ဘူး။ ဖေဖေက ဥဥကို မုန်းလို့ပြဿနာရှာနေတာ မဟုတ်ဘူး ဆိုတာတော့ ဥဥ ယုံပေးပါနော်"

ခေါင်က အဖေနဲ့ ဥဥကြားကို ပြဿနာတွေ ပိုကြီးထွားမှာဆိုးလို့ ဖျောင်းဖျနေတာကို ဥဥ နားလည်ပါသည်။ ဥဥလည်း ခေါင့်မျက်နှာတစ်ခုတည်းနဲ့ အားလုံးကို သည်းခံနေရတာလေ။ ခေါင့်ရဲ့အဖေအပေါ် သိပ်ချစ်၊ သိပ်သိတတ်တဲ့စိတ်ကို ဥဥက နားလည်ပေးစွာ ခေါင်းညိတ်ပြရင်း ...





"ဥဥ ခေါင့်ကိုချစ်တာ အရာရာ ဖြစ်လာမယ့် ပြဿနာတိုင်းကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီး ချစ်ခဲ့တာပါ။ ဥဥကြောင့် ခေါင်နဲ့အဖေ ပြဿနာမတက်စေရဘူးလို့ ဥဥ ကတိပေးတယ်"

"ကျေးဇူးပါ ဥဥ"

ခေါင်က ဥဥရဲ့နဖူးလေးကို ခပ်ဖွဖွနမ်း၏။ ခေါင့်တစ်မျက်နှာရှိလို့ ဥဥကို သူစိုးလုံးလုံးဖြစ်အောင် ဇွပ်စွဲထားတဲ့ကံစွကို ဥဥ မျိုးသိပ်နေခဲ့ရတာပါ ခေါင်။ အဲဒါ ခေါင့်ကို သိပ်ချစ်မိလို့ အချစ်ဒဏ်သင့်တာလို့ ဥဥ သတ်မှတ်ပြီး ခေါင်ငုံ့နေခဲ့တာပါ။

"မင်းရှိတဲ့နေရာ xxx မင်းရှိတဲ့ ကမ္ဘာ xxx မင်းအချစ်နဲ့ အရာရာ ဖြစ် ... သန်း ... ဖို့ xxx အားများအပြည့်ပါ xxx တွဲလက်ခိုင်မြဲ xxx မင်းအချစ်တွေနဲ့ xxx ရင်ဆိုင်နိုင်တယ်"

ဝိုင်းစုရဲ့ သီချင်းသံလေး သဲ့သဲ့က အခန်းထဲသို့ လွင့်ပျံ့လာတာကြောင့် ဥဥအတွက် ပိုပြီးခံစားချက် အသက်ဝင်သွားရလေသည်။ ဥဥလည်း အဲဒီလို ခေါင့်အချစ်တွေနဲ့ မာနတွေ ချိုးနှိမ်ပြီး ရင်ဆိုင်ခဲ့ရတာပေါ့။

❖ ❃ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်ခင်းမှာ ခေါင်က အလုပ်ကိစ္စရှိတာကြောင့် စောစောစီးစီး ကုမ္ပဏီသွားတာကြောင့် ဥဥက ခေါင့်ကို နေ့လယ် Lunch အတွက် ကုမ္ပဏီကို ကိုယ်တိုင် ထမင်းချိုင့်သွားပို့ဖို့ စဉ်းစားထားလေသည်။ အခုဆို ဦးခန့်နေသွေးက ကုမ္ပဏီမလိုက်သလောက်ဖြစ်ကာ ခေါင့်ကိုပဲ အလုပ်တွေအားလုံး လွှဲထားတဲ့သဘော ဖြစ်နေတာကြောင့် ဥဥ ခေါင့်အလုပ်ထဲ လိုက်သွားလည်း ပြဿနာမရှိပေ။ ဥဥက ခေါင့်အကြိုက်လေးတွေချက်ဖို့ ကိုယ်တိုင် မီးဖိုထဲဝင်ကာ ချက်ပြုတ်ဖို့ စီစဉ်လိုက်၏။ ခေါင်က အသီးအရွက်နဲ့ ရောကြော်တဲ့ အသည်းအမြစ် အဖြူထည်ကြော်ကို အရမ်းကြိုက်တာမို့ ဥဥက အရင်ဦးဆုံး ဂေါ်ဖီတွေ မုန်လာဥနီတွေ စသဖြင့် အသီးအရွက်စုံကို သေချာရေစင်အောင်ဆေး၍ လှီးဖြတ်နေ၏။

"ဥဥ ... သမီး"

ဥဥရဲ့ အနောက်က ခေါ်သံကြောင့် ဥဥက လှည့်ကြည့်လိုက်ကာ ထူးလိုက်လျှင် ဦးခန့်နေသွေး ဖြစ်နေတာကြောင့် အံ့အားသင့်သွားသလို ချက်ချင်းပဲ မျက်နှာက တင်းသွားရကာ အလိုက်အထိုက် ဆက်ဆံရ၏။





"ဟုတ်ကဲ့ ... အဖေ"

"ဥဥကို အဖေ စကားနည်းနည်းလောက် ပြောချင်လို့"

"ဟုတ် ... ပြောပါ အဖေ"

"ဟို ... ဒီလိုပါ။ အဖေ့ကို ခွင့်လွှတ်ပေးပါလို့ ပြောချင်တာပါ။ သမီးကို အဖေ မဟုတ်ဘဲ စွပ်စွဲမိသလိုဖြစ်သွားတယ်"•

ဥဥက ပြန်မကြားလိုသော နာကြည်းမှုအတွက် စကားမဆုံးခင် လက်ကာပြလိုက်ရင်း ...

"ရပါတယ်။ ကိစ္စမရှိပါဘူး"

"သမီး စိတ်ဆိုးနေမယ်ဆိုတာ အဖေ သိပါတယ်။ အဲဒါ အဖေ့ရဲ့အမှားပါ။ တကယ်တော့ Project file ကို အဖေ အထားမှားတာ။ အလုပ်တွေ အရမ်းများတော့ မေ့ပြီး ဥဥကို စွပ်စွဲမိသလို ဖြစ်သွားတာ။ အဲဒီအတွက် အများကြီး စိတ်မကောင်း ဖြစ်ရသလို အဖေ တကယ်တောင်းပန်ပါတယ်"

ဥဥက အဲဒီစကားလုံးတွေအတွက် မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသွားသည်။ ဈောတီးပြီးမှ ဆောရီးတဲ့လား ဦးခန့်နေသွေးရယ်။ ကျွန်မရဲ့ဂုဏ်သိက္ခာတွေ ပွန်းပဲ့ကုန်တာကို ကျွန်မက ခွင့်လွှတ်ရမှာလား။

"ဒီကိစ္စကြောင့် သမီးတို့ လင်မယားကြားမှာ ကတောက်ကဆ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက်တော့ စိတ်မပူပါနဲ့ အမေ။ ခေါင်နဲ့ ဘာမှ ပြဿနာမရှိပါဘူး။ အမေ့ရဲ့ အဲဒီဖိုင်လ်ပြန်တွေ့တာကို ဝမ်းသာပါတယ်"

"အမေ တကယ်ပဲ တောင်းပန်ပါတယ်"

"တောင်းပန်ဖို့ မလိုပါဘူး။ လူကြီးတွေက ကြိုက်သလို မှားခွင့်ရှိပါတယ်။ ဥဥတို့ လူငယ်တွေက မှားလို့မရပါဘူး။ အဲဒီအတွက် မတောင်းပန်ပါနဲ့ အမေ။ ကိစ္စမရှိပါဘူး။ နားလည်ပါတယ် ...

သားသမီးတိုင်းက မိဘဖြစ်ဖူးကြတာမှ မဟုတ်တာ။ မိဘတိုင်းကသာ သားသမီး ဖြစ်ဖူးကြတာပါ။ အဲဒီအတွက် ဥဥက သားသမီးနေရာမှာပဲ ရှိတဲ့အတွက် မိဘခံစားချက်ကို နားမလည်ဘဲ ပြောမိတာတွေ ရှိခဲ့ရင် ဥဥကတောင် တောင်းပန်ရဦးမယ်။ အမေ ပြောချင်တာ ဒါပဲမှလား ...

အမေ့လို ဒီအိမ်ရဲ့အရှင်သခင်က မီးဖိုခန်းထဲမှာ ရပ်စကားပြောနေရတာ မသင့်တော်ပါဘူး။ ဥဥလည်း ဟင်းချက်စရာတွေ ရှိသေးလို့ပါ"

ဥဥ အဝေါ်တူးပြီး ပြောလိုက်တဲ့ စကားတွေအတွက် စိတ်ထဲမှာ ကျေနပ်ပေါ့ပါးသွားသလိုတော့ ရှိပါသည်။ ဦးခန့်နေသွေး တစ်ယောက်ကတော့ အင်မတန်မှ ထူးဆန်းစွာ ဥဥကို ဘာမှအပြစ်မတင်လေပဲ "ကောင်းပါပြီ"ဆိုတဲ့ စကားတစ်ခွန်းနဲ့အပြင် ပြန်ထွက်သွား၏။





ဥဥက စိတ်ရှုပ်ထွေးစွာ လေပူတစ်ချက် မှုတ်ထုတ်မိသွားသည်။ ဥဥကို လက်ညှိုးငေါက်ငေါက်ထိုးပြီး နင်မယူလို့ ဘယ်သူယူမှာလဲ စကားကို ကြားယောင်မိတိုင်း သိပ်အသည်းနာရလေသည်။

ဒါကြောင့်မို့လည်း ရှေးရှေး အစဉ်အဆက်ကတည်းက ယောက္ခမနဲ့ ချွေးမဆိုတာ ကမ္ဘာဦးရန်ဘက်တွေလို့ ပြောခဲ့ကြတာပေါ့။ ထူးဆန်းတာက ဒီအိမ်မှာက ဥဥရဲ့ရန်ဘက်က ယောက္ခမ မဟုတ်ဘဲ ယောက္ခထီးကြီး ဖြစ်နေတာကတော့ အံ့ဖွယ်သုတပင် ဖြစ်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



Market place ထဲမှာ အိမ်အတွက် လိုအပ်တာလေးတွေ လာဝယ်နေရတဲ့ ဥဥက ကိုယ့်အဖြစ်ကိုယ် တကယ်ပဲ သဘောတကျ ပြုံးမိလေသည်။ ဥဥက အချိန်ကာလ တိုတိုလေး အတွင်းမှာ အရင်ကထက် အများကြီး ရင့်ကျက်သွားတဲ့ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ formal ဝင်သွားတာပဲဖြစ်၏။ အဓိက ကတော့ ချစ်ခြင်းတရားကြောင့် ဥဥ အများကြီး ပြောင်းလဲသွားတာပဲ ဖြစ်လိမ့်မည်။

"Let it go ! xxx let it go! xxx can't hold it back anymore xxx let it go! xxx let it go! "

ဥဥရဲ့ ဖုန်း ring လေးက let it go ring လေး မြည်လာတာကြောင့် ဥဥက အံ့အားတသင့်ပင် ဖုန်း Display Name ကို ကြည့်လိုက်ရသည်။ ဒီ ringtone က ဥဥရဲ့တုတု သိပ်ကြိုက်တဲ့ frozen ကာတွန်းကားထဲက "Let it go"သီချင်းလေးပဲ ဖြစ်တာကြောင့် ဒီ သီးသန့် tone မြည်တာမို့ ဒါ တုတုဆီက ဖုန်းပေါ့။ ဥဥက ပျော်ရွှင်စွာ အံ့သြစွာဖြင့် အမြန်ဆုံး ဖုန်းကိုင်လိုက်၏။

"ဟယ်လို ... ဟယ်လို ... တုတု"





ဥဥက ကမန်းကတန်းပင် တုတုကို ဖုန်းပြန်ထူးလိုက်သည်။ ဥဥတို့ စကားမပြောရတာ အရမ်းကြာပြီလေ။ ဥဥ အိမ်သွားလည်တိုင်း တုတုက အမြဲရှောင်နေခဲ့တာ။ ဥဥကလည်း ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ တုတု စီရင်တဲ့အတိုင်း နေရတာဖြစ်၏။

"ဥဥ ... နင် အခု ဘယ်မှာလဲ"

တုတုရဲ့အသံက အရင်လို အေးစက်ဆဲမို့ ဥဥက စိတ်တော့လှုပ်ရှားရကာ တုတုရဲ့ ဘယ်မှာလဲ မေးခွန်းကြောင့် ဥဥက မြန်မြန်လေး ပြန်ဖြေလိုက်သည်။

"ငါက အခု Market place ရောက်နေတာ။ ဘာဖြစ်လို့လဲ ဟင်"

"အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့။ နင် အိမ်လာခဲ့ပါလား"

ကြားလိုက်ရတဲ့စကားက တကယ် မယုံနိုင်ဖွယ် အံ့သြစရာမို့ ဥဥက တကယ် အံ့အားသင့်ရ၏။

"အင်း ... ငါ အခုလာခဲ့မယ်။ ခဏလေးစောင့်နော်။ နင် ဘာစားမလဲဟင်။ ဆူရှီ ဝယ်ခဲ့ရမလား"

"အဲဒါတွေ မလိုဘူး။ ဘာမှဝယ်မလာနဲ့။ အဓိက,က လူသာလာ။ ငါစောင့်နေမယ်။ ဒါပဲနော်"

တုတုက ပြောပြီးတာနဲ့ ဖုန်းချလိုက်လျှင် ဥဥက အမြန်ဆုံး Casher မှာ ငွေရှင်းကာ အိမ်ကိုတန်းမောင်းလာခဲ့သည်။ ညီမလေးနဲ့ စကားမပြောဖြစ်တာ အချိန်တွေ သိပ်ကြာခဲ့ပြီ။ ဒီနေ့ ဥဥ အဆင်ပြေတဲ့ အနေအထားတစ်ခုရောက်အောင် ပြန်ကြိုးစားမယ်။



www.burmeseclassic.com

www.burmeseclassic.com



*ဥဥက တုတု စိတ်ကြည်ဖို့ ပြောရမယ့်စကားတွေကို* စီကာ ကားကို မြန်မြန်လေး မောင်းချလာခဲ့၏။ အိမ်ရောက်လျှင်တော့ ညှော်ခန်းထဲမှာ ဥဥကို အသင့်စောင့်နေသော တုတုကိုတွေ့ရလေလျှင် ဥဥက တုတုရဲ့ဘေးနားသို့ အပြေးသွားကာ တုတုရဲ့ မျက်နှာလေးကို အားရအောင် ကြည့်ငေးရင်း ...

"တုတု ... နင် အရမ်းလှလာတယ်"

"စိတ်ချမ်းသာလို့ နေမှာပေါ့။ အပိုတွေ ပြောမနေပါနဲ့။ အိမ်မှာ မေမေတို့လည်း ရှိတာမဟုတ်ဘူး။ နင် ဘာမှဟန်ဆောင်ပြနေဖို့ မလိုပါဘူး"

တုတုရဲ့လေသံက တကယ်ပဲ အရင်ကလို မာကြောအေးစက်ဆဲမို့ ရင်ထဲဆို့နင်ရကာ မျက်ရည်တို့က ဝဲတက်လာရသည်။

"တုတုရယ် ... အဲဒီလို မပြောပါနဲ့။ ဥဥတို့ မတွေ့ဖြစ်တာ စကားသေချာ မပြောဖြစ်တာ ဘယ်လောက်ကြာပြီလဲ။ တို့တွေက သိပ်ချစ်ကြတဲ့ ညီအစ်မတွေပါ။ အဲဒီလောက်တော့ ရင့်ရင့်သီးသီးတွေ မပြောပါနဲ့"

"ဟက် ... ဟက် ... ညီအစ်မ။ မဟုတ်ဘူး။ ငါ တစ်ချိန်လုံး ဦးနှောက်ခြောက်မတတ် စဉ်းစားနေခဲ့တဲ့ အဖြေကို ငါ အတိအကျ သိလိုက်ရလို့ နင့်ကို လှမ်းခေါ်ပြောပြတာ...

ငါ့ကိုမှ ဘာဖြစ်လို့ နင် ဒီလောက်ရက်စက်နိုင်တာလဲလို့ ငါ အကြိမ်ကြိမ် တွေးခဲ့တယ်။ အခုတော့ အသေအချာ အဖြေတစ်ခု ငါ ရလိုက်ပြီ။ နင် ငါ့ကို ရက်စက်





မှာပေါ့။ နင်က ငါ့အစ်မအရင်းမှ မဟုတ်တာ။ ဒါကြောင့် နင် သွေးအေးအေးနဲ့ လုပ်နိုင်ခဲ့တာ ဥဥ"

တုတုစကားတွေက အရမ်းကို သွေးအေးလွန်းလှစွာ ရက်စက်လွန်းတာကြောင့် ဥဥက မခံစားနိုင်တော့စွာ ပြောလိုက်တော့၏။

"အဲဒီလောက်အထိတော့ မဖြတ်ပစ်ပါနဲ့ တုတုရယ်။ ဥဥတို့က သူများတွေ ညီအစ်မ ချစ်တာထက် ပိုချစ်ခဲ့ကြတာပါ"

"အေး ... နင်က အဲဒီလို ချစ်ခဲ့လို့ တစ်ချက်တည်းနဲ့ အားလုံးကို အနိုင်ယူသွားတာလေ။ နင်နဲ့ ငါက ညီအစ်မအရင်းတွေလည်း မဟုတ်ဘူး။ ဒီနေ့ နင်နဲ့တွေ့ဖို့ ချိန်းတာ အဲဒီကိစ္စ ပြောချင်လို့ပဲ။ ဥဥ ... နင်က ဖေဖေ့ရဲ့သမီး မဟုတ်ဘူး။ နင့်အဖေက ဦးခန့်နေသွေးပဲ။ နင်နဲ့ ငါ မတော်မဖြစ် တော်စပ်ရရင်လည်း အမေတူ ဖအေကွဲပဲ။ ငါတို့က ညီအစ်မအရင်း မဟုတ်ဘူး"

"ဘာ"

ဥဥက ကြားလိုက်ရတဲ့ စကားကြောင့် လူက အနောက်သို့ တစ်ချက် ယိုင်လိုသွားလေသည်။ တုတု ဘာတွေပြောနေတာလဲ။ မဖြစ်နိုင်တာ။

ဥဥက တုတုရဲ့အနားကို တိုးကပ်သွားကာ တုတုရဲ့ ပခုံးတွေကို ခပ်တင်းတင်း လှုပ်ကိုင်ရင်း ...

"တုတု ... နင် ဘာတွေလျှောက်ပြောနေတာလဲ။ ဒီစကားက မေမေ့ကိုပါ ထိခိုက်နိုင်တဲ့စကား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့ ပြောတာ။ ဒီမှာ ဥဥ ... နင့်ကို ငါ ပြောစရာရှိတာ အဲဒီကိစ္စပဲ။ နင်က မေမေနဲ့ ဦးခန့်နေသွေးတို့ရဲ့ သမီး။ နင် မယုံရင် မေမေ့ကိုကော ဦးခန့်နေသွေးကိုကော မေးလို့ရတယ်"

"ဟင်"

ဥဥက ဆို့နေကာ လူတစ်ကိုယ်လုံးက ထုံပေပေကြီး ဖြစ်သွား၏။ တုတုရဲ့စကားတွေက တကယ်ဆိုတာ ဥဥ လက်မခံပေမယ့် ယုံရတော့မလို သေချာနေသည်။ ဥဥက ... ဥဥက ဖေဖေ့သမီး မဟုတ်ဘူးလား။ ဥဥက ဦးခန့်နေသွေးရဲ့သမီး။ ဥဥက အံ့ဩမှင်သက်စွာ ဘာပြောရမှန်းမသိ ဖြစ်နေချိန်မှာ ဥဥရဲ့ခေါင်းထဲ အတွေးရောက်လာသူကတော့ ခေါင်။ ဘုရားရေ ...။ ခေါင်နဲ့ ဥဥက ...။ ဥဥက မူးမိုက်သွားမတတ် စိုးရိမ်မှုတွေက ဆောင့်တက်လာကာ တုတုကို ကြောက်လန့်တကြား မေးရတော့၏။

"တုတု ... တုတု ... နင် လိမ်နေတာပါ။ အဲဒီလိုမဟုတ်ပါဘူး။ ခေါင်ကသာ ဦးခန့်နေသွေးသားပါ"

"နင် အဲဒီလောက်ကြီး ကြောက်မနေပါနဲ့။ ခေါင်ရဲ့ရန်က မွေးစားသား"

ဥဥက အတိအကျကို အပိုင်ပြောလိုက်လေတဲ့စကားတို့အတွက် ပါးစပ်အဟောင်းသားဖြင့် အံ့အားတသင့် ဖြစ်ရတော့သည်။ ဘာလဲ။ အဲဒါတွေက ဘာသဘောတွေလဲ။

"တုတု ... ဒါ ... ဒါတွေကို နင် ဘယ်လိုလုပ် သိတာလဲ"





"နင့်ကို လက်စားချေခွင့်ရဖို့ ကံကြမ္မာက ငါ့ကိုပေးသိလိုက်တာ။ မေမေနဲ့ အန်တီနန္ဒာတို့ ပြောနေကြတာ ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့တာ။ နင်နဲ့ ဦးခန့်နေသွေးက ချွေးမနဲ့ ယောက္ခမ မဟုတ်ဘူး။ သူက နင့်ရဲ့အဖေအရင်းပဲ"

လုံးဝကြီးကို ရှင်းလင်းတိကျသော စကားတို့အတွက် ဥဥက တကယ်ပဲ ခုံပေါ်မှာ ပုံရက်သား ထိုင်ကျသွားတော့သည်။ အဲဒါ ... အဲဒါတွေက ...။ ဟင့်အင်း ... ဟင့်အင်း။ ဥဥက ဖေဖေ့သမီး မဟုတ်ဘူးလား။ ဥဥက မျက်ရည်တွေ များစွာကျလာလျှင် တုတုက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"ငါတို့နှစ်ယောက်က ညီအစ်မရင်းတွေ မဟုတ်ဘူးဆိုတာ နင် အခုချိန်ကစပြီး သိလိုက်တော့ ဥဥ"

တုတုက ထုံးစံအတိုင်း သူပြောချင်တာ ပြောပြီး အနိုင်နဲ့ပိုင်း အပြင်ထွက်တော့မှာကို သိနေတာမို့ ဥဥက တုတု မထွက်သွားခင် တုတုရဲ့လက်ကို ဖမ်းဆွဲလိုက်ကာ တုတု သိဖို့ စကားတစ်ခွန်းတော့ ပြောလိုက်မိသည်။

"ဘာတွေပဲဖြစ်ဖြစ် နင် ငါ့ညီမပဲ တုတု။ ငါ့ရင်ထဲက နင်နဲ့ပတ်သက်တဲ့စိတ်တွေ ဘယ်တော့မှ ပြောင်းလဲမသွားဘူး"

အဲဒီစကားအတွက် တုတုက လှောင်ပြောင်သလို ရယ်သံတစ်ခုဖြင့် ဥဥရဲ့လက်တွေကို ဖြုတ်ချလို့သွားလေ၏။ ညှော်ခန်းထဲမှာ မျက်ရည်တွေနဲ့ ဥဥ တစ်ယောက်တည်း ကျန်နေခဲ့တော့သည်။ အဲဒါ ... အဲဒါ တကယ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဥဥက ဒီကိစ္စအတွက် မေးစရာက မေမေတစ်ယောက်သာ ရှိတော့တာမို့ မေမေ့ဆီ ဖုန်းအမြန် လှမ်းခေါ်ရသည်။

"ဟယ်လို ... သမီး ပြော"

"မေမေ ... မေမေ အခု ဘယ်မှာလဲ"

"ဥဥ ... ဥဥ သမီး ဘာဖြစ်လို့လဲ။ မေမေက ဥဥရဲ့အိမ်ရောက်နေတယ်"

ဟင် ... အိမ်ရောက်တယ်။ မေမေနဲ့ ဦးခန့်နေသွေးက ရန်သူတွေဆို။ အခု မေမေက အဲဒီအိမ် ရောက်နေတယ်။ ဒီကိစ္စ ... ဒီကိစ္စ အဲဒီမှာ သေချာရှင်းရမယ်။

"မေမေ ... မေမေ အဲဒီမှာ စောင့်နေနော်။ ဥဥ အခုလာနေပြီ"

ဥဥက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ကာ အမြန်ဆုံး ထွက်လာခဲ့တော့သည်။

မဟုတ်လိုက်ပါနဲ့။ ဥဥက ဦးခန့်နေသွေးရဲ့ သွေးမပဲ ဖြစ်ပါရစေ။ ဦးခန့်နေသွေးရဲ့သမီး မဟုတ်ပါစေနဲ့။

❖ ❋ ❖





ဥဥ အိမ်ထဲကို လောကြီးသုတ်ပျာနှင့် ဝင်လာတဲ့အချိန်မှာတော့ ဧည့်ခန်းထဲမှာ မေမေ ပြီးတော့ ဦးခန့်နေသွေး၊ ဒေါ်နန္ဒာခင်တို့က ဥဥကို အသင့်စောင့်ဆိုင်းလို့ နေလေသည်။ ဥဥက မေမေ့ရဲ့အရှေ့ကို အပြေးသွားကာ ဒူးထောက်ဝပ်ထိုင်ချရင်း မေမေ့ကို ထိတ်လန့်တကြား မေးမိလေသည်။

"မေမေ ... မေမေ ... ဥဥက မေမေနဲ့ ဖေဖေရဲ့သမီး ဟုတ်တယ်မှလားဟင်။ ဟုတ်တယ်မှလားဟင် မေမေ"

ဥဥရဲ့ကြောက်လန့်တကြား မေးခွန်းအတွက် မေမေက ဥဥရဲ့ဆံပင်တွေကို ပွတ်သပ်ကာ ဥဥကို မျက်ရည်အဝဲသားဖြင့်ကြည့်ကာ ...

"ဒီအချိန်ရောက်မှတော့ သမီး ဒီမေးခွန်းကိုမေးပြီ ဆိုကတည်းက သမီး သိလာပြီဆိုတာကို မေမေ သိတယ်။ အခုမှတော့ သမီးကို မဟုတ်ဘူးငြင်းလည်း အပိုပဲ။ ဟုတ်တယ် သမီး။ အဲဒါ သမီးအဖေ အရင်းပဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မမေ့စကား အဆုံးမှာ ဥဥက ဟိုးအဝေးကြီးကို လွင့်ခနဲ ရောက်သွားသလို ခံစားလိုက်ရသည်။ ဦး ... ဦးခန့်နေသွေးဟာ ဥဥရဲ့ဖခင်အရင်းပါတဲ့။

"ဟုတ်တယ် သမီး။ ဖေဖေက သမီးလေးရဲ့အဖေပါ။ ကံတရားက တကယ်ပဲ ဆန်းကြယ်လွန်းအားကြီးပါတယ်။ သမီးနဲ့ ဖေဖေ့ ဆုံတွေ့မှုဟာ တကယ်ကို ဆန်းကြယ်လွန်းလှပါတယ် ...

ဖေဖေ သမီးအပေါ် အာဃာတတွေ အငြိုးတရားတွေနဲ့ ဒုက္ခပေးမိခဲ့တယ်။ ဖေဖေ့ကို ... ဖေဖေ့ကိုခွင့်လွှတ်ပါ သမီးရယ်"

ဥဥက "အဖေ"ဆိုတဲ့ ဝေါဟာရတစ်ခုအတွက် ရင်ထဲမှာ နင့်ဆို့ကြေကွဲကာ ဖေဖေ့မျက်နှာကို ကြည့်လိုက်မိသည်။ ဥဥ ဖေဖေ့အပေါ်ကို ပစ်မှားစော်ကားမိတာတွေ အများကြီးပဲ။ ဥဥက ဖေဖေ့ခြေရင်း၌ ရှိခိုးကန်တော့ကာ တောင်းပန်လိုက်တော့သည်။

"သမီး ဖေဖေ့ကို ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ကျူးလွန်စော်ကားမိခဲ့တာတွေအတွက် သမီးမိုက်ကို ခွင့်လွှတ်ပေးပါ ဖေဖေ"

"ခွင့်လွှတ်ပြီးသား သမီးရယ်။ ဖေဖေ့သမီးကို ခွင့်လွှတ်ပြီးသားပါ။ သမီး ... သမီးလေး"

ဖေဖေ့ရဲ့ရင်ခွင်ထဲက မေတ္တာရိပ်ကို ဥဥက အေးချမ်းစွာ ခိုလှုံလိုက်ချိန်မှာ ဥဥက ခေါင့်အတွက် ခေါင်းထဲရောက်လာတာကြောင့် ဖေဖေတို့ကို ပြောရလေသည်။



"ဖေဖေ ... မေမေ ... သမီးက သမီးအရင်းဆိုတာ ခေါင်သိသွားရင် ..."

"ဟုတ်တယ် ဥဥ။ မေမေတို့လည်း အဲဒါကိုပဲ တိုင်ပင်နေကြတာ။ သမီး သိပြီးလောက်မှာပါ။ သားဟာ မွေးစားထားတာ။ ဒါပေမဲ့ မေမေတို့ရဲ့ သားလေး ..."

မေမေ ဒေါ်နန္ဒာက ပြောရင်း မျက်ရည်တွေဆို့လာကာ အသံက တိမ်သွားလျှင် ဖေဖေက မေမေ့ပခုံးကိုဖက်ကာ အားပေးနှစ်သိမ့်ပေးရင်း ဥဥဘက်လှည့်ကာ ...

"သားလေးဟာ ဖေဖေ့ဘဝတစ်ခုလုံးနဲ့ရင်းပြီး ချစ်ခဲ့ရတာပါ။ ဖေဖေ့သားကို သူ စိတ်အားငယ်သွားမှာကို မလိုလားဘူး။ ဒါပေမဲ့ ... သမီးနဲ့။ ဟား"

လူကြီးတွေရဲ့ စိတ်ပင်ပန်းမှုတွေအတွက် ဥဥက သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ချက် ချလိုက်တော့သည်။

"ဒီကိစ္စကို သမီးပြောသလိုပဲ လက်ခံပေးကြပါ။ ဖေဖေ ... သမီးက ဖေဖေ့ရဲ့သမီး ဆိုပေမယ့် သမီးရဲ့ခင်ပွန်းက ဖေဖေ့သားပါ။ ခေါင်က ဖေဖေ့ကိုသိပ်ချစ်တာ။ သူ့ဘဝရဲ့ သူ့ရဲကောင်းအဖြစ် စံထားတာ ...

ခေါင်သာ ဒီအကြောင်းတွေ သိသွားရင် သူ အရမ်းခံစားသွားရရှာမှာ။ သမီး ခေါင့်ကို မခံစားစေချင်ဘူး။ အဲဒီတော့ ပိုနေမြဲ ကျားနေမြဲအတိုင်း နေလိုက်ရ အောင်။ ယောက္ခမဆိုတာလည်း မိဘပါပဲ ...

www.burmeseclassic.com



ဥဥတို့ အရင်လိုပဲ နေရအောင်ပါ။ ဥဥမှာ အဖေနှစ်ယောက်၊ အမေနှစ်ယောက်ရှိတယ်။ မိဘဆိုမှတော့ အရင်းတွေ မရင်းတွေ ခွဲခြားနေဖို့ မလိုပါဘူး။ ဥဥ ပြောတဲ့အတိုင်းပဲ လက်ခံပါနော်။ ခေါင် ပြန်လာရင် နဂိုအတိုင်းပဲ နေပေးပါ။ ဥဥက ဖေဖေ့သမီးဆိုတာ ခေါင် ဘယ်တော့မှ မသိစေရဘူး။ ခေါင်က ဖေဖေ့ရဲ့သားအရင်း"

"သမီးရယ် ... တကယ်ပဲ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့"

ဖေဖေ ဘာကိုဆိုလိုချင်တယ်ဆိုတာ ဥဥ နားလည်၏။ ဥဥ ကျေနပ်ပါသည်။

"ဥဥ ကျေနပ်တယ် ဖေဖေ။ သမီးက ဖေဖေ့သမီးအဖြစ် စိတ်ထဲက သိထားပြီး ဘယ်တော့မှ ဖွင့်မပြောပါနဲ့။ ဥဥက ဖေဖေမေမေတို့ရဲ့ သမီးလိုချစ်ရတဲ့ ချွေးမလေး ...

အဲဒီလိုလုပ်တာဟာ နှစ်ဖက်စလုံးအတွက် အကောင်းဆုံးပါ။ ဥဥ အပေါ်ကို ဖခင်အရင်းတစ်ယောက်လို မေတ္တာတွေ ပေးခဲ့တဲ့ ဖေဖေ့ကိုလည်း ဥဥ ငဲ့ရလိမ့်မယ်။ ဒီအချိန်ကျမှ ဥဥဟာ ဦးခန့်နေသွေးရဲ့သမီးအဖြစ် မကြေညာပါနဲ့တော့။ ဥဥ ဖေဖေ့ချွေးမပဲ ဖြစ်ချင်ပါတယ်။ ကျေကျေနပ်နပ်ကြီး ဖြစ်ချင်ပါတယ်"

ဥဥ ခေါင့်ကို သိပ်ချစ်သည်။ ခေါင် ဝမ်းနည်းခံစားစေမယ့် ဒီအဖြစ်တွေကို ဥဥ အသက်ရှင်နေသရွေ့ ကာကွယ်ဖုံးထားမည်။ အခုချိန်မှာ ဥဥပါးက ကျလာတဲ့ မျက်ရည်တွေက ပီတိမျက်ရည်တွေပါ။





အခန့်မသင့်တော့ အဖေအရင်းတာ ယောက္ခထီးချုပ်နိုင်သလို ယောက္ခထီးကလည်း အဖေအရင်း ဖြစ်သွားနိုင်တဲ့ လောကကြီးရဲ့လှည့်ကွက်တွေကို ဥဥ ကောင်းကောင်းနားလည်သဘောပေါက်နေပြီဖြစ်သည်။

❖ ❋ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ခေါင် ပြန်လာပြီ။ ဖေဖေနဲ့ မေမေ ခေါင်ပြန်လာပြီ"

ဥဥက ခေါင့်ရဲ့အိတ်ကိုဆွဲကာ ခေါင့်ကို ဆီးကြိုနှုတ်ဆက်လေလျှင် ခေါင်က ဥဥရဲ့ပခုံးကိုဖက်ကာ အိမ်ထဲအတူ ဝင်လာလေ၏။

"ဒီနေ့ ဗိုက်အရမ်းဆာနေတယ်ကွာ။ ကိုယ် ရေမြန်မြန်ချိုးပြီး ထမင်းစားမယ်။ ဘာဟင်းချက်လဲ မိန်းမ"

"ဒီနေ့က ခေါင့်အကြိုက် ပုစွန်တုပ်၊ ပြီးတော့ အသည်းအမြစ် အသီးအရွက်နဲ့ရောကြော်။ နောက်ပြီး ငါးချဉ်လေးပါ သုပ်ထားတယ်။ ငါးချဉ်က ခေါင်တို့သားအဖအကြိုက်မို့ စပါယ်ရှယ် လုပ်ထားတာနော်"

"ဟား ... ပြောရင်းနဲ့တောင် ဗိုက်ဆာလာပြီကွာ"

"ဟား ဟား ... ဆာပြီဆို ရေချိုးပြီးတာနဲ့ ထမင်းပွဲအဆင်သင့် မေမေ ပြင်ထားလိုက်မယ်"

"ဟုတ် ... မေမေ။ သား ရေသွားချိုးလိုက်ဦးမယ်"





"ဟော့ ... ဟော့ ... သားလေး။ ချက်ချင်းကြီး [illegible] လေ။ အပူရှပ်ပြီး ဖျားနာသွားဦးမယ်။ သမီး ဥဥ ... သားလေးကို ရေမချိုးခင် ရိုးရိုးရေတစ်ခွက် တိုက်လိုက်ဦး။ ပြီးတော့မှချိုး"

"ဟုတ်ကဲ့ ... ဖေဖေ"

"စိတ်ချပါ ဖေဖေရ။ သား မမေ့ပါဘူး။ ခဏလေးနားပြီးမှ ရေချိုးမှာ။ ကဲ ... ဖေဖေရေ ထမင်းဝိုင်းရောက်မှ သားအဖတွေ ဆွဲကြမယ်"

အိမ်လေးဟာ အရမ်းကို ပျော်ရွှင်ကြည်နူးစရာကောင်းလှစွာဖြင့် တကယ့်စိတ်ချမ်းမြေ့ဖွယ် Home Sweet Home ပဲဖြစ်၏။ ဥဥရဲ့ဆုံးဖြတ်ချက် မှန်ခဲ့သည့်အတွက် ဥဥတို့ အရမ်းစိတ်ချမ်းသာရပါသည်။ မုန်တိုင်းပြီး လေပြည်လာတယ်ဆိုသလို ဥဥဘဝရဲ့စိတ်မချမ်းသာမှုတွေဟာ အခန့်မသင့်လို့ ဖြစ်ခဲ့တာလို့တောင် ဆိုလို့ရသွားပေပြီ။

နှစ်ဖက်မိဘရဲ့ ချစ်ခင်ခြင်းတွေ ရရှိသလို ခေါင့်ဆီက နွေးထွေးကြင်နာတဲ့ ခင်ပွန်းသည်တစ်ယောက်ရဲ့ ဂရုစိုက်မှုတွေ ဥဥ ပိုင်ဆိုင်ခွင့် ရရှိ၏။ နောက်ပြီးတော့ တုတုကလည်း နားလည်သွားကာ အရင်အတိုင်း ဥဥကို အချစ်တွေ ပြန်ပေးတာမို့ ဘဝမှာ အစစက ပြီးပြည့်စုံလို့နေ၏။

"ခေါင် ... ရေသိပ်အကြာကြီး မချိုးနဲ့ဦးနော်။ ဖျားနာနေမှဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဖျားလည်း ဘာဖြစ်ရဲကွာ။ ဥဥ ပြုစုတတ်တာပဲဟာ။ ဖျား ... ဖျား"

"အယ် ... ပေါက်တတ်ကရ။ ကဲ ... သွား ... ရေချိုးတော့"

ဥဥက ခေါင့်ကို ရေချိုးခန်းဘက်သို့ တွန်းလွှတ်နေရင်း ဥဥရဲ့ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၍ လူက ယိုင်ခနဲတစ်ချက်ဖြစ်သွားကာ သတိတစ်ချက် လွတ်သွား၍ ကြမ်းပြင်ပေါ်သို့ ကျဖို့ တဲတဲလေးအလိုမှာ ဥဥကို ခေါင်က ဆီးပွေ့လိုက်ကာ ခေါင့်ရင်ခွင်ထဲ ရောက်တဲ့အချိန်မှာ ဥဥက လုံးဝမေ့မျောသွားလေ၏။

"ဥဥ ... ဥဥ ... ဟာ ... ဖေဖေ ... မေမေ ... လာကြပါဦးဗျာ"

❖ ❃ ❖





ဥဥရဲ့မျက်လုံးနှစ်လုံး ပွင့်လာတဲ့အချိန်မှာ "ဥဥ ... ဥဥ"ဆိုပြီး စိုးရိမ်တကြီး ခေါ်သံတွေ ကြားရကာ ဥဥဘေးနားမှာကလည်း ဝိုင်းဝိုင်းလည်နေ၏။

"ဥဥ ... ဥဥ ... သတိရပြီလားဟင်"

ဥဥရဲ့လက်တစ်ဖက်ကို နွေးထွေးစွာ ဆုပ်ကိုင်လာကာ မေးတာက ခေါင်မို့လို့ ဥဥက ခေါင့်ကို အသေအချာကြည့်လိုက်ရင်းက ...

"အင်း ... ဥဥ ... ဘာဖြစ်သွားတာလဲဟင်"

"ဥဥ ကိုယ်တို့အတွက် ဝမ်းသာစရာသတင်းကွ။ ဥဥရဲ့ဗိုက်ထဲမှာ ရင်သွေးလေး ရှိနေပြီတဲ့"

"ရှင် ... တ ... တကယ်"

ဥဥက ရင်သွေးဆိုတဲ့ စကားလုံးအတွက် ကြက်သီးမွေးညင်းတို့ ထသွားလောက်အောင် ရင်ထဲမှာ ခံစားချက်က ဘယ်လိုကြီးမှန်းကို မသိတော့ချေ။ ခေါင်က ဥဥရဲ့ဆံပင်လေးတွေကို သပ်တင်ပေးရင်းက ...

"တကယ်ပေါ့။ ကိုယ်တို့ မိဘဖြစ်တော့မယ် ဥဥရဲ့။ ကိုယ်ဝမ်းသာလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့သမီး အခုလို ပျော်ရွှင်နေတာ မြင်ရတာ အဖေ စိတ်ချမ်းသာတယ်ကွာ။ မိသားစုဆိုတာ အဲဒါပဲ။ စိတ်ချမ်းသာမှုရှိမှ မိသားစု။ ဆင်းရဲ ဆင်းရဲ ချမ်းသာ ချမ်းသာ တစ်ယောက်ကိုတစ်ယောက် ဖေးမကြင်နာပြီး မေတ္တာထားနိုင်ခြင်းကသာ မိသားစုဆိုတာ ဖြစ်တာကွ ...

ခေါင် ... အဖေသား လူပီသတယ်ကွာ"

ဖေဖေက ခေါင့်ရဲ့ပခုံးကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ဂုဏ်ယူဝမ်းမြောက်စွာ ချီးကျူးလေလျှင် ဥဥလည်း အရမ်းပဲ ကြည်နူးမိလေသည်။ ဥဥရဲ့ရင်သွေးလေးဟာ နိမိတ်ကောင်းခြင်း၊ ပေါင်းစည်းပေးခြင်းဟု ဥဥ ယူဆသည်။ အခု ဥဥ အနားမှာ ဖေဖေ၊ မေမေ ပြီးတော့ ဥဥရဲ့မိဘတွေဖြစ်တဲ့ ယောက္ခမတွေ ပြီးတော့ ညီမလေးတုတု အားလုံး စုံလင်နေတာမို့ ဥဥ အရမ်းကို ပီတိဖြစ် ကြည်နူးရလေသည်။

"သား အခုလို လူပီသအောင် ဖေဖေက ပဲ့ကိုင်ဆုံးမပေးခဲ့တာပါ။ ဖေဖေနဲ့ မေမေ သားရဲ့ဘဝအတွက် တကယ့်သူရဲကောင်းတွေပါ။ သားကို ဒီအရွယ်ထိ အရမ်းဂရုစိုက်ပြီး ချစ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေ"

"သား ..."

ခေါင်ရဲ့စကားတွေက တစ်မျိုးဆန်းနေတာမို့ ဥဥက ခေါင့်မျက်နှာကို လှမ်းကြည့်လိုက်ချိန်မှာပဲ ခေါင်က ဥဥရဲ့လက်တွေကို ထွေးကိုင်ဆုပ်လာကာ ...

"သား အားလုံးသိပါတယ် ဖေဖေ"





ဟမ်။ ခေါင် ... ခေါင်က သိနေတယ်။ ဥဥက စိုးရိမ်စွာဖြင့် ခေါင့်ရဲ့လက်တွေကို ပြန်လည်ပွေ့ဆုပ်လိုက်ချိန်မှာ ခေါင်က မျက်ရည်တွေကြားမှာ အပြုံးတစ်ခုပြုံးကာ ...

"ဖေဖေတို့ အိမ်မှာရှင်းကြတဲ့နေ့က သားရှိနေပါတယ်။ သား ပြန်လာတော့ ဥဥက ဖေဖေ့သမီးအရင်းဆိုတာကို မေမေ ပြောတာ ကြားလိုက်တယ်။ အဲဒီနေ့ကတည်းက သား အားလုံးသိပြီးသားပါ။ အားလုံးက ကျွန်တော့်ကို သိပ်ချစ်လို့ ညာပေးခဲ့တာကို ကျွန်တော် အရမ်းဝမ်းသာတယ်။ ဖေဖေ ... သားက ဘယ်တော့မှ ဖေဖေ့ရဲ့မွေးစားသား မဟုတ်ဘူး။ သားက ဖေဖေ့ရဲ့အစွမ်းအစတွေ အပြည့်ရှိတဲ့ သားပါ ...

ဖေဖေ ခုနကပြောသလို သားတို့တွေ အားလုံးက မိသားစုတွေပါပဲ။ မိသားစုဆိုတာ ဟောဒီလက်ချောင်းတွေလိုပဲ။ တစ်ချောင်းတည်းရှိရုံနဲ့ လက်လို့ ခေါ်တာမှမဟုတ်တာ။ လက်ချောင်း ငါးချောင်း တစ်ခုတည်းရှိလို့ လက်လို့ခေါ်တာ။ သားက ဖေဖေ့ရဲ့သားပဲဖြစ်ဖြစ် သမက်ပဲဖြစ်ဖြစ် သားတို့တွေက မိသားစုတွေပါပဲ ဖေဖေ ...

ဥဥကော၊ ဖေဖေ မေမေတို့ကော စိတ်အပင်ပန်းမခံပါနဲ့။ သားက မိသားစုအတွက် သားကောင်း၊ ဥဥအတွက် ခင်ပွန်းကောင်း၊ မကြာခင် ရောက်လာတော့မယ့် ရင်သွေးလေးအတွက် ဖခင်ကောင်းပါ"

"သားရာ ... မင်း ... ဒါမှ အဖေ့ရဲ့သားကွ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ခေါင်အတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ခေါင့်ကို ပွေ့ဖက်နမ်းရှုတ်နေ၏။ ဥဥလည်း အဲဒီမြင်ကွင်းကို ကြည်နူးမဆုံးစွာ ငေးကြည့်မိသည်။

အခုမှ တကယ့်ကို ကြည်နူးစိတ်ချမ်းမြေ့ဖွယ်ရာ မိသားစုတစ်စု ဖြစ်သွားတာပဲဖြစ်သည်။

ဥဥတို့တွေ တစ်ချိန်က ဆိုးခဲ့ကြမည်။ ကုလန်ကဆန်တွေ လုပ်ခဲ့ဖူးကြမည်။ အဲဒီအပြစ်တွေ အားလုံးကို နွေးနွေးထွေးထွေးနဲ့ ခွင့်လွှတ်ပေးပြီး ကြိုဆိုတာကလည်း မိသားစုဆိုတာကို ဥဥ ရင်နှင့်ရင်းပြီး အတိအကျ သိလိုက်ပေသည်။

❖ ❋ ❖

ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**
6:30 A.M

စာဝန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မဓိဋ္ဌာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။
Facebook on "Mae Min Bon"